# ငွေနှယ်စင်မြင့်



ကိုယ်မက်မောသောအရု

## နေနွယ်ဇင်မြင့်

### ကိုယ်မက်မောသောအရာ

စာမူခွင့်ပြုချက်အမှတ် - ၄၃၆/၂၀၀၄ ( ၅ )

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၂၄/၂၀၀၄ ( ၆ )

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


# နေနွယ်ဇင်မြင့်

အောင်တံခွန်

စာပေ

# ကိုယ်မက်မောသောအရာ



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဆည်းဆာဆိုတာ တိမ်ကလေးတွေတောက်ပြီး၊ တစ်နေ့တာရဲ့ အလှပဆုံးအချိန် ဖြစ်တယ်။

တစ်နေ့တာမှာ နံနက်ဆည်းဆာနဲ့ ညနေဆည်းဆာဆိုပြီး နှစ်ချိန် ရှိနေပါတယ်။ နံနက်ဆည်းဆာဟာ တက်သစ်စ နေမင်းရဲ့ ရောင်ခြည်တွေနဲ့ ခွန်အားကို ဖြစ်ထွန်းစေသော လှပချိန်ပါ။ ညနေဆည်းဆာကတော့ ဝင်လုဆဲဆဲ နေမင်းရဲ့ အလှပဆုံး ရောင်စဉ်တွေနဲ့ လောကကို အလှဆင်ရင်း တစ်နေ့တာ ချုပ်ငြိမ်းသွားတဲ့ ဖြစ်စဉ်ကလေးပါ။

ဘာပဲဖြစ်ဖြစ် ... ဆည်းဆာချိန် နှစ်ခုလုံးဟာ တစ်နေ့တာမှာ အလှပဆုံး အချိန်ကလေးတွေ ဖြစ်ကြပါတယ်။ ကျွန်မရဲ့ဘဝကို တစ်နေ့တာနဲ့ တင်စားခွင့်ရခဲ့ရင် 'ကျွန်မဟာ ဆည်းဆာချိန် နှစ်ခုလုံးရဲ့ လှပခြင်းများကို ခံစားနိုင်ခွင့် ရယူချင်ပါတယ်။

ဒေဝတာနုဘာဝေ

ကျွန်မကို မိုးတွင်းကာလတစ်ခုရဲ့ မိုးအုံ့နေ့ နံနက်ပိုင်းမှာ မွေးဖွားခဲ့ပါတယ်တဲ့။

ကျွန်မဟာ နံနက်ဆည်းဆာချိန်မှာ "လူ့ဘဝ"ဆိုတဲ့ နေရာတစ်ခုထဲ တိုးဝင်ရောက်ရှိခဲ့ပါတယ်။ အဲသည်နေ့က နံနက်ဆည်းဆာဟာ မိုးသားဘွေနဲ့ မှိုင်းမှောင်နေခဲ့တယ်။ တိမ်ညိုတွေကြောင့် အရောင်ရင့် ကောင်းကင်ဟာ အလှပျက်နေခဲ့တယ်။ ကြည်လင်ကြည်နူးဖွယ် ပျောက်ဆုံးနေတဲ့ နံနက်ဆည်းဆာဟာ၊ လူသားအသစ်တစ်ယောက်အတွက် ဘယ်လိုခွန်အားမျိုးကိုမှ သယ်ဆောင်မလာခဲ့ပါဘူး။

သေချာတာ တစ်ခုက ကျွန်မ လူဖြစ်တဲ့နေ့ရဲ့ နံနက်ဆည်းဆာဟာ အကျည်းတန်ခဲ့တယ် ဆိုတာပါပဲ။





# မအောင်တံခွန်

## ၁ [illegible]

အဖျားပြင်းလွန်းသည်မို့ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသည့် လူနာကို ဒေါက်တာယုယုထွဋ်က ကြင်ကြင်နာနာလေး ကြည့်မိတော့သည်။ "ကောင်မလေး လှလိုက်တာ" ဟု လူနာမလေးအပေါ် မှတ်ချက်ချ၏။

"အဲဒါ ယုရယ် ... ယုတို့ ဆေးခန်းကို ခေါ်လာဖို့ မလွယ်တာတွေ့ပြီမှလား၊ အဲဒါကြောင့် ယုကို လိုက်ကြည့်ပေးပါလို့ ပြောရတာ"

"ရပါတယ် ... ကိစ္စမရှိပါဘူးကွ။ ဒါပေမဲ့ ... သူ့ကိုဂဆေးရုံတင်ရမယ်"

"စိုးရိမ်ရသလား"

"ပြောရရင် ... အင်း၊ အားမနာကြေး ဆိုရင်ပေါ့။ ဒီတိုက်ခန်းထဲမှာ ဆက်ထားလို့ကတော့ စိုးရိမ်ဖွယ်ပဲ။ အမန်းက

ကျဉ်းကျပ်ပြီး၊ အလင်းရောင်နဲ့ လေ ... လိုအပ်သလောက် မရှိဘူး။ အတူနေ အဒေါ်ကြီး ဆိုတာကလည်း ခိုင်းမှလုပ်တတ်မဲ့ပုံ ပေါ်တယ်၊ နာ့စင်(Nursing)လည်း လိုသေးတာ၊ လူနာဆိုတာ၏ လိုအပ်ရင် ဆေးထိုး၊ ဆေးတိုက်ရုံနဲ့ တကယ်တမ်းကျတော့ ...

"မလုံလောက်ဘူးကွ၊ ကြည့်ရှုပြုစုမှုဆိုတာ လိုအပ်တယ်။ အဲဒါမကောင်းရင် မစိုးရိမ်ရတဲ့ ဝေဒနာတောင် စိုးရိမ်စရာ ဖြစ်သွားတာပဲ၊ ကိုယ် ညနေပိုင်းထိုင်တဲ့ ဆေးခန်းပဲ တင်လိုက်ပေါ့"

"ကျေးဇူးတင်တယ် ယုရယ်၊ ဒါဆိုလည်း ..."

ပုဂ္ဂလိကဆေးခန်းကြီးမို့ "ဆေးရုံ"ဟု မသတ်မှတ်ငြား၊ ဆေးရုံတစ်ရုံကဲ့သို့ပင် ဆေးနှင့် ဆေးပစ္စည်း၊ ဆေးရုံသုံးစက်ကိရိယာများ၊ သက်ဆိုင်ရာ အထူးကုဆရာဝန်၊ ဆရာဝန်မကြီးများ၊ သူနာပြုများ စုံလင်စွာ အင်အားတောင့်လှပါ၏။

"ပုဂ္ဂလိက ဆိုတော့ မြိုင်ရယ် ... ထိုက်သင့်တဲ့ ကုန်ကျစရိတ်တော့ ရှိတယ်"

"ကိစ္စမရှိပါဘူး၊ ကိုယ်တို့ ကျခံပါ့မယ်၊ ဖေဖေကလည်း ဒီတူမကို စိတ်လည်းဆိုး၊ သနားလည်းသနား၊ ခုတော့ ... မြိုင့်ကိုပဲ တာဝန်ပေးပြီး ကုန်ကျစရိတ် လိုတာပြောလို့ ပြောပြီးသားပါ"





"စပ်စုရာ မရောက်ဘူး ဆိုရင်တော့ ကိုယ့်မှာ မေးချင်တာတွေ သိပ်များနေပြီ မြိုင်၊ ဒါလည်း ... လူနာအတွက်ပဲ။ ဒီလူနာဟာ လောလောဆယ်မှာ အဆုတ်အအေးမိပြီး အပြင်းဖျားလို့ သတိလစ်တယ်၊ အခု ဆေးရုံရောက်တော့ သက်သာတယ် ဆိုပေမဲ့ သူ့မှာ တခြားဝေဒနာတစ်ခုခု ရှိနေသေးသလိုပဲ"

ထွန်းက ဆေးရုံပေါ်ရောက်ပြီး နောက်တစ်နေ့မှာပဲ စတင်သက်သာပါသည်။ သူ သတိရရချင်း သူ့ဘေးနားမှာ ရှိနေသော မြိုင်မြိုင်ထွန်းကို ပထမဆုံး တွေ့ရသည်။

"ကျေးဇူးတင်ပါတယ် မမမြိုင်"

တိုးတိုးပြောကာ လက်အုပ်ကလေး ချီရှာသည်မို့ ဖြစ်ရပ်အားလုံးကို ခြုံငုံစွာ သဘောပေါက်သွားကြောင်း မြိုင် နားလည်လိုက်ရပါသည်။

"ထွန်းက အိမ်မှာ အရမ်းဖျားပြီး သတိတွေလစ်လို့ ဒေါ်ကြီးက အောက်ထပ်စတိုးဆိုင်က ဆင်းပြီး ဖေဖေ့ဆီ ဖုန်းဆက်တယ်လေ။ ဖေဖေ လွှတ်လို့ တို့ပဲလာကြည့်ပြီး ဆေးရုံတင်လိုက်ရတာ"

"ဘဘကိုလည်း ကန်တော့ပါတယ်"

"မငိုနဲ့လေ"

"အားလုံး ခွင့်လွှတ်ကြပါ"

"ခွင့်လွှတ်မှာပါ"

"ထွန်း သေချင်တယ်၊ ထွန်းကို သနားရင် အပြင်းဆုံး အိပ်ဆေးတစ်ပုလင်းလောက်' ဝယ်ပေးပါ မမမြိုင်ရယ်"

"မဟုတ်တာ"

"ထွန်း … ဝေဒနာခံစားပြီးတော့လည်း မသေရဲပါဘူး အိပ်ပျော်ရင်းကပဲ အသက်ထွက်သွားချင်တယ်"

"တွေ့ကရာတွေ မပြောနဲ့လေ … ထွန်း"

"ထွန်း မှားတာတွေ အများကြီးပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း သတ္တိသိပ်ရှိတယ်လို့ ထင်ထားတာ၊ တကယ်တော့ … ထွန်းက လူပျော့။ လူညံ့။ စိတ်ထဲ ထင်သမျှ အမှားတွေ အားလုံးကို လျှောက်ပြီး ကျူးလွန်တတ်တာကလွဲရင် လုံးဝ အသုံးမကျတဲ့သူ၊ ဒီလောကမှာ ထွန်း ရှိနေခြင်းအား ဖြင့် ဆန်တွေလည်း ကုန်ပါတယ်။ မြေကြီးလည်း လေးပါ တယ် မမရယ်"

"မငိုနဲ့လေ"

ပြောလို့မရ။ တအားကြီး ငိုပုံက တက်မတတ် ချက်မတတ်၊ အရှိုက်လွန်ကာ အသက်ရှူလို့ မဝသည်ထိ ဖြစ်လာ သည်မို့ ဆရာဝန် ပြေးခေါ်ရသေး၏။ ဆရာဝန်က အိပ်ဆေးတစ် လုံးထိုး၍ နားခိုင်းလိုက်မှ အိပ်ပျော်သွားတော့သည်။ အိပ်ပျော်နေ တော့လည်း ထွန်း ပုံစံကလေးက သနားစရာ အပြစ်မဲ့လျက်ပါ။





သူ့နားမှာ သူ့ကို ကုသပေးသည့် ဆရာဝန်နှင့် သူ့အစ်မဝမ်းကွဲ မြိုင်မြိုင်ထွန်းတို့ သူ့အကြောင်း ပြောနေသည်ကို ကြားနိုင်စွမ်း မရှိရှာ။ နှစ်ခြိုက်စွာ အိပ်ပျော်နေတော့၏။

"ယု … သူ့မှာ ဆိုးဆိုးဝါးဝါး ရောဂါကြီး တစ်ခုခု ရှိနေ လား"

ဒေါက်တာယုယုထွေဋ်နှင့် မြိုင်မြိုင်ထွန်းတို့က အထက် တန်းကျောင်းတုန်းက သူငယ်ချင်းတွေ ဖြစ်ခဲ့၏။ ယုက ဆေး တက္ကသိုလ်တက်၊ မြိုင်က စီးပွားရေးတက္ကသိုလ်တက်၊ တက္ကသိုလ် ချင်း ကွဲသွားကာ ယုက ဆရာဝန်ဖြစ်၊ မြိုင်က ဖေဖေ့စီးပွားရေး လုပ်ငန်းမှာ ဝင်လုပ်၊ ယု နယ်ဆေးရုံများသို့ သုံးနှစ်ကျော်သွား ခဲ့ပြီး ရန်ကုန်သို့ ပြန်ရောက်လာတော့ သူငယ်ချင်းတွေ ပြန်ဆုံ၊ ယုက ဘွဲ့လွန် M.Sc ထပ်တက်၊ အသက်တွေက သုံးဆယ်ကျော် လို့ လေးဆယ်နားတောင် ကပ်ချင်ချင် ဖြစ်လာပြား၊ မည်သူမျှ အိမ်ထောင်မကျသေးသည့် အပျိုကြီးတွေမို့ တစ်အိမ်နှင့်တစ်အိမ် ဝင်ထွက်သွားလာကာ ခုထိ ခင်ဆဲမင်ဆဲ ဖြစ်ရ၏။ တချို့ … ငယ်စဉ်က ခင်မင်ရင်းနှီးခဲ့သည့် သူငယ်ချင်းတွေပေမဲ့ အိမ်ထောင် တွေကျ၊ သူ့အိုးသူ့အိမ်၊ သူ့အလုပ်ကိစ္စ၊ အိမ်ထောင့်တာဝန်၊ သားရေး သမီးရေးတွေနှင့် ဖြစ်လာတော့ ခင်မင်မှုမလျော့ပြား၊ ရန်ကုန် တစ်မြို့တည်းမှာ နေသည့်တိုင်၊ တစ်နှစ်နေလို့မှ တစ်ခါ မတွေ့ဖြစ်ကြရတော့တာတွေ ရှိပါသည်။

"သူ ... စိတ်ကျရောဂါ ဖြစ်နေပုံရတယ်၊ ဒီပရက်ရှင် Depression ပေါ့၊ သူ သတိမရခင် ယောင်ယမ်းနေတဲ့ စကားတွေ အားလုံးဟာ သေချင်တယ်ချည်းပဲ။ မြိုင်လည်း ကြားသားပဲ"

"သတိရရချင်းမှာလည်း သေချင်တယ် ဆိုတာက စပြော တာပဲ၊ သူ့ကို ခွင့်လွှတ်ကြပါတဲ့၊ သူက ဆန်ကုန်မြေလေး တဲ့"

"ဒီပရက်ရှင်ဆိုတာ စိတ်ဝေဒနာ တစ်မျိုးပဲ မြိုင်ရဲ့၊ အဲဒီ ရောဂါဖြစ်တဲ့လူတချို့၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်၊ သေကြောင်းကြံတယ်၊ စိတ်ဓာတ်အရမ်းကျသွားတာပေါ့ လေ၊ သူ အဖျားပျောက်ရင်တောင် ဒီပရက်ရှင်ကို ဆက်ကု ရမယ်၊ သူ့ ဒီပရက်ရှင်က တော်တော်ဆိုးပုံရတယ်၊ ဒါကို မကုဘဲ အဖျားပျောက်တာနဲ့ ဆေးရုံက ဆင်းခွင့်ပေးလိုက် ရင်၊ သေချာတယ်၊ မြိုင့်ညီမ ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံဖို့ ကြိုးစားလိမ့်မယ်"

"ဒုက္ခပဲ"

"သိပ်လည်း စိတ်မညစ်ပါနဲ့။ ကိုယ်တို့ ဒီဆေးရုံမှာ စိတ် ကျန်းမာရေးအထူးကု ဆရာဝန်ကြီး ရှိတယ်။ ကိုယ်ပြပေး မယ်။ ပြီးတော့ ကိုယ်က Medicine နဲ့ M.Sc တက်ထား ပေမဲ့၊ အဲဒီ Psychiatry ဆိုက်ခီယာထရီ (စိတ်ကျန်းမာရေး





ကုသမှု)ကိုလည်း အရမ်း စိတ်ဝင်စားတာ၊ ကိုယ် ကူညီ မယ်"

"ကျေးဇူးပါပဲ ယုရယ်။ လိုအပ်တာ မှန်သမျှ လုပ်ပေးပါ။ ဖေဖေက ငွေရေးကြေးရေးကိစ္စကို မငဲ့ပါနဲ့တဲ့။ တစ်ခုပဲရှိ တယ်၊ ကိုယ်ကိုယ်တိုင်က သူ့နားမှာ နှစ်ရက် သုံးရက် ထက် ပိုမနေနိုင်တာပဲ။ ကိုယ် ဒီရောက်နေရင် ကုမ္ပဏီက အလုပ်တွေ ပစ်ထားရပြီ။ ဖေဖေကလည်း ခုဆို ... ကျန်းမာရေးကို ငဲ့ပြီး ကုမ္ပဏီတောင် သိပ်မသွားတော့ဘူး။ မေမေကကျတော့၊ သူ့ကို လန့်တယ်၊ အဆက်အဆံ မလုပ်ချင်ဘူး ...

"လုံးဝ ကင်းကင်းနေချင်တယ်။ ကိုယ့်ညီမ လှိုင်က ဆို၊ ထွန်းကို အရမ်းမုန်းတာ၊ အငယ်ဆုံး မောင်ကတော့ ယောက်ျားလည်း ဖြစ်တယ် မှလား၊ ငယ်ငယ်တုန်းကတည်း က တရင်းတနှီး နေခဲ့ရတာမျိုးလည်း မရှိဘူး၊ ဆွေမှန်း မျိုးမှန်း သိကြရတာကြာမှ မကြာသေးတာ၊ သူ့အဖေ ပေါ့ ...

"မြိုင်တို့ဦးလေး၊ ဖေဖေ့ညီ ... အဲဒါ ဆုံးကာနီးမှ ပြန်တွေ့ကြတာ ဆိုတော့ သံယောဇဉ် သိပ်မရှိဘူး။ မြိုင် တစ်ယောက်ပဲ၊ ဖေဖေကလည်း ခိုင်းလို့၊ အစ်မအကြီးဆုံး လည်း ဖြစ်နေလို့၊ လုပ်မဲ့သူလည်း တစ်ယောက်မှ မရှိလို့

လာနေရတယ်၊ မနက်ဖြန် သန်ဘက်လောက်ဆိုရင်တောင် လာနိုင်ဖို့ မလွယ်တော့ဘူး ယုရဲ့”

“ဒါဖြင့် ဒီလိုလုပ်၊ ဒီမှာပဲ ဆက်ထား၊ နည်းနည်းဈေးသက်သာတဲ့ အခန်းကို ပြောင်း၊ ရက်နည်းနည်းကြာမှာမို့ ပြောတာ။ ပြီးတော့ ကိုယ်တို့ဆေးရုံရဲ့ အားသာချက်တစ်ခု ရှိတယ်၊ တခြားဆေးရုံတွေနဲ့ မတူတာလေ။ နယ်ကလူတွေလည်း လာတက်နေနိုင်အောင်လို့၊ ရန်ကုန်မှာ လူခံမရှိတဲ့ လူနာတွေအတွက် ...

“အစားအသောက် တာဝန်ယူပြီး ကျွေးတာလေ၊ အိမ်ကနေ ပို့စရာ မလိုတော့ဘူး”

“ကျေးဇူးတင်လိုက်တာ ယုရယ်၊ ကုန်ကျစရိတ် အရေးမကြီးပေမဲ့၊ အိမ်မှာက ဒီလူနာအတွက်၊ စွပ်ပြုတ်လား၊ ဆန်ပြုတ်လား၊ ထမင်းနဲ့ ဟင်းလား ဆိုတာ တာဝန်ယူပြီး စီစဉ်ပေးမဲ့သူ မရှိဘူး၊ ဘယ်သူကမှ ဘယ်အချိန်မှာ ဆေးရုံကို ထမင်းပို့ဟဲ့လို့ ပြောမဲ့သူ မရှိဘူး ...

“လုပ်ရင် ... မြိုင်ပဲ လုပ်ရမှာ၊ ဝမ်းသာလိုက်တာ၊ ယုလို သူငယ်ချင်းမျိုး ရှိထားတာ၊ နောက်တစ်မျိုးပြောရမယ်ဆိုရင်၊ ကိုယ့်သူငယ်ချင်း ယုက ဆရာဝန်ဖြစ်နေတာပေါ့နော်။ ကိုယ် ကံကောင်းတာပဲ ယုရယ်”

“ကိုယ် ကံကောင်းတာပဲ” ... ဆိုပဲ။





ဒီလူနာအတွက် “လူနာရှင်”လုပ်မည့်သူ အတော်ကလေး ရှားပါးနေတာ သိသာလှပါသည်။ လူနာအတွက် အဆင်တပြေ ဖြစ်ရတာကိုတောင် လူနာကံကောင်းလိုက်တာဟု မြင်သူမရှိပါ။ လူနာ့ ကရိကထတွေကို မခံရတော့မည့်သူက ကံကောင်းပါသတဲ့။ မြိုင်သည် စိတ်သဘောထား ကောင်းမွန်သည့်ထဲမှာ ပါပါသည်။ မိတ်ဆွေသူငယ်ချင်းအဖြစ် ပေါင်းလို့ သင်းလို့ကောင်းပါသည်။ တစ်ဖက်သားကို ကူညီရန် ဝန်လေးတတ်သူလည်း မဟုတ်ချေ။ စိတ်ပုပ်စိတ်ယုတ်လည်း မရှိ။ သူတို့မိသားစုမှာ ဟန်မာနကင်းလျက် ဆင်းရဲသော ဆွေမျိုးသားချင်း ရှိနေတာကို ရှက်စရာဟု မသတ်မှတ်သည့် တစ်ဦးတည်းသော အဖေတူသမီး ဖြစ်ပါသည်။

ဒါတောင်မှ ... မြိုင်လိုလူက ဒီလိုပြောသည့် “လူနာ” သည် ဆရာဝန်တစ်ယောက်အဖို့ အလွန်ကရုဏာသက်ဖွယ် ဖြစ်ရတော့သည်။

"ကျွန်မ နာမည် ... ထွန်း၊ ခင်ခင်ထွန်း ပါ"

ထွန်းက သူ့ဘဝအကြောင်းလေးကို နာမည်မှစ၍ ပြောရှာ၏။ တကယ်ဆို ဒီနာမည်ကို ဒေါက်တာယုယုထွန်း သိပြီးသားပါ။ သို့ပေမဲ့ ... 'ထွန်းက သူ့နာမည်ကိုပြောလျှင် "ထွန်း ... ခင်ခင်ထွန်း" ဟု ပြောတတ်ကျင့်ကလေးကို ငယ်ငယ်ကတည်းက ရခဲ့ပါသည်။

"ကိုယ့်ဘဝ ... ဘယ်လိုလူဖြစ်လာရတယ် ဆိုတာတောင် သေသေချာချာ မသိရပါဘူး ဒေါက်တာရယ်။ ကျွန်မ တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကလေးတွေရယ်၊ သူများပြောပြတဲ့ ကိုယ့်အကြောင်းရယ်ကို ပေါင်းပြီးမှ၊ ကိုယ်သိပြီးသလောက် အဖြစ်အပျက်ကလေးတွေကို ...

"အချိန်ကာလအလျောက် ပြန်စီစဉ်ကြည့်ပြီးမှ ကျွန်မဘဝရဲ့ ဇာတ်လမ်းလေး ပီပြင်ရတာပါ ဒေါက်တာ ... ကျွန်မလောက် ကံဆိုးတဲ့သူ၊ လောကကြီးမှာ တစ်ယောက်မှ ရှိမယ်မထင်ပါဘူး၊ ကျွန်မ သေရင် ငိုမဲ့သူ မရှိဘူး၊ ကျွန်မ အပေါ် သံယောဇဉ်ရှိတဲ့သူ ... ဒီကမ္ဘာမှာ တစ်ယောက်မှ မရှိပါဘူး ...





"လူ့လောကကြီးထဲမှာ ကျွန်မ ဆက်လက် အသက်ရှင် ရှိနေဖို့ကို ဘယ်သူကမှလဲ မမက်မော၊ ကျွန်မလည်း ဘယ်သူ့ကိုမှ ဘာအကျိုးမှ မပြုပေးနိုင်၊ ကျွန်မ အတွက် ဒုက္ခရောက်ရတဲ့ သူတွေချည်း၊ ကျွန်မက ဂြိုဟ်ဆိုးမတစ်ကောင်ပဲ ဒေါက်တာရဲ့ ...

"ကျွန်မလေ ... အမှားတွေ အများကြီး လုပ်ခဲ့ဖူးပါတယ်၊ တစ်ခါတလေ မှားပုံက တိမ်လွှန်းလို့တဲ့။ ရှုးနေလား အထင်ခံရပါသေးတယ်။ ဦးနှောက်ရှိရင် ဒီလောက်တိမ်တိမ်ကလေး မမှားဘူးတဲ့။ ကျွန်မ လုပ်ပုံက ရယ်စရာလည်း ကောင်းပါတယ် ...

"ကျွန်မက လူချစ်လူခင်လည်း မပေါဘူး၊ ကျွန်မ ပုံစံက ဂျစ်ကန်ကန်၊ ကြွပ်ဆတ်ဆတ်၊ မာကျောကျောဆိုတော့ ခပ်ရိုင်းရိုင်း ဖြစ်နေမှာ သေချာပါတယ်။ ဒီလူမကြင်နာ၊ ဟိုလူမေတ္တာမရှိဆိုတဲ့ ပုံစံပေါ့။ ဘယ်သူမပြု မိမိမှုပါပဲ။ အမှားအယွင်းဆိုလည်း ကျွန်မပဲ ပြုလုပ်ခဲ့တာပါ၊ အပြစ်ဆိုလည်း ကျွန်မမှာပဲ ရှိတာပါ ...

"ဒါပေမဲ့လေ ... ကျွန်မကိုယ် ကျွန်မတော့ မှဲ့တစ်ပေါက် မစွန်းအောင် ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်မ မရူးဘူးလို့ ထင်တာပဲ။ ရူးတယ်ဆိုရင်လည်း၊ တချို့ မရူးပါဘဲ ကိုယ်ကျင့်သိက္ခာမဲ့ မိန်းမသားတွေထက်တော့ သာသေးတယ်၊ တော်သေးတယ်လို့ ...

"ကိုယ့်ကိုယ်ကိုယ် အမွှန်းတင်လိုက်ချင်တာပဲ။ တွေ့လား ... ကျွန်မ စကားပြောပုံက မေတ္တာ မရှိချင်စရာ။ ကျွန်မကလေ ... စကားကို သူများမုန်းအောင် အလွန်ပြောတတ်တာ ဒေါက်တာရဲ့"

"ဒီမှာ ... ထွန်း။ တို့ကို ဒေါက်တာလို့ မခေါ်ဘဲ တခြားတစ်ခုခု ခေါ်ရင် ထွန်းနဲ့ တို့နဲ့ ကြားမှာ ရင်းနှီးမှု ပိုဖြစ်ထွန်းမလား"

ထွန်းက ခေါင်းခါ၏။

"ကိုယ့်ကို ဆေးကုပေးတဲ့ ဒေါက်တာမို့ ဒေါက်တာပဲခေါ်ချင်ပါတယ်။ မမတို့ ဘာတို့ ခေါ်ပြီး ရင်းနှီးခွင့် ရတာမျိုး မဖြစ်ချင်လို့ပါ။ ကျွန်မနဲ့ ဒေါက်တာနဲ့ ရင်းနှီးသွားရင် ကျွန်မမှာတော့ အကျိုးရှိနိုင်ပါတယ်။ ဒေါက်တာ့မှာတော့ တစ်နေ့နေ့မှာ ရင်နာစရာ တစ်ခုခု ကြုံသွားလိမ့်မယ်။ ကျွန်မက ဂြိုဟ်ကောင်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ထွန်းရဲ့"

"ကျွန်မကို ဦးဝင်းကျော် ဒေါ်မြင့်မြင့်စိုးတို့ရဲ့ မွေးစားသမီးမှန်း ကျွန်မ တော်တော်နောက်ကျမှ သိရပေမဲ့၊ စိတ်ထဲမှာ အဲဒီအဖေနဲ့ အမေကို တစ်ခါမှ မရင်းနှီးခဲ့မိဘူး၊ တအားစိမ်းသက်တာပဲ၊ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိလည်း ... ချစ်စိတ်သိပ်မရှိဘူး ...





"သူတို့ကလည်း ဘာသိဘာသာ၊ မွေးစားမိဘတွေက မဆိုးပါဘူး၊ ကောင်းရှာပါတယ်၊ ဒါပေမဲ့ ကျွန်မ မချစ်ဘူး၊ ကြည့်လေ ... ကျွန်မ ဘယ်လောက်ဆိုးလဲ"

"မွေးစားမိဘတွေဆီက ထွက်လာတာပေါ့ ဟုတ်လား"

"ကျွန်မကို မွေးစားမှန်း ... အမေ့မိတ်ဆွေ ဒေါ်ခင်သိန်းလှ ဆိုတဲ့ အမျိုးသမီးကြီး အိမ်ရောက်လာမှ ကျွန်မ သိပါတယ်။ ကျွန်မ ... အဲဒီအိမ်မှာ မနေချင်တော့တာနဲ့၊ ကျောင်းက အတန်းပိုင်ဆရာမအိမ်ကို ပြောင်းသွားသေးတယ်။ စာဆက်သင်ပေးပါပေ့။ လူကိုတော့ ထမင်းစား ကျွန်ခံသဘော ထားပါပေါ့လေ"

"မြိုင်တို့နဲ့ အဆက်အသွယ် မရသေးဘူးလား"

"ဟင့်အင်း ... ကျွန်မကို ရန်ကုန် ပုသိမ်ညွန့် မီးရထားလမ်းဘေးမှာ ကလေးတစ်ယောက်တည်း ငိုနေတာတွေ့လို့ မွေးစားမိဘတွေက ခေါ်လာခဲ့တာတဲ့။ ကျွန်မ မြည်ထွန်း ... ခင်ခင်ထွန်း၊ ဖေဖေက ဦးတင်မောင်ထွန်း ဆိုတာကလွဲပြီး ဘာမှ မပြောတတ်ဘူးတဲ့ ...

"မေမေတို့က သတင်းစာထဲ ထည့်ပေး၊ ရဲစခန်းမှာ စာရင်းပေး ... လုပ်ပါသေးတယ်တဲ့။ ဘယ်သူမှ လာမရှာတော့လည်း မွေးစားထားလိုက်တာပေါ့လေ။ ဆရာမအိမ်ကနေမှ ကျွန်မက မိဘရင်းကို သတင်းစာထဲ ကြော်ငြာထည့်ပြီး၊ ကျွန်မက ပြန်ရှာတာ"

"ခုထက်ထိလည်း အမှားမရှိသေးပါလား ထွန်းရဲ့"

"မွေးစားမိဘတွေက နှင်လည်းမချပါပဲ၊ ; ဂျစ်ကန်က
လုပ်ပြီး ဆင်းလာတာ မှားတာ မဟုတ်ဘူးလား ဒေါက်တာ"

"ထားပါတော့"

"ကြော်ညာဖတ်ပြီး ရောက်လာတာ အမျိုးသမီး၊ အခု ...
ကျွန်မနဲ့ တူတူနေတဲ့ အဒေါ်ကြီးပေါ့၊ ခုတော့ ... သူ့ကို
ကျွန်မက အဒေါ်ကြီးလို့ပဲ ခေါ်တယ်၊ သူက အဲဒီတုန်းက
သူ့ကိုယ်သူ ကျွန်မ အမေတဲ့။ လာခေါ်တာ"

"မဟုတ်ဘူးလား"

"မိထွေး။ ဖေဖေ့ရဲ့ ဘယ်နှယောက်မြောက် ဇနီးမှန်း မသိ
ဘူး။ ဒီလိုလေ ... ဒေါက်တာရဲ့။ ကျွန်မ အမေက ကျွန်မ
ကို မွေးပြီးပြီးချင်းမှာ ဆုံးတယ်တဲ့။ ကျွန်မ အဖေက
နောက်မိန်းမယူတော့၊ ကျွန်မက အဲဒီလက်ထဲမှာ ကြီးပြင်း
ရတယ်တဲ့။ တမင် ထားပစ်ခဲ့တာတော့ မဟုတ်ဘူး ...

"ကျွန်မနဲ့တူတူ ရထားစီးပြီး အဲဒီ မိထွေးက
ဘယ်သွားတာလဲ သေသေချာချာ မသိပါဘူး၊ ကျွန်မကို
လက်ဖွဲထားရာက လက်ပြုတ်ပြီး ဘူတာရုံမှာ ပျောက်ခဲ့
တယ်လို့ ပြောပါတယ်"

"အဲဒီကတည်းက မရှာကြဘူးလား"





"ကျွန်မ အဖေက ပင်ပန်းမယ်ဆိုရင် သမီးပျောက်တောင်
မရှာဘူးတဲ့။ ကျွန်မအဖေ အပင်ပန်းဆုံး လုပ်တဲ့အလုပ်
ဟာ၊ အရက်သောက်ခြင်းပဲတဲ့။ အဲဒါထက် ပိုပင်ပန်းတာ
ဘာမှ မလုပ်ဘူးတဲ့"

"ဟယ် ... မိဘကို ဘယ်လိုပြောလိုက်တာလဲ"

"ကျွန်မဘကြီး ဦးကျော်မောင်ထွန်း ... ဒေါက်တာ သိပါ
တယ် ... မမြိုင်ရဲ့ အဖေ"

"သိတယ်"

"အဲဒီ ဦးကျော်မောင်ထွန်းရဲ့ မိန်းမက ပြောတာ၊ ကျွန်မ
ပြောတဲ့စကား မဟုတ်ပါဘူး။ အဖေက အမေဆုံးပြီး
ကျွန်မကျန်တော့ စိတ်ညစ်ပြီး အရက်ချည်း ဖိသောက်တာ
တဲ့။ စီးပွားရေးလည်း ဘာမှမလုပ်ဘူးလို့ ပြောပါတယ်။
ကျွန်မတို့ ဘိုးဘွားများက နည်းနည်းပါးပါး ပိုက်ဆံရှိတယ်
လို့ ပြောပါတယ် ...

"ညီအစ်ကိုက နှစ်ယောက်တည်းတဲ့။ ဦးကျော်မောင်
ထွန်း၊ ဦးတင်မောင်ထွန်းတဲ့။ အဖေက တစ်သက်လုံးမှာ
အလုပ်ဆိုလို့ နှစ်မျိုးပဲ လုပ်တယ်လို့ ဘကြီးရဲ့မိန်းမက
ပြောပါတယ်၊ ရယ်ရတယ် ဒေါက်တာရဲ့။ အဖေ လုပ်တဲ့
အလုပ်နှစ်မျိုးက၊ အရက်ကို နေ့ရော ညပါ သောက်ခြင်းနဲ့၊
သူ့ဒဏ် မခံနိုင်လို့ မိန်းမတစ်ယောက် ထွက်ပြေးပြီးရင်

လပိုင်း ရက်ပိုင်းအတွင်းမှာ နောက်ထပ်မိန်းမတစ်ယောက် ရအောင် ထပ်ယူနိုင်ခြင်းတဲ့”

ယုက ရယ်ဖြစ်တော့သည်။ ထွန်းက ယဲ့ယဲ့ပြုံး၏။

“ဒေါ်ကြီးကို အမေထင်ပြီး ရန်ကုန် လိုက်လာခဲ့တာ၊ ရန်ကုန် ရောက်တော့မှ မိထွေးမှန်း သိတယ်။ အိပ်ရာထဲမှာ လေဖြတ်ပြီး လဲနေတဲ့ အဖေရင်း ဆိုတဲ့သူကိုတွေ့တယ်။ အဖေ လွှတ်လို့ ဘဘ ဦးကျော်မောင်ထွန်းနဲ့ သွားတွေ့ရတယ်။ ဦးကျော်မောင်ထွန်း လက်လီစိပ်ပြီးပေးတဲ့ ပိုက်ဆံကို နေ့တိုင်း သွားယူရတယ်”

“ဘာအတွက် ပေးတာလဲ”

“အဖေနဲ့ ကျွန်မနဲ့ ဒေါ်ကြီးနဲ့ ထမင်းစားဖို့၊ အဖေ့ကို ဆေးကုဖို့။ အဖေက ငယ်ငယ်ကတည်းက သိပ်ဆိုးတာတဲ့။ ကျောင်းလည်း မနေ၊ အလုပ်လည်း မလုပ်တဲ့။ ကြီးဒေါ် ပြောတာတော့ အမွေတွေလည်း ညီအစ်ကိုနှစ်ယောက် မျှမျှတတတောင် မဟုတ်ဘူး၊ အဖေ့ကို ပိုပေးပြီးတော့ကို ခွဲပြီးသားတဲ့ ...

“အဖေ သုံးပစ်လို့ကုန်တာတဲ့။ ဟုတ်ဖို့များပါတယ်။ ဘကြီး နေ့တိုင်းပေးနေတဲ့ ပိုက်ဆံတွေဟာ ရသင့်ရထိုက်လို့ ပေးနေတာ မဟုတ်ဘူးတဲ့။ ဆွေမျိုးချင်း စောင့်ရှောက်တဲ့အနေနဲ့ပေးတဲ့ သဒ္ဒါကြေးတဲ့”





ထွန်းက ကြောင်စီစီကလေး ရယ်၏။

“အဖေကလည်း ကျောင်းပြေးလွန်းလို့ ကျောင်းထုတ်ခံရတဲ့ အချိန်ကစပြီး ဘာမှမလုပ်ဘဲ ထိုင်စား၊ ထိုင်သုံး၊ ထိုင်ဖြုန်းနေတာပါတဲ့။ မိန်းမသေလို့ စိတ်ညစ်လို့ အရက်သောက်တယ် ဆိုတာ အကြောင်းပြပါတဲ့။ မိန်းမ မသေခင်ကလည်း သောက်နေတာပဲ၊ မိန်းမ မရခင်ကတည်းက သောက်တာ...

“သမီးပျောက်တာတောင် ဖိဖိစီးစီး ရှာဖို့ စိတ်ကူး မရှိဘူးတဲ့။ ဘကြီးဖြစ်သူက မနေသာလို့ ဝိုင်းရှာပေးရတယ်တဲ့။ မတွေ့တော့လည်း အသောက်မပျက်၊ အမူးမပျက်၊ အိမ်ပေါ် လေးဖက်ထောက်တက် မပျက်ပါပဲတဲ့”

“ဒါတွေ ဘယ်သူ ပြန်ပြောပြတာလဲ၊ ထွန်းကို ...”

“ကြီးတော် ... ဘဘ ဦးကျော်မောင်ထွန်းရဲ့ ဇနီး”

“ဟုတ်သင့်သလောက်လည်းဟုတ်။ နည်းနည်းပါးပါး ... စကား ဆိုတဲ့အတိုင်း ကဝဲတာလည်း ရှိမှာပေါ့ ထွန်းရယ်”

“ကြီးတော်ရဲ့ စကားကို ကက်ဆက်နဲ့သွင်းပြီး လမ်းဆုံလမ်းခွမှာ ချဖွင့်ပြပါတဲ့။ အဖေ့အကြောင်း သိသူတိုင်းက မှန်လိုက်လေ ဆိုပြီး ထောက်ခံမှာတဲ့”

“ကြီးတော်ကပဲလား”

“ဟုတ်ကဲ့။ ကျွန်မ ... ဘယ်လောက် မျက်နှာငယ်ခဲ့ရတယ် ဆိုတာ ခုပြန်တွေးရင် မငိုချင်ဘူး ဒေါက်တာ။ သေပဲသေလိုက်ချင်ပါတယ်။ တကယ် သေချင်တာပါ”

"နောက်တော့ အဖေ ဆုံးသွားတယ်ပေါ့"

"အဖေဆုံးတယ်။ ကျွန်မလေ ... သောင်ပြင်လွတ်တဲ့ချွေးကို မြင်ဖူးသွားတယ်။ ဘယ်မှာလဲ သိလား ဒေါက်တာ။ မှန်ထဲမှာ"

ထွန်းက တဟက်ဟက် ရယ်နေပြန်၏။

"ဘကြီးက နောက်ဆုံး ထောက်ပံ့ခြင်းဆိုပြီး တိုက်ခန်းတစ်ခန်း ဝယ်ပေးပါတယ်"

"ထွန်း ကျောင်းလည်း ဆက်တက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ .... ဆယ်တန်းကို ဖေဖေမဆုံးခင် အောင်ပါတယ်။ ခုတော့ ... အဝေးသင်ပေါ့"

"ပြီးပလား"

"တစ်နှစ် ကျန်သေးတယ်"

ခုလိုကျတော့လည်း ထွန်း မျက်လုံးတွေက တည်ငြိမ်နေပြန်၏။ ဘယ်လိုမှ ရယ်စရာ မရှိသော အကြောင်းအရာကို တဟက်ဟက် ရယ်ပြီဆိုလျှင် ထွန်း မျက်လုံးတွေ ဂနာမငြိမ်တော့ပါ။

"ထွန်းဘဝက ဘယ်လောက် အဆင်ပြေလဲ။ တခြား မိဘမဲ့တွေက အားကျလောက်တယ်။ မိဘမဲ့ဆိုပေမဲ့၊ ဘာပဲဖြစ်ဖြစ် ဘွဲ့ရတော့မယ်၊ ပြီးတော့ ... ထွန်းက သင်တန်းတွေလည်း လျှောက်တက်ထားသေးတာဆို၊ တို့က ဆရာဝန်ဆိုတော့၊ အဲဒီသင်တန်းတွေနဲ့ နည်းနည်းတော့ စိမ်းတယ်၊ သိပ် မသိဘူး"





"အကြမ်းဖျင်း ပြောရရင် စာရင်းကိုင်တို့၊ ကွန်ပျူတာတို့ပါ"

"ကြည့်စမ်း ... နှစ်ခုတောင်"

"အင်္ဂလိပ်စာသီးသန့်လည်း တက်ထားသေးတယ်။ Reading, Writing and Speaking (အဖတ်၊ အရေး၊ အပြော) သုံးမျိုးလုံး"

"တော်ပြန်ပြီ။ ထွန်း ... တို့တောင် ထွန်းလောက် အင်္ဂလိပ်လို ပြောနိုင်ပါ့မလား၊ ထွန်းက အင်္ဂလိပ်စကားကို သွက်သွက်ကြီး ပြောနိုင်မှာပေါ့"

"ကြက်တူရွေးကိုတောင် လူစကား သင်ပေးလို့ တတ်သေးတာပဲ ဒေါက်တာရယ်၊ စပီကင် ဆိုတာ ပြောချင်စိတ်ရှိရင် တတ်တာပါပဲ။ ရိုးဒင်းနဲ့ ရိုက်တင်းကျတော့ ဒေါက်တာတို့ ခြေဖျား မီမယ်မထင်ပါဘူး"

"လူတကာကို စွပ်အထင်မကြီးနဲ့ ထွန်းရဲ့။ သူများကို အထင်သေးတာ မကောင်းသလို၊ အထင်ကြီးဖို့လည်း မလိုပါဘူး။ တကယ်တမ်း ယှဉ်ကြည့်တဲ့အခါမှာ ကိုယ်က သူများထက် အများကြီး သာနေတာတွေ ရှိတယ် ထွန်းရဲ့။ စကားပုံတစ်ခု ကြားဖူးလား မသိဘူး ...

"အတိုနဲ့တိုင်းတော့လည်း အရှည်မိုင်း ဝင်ရတယ် ဆိုတာ။ ကိုယ့်ထက်တိုတဲ့သူတွေ အများကြီး။ လောကမှာ

လောကစံတရားကို ကိုယ့်ထက်ပိုပြီး ရင်ဆိုင်ရတဲ့သူတွေ အများကြီး။ ထွန်းဆို ကြည့်လေ ...၊ ပထမဆုံး အမေဆုံး တယ် ဆိုပေမဲ့ အဖေ ကျန်တယ်၊ အဲဒီ အဖေက အလုပ် မလုပ်ဘဲ ထမင်းစားနိုင်နေတဲ့ အဖေ ...

"မိထွေး ရတာ ဘာဖြစ်လဲ၊ အမေ အစားရတာပဲ။ သူ ရှိတဲ့အတွက်၊ ကိုယ့်ကိုတော့ ထမင်းချက်ကျွေးဖော်ရ သေးတာပဲ။ ထွန်း ပျောက်သွားတယ်ဆိုတဲ့ အချိန်တုန်းက လေ၊ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်လောက်က ဖြစ်မယ်ပေါ့နော်၊ အဲဒီအချိန်တုန်းမှာ၊ ဟုတ်မဟုတ်တော့ မသိဘူး၊ ကောလာ ဟာလ တစ်ခု ထွက်တယ် ...

"ကလေးတွေခိုး၊ လျှာဖြတ်ပြီး၊ သူတောင်းစားလုပ် ခိုင်းတယ်ဆိုတာ၊ လျှာပြတ်နေတော့ စကားမပြောနိုင်ဘူး၊ ကိုယ့်မိဘတွေ့လို့မှ အော်မခေါ်နိုင်၊ မိဘကလည်း ကိုယ့် သားကိုယ့်သမီး ပျောက်သွားပေမဲ့၊ စုတ်ပြတ်သတ်နေတဲ့ သူတောင်းစားလေးဟာ၊ ကိုယ့်သားလေးလား ...

"ကိုယ့်သမီးလေးလားလို့ ဘယ်ထင်မိမလဲ၊ ငုံ့လည်း မကြည့်မိကြဘူးပေါ့။ အဲဒီလို ရင်နာကြေကွဲစရာ အဖြစ်မျိုး တွေ ကြားဖူးတယ်။ ထွန်းကျတော့ သေသေချာချာ ကျွေးမွေး စောင့်ရှောက်မဲ့သူဆီ ရောက်တယ်။ ထွန်း ဘယ်လောက် ကံကောင်းလိုက်သလဲ ဆိုတာ၊ ကဲလေ ..."





ထွန်းက မချိပြုံး ပြုံးလေ၏။

"ပြီးတော့ ... ကိုယ့်အဖေရင်းနဲ့ ပြန်ဆုံခွင့် ရသေးတယ်။ ဖခင် လူမမာကို ပြုစုခွင့် ရလိုက်သေးတယ် မှလား"

"ကျွန်မလား ပြုစုမှာ ... ကိုယ့်အဖေကို မပြုစုချင်လို့တော့ မဟုတ်ဘူး၊ ချစ်တဲ့စိတ်လည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ... အဖေ့မှာ မိန်းမရှိနေတယ်လေ၊ သူ့မိန်းမ ပြုစုပစေ သူ့တာဝန် သူလုပ်ပေါ့ဆိုတဲ့ စိတ်ပဲရှိတယ်"

"ဒါပေမဲ့ ... ဦးကျော်မောင်ထွန်းရဲ့ အထောက်အပံ့ကို နေ့တိုင်း သွားယူပေးခြင်းဟာ၊ အဖေ အတွက် စားဝတ် နေရေး စရိတ်ရှာပေးရခြင်း ကုသိုလ်ပဲပေါ့"

"ဒေါက်တာ ... အဲဒီလို အကောင်းဘက်က လှည့်မြင် ကြည့်တဲ့ နည်းကို ဆေးတက္ကသိုလ်က သင်ပေးလိုက် လား"

ယုက ရယ်မောလိုက်၏။

"ဘဝတက္ကသိုလ်ဆိုတဲ့ လူ့လောကကြီးက သင်ပေးနေတဲ့ သင်ခန်းစာတွေက ပိုများပါတယ် ထွန်းရယ်။ ခံယူ ကျင့် သုံးတတ်ဖို့ပဲ လိုပါတယ်။ တကယ်တော့ ... ထွန်းက သိပ်ကံကောင်းတာ"

"အဲဒါတော့ လက်မခံပါဘူး၊ ဒေါက်တာ သက်သက်ပြော တာ"

"ဩော် ... သိန်းသုံးရာဆု ထ,ပေါက်တဲ့ ကုဋေရှစ်ဆယ် သူဌေးသားရဲ့ကံမျိုး ကောင်းတာတော့ ဘယ်ဟုတ်ပါ့မလဲ။ ဒါတောင် ... လူဆိုတာ၊ အဆိုးနဲ့ အကောင်း ဒွန်တွဲနေ တော့၊ ထွန်းကို ပြောပြရဦးမယ်၊ တို့ သူငယ်ချင်းတစ် ယောက် သိလား၊ ဆရာဝန်ပဲ၊ သူ့ယောက်ျားကလည်း ဆရာဝန်၊ သူတို့လက်ထပ်ကြတယ် ...

"သူတို့ ကျန်းမာရေးတွေလည်း ခေါင်ခေါင်မြည်ပဲ၊ ဒါပေမဲ့ ... သူတို့နှစ်ယောက်က၊ ထွန်း နားလည်အောင် အကြမ်းဖျင်း ပြောရရင် သွေးချင်းမတည့်ဘူးပဲ ထားပါ တော့။ ဂျိုးန်ဆိုတာ ထွန်း သိတယ်မှလား။ Gene လေ၊ သိလား"

"ဟုတ်ကဲ့ ... မွေးကတည်းက ပါလာတာ၊ ဗီဇသဘောလို့ မြန်မာလိုပြန်ရင် ရမလား မသိဘူး"

"ထားပါတော့ ... Gene က မြန်မာလိုပြန်ရင် စကားလုံး ရှည်ပြီး ခက်လည်းခက်တယ်။ Gene ကို Gene ပဲ ထား လိုက်တော့၊ Gene ဆိုရင်လည်း လူတော်တော်များများက ကြားဖူးနားဝ ရှိနေပါပြီ။ အဲဒီလို Gene ချင်း မတည့်ကြ တာ ထွန်းရဲ့။ မွေးလာမဲ့ ကလေးတွေ ... တစ်ယောက်မှ အကောင်းပါမလာနိုင်ဘူး ...

"စာသင်လို့မရတဲ့ ဦးနှောက်ကျပ်မပြည့်တို့၊ မွေးရာ ပါ မျက်စိမမြင်တို့ ဘာတို့ ဖြစ်လာမှာ၊ လူတန်းစေ့ကောင်း





ကောင်းမွန်မွန် တစ်ယောက်မှ မရနိုင်ဘူးတဲ့။ အဲဒီသူငယ် ချင်း ဇနီးမောင်နှံဟာ သားထောက် သမီးခံဆိုတဲ့ အခွင့် အရေး ဆုံးရှုံးသွားရော ...

"တို့ တွေ့ဖူးတဲ့ ကလေးတစ်ယောက်ကကျတော့၊ တို့ကလေးဆေးရုံမှာ တာဝန်ကျတုန်းကပေါ့၊ အဲဒီကလေး ဟာ မျက်ခွံနှစ်ဖက်လုံး ပိတ်နေတယ်၊ မပွင့်ဘူး။ အဲဒီ မျက်ခွံကို ခွဲပေးလိုက်လို့တော့ ရတယ်။ ဒါပေမဲ့ ... အဲဒီ ကလေးက မျက်ခွံအောက်မှာ မျက်လုံးကို ပါမလာတာ ...

"မျက်ခွံကို ခွဲလိုက်လည်း အဲဒီအောက်မှာ ဟောက် ပက်ကြီး ဖြစ်နေမှာပဲ ထွန်းရဲ့"

"အို ... ဖြစ်မှ ဖြစ်ရလေ"

"ကဲ ... ကြည့်၊ ထွန်း သနားသွားရပြီ။ လောကမှာ ထွန်း ကိုယ်တိုင်က သနားကြင်နာစွာ ငုံ့ကြည့်ပေးရမဲ့သူတွေ၊ ထွန်းထက်ပိုပြီး သနားစရာကောင်းတဲ့သူတွေပေါ့၊ တစ်နည်း ပြောရရင် ထွန်းထက်ပိုပြီး ကံဆိုးတဲ့သူတွေပေါ့ ထွန်းရယ်၊ အများကြီး ...

"ထွန်း ကြားဖူးလား၊ တချို့မိဘတွေ သူတို့ကလေး ကို ငှားစားတယ်ဆိုတာ၊ ပိုက်ဆံတောင်းဖို့လေ။ ပိုက်ဆံ တောင်းချင်တဲ့သူက၊ ကလေးနဲ့ဆိုရင် ပိုက်ဆံပိုရမယ်ဆိုတာ သိတယ်၊ သူ့မှာ ကိုယ်ပိုင်ကလေး မရှိဘူး၊ ဒီတော့ ... ကလေးငှားတယ် ...

"ကလေးရှင် မိဘတွေက ကလေးကို ငှားလိုက်တယ်။ ငှားခ ယူတယ်တဲ့။ ထွန်းရဲ့အဖေဟာ ထွန်းကို စားစရာ ဝတ်စရာ အမွေတစ်ပုံကြီး မချန်ရစ်ခဲ့ပေမဲ့၊ ထွန်းကို ငှားမစားသေးပါဘူး ထွန်းရယ်၊ ကျေးဇူးတင်စရာကြီး၊ ထွန်းဟာ ကံဆိုးတဲ့သူချင်းတွေထဲမှာတော့ ...

"ကံအကောင်းဆုံး လူသားပါ ထွန်းရဲ့။ ကြည့်စမ်း... ထွန်းဘဝလေး ပျက်စီးမသွားဘူး။ ထွန်းကိုယ်ထွန်း ထိန်းသိမ်းထားနိုင်လိုက်တာ၊ တို့က လက်ဖျားခါပြီးတော့ ချီးကျူးပါတယ် ထွန်းရယ်။ ထွန်း ဘဝဟာ နေပျော်စရာကြီးတွေ အများကြီး ကျန်ပါသေးတယ်"

"ဘကြီး ဝယ်ပေးထားတဲ့ တိုက်ခန်းက နည်းနည်းကောင်းတော့ လူငှားတင်လိုက်တယ်၊ ကျွန်မက ဈေးပေါတဲ့အခန်းမှာ ပြန်ငှားနေတယ်"

"ဒါ ... အဆင်ပြေသလို လုပ်ကြရတာပဲ။ ဒါမျိုး လုပ်နေတဲ့သူတွေပြည့်လို့။ ပြီးတော့ ဘာတွေရှိသေးလဲ။ တို့ကိုရင်ဖွင့်၊ တိုင်ပင်။ တို့က အကြံဉာဏ်ပေးမယ်၊ လောလောဆယ် စားဝတ်နေရေးအတွက် အလုပ်လုပ်နေတယ် မှုလား"

"အလုပ်က ပြုတ်ခဲ့ပြီ"

"ဟောတော့"

ယုက တမင်တကာ ရယ်လိုက်၏။





"ခန့်တဲ့သူက မခန့်ဘဲ ဖွတ်ဝင်လုပ်တာ၊ နည်းနည်းကြာတော့ အလုပ်ရှင်က ခန့်ပြီး Back Pay နဲ့ လခပေါင်း ၄ ဂွ ပြန်ရတယ်။ သုံးလေးရက်လည်း ကြာရော အလုပ်ကပြုတ်ရော"

"ကောင်းတာပေါ့ ထွန်းရဲ့။ Back Pay တွေရပြီးမှ ပြုတ်တာ။ မရလိုက်ဘဲ ပြုတ်သွားရင် ဒုက္ခ"

"ကျွန်မမှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်"

"ကောင်းတာပေါ့၊ ကိုယ်ကချစ်ပြီး ကိုယ့်ကို ချစ်နေတဲ့သူ ရှိနေတာလောက်၊ လောကကြီးမှာ ကြည်နူးဖို့ကောင်းတာ ရှိဦးမလား"

"မချစ်ဘဲနဲ့ ချစ်ဟန်ဆောင်ခဲ့ဖူးသူ တစ်ယောက်"

"လိုအပ်လို့ လုပ်လိုက်တာလား၊ ခု ဒီကိစ္စပြီးသွားပြီ မှုလား၊ တကယ် မချစ်ရင် ပြတ်သွား ... အေးရော"

"ချစ်တယ်လို့ ဝန်မခံဘဲ၊ လက်ထပ်ဖို့ သဘောတူခဲ့တဲ့သူက တစ်ယောက်"

"ဒါတော့ ... အားကိုးလောက်လို့ ဖြစ်မယ်၊ မိန်းမသားတွေ လက်ထပ်တယ် ဆိုတာ အားကိုးချင်လို့ လက်ထပ်တာ သဘာဝပဲလေ"

"ကျွန်မက အဲဒီလောက် အပြစ်မကင်းပါဘူး။ ဒီလောက် မဖြူစင်ပါဘူး မမရယ်"

ထွန်းက ယု ရင်ခွင်ထဲသို့ ဝေါခနဲ ပြိုကျလေ၏။ ယုက တွေးခနဲ ကြိုဖက်သည်။ ဒီသူငယ်မလေးအတွက် လေကုန်ရကျိုး နပ်ပါပြီ။ သူနှင့် စကားပြောရတာ၊ လေကုန်သလောက် ပါးစောင်းလိုက်တာ မပြောပါနှင့်တော့။ စိတ်ကျန်းမာရေးကုထုံး ဆိုတာကလည်း ဆေးဝါးတိုက်ကျွေးခြင်းထက်၊ ခုလို စကားတွေ ပြောပြီး သူ့စိတ်ကလေး ပြောင်းပေးရသည့် ကုထုံးမျိုးကပို၍ အဓိက ကျပါသည်။

"ဒေါက်တာ"ဟု ခေါ်သည်မို့ "မမ"ခေါ်ပါ ပြောတာ၊ မခေါ်နိုင်ပါဘူးတဲ့လေ။ သူက "မမ"မခေါ်ဟော့လည်း ကိုယ်က ကိုယ့်ကိုယ်ကိုယ် "တို့" "ကိုယ်" ဆိုတာတွေပဲ သုံးပြခဲ့သည်။ "မမ"ဟု တမင် မသုံးဘဲ နေပြလိုက်၏။ ခု ... သူ့ကို ကိုယ်အောင်မြင်ပြီ။ သူ ... ကိုယ့်ကို "မမ"ခေါ်ပြီး ကိုယ့်ရင်ခွင်ထဲ ဝင်ငိုပြီလေ။ ငိုတယ် ဆိုတာ ကောင်းသောအပြုအမူ မဟုတ်ပေမဲ့၊ ဝမ်းသာကြည်နူးဖွယ် မဟုတ်ပေမဲ့၊ အငိုဆိုတာ လောကသဘာဝထဲမှ အပြုအမူတစ်မျိုးပဲမို့၊ တစ်ခါတစ်ရံမှာ လိုအပ်ချက်တစ်ခု ဖြစ်နေရပါ၏။

ငိုချလိုက်ခြင်းဖြင့် ရင်ထဲမှာ ပေါ့သွားရတာတွေ၊ ကိုယ်တိုင် စိတ်ဆင်းရဲဖူး၊ ကိုယ်တိုင် ငိုဖူးသူတွေသာ အသိဆုံး မဟုတ်လား။

"ကျွန်မ ... ကံကောင်းတယ် ဆိုပေမဲ့ ဆိုးခဲ့တာတွေ မှားခဲ့တာတွေ၊ ကျူးလွန်ခဲ့တဲ့ အပြစ်တွေ အများကြီးပါပဲ မမ





ရယ် ... ကျွန်မ ပြောခဲ့ပါရောလား၊ ကျွန်မရဲ့ မမ မဖြစ်ချင်ပါနဲ့လို့။ မမမှာ ဘာအကျိုးကျေးဇူးမှတော့ တိုးပွားမလာနိုင်ဘူး၊ အကျိုးဆုတ်ယုတ်ဖို့ပဲ မြင်တယ်လို့"

ယုက ပြုံး၍ ပခုံးလေးကို ပုတ်လိုက်သည်။

"ခုဆို ... ထွန်းက မမလို ချစ်သွားပြီ"

"မမ" ခေါ်ရုံမက သူ့ကိုယ်သူ "ထွန်း"ဟု သုံးစွဲလာတာလေးပါ သတိထားလိုက်မိပါသည်။

"ချစ်စေရှင် ... ချစ်စေ"

"မမကရော ... ထွန်းကို ချစ်လား၊ ချစ်မှာလား"

"ချစ်မှာမို့ပဲ လေကုန်ပါးစောင်းခံပြီး စကားတွေ ဒီလောက် ပြောခဲ့တာပေါ့ ထွန်းရဲ့"

"ထွန်း ဘယ်လောက် ဆိုးခဲ့တယ် ဆိုတာတွေ ပြောပြမယ်"

"ပြောပြ"

"ထွန်း ရင်ထဲမှာ တကယ်ချစ်တဲ့သူ၊ One and Only မမရဲ့၊ တစ်ဦးတည်းသော တစ်ယောက်တည်း"

"သူက ဘယ်မှာလဲ"

"သူဟာ ထွန်းရဲ့ ပထမဆုံး ချစ်သူဖြစ်သလို၊ နောက်ထပ်လည်း သူ့လို ဘယ်သူ့ကိုမှ မချစ်တော့ပါဘူး။ သူနဲ့ အဖေ မဆုံးခင်ကတည်းက တွေ့တာ၊ နောက်တော့ အဖေ ဆုံးသွားပြီး ..."

"နေဦး ... ဘာဖြစ်လို့ လက်မထပ်သလဲ"

"လက်ထပ်ဖို့ ရည်ရွယ်ချက် ရှိပါတယ်၊ ဒါပေမဲ့ ... အဲဒီတုန်းက တွန်းက ငယ်နေသေးတာရယ်၊ ပြီးတော့ ... သူ့ကိုလည်း ပိုက်ဆံစုစေချင်သေးလို့၊ သူက အဲဒီအချိန်မှာ နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ ဒေါ်လာစား"

"ဘယ်ဆိုးလို့လဲ ... ရှင့်လူက"

"အဲဒီတုန်းက ... တွန်းက မမမြိုင်တို့ မမလှိုင်တို့ကို သိပ်မုန်းတာ၊ အငယ်ဆုံး ဘိုဘိုတွန်း ဆိုရင် တွန်းနဲ့ ရွယ်တူလေ။ သူက ... တွန်းကို လှည့်တောင် မကြည့်ဘူး။ စကားလည်း လုံးဝမပြောဘူး။ ဘကြီးက ... ညီကိုမောင်နှမတွေ တစ်ဝမ်းတည်း ကွဲသေးတယ်၊ သွေးအရင်းကြီး သူ့အဖေ ဘယ်လောက်ဆိုးဆိုး ...

"ခင်ခင်တွန်းမှာ ဘာအပြစ်မှ မရှိဘူး၊ ချစ်ချစ်ခင်ခင် နေကြလို့ ပြောပေမဲ့၊ ဘကြီးမိန်းမက သိပ်စိတ်ပုပ်တာ"

"စုန်းမကြီးပေါ့။ ဟုတ်တယ် ... ပုံပြင်တွေထဲမှာဆိုရင်တော့ ဒါ ... စုန်းမကြီးပဲ"

"သူက တွန်းကို တွေ့တာနဲ့ ချာခနဲ လှည့်ထွက်ရင်ထွက်၊ မထွက်ရင်လည်း ပက်ခနဲပြော၊ သူ့သားမီးတွေနဲ့ တွန်းကို လုံးဝမပတ်သက်ရ၊ ခွေးမျိုးလို အသိအမှတ် မပြုရလို့ တားမြစ်တော့၊ ဘိုဘိုတွန်းက တွန်းကိုကြည့်ပြီး ပြောတယ် မမရဲ့"





"တို့ တစ်ဝမ်းကွဲအစ်မက သိပ်လှတာပဲလို့လား"

"ဒီကောင်လေး ဒီလိုပြောမှ၊ သူ့ကိုယ်ထဲမှာ တွန်းမျိုးဆက်သွေးတွေ ရှိနေရင် ဖောက်တောင်ထုတ်ပစ်ချင်တယ်တဲ့။ သူ့အမေဘက်က သွေးတစ်ခြမ်းတည်းနဲ့ အသက်ရှင်မယ်တဲ့"

"စကားလုံး ပြောင်မြောက်တယ်နော်။ သီချင်းထဲ ထည့်ဆိုရင် လှမယ်"

"မမက ရယ်နေ ... တွန်းက ဆတ်ဆတ်ခါနာတာ၊ မုန်းလိုက်တာလည်း မပြောပါနဲ့တော့၊ သူ့မျက်နှာကိုသာ ချေးနဲ့ထွေးခွင့်ရမယ်ဆိုရင် ကိုယ် ချေးငုံ့ရင် ငုံ့ရပါစေတော့ ဆိုတဲ့ အထိ"

"ဒီစကားလုံးကျတော့ ပြောင်မြောက်ပေမဲ့ မလှဘူး တွန်းရဲ့"

"ဩော် ... တွန်းကို ကဗျာပြိုင်ပွဲဝင်နေတယ် ထင်နေလား"

တွန်း ရယ်ရှာပါသည်။

"မမမြိုင်က နည်းနည်း တော်ပါတယ်။ တော်တယ်ဆိုတာ ဘကြီးအမိန့်ကို မလွန်ဆန်ချင်တာ၊ အဖေ့ဆန္ဒကို ကူညီလိုက်လျောပေးချင်တာမျိုးပေါ့လေ။ မမလှိုင်လည်း ဆိုးပါတယ်။ ဘိုဘို ကတော့ အဆိုးဆုံး၊ အဲဒီကတည်းက တွန်းက ဆုံးဖြတ်ချက် ချလိုက်တာ"

"ဘယ်လို ဆုံးဖြတ်ချက်လဲ"

"တစ်နေ့ ... သူတို့ထက် ပိုချမ်းသာရမယ်လို့"

"ကောင်းတာပေါ့၊ ပညာကြိုးစား၊ အလုပ်ကြိုးစား"

"အဲ ... ဒီလို ကြိုးစားနေရင် ကြာတယ် မမရဲ့၊ မြန်မြ[illegible] ချမ်းသာသွားအောင် သူဌေးတစ်ယောက်နဲ့ အိမ်ထောင်က[illegible] သွားလည်း ပြီးတာပဲ၊ ထွန်းက သူဌေးနဲ့ လက်ထပ်[illegible] စိတ်ကူးကို တစ်ခါတည်း ဆုံးဖြတ်ပစ်လိုက်တာ"

"ထွန်းရဲ့ ... သူဌေး ဆိုတာကြီးတွေက အသက်ကြီးမှ[illegible] ပေါ့၊ သူဌေးသားလောက်မှ ကိုယ်နဲ့ မတိမ်းမယိမ်း ရှိမှာ[illegible]"

"မမရယ် ... သူဌေးသားလား ဘာလားလဲ မသိပါဘူ[illegible] ရင်ထဲက ချစ်မိသွားတဲ့ ပထမဆုံး ချစ်သူဟာ ထွန်း အ[illegible] တော့ One and Only ပါပဲ"

ထွန်းက ခေါင်းကလေး ငုံ့ကျသွား၏။ ယုက နာ[illegible] ကိုကြည့်သည်။ ထွန်းကို အချိန်ပေးခဲ့တာ နည်းနည်းတောင်မျာ[illegible] သွားပါပြီ။ တခြားလူနာတွေဆီ သွားဖို့ရှိသေးသည်။ ယု၏[illegible] တကယ်တမ်း တာဝန်က ဆေးဝါးကုသမှုနှင့် ဖျားနာဆောင်တွေ[illegible] မွေးလူနာတွေရဲ့ ကျန်းမာရေးကို သမားတော် ပါရဂူကြီးမျာ[illegible] မလာခင် ယုက အရင်ကြည့်ပေးထားဖို့ ဖြစ်၏။ ဤဆေးရုံကြီး[illegible] ၏ သီးသန့်အဆောင်ဖြစ်သော စိတ်ကျန်းမာရေး ကုသဆောင်မှာ[illegible] ယု တာဝန် မရှိပါ။ သို့ပေမဲ့ ... ထွန်း ဆီသို့ မလာနိုင်တော့[illegible]





ဖြစ်သော မြို့င် အစား၊ ယုက ထွန်းရဲ့ လူနာရှင် လုပ်ပေးနေရပါသည်။

ယုက ဆရာဝန်ကြီး၏ ညွှန်ကြားချက်ဖြင့် လူနာရှင်လည်းဖြစ်၊ လက်ထောက်ဆရာဝန်လည်း လုပ်လိုက် ... ထွန်းကို လာရောက်ကူညီ ကုသပေးနေခြင်းပါ။ ထွန်းနှင့် အဲဒီလိုစကားတွေ ထိုင်ပြောနေခြင်းဟာ ကုသမှုတစ်မျိုး ဖြစ်ပါသည်။ တချို့စကားတွေကို၊ ယုက လိုအပ်စွာ ပြောခြင်းဖြစ်၏။ ယု တကယ်ပြောချင်သော စကားတွေ မဟုတ်ပေမဲ့ လိုအပ်စွာ ပြောခဲ့ရတာတွေလည်း ရှိပါသည်။

"မမ ... ဂျူတီ ရှိသေးလား"

"ဟုတ်တယ် ... ဆရာကြီးတွေ Round မလှည့်ခင် မမက အရင်ဝင်ပေးထားရမယ်"

"သူ့ကိုကျတော့ ထွန်း ချစ်ပါတယ် မမရယ်၊ သူက ကုမ္ပဏီတစ်ခုမှာ ဒေါ်လာစားပါ။ သိပ်မဆိုးဘူးပေါ့နော်၊ သူဌေးကတော်ကြီးတော့လည်း တန်းဖြစ်မသွားနိုင်ဘူး၊ ဒါပေမဲ့ ... အလုပ်ကြိုးစားပြီး အချိန်ကို စောင့်ကြရင် ထွန်းရဲ့ မျှော်လင့်ချက်ကလေး ပြည့်စုံရမှာပေါ့"

မတ်တတ် ထရပ်လိုက်သည့် ယု လက်ကို ထွန်းက ဆွဲ၍ ခပ်မြန်မြန်လေး ပြောလိုက်သည်။ ယုက ငုံ့၍ နားထောင်ပေးပေး၏။

"သူနဲ့ ထွန်းနဲ့ ခဏခဏ ရန်ဖြစ်တယ်၊ အလုပ်ကထွက်မယ် ... ထွက်မယ် ပြောလို့၊ ထွန်းက မထွက်စေချင်ဘူး သူ အလုပ်မထွက်ဖြစ်အောင် သူ့ကို ညှဲ့ ငပျင်းလို့ ထွန်းက ပြောလိုက်တာ"

"ထွန်း စကားတွေ လွန်သွားတယ် ထင်တယ်"

"ဟုတ်ကဲ့"

ယုက ထွန်း လက်ထဲမှ ရန်း၍ ခပ်လှမ်းလှမ်း စားပွဲပေါ်မှ ဆေးကတ်ကို လှမ်းယူလိုက်၏။ တစ်လုံးထုတ်၍ ဆေးတိုက်ခဲ့ရပါမည်။ ယုနှင့် ထွန်း စကားပြောနေလို့ အပြင်ထွက် နေပေးသော ဆရာမက ညည်းရှာ၏။

"ဆေးတိုက်ခဲ့ပါ မမရယ် ... ကျွန်မတိုက်ရ မသောက်ဘူး၊ ဆေးတိုက်ရ ခက်လွန်းလို့" ... တဲ့လေ။

ယု ယူပေးတော့ ထွန်းက အလွယ်တကူပဲ ယူသော သည်။

"အိပ်ပျော်သွားဦးမယ် ထင်တယ်"

"လူနာဆိုတာ နေ့ခင်းဘက် တစ်ရေးအိပ်ရင် ကောင်းတ ပေါ့။ ညနေစာ စားကာနီးရင် နိုးမှာပဲ။ မနက်ဖြန်နေ့ခ မမ မလာနိုင်ဘူးနော်၊ မမ ... ဆေးရုံကြီးမှာ ဂျူတီ။ ဒီ က ဆန်းဒေးမို့ လာနိုင်တာ၊ မျှော်မနေနဲ့၊ ဆရာမ ဆေ တိုက်ရင် သောက်၊ မနက်ဖြန် မနက်ပိုင်း ဆရာကြ Round မယ် ...





"မမက ညနေ ခြောက်နာရီလောက်မှ ရောက်မယ်၊ တော်ကြာ မမ မလာဘူးဆိုပြီး ကျိုကျနေမှာစိုးလို့ ပြောထားတာ"

"သူကလေ ... အလုပ်က ဖွတ်ထွက်တယ် မမရဲ့၊ သူ့ အထက်က ဗမာက ဗမာချင်း မရိုင်းပင်းဘဲ နိုင်ငံခြားသားဘက်က ပါလို့တဲ့။ နိုင်ငံခြားသားတွေနဲ့ အလုပ်လုပ်ရတာ မကောင်းဘူးတဲ့။ နှိမ်တယ်တဲ့။ ပေးတဲ့လခနဲ့ တန်အောင် ခိုင်းတယ်တဲ့။ သူလည်း အလုပ်ကထွက်ရော ...

"ထွန်းက ချုံးချုံးကြီးကို ကျသွားတာ၊ ထွန်းရဲ့ ရည်မှန်းချက် ဗိမာန်ကြီး သူ ဖြိုချတာ၊ စိတ်ဆိုးလွန်းလို့ သူ့ကို နှစ်ပြားမတန်အောင် ပြောပစ်လိုက်တယ်"

"အဲဒါနဲ့ ပြတ်ရော ဆိုပါတော့"

"ဟုတ်ကဲ့"

"ကဲ ... ထွန်းရဲ့ ခံစားမှု ရသဇာတ်လမ်းလေးကို မနက်ဖြန်ညနေ ခြောက်နာရီမှာ မမ ဆက်နားထောင်မယ်"

"ဟုတ်ကဲ့"

"လိမ်လိမ်မာမာနေနော်"

"ဟုတ်ကဲ့ပါ"

ယုက ဆရာမကို လှမ်းခေါ်ပြီးမှ ထွန်း အခန်းထဲမှ ထွက်၏။ ယု တံခါးဝနားမှာပဲ ရှိစဉ်၊ ထွန်းက တစ်ချက်လှမ်း

ခေါ်၏။ သူငယ်မ ... စကားပြောလို့ မဝသေးတာ သိသာလွန်းသည်။ သူ အရမ်းပြောချင်နေသည်။ ယုကလည်း နားထောင်ပေးချင်လှပါသည်။ သို့ပေမဲ့ ... ဒီဘက်မှာ တာဝန်ရှိနေသေးသည်မို့သာ ထားခဲ့ရခြင်း ဖြစ်၏။

"မမ ... သူ့နာမည်က ဘုန်းထွဋ် ... တဲ့"

ထွန်းက လှမ်းပြောလိုက်သည်။ ပြီးတော့ ... အိပ်ရာပေါ် ဘုတ်ခနဲ လှဲချကာ မျက်စိမှိတ်ပစ်လိုက်တော့သည်။ အိပ်လို့ပျော်ချင်လည်း ပျော်သွားမည်။ ပျော်ချင်မှလည်း ပျော်မည်။

ယုမှာ ... အခန်းထဲမှ ဆက်ထွက်ရကောင်းနိုး၊ ပြန်လှည့်ဝင်ရကောင်းနိုး။

"ဒေါက်တာ ... ကျွန်မနဲ့ ရင်းနှီးရင် ဒေါက်တာ့မှာ ဂြိုဟ်ဆိုးတွေ ပူးကပ်ကုန်ပါလိမ့်မယ်၊ ကျွန်မက ဂြိုဟ်ကောင်" ... တဲ့"

မြတ်စွာဘုရား။

ယုရဲ့ ချစ်လှစွာသော မောင်လေး။ ဘုန်းထွဋ်။ ယုကို မွေးပြီး ခုနစ်နှစ်လောက်ကြာမှ မေမေ နောက်တစ်ကြိမ်ထပ်မွေးသည့် မောင်လေးမို့ အသက်ချင်း ကွာနေ၏။ ယုက သိတတ်စပြုသည့် အရွယ်ကျမှ ရသည့် မောင်လေးမို့ နို့ညှာတို့ထုံးစံ၊ အငယ်ကို ဗိုလ်ကျအနိုင်ယူဖို့ လုံးဝ မနာလိုစိတ် မဝင်ဘဲ၊ ချစ်ရလွန်းလှသည့် မောင်ငယ်လေးပါ။





"ရည်းစားက ဒေါ်လာမက်တယ် မမကြီးရဲ့၊ ကုမ္ပဏီကတော့ ထွက်ခဲ့ပြီ၊ အလုပ်လည်း ထပ်ရှာဖို့ မလွယ်ဘူး၊ သင်္ဘောပဲ တက်တော့မယ်၊ ဒေါ်လာတွေ စုလာပြီး၊ အပြန်ကျမှ အဲဒီရည်းစားကို ဒေါ်လာနဲ့ဖိမယ်၊ ဖို့တော့ မသတ်ပါဘူး၊ သူ မသေမှ လက်ထပ်လို့ရမှာ" ... တဲ့။

နောက်သလိုလို အတည်လိုလို ပြောပြီး သင်္ဘော
က်သွားခဲ့သည့် မောင်လေး။ သူ့ရည်းစားအကြောင်းကို သေ
သချာချာ မေးလို့လည်း မရ၊ မဖြေ။ သင်္ဘောမှနေ၍ လခတွေ
ာ ပို့နေသည်။ တစ်ခေါက်မှ ပြန်မလာသေး။ သုံးနှစ်တော်င
ပြီ။ မေမေဆို လွမ်းလွန်းလို့ မကြာခဏ မျက်ရည်လေးတစစ။
ွန်းဟာ မောင်လေးရဲ့ ရည်းစားလား။ ထွန်းက သူ့ရည်းစား
ကောင်လေးနာမည် ... ဘုန်းထွဋ်တဲ့။ ယုရဲ့မောင်လေး ဘုန်းထွဋ်
 သူ့ကောင်မလေးအကြောင်း သေသေချာချာ မေးမရပေမဲ့
ာမည်လေးတစ်ခုတော့ ပြောခဲ့၏။

"ထွန်း ... ခင်ခင်ထွန်း တဲ့"

ကြည့်စမ်း။ ဒါဟာ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပြီ
လ။

အသေသတ်စရာမလိုအဲ၊ ရှင်သန်မှု အလို
အလျောက် ချုပ်ငြိမ်းသွားတတ်တဲ့ အရာတစ်ရှုံ့ထဲမှာ
"အချစ်" လည်း ပါတယ်ဆိုရင် ... ရှင် ယုံလေား။





## ၂

"ရှင်နဲ့ ကျွန်မနဲ့ လမ်းခွဲကြစို့"

"ဘာ ... ဘာပြောလိုက်တယ်"

"ရှင်ကို မကြိုက်နိုင်တော့တဲ့ အရာတွေထဲမှာ၊ အဲဒါလည်း ပါတယ်။ ကျွန်မက စကားတစ်ခွန်းပြောရင်၊ ရှင်လည်း ပြောချင်တဲ့ စကားတစ်ခွန်းကိုပဲ ပြန်ပြောပေါ့။ ကျွန်မရဲ့ စကားကို ကြားလိုက်ရဲ့သားနဲ့၊ မကြားသလို .... ဘာ ... ဘာ ... ပြောတယ် ဆိုတာမျိုး လာတာ၊ ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို ကျဆင်းစေတယ်"

"မင်း ... ဘာတွေ ဖြစ်လာလဲ"

"ရှင်နဲ့ ကျွန်မ ... တစ်သက်တာ လက်တွဲဖို့ မဖြစ်နိုင်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ... ချလာခဲ့တယ်။ ကျွန်မရဲ့

ဆုံးဖြတ်ချက်ကို ကျွန်မ ရိုးသားရှင်းလင်းစွာ ပြောချလိုက်တာပဲ။ ရှင် နားလည်နိုင်မှာပါ။ ဘာ ... ဘာပြောတယ်ဆိုလို့၊ ကျွန်မက နောက်တစ်ခေါက် ထပ်ပြောရရင်၊ လေနှစ်ဆကုန်မယ်၊ ရှင် မခံချိမခံသာ နှစ်ခါဖြစ်ရမယ်၊ ဘယ်လိုကောင်းကျိုးမျိုးမှတော့ ဖြစ်ထွန်းမလာဘူး"

"တစ်သက်တာ လက်တွဲလို့ မဖြစ်နိုင်တော့ဘူး ဆိုတဲ့ အကြောင်းရင်းက ဘာလဲ"

"မြန်မာပြည်မှာ ရာသီဥတု သုံးမျိုးရှိတယ်။ နွေရယ်။ မိုးရယ်၊ ဆောင်းရယ်"

"ငါ သိတယ်"

"ကျွန်မက နွေရာသီကို ကြိုက်တယ်။ မိုးနဲ့ဆောင်းကို မကြိုက်ဘူး"

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"ရှင် မေးလို့ ဖြေနေတာ"

"ငါ မေးတာက မင်း ... ငါ့ကို လက်တွဲဖြုတ်တဲ့ အကြောင်းရင်း"

"အဲဒါကို ပြောမလို့"

"နိဒါန်း မလိုဘူး"

"နိဒါန်း မဟုတ်ဘူး၊ လိုအပ်လို့ ပြောတဲ့စကားပါ"

"မင်း လေသံတွေ မာလွန်းတယ်"





"ကင်းစိမ်းပြတ်တောက်ဖို့ လိုအပ်တဲ့အခါမှာ၊ မျှော့ကြိုးတစ်ချောင်းလို ပျော့ပျောင်းနေလို့ ဖြစ်မလား"

ဘုန်းထွဋ်က "တက်"တစ်ချက် ခေါက်လိုက်သည်။ ဘယ်လိုမိန်းမလဲ။ လွန်ခဲ့သည့် ခြောက်ရက် (နောက်ဆုံးတွေ့ခဲ့ကြစဉ်)ကနှင့်၊ ဒီနေ့ ... ပုံစံက သွင်သွင်ကြီး ပြောင်းလျက်၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတော့သည်။

"ဘယ်လိုလဲ ... ဆက်ပြောရဦးမှာလား"

"ထွန်း"က ခပ်တင်းတင်း မေး၏။ ဘုန်းထွဋ်က လွှဲထားသည့် မျက်နှာကို ပြန်လှည့်မလာပါ။ လက်သီးဆုပ်လိုက်လက်လွှဲလိုက်နှင့် ဒေါသကိုချိုးနှိမ်ရင်း၊ အဖြေမပေးချေ။ ထွန်းပဲဆက်ပြောဖို့ ကိုယ့်ဘာသာ ဆုံးဖြတ်ရပါသည်။ ဘုန်းထွဋ်ကိုဖြတ်တောက်ရာ၌ "အမုန်း"မပါဝင်ခဲ့ချေ။ ဘုန်းထွဋ်ကို မုန်းလို့ စိမ်းကားရတာ မဟုတ်ဘဲ၊ ကိုယ့်စကားအတိုင်း၊ တစ်သက်တာလက်တွဲဖို့ မဖြစ်နိုင်လို့ (တစ်သက်တာ လက်တွဲလို့ မဖြစ်နိုင်မည့်တူတူ) စောစောစီးစီး လက်တွဲဖြုတ်လိုက်ခြင်းသည်သာလျှင် အကောင်းဆုံးဟု ထင်လို့၊ ပြတ်စဲလိုက်တာ ဖြစ်သည်။

"ကျွန်မ ... ဘယ်လို လူဖြစ်ခဲ့ရတယ် ဆိုတာ ရှင့်ကိုပြောဖူးပါတယ်။ ကျွန်မဘဝဟာ အမြဲတမ်း မှိုင်းမှုန်နေတယ်။ ကျွန်မက နေရောင်ခြည်ကိုပဲ မြင်ချင်တယ်။ ခွန်အားကို ရချင်တယ်။ မိုးတွင်းမှာ တဝုန်းဝုန်း ရွာနေတဲ့မိုးဟာ လူ

ကို ပျင်းဖို့ ဖန်တာပဲ။ မိုးအေးအေးလေးမှာ ဇိမ်နဲ့ကွေးလိုက်ဦးမယ်ဆိုတဲ့ လူချည်းပဲ။ ဆောင်းတွင်းလည်း ဘာထူးလဲ။ ချမ်းတော့ ဘာမှ မလုပ်ချင်ဘူး။ စိတ်ကူးယဉ်လို့တော့ ကောင်းတယ် ...

"စိတ်ကူးယဉ်တာ လက်တွေ့မှာ ဘာမှ အသုံးမကျဘူး၊ ကျောပဲပူပူ ခေါင်းပဲပူပူ၊ တက်ကြွတဲ့ အလင်းရောင်ထဲမှာပဲ ကျွန်မ ရှင်သန်ချင်တယ်။ ဒါကို ဘယ်သူကဲ့ရဲ့ပစေ၊ ကျွန်မ ဂရုမစိုက်ဘူး"

"မင်း ပြောတဲ့ထဲမှာ ... မင်းလုပ်ရပ်နဲ့ဆိုင်တဲ့အကြောင်း မပါသေးဘူး"

"တည့်တည့်ပြောမှဆိုလည်း တည့်ပေါ့လေ။ ရှင့်ကို အားနာလို့ပါ။ နောက်အလုပ်သစ်တစ်ခု မရခင်မှာ အထက်လူကြီးနဲ့ မတည့်လို့ ဆိုပြီး လက်ရှိအလုပ်ကို အရင်ထွက်ပစ်တဲ့ ယောကျ်ားမျိုးကို ကျွန်မ အထင်မကြီးဘူး"

"တောက်"

"ကျွန်မ အားမကိုးဘူး။ ကျွန်မ လက်ထပ်မဲ့သူဟာ၊ ကျွန်မကို အမြင့်တစ်နေရာ ရောက်အောင် ပို့ပေးနိုင်တဲ့သူ ဖြစ်ရမယ်။ ကျွန်မဘာသာ ကြိုးစားနေတဲ့ အချိန်မှာ သူကလည်း တစ်တပ်တစ်အား ပါဝင်ဆင်နွှဲနေတဲ့သူ ဖြစ်ရမယ်။ မိန်းမသားတစ်ယောက်က "မင်းယောကျ်ား"ကြီးကို





ခေါင်းပေါ် ရွက်ပြီး၊ ခါကာဘိုရာဇီတောင်ထိပ် ရောက်အောင် တက်ဖို့အထိ ကျွန်မ မမိုက်မဲဘူး"

"မင်း ..."

ဘုန်းထွဋ်၊ ဒေါ်သထွက်လွန်းလိုက်သည်မှာ ဆတ်ဆတ်ကို ခါနေ၏။ စိတ်ကိုသာ နိုင်အောင်ထိန်းမထားမိပါလျှင် "ထွန်း"ဆိုသော မိန်းမကို ခြေဖျားနှစ်ဖက်မှ ကိုင်လွှဲ၍ အုတ်ထရံမှာ ရိုက်ချင်၏။ ဒီမိန်းမ ခေါင်းကွဲ၊ သွေးအိုင်ထွန်း၊ အသက်ပါ ထွက်သွားသည်ထိ သတ်ပစ်လိုက်ချင်၏။ ဒေါ်သအိုး ပေါက်ကွဲရပါသည်။ ဒီမိန်းမထံမှာ ဘာစကားတစ်ခွန်းမျှ မပြောလိုတော့ပါ။ ကိုယ့်စကားလုံးတိုင်းသည် သူနှင့် မတန်မရာပစ္စည်းတွေ ဖြစ်ကုန်ပြီ။ ဘုန်းထွဋ် ... ချာခနဲ လှည့်ထွက်ခဲ့သည်။ အလုပ်မှ ထွက်ရခြင်း အကြောင်းရင်းကို ရှင်းမပြခဲ့တော့ပါ။

၄

ရက်စက်စွာ ... ပြောလိုစိတ်နှင့် ပြောချခဲ့စဉ်က ကျေနပ်အားရမှုများသည် "ခဏ"ဆိုသည့် အချိန်ပိုင်းလေး အတွင်းမှာပဲ "နာကျင်ကြေကွဲဖွယ်များ" အသွင်သို့ ကူးပြောင်းခဲ့ရ၏။ စောစောပိုင်းတုန်းက ဒေါ်သတွေဟာ မျက်ရည်အဖြစ် ပျော်ဆင်းလာခဲ့တော့သည်။

ထွန်း ... နာကျင်ပါသည်။ ကြေကွဲပါသည်။ ဝမ်
နည်းပါသည်။ ဘယ်သူမှ မရှိသော ထွန်း အားမှာ "သူ" ဘုန်းထွ
တစ်ယောက် ရှိနေခြင်းဖြင့်၊ ထွန်း ဘဝဟာ ဘယ်လောက်ပြည့်
ခဲ့ရသလဲ။ အရိုင်ကလေးတစ်ခု ကိုယ့်အားနားမှာ ရှိနေတာ
ထွန်း ဘဝလေး ဘယ်လောက် အေးမြကြည်မွေ့ရပါသလဲ
ထွန်းဟာ ... မိုက်မဲစွာ ... ကိုယ့်အရိပ်ကလေး ကိုယ်ဖျက်ဆီးခဲ့သူ
ကိုယ့်နှလုံးသား ကိုယ်ရိုက်ပုတ် ထုထောင်းသူ။ ထွန်း လောက်
မိုက်မဲသူ၊ ဤကမ္ဘာမှာ ရှိပါသေးရဲ့လား။

အို ... ထွန်း ဆိုတာ နောင်တရတတ်သူလား
ဘယ်တုန်းကများ ကိုယ့်ခရီးကို နောက်ပြန်ကြည့်ဖူးခဲ့ပါသလဲ
ထွန်း ဖြတ်တောက်ပစ်ခဲ့တဲ့ သံယောဇဉ်ကြိုးဟာ ဒါ ... ပထမကြိုး
မဟုတ်ဘူးလေ။ ဦးဝင်းကျော်နှင့် ဒေါ်မြင့်မြင့်စိုး တို့ဟာ ထွန်းရဲ့
မိဘရင်းတွေ မဟုတ်ကြဘူး ဆိုတာ သိချိန်ကစပြီး ...

ပထမဆုံး စတင်ဖြတ်တောက်ပစ်ခဲ့တဲ့ သံယောဇဉ်
ကြိုးက ထွန်းရဲ့ မွေးစားမိဘတွေ ...။





ကိုယ့်မိသားစုထဲမှာ ကိုယ်က လူပိုလို ဖြစ်နေနဲ့ တာ တော့ ကြာပါပြီ။

အဲသည်ခံစားမှုဟာ ရင်ထဲမှာ ရုတ်တရက် ပေါက်ကွဲဖြစ်ထွန်းသွားတာ မဟုတ်ပါ။ ဘယ်တုံးက စတင်ဖြစ်တည်ခဲ့မှန်း မသိရပေမဲ့၊ သိသိမှတ်မှတ် ခံစားလိုက်ရသည့် အချိန်မှာတော့ ရင်နာခြင်း ထုထည်က သိပ်သည်းနေရပြီ။ မိသားစုထဲမှာ ကိုယ်ဟာ သွေးမတူ မွေးမတူဟု ဆိုရပါမည်။ ကြည့်လေ ... မောင်နှမသုံးယောက် ရှိရာမှာ ကိုကြီးနှင့် မမက အသားဖြူကြသည်။ ဆံပင်ပါးပါး၊ မျက်ခုံးပါးပါး၊ မျက်အိမ်ကျဉ်းကျဉ်း၊ သင့်တင့်ရုံနှာတံတို့ကြောင့် အသားသာ မဖြူလျှင် ရွက်ကြမ်းရေချိုအဆင့် လောက် အလှအပကိုသာ ပိုင်ဆိုင်ကြပါသည်။ အသားကလေးတွေက ဝင်းလက်အောင် ဖြူကြလို့သာ ကြည့်ကောင်းစွာ လှတပတတွေ ဖြစ်ကြရကုန်၏။

ဖေဖေဦးဝင်းကျော်က ဖြူသည့်ဘက်သို့ လုသော အသားလတ် ဖြစ်ပါလိမ့်မည်။ သို့ပေမဲ့ ... ယောကျ်ားသားတွေ မျက်နှာမှာ ဘာမျှ မလိမ်းမခြယ်တော့ အသားရောင်သည် မူရင်းထက် တစ်စတစ်စဆိုသလို ညိုလာတတ်လေ့ရှိပါသည်။ ဦးဝင်းကျော်

ကို၊ ခုချိန်မှာ အညိုဘက်သို့ လုချင်သည့် အသားလတ်ဟုသာ
ပြောနိုင်ပါသည်။ ဆွတ်ဆွတ်ဖွေးလျက် စက္ကူဖြူတစ်ရွက်လို ဖြူ
သူက မေမေ ဒေါ်မြင့်မြင့်စိုးပါ။ ပြီးတော့ ... မျက်နှာသစ်ပြီးတာ
နှင့် "ဆန်မှုန့်ခဲ" ကို တစ်မျက်နှာလုံး ပွတ်တိုက်ပစ်လိုက်တတ်တာ
ကလည်း ရှိသေး။ မေမေ့ မျက်နှာသည် ဖွေးဆွတ်ကာ၊ လူသား
ဟုတ်ပါရဲ့လား၊ ကျောက်ဖြူသား အရုပ်တစ်ရုပ်လား ထင်ရလောက်
ကို ဖြူ၏။ ဖေဖေက ဆံပင်ပါးရှာ၏။ မေမေက ဆံပင်ကျတော့
ထူထဲသည်။ မျက်ခုံးကျတော့ ခပ်ပါးပါးရယ်။ အသားဖြူဖြူမှာ
အညိုရောင် မျက်ခုံးမွေးဆွဲလေ့ရှိသော မေမေပါ။ ဖေဖေ့ မျက်ဝန်း
က တော်ရုံ၊ မေမေက မျက်စိခပ်မှေးမှေးမှာ မျက်ရစ်မရှိ။ နှာတံ
ကျတော့ နှစ်ယောက်လုံး ကြည့်ကောင်းရုံ ပေါ်ကြပါသည်။

ကိုကြီးနှင့် မမတို့သည် ဖေဖေ မေမေတို့ထံမှ
အသွင်အပြင်တွေကို ရထားကြတာ အသိသာကြီး။

ထွန်း ကျတော့ ... ထွန်း အသားက အဝါသွေ
ညက်ညက်ကလေးနှင့် ညိုချင်ညိုချင်ပါ။ အသားဖြူဟု ဘယ်လို
မပြောနိုင်သော်လည်း သူ့အသားရောင်ကလေးက လှသလောက်
စွဲမက်ဖွယ်ပါ။ ဆံပင်အုပ်အုပ်ဖားဖားများက တင်ပါးဖုံးပုံစံနှ
တိတိညီလျက် ရှိသည်။ မျက်ခုံးထူထူစိမ်းနက်နက်က ဆေးကူဆွဲ
မလိုရုံမျှမက၊ ပိုလျှံမျက်ခုံးမျှင်များကိုတောင် နုတ်သိမ်းရပါသေ
သည်။ မျက်ဝန်းကျယ်ကျယ်၊ မျက်တောင်ကော့ကော့မှာ မျက်ရ





"တို့ တစ်ဝမ်းကွဲအစ်မက သိပ်လှတာပဲလို့လား"

"ဒီကောင်လား ဒီလိုပြောမှာ၊ သူ့ကိုယ်ထဲမှာ ထွန်းမျိုးဆက်သွေးတွေ ရှိနေရင် ဖောက်တောင်ထုတ်ပစ်ချင်တယ်တဲ့။ သူ့အမေဘက်က သွေးတစ်ခြမ်းတည်းနဲ့ အသက်ရှင်မယ်တဲ့"

"စကားလုံး ပြောင်မြောက်တယ်နော်။ သီချင်းထဲ ထည့်ဆိုရင် လှမယ်"

"မမက ရယ်နေ ... ထွန်းက ဆတ်ဆတ်ခါနာတာ၊ မုန်းလိုက်တာလည်း မပြောပါနဲ့တော့၊ သူ့မျက်နှာကိုသာ ဈေးနဲ့ထွေးခွင့်ရမယ်ဆိုရင် ကိုယ် ဈေးငှံရင် ငှံရပါစေတော့ဆိုတဲ့ အထိ"

"ဒီစကားလုံးကျတော့ ပြောင်မြောက်ပေမဲ့ မလှဘူး ထွန်းရဲ့"

"ဪ ... ထွန်းကို ကဗျာပြိုင်ပွဲဝင်နေတယ် ထင်နေလား"

ထွန်း ရယ်ရှာပါသည်။

"မမမြိုင်က နည်းနည်း တော်ပါတယ်။ တော်တယ်ဆိုတာ ဘကြီးအမိန့်ကို မလွန်ဆန်ချင်တာ၊ အဖေ့ဆန္ဒကို ကူညီလိုက်လျောပေးချင်တာမျိုးပေါ့လေ။ မမလှိုင်လည်း ဆိုးပါတယ်။ ဘိုဘို ကတော့ အဆိုးဆုံး၊ အဲဒီကတည်းက ထွန်းက ဆုံးဖြတ်ချက် ချလိုက်တာ"

"ဘယ်လို ဆုံးဖြတ်ချက်လဲ"

"တစ်နေ့ ... သူတို့ထက် ပိုချမ်းသာရမယ်လို့"

"ကောင်းတာပေါ့၊ ပညာကြိုးစား၊ အလုပ်ကြိုးစား"

"အဲ ... ဒီလို ကြိုးစားနေရင် ကြာတယ် မမရဲ့၊ မြန်မြ ချမ်းသာသွားအောင် သူဌေးတစ်ယောက်နဲ့ အိမ်ထောင်က သွားလည်း ပြီးတာပဲ၊ ထွန်းက သူဌေးနဲ့ လက်ထပ် စိတ်ကူးကို တစ်ခါတည်း ဆုံးဖြတ်ပစ်လိုက်တာ"

"ထွန်းရဲ့ ... သူဌေး ဆိုတာကြီးတွေက အသက်ကြီးမှာ ပေါ့၊ သူဌေးသားလောက်မှ ကိုယ်နဲ့ မတိမ်းမယိမ်း ရှိမှာ"

"မမရယ် ... သူဌေးသားလား ဘာလားလဲ မသိပါဘူး ရင်ထဲက ချစ်မိသွားတဲ့ ပထမဆုံး ချစ်သူဟာ ထွန်း အဖို့ တော့ One and Only ပါပဲ"

ထွန်းက ခေါင်းကလေး ငုံ့ကျသွား၏။ ယုက နာရီ ကိုကြည့်သည်။ ထွန်းကို အချိန်ပေးခဲ့တာ နည်းနည်းတောင်များ သွားပါပြီ။ တခြားလူနာတွေဆီ သွားဖို့ရှိသေးသည်။ ယု၏ တကယ်တမ်း တာဝန်က ဆေးဝါးကုသမှုနှင့် ဖျားနာခေါင်တွေ မွေးလူနာတွေရဲ့ ကျန်းမာရေးကို သမားတော် ပါရဂူကြီးများ မလာခင် ယုက အရင်ကြည့်ပေးထားဖို့ ဖြစ်၏။ ဤဆေးရုံကြီး ၏ သီးသန့်အဆောင်ဖြစ်သော စိတ်ကျန်းမာရေး ကုသဆောင်မှာ ယု တာဝန် မရှိပါ။ သို့ပေမဲ့ ... ထွန်း ဆီသို့ မလာနိုင်တော့ပြီ





ဖြစ်သော မြိုင့် အစား၊ ယုက ထွန်းရဲ့ လူနာရှင် လုပ်ပေးနေရပါ သည်။

ယုက ဆရာဝန်ကြီး၏ ညွှန်ကြားချက်ဖြင့် လူနာ ရှင်လည်းဖြစ်၊ လက်ထောက်ဆရာဝန်လည်း လုပ်လိုက် ... ထွန်း ကို လာရောက်ကူညီ ကုသပေးနေခြင်းပါ။ ထွန်းနှင့် အဲဒီလိုစကား တွေ ထိုင်ပြောနေခြင်းဟာ ကုသမှုတစ်မျိုး ဖြစ်ပါသည်။ တချို့ စကားတွေကို၊ ယုက လိုအပ်စွာ ပြောခြင်းဖြစ်၏။ ယု တကယ် ပြောချင်သော စကားတွေ မဟုတ်ပေမဲ့ လိုအပ်စွာ ပြောခဲ့ရတာ တွေလည်း ရှိပါသည်။

"မမ ... ဂျူတီ ရှိသေးလား"

"ဟုတ်တယ် ... ဆရာကြီးတွေ Round မလှည့်ခင် မမ က အရင်ဝင်ပေးထားရမယ်"

"သူ့ကိုကျတော့ ထွန်း ချစ်ပါတယ် မမရယ်၊ သူက ကုမ္ပဏီတစ်ခုမှာ ဒေါ်လာစားပါ။ သိပ်မဆိုးဘူးပေါ့နော်၊ သူဌေးကတော်ကြီးတော့လည်း တန်းဖြစ်မသွားနိုင်ဘူး၊ ဒါပေမဲ့ ... အလုပ်ကြိုးစားပြီး အချိန်ကို စောင့်ကြရင် ထွန်းရဲ့ မျှော်လင့်ချက်ကလေး ပြည့်စုံရမှာပေါ့"

မတ်တတ် ထရပ်လိုက်သည့် ယု လက်ကို ထွန်းက ဆွဲ၍ ခပ်မြန်မြန်လေး ပြောလိုက်သည်။ ယုက ငုံ့၍ နားထောင်ပေး ပေး၏။

"သူနဲ့ ထွန်းနဲ့ ခဏခဏ ရန်ဖြစ်တယ်၊ အလုပ်ကထွက်မယ် ... ထွက်မယ် ပြောလို့၊ ထွန်းက မထွက်စေချင်ဘူး သူ အလုပ်မထွက်ဖြစ်အောင် သူ့ကို ငည့် ငပျင်းလို့ ထွန်းက ပြောလိုက်တာ"

"ထွန်း စကားတွေ လွန်သွားတယ် ထင်တယ်"

"ဟုတ်ကဲ့"

ယုက ထွန်း လက်ထဲမှ ရန်း၍ ခပ်လှမ်းလှမ်း စားပွဲပေါ်မှ ဆေးကတ်ကို လှမ်းယူလိုက်၏။ တစ်လုံးထုတ်၍ ဆေးတိုက်ခဲ့ရပါမည်။ ယုနှင့် ထွန်း စကားပြောနေလို့ အမြင်ထွက် နေပေးသော ဆရာမက ညည်းရှာ၏။

"ဆေးတိုက်ခဲ့ပါ မမရယ် ... ကျွန်မတိုက်ရင် မသောက်ဘူး၊ ဆေးတိုက်ရ ခက်လွန်းလို့" ... တဲ့လေ။

ယု ယူပေးတော့ ထွန်းက အလွယ်တကူပဲ ယူသောက်သည်။

"အိပ်ပျော်သွားဦးမယ် ထင်တယ်"

"လူနာဆိုတာ နေ့ခင်းဘက် တစ်ရေးအိပ်ရင် ကောင်းတာပေါ့။ ညနေစာ စားကာနီးရင် နိုးမှာပဲ။ မနက်ဖြန်နေ့ခင်း မမ မလာနိုင်ဘူးနော်၊ မမ ... ဆေးရုံကြီးမှာ ဂျူတီ။ ဒီနေ့က ဆန်းဒေးမို့ လာနိုင်တာ၊ မျှော်မနေနဲ့၊ ဆရာမ ဆေးတိုက်ရင် သောက်၊ မနက်ဖြန် မနက်ပိုင်း ဆရာကြီး Round မယ် ...





"မမက ညနေ ခြောက်နာရီလောက်မှ ရောက်မယ်၊ တော်ကြာ မမ မလာဘူးဆိုပြီး ဂျိကျနေမှာစိုးလို့ ပြောထားတာ"

"သူကလေ ... အလုပ်က ဇွတ်ထွက်တယ် မမရဲ့၊ သူ့ အထက်က ဗမာက ဗမာချင်း မရိုင်းပင်းဘဲ နိုင်ငံခြားသား ဘက်က ပါလို့တဲ့။ နိုင်ငံခြားသားတွေနဲ့ အလုပ်လုပ်ရတာ မကောင်းဘူးတဲ့။ နှိမ်တယ်တဲ့။ ပေးတဲ့လခနဲ့ တန်အောင် ခိုင်းတယ်တဲ့။ သူလည်း အလုပ်ကထွက်ရော ...

"ထွန်းက ချုံးချုံးကြီးကို ကျသွားတာ၊ ထွန်းရဲ့ ရည်မှန်းချက် ဗိမာန်ကြီး သူ ဖြိုချတာ၊ စိတ်ဆိုးလွန်းလို့ သူ့ကို နှစ်ပြားမတန်အောင် ပြောပစ်လိုက်တယ်"

"အဲဒါနဲ့ ပြတ်ရော ဆိုပါတော့"

"ဟုတ်ကဲ့"

"ကဲ ... ထွန်းရဲ့ ခံစားမှု ရသဇာတ်လမ်းလေးကို မနက်ဖြန်ညနေ ခြောက်နာရီမှာ မမ ဆက်နားထောင်မယ်"

"ဟုတ်ကဲ့"

"လိမ်လိမ်မာမာနေနော်"

"ဟုတ်ကဲ့ပါ"

ယုက ဆရာမကို လှမ်းခေါ်ပြီးမှ ထွန်း အခန်းထဲမှ ထွက်၏။ ယု တံခါးဝနားမှာပဲ ရှိစဉ်၊ ထွန်းက တစ်ချက်လှမ်း

ခေါ်၏။ သူငယ်မ ... စကားပြောလို့ မဝသေးတာ သိသာလွန်းသည်။ သူ အရမ်းပြောချင်နေသည်။ ယုကလည်း နားထောင်ပေးချင်လှပါသည်။ သို့ပေမဲ့ ... ဒီဘက်မှာ တာဝန်ရှိနေသေးသည်မို့သာ ထားခဲ့ရခြင်း ဖြစ်၏။

"မမ ... သူ့နာမည်က ဘုန်းထွဋ် ... တဲ့"

ထွန်းက လှမ်းပြောလိုက်သည်။ ပြီးတော့ ... အိပ်ရာပေါ် ဘုတ်ခနဲ လှဲချကာ မျက်စိမှိတ်ပစ်လိုက်တော့သည်။ အိပ်လို့ပျော်ချင်လည်း ပျော်သွားမည်။ ပျော်ချင်မှလည်း ပျော်မည်။

ယုမှာ ... အခန်းထဲမှ ဆက်ထွက်ရကောင်းနိုး၊ ပြန်လှည့်ဝင်ရကောင်းနိုး။

"ဒေါက်တာ ... ကျွန်မနဲ့ ရင်းနှီးရင် ဒေါက်တာ့မှာ ဂြိုဟ်ဆိုးတွေ ပူးကပ်ကုန်ပါလိမ့်မယ်၊ ကျွန်မက ဂြိုဟ်ကောင်" ... တဲ့"

မြတ်စွာဘုရား။

ယုရဲ့ ချစ်လှစွာသော မောင်လေး။ ဘုန်းထွဋ်။ ယုကို မွေးပြီး ခုနစ်နှစ်လောက်ကြာမှ မေမေ နောက်တစ်ကြိမ်ထပ်မွေးသည့် မောင်လေးမို့ အသက်ချင်း ကွာနေ၏။ ယုက သိတတ်စပြုသည့် အရွယ်ကျမှ ရသည့် မောင်လေးမို့ နို့ညှာတို့ထုံးစံ၊ အငယ်ကို ဗိုလ်ကျအနိုင်ယူဖို့ လုံးဝ မနာလိုစိတ် မဝင်ဘဲ၊ ချစ်ရလွန်းလှသည့် မောင်ငယ်လေးပါ။





"ရည်းစားက ဒေါ်လာမက်တယ် မမကြီးရဲ့၊ ကုမ္ပဏီကတော့ ထွက်ခဲ့ပြီ၊ အလုပ်လည်း ထပ်ရှာဖို့ မလွယ်ဘူး၊ သင်္ဘောပဲ တက်တော့မယ်၊ ဒေါ်လာတွေ စုလာပြီး၊ အပြန်ကျမှ အဲဒီရည်းစားကို ဒေါ်လာနဲ့ဖိမယ်၊ ဖို့တော့ မသတ်ပါဘူး၊ သူ မသေမှ လက်ထပ်လို့ရမှာ" ... တဲ့။

နောက်သလိုလို အတည်လိုလို ပြောပြီး သင်္ဘောတက်သွားခဲ့သည့် မောင်လေး။ သူ့ရည်းစားအကြောင်းကို သေသေချာချာ မေးလို့လည်း မရ၊ မဖြေ။ သင်္ဘောမှနေ၍ လခတွေသာ ပို့နေသည်။ တစ်ခေါက်မှ ပြန်မလာသေး။ သုံးနှစ်တောင်ရှိပြီ။ မေမေဆို လွမ်းလွန်းလို့ မကြာခဏ မျက်ရည်လေးတစစ။ ထွန်းဟာ မောင်လေးရဲ့ ရည်းစားလား။ ထွန်းက သူ့ရည်းစားကောင်လေးနာမည် ... ဘုန်းထွဋ်တဲ့။ ယုရဲ့မောင်လေး ဘုန်းထွဋ်က သူ့ကောင်မလေးအကြောင်း သေသေချာချာ မေးမရပေမဲ့ နာမည်လေးတစ်ခုတော့ ပြောခဲ့၏။

"ထွန်း ... ခင်ခင်ထွန်း တဲ့"

ကြည့်စမ်း။ ဒါဟာ တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပြီလေ။

အသေသတ်စရာမလိုဘဲ၊ ရှင်သန်မှု အလို
အလျောက် ချုပ်ငြိမ်းသွားတတ်တဲ့ အရာတချို့ထဲမှာ
"အချစ်" လည်း ပါတယ်ဆိုရင် ... ရှင် ယုံမလား။





# ၂

"ရှင်နဲ့ ကျွန်မနဲ့ လမ်းခွဲကြစို့"

"ဘာ ... ဘာပြောလိုက်တယ်"

"ရှင်ကို မကြိုက်နိုင်တော့တဲ့ အရာတွေထဲမှာ၊ အဲဒါလည်း ပါတယ်။ ကျွန်မက စကားတစ်ခွန်းပြောရင်၊ ရှင်လည်း ပြောချင်တဲ့ စကားတစ်ခွန်းကိုပဲ ပြန်ပြောပေါ့။ ကျွန်မရဲ့ စကားကို ကြားလိုက်ရဲ့သားနဲ့၊ မကြားသလို ... ဘာ ... ဘာ ... ပြောတယ် ဆိုတာမျိုး လာတာ၊ ယောကျာ်းတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို ကျဆင်းစေတယ်"

"မင်း ... ဘာတွေ ဖြစ်လာလဲ"

"ရှင်နဲ့ ကျွန်မ ... တစ်သက်တာ လက်တွဲဖို့ မဖြစ်နိုင်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ... ချလာခဲ့တယ်။ ကျွန်မရဲ့

ဆုံးဖြတ်ချက်ကို ကျွန်မ ရိုးသားရှင်းလင်းစွာ ပြောချလိုက်တာပဲ။ ရှင် နားလည်နိုင်မှာပါ။ ဘာ ... ဘာပြောတယ်ဆိုလို့၊ ကျွန်မက နောက်တစ်ခေါက် ထပ်ပြောရရင်၊ လေနှစ်ဆကုန်မယ်၊ ရှင် မခံချိမခံသာ နှစ်ခါဖြစ်ရမယ်၊ ဘယ်လိုကောင်းကျိုးမျိုးမှတော့ ဖြစ်ထွန်းမလာဘူး"

"တစ်သက်တာ လက်တွဲလို့ မဖြစ်နိုင်တော့ဘူး ဆိုတဲ့ အကြောင်းရင်းက ဘာလဲ"

"မြန်မာပြည်မှာ ရာသီဥတု သုံးမျိုးရှိတယ်။ နွေရယ်။ မိုးရယ်၊ ဆောင်းရယ်"

"ငါ သိတယ်"

"ကျွန်မက နွေရာသီကို ကြိုက်တယ်။ မိုးနဲ့ဆောင်းကို မကြိုက်ဘူး"

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"ရှင် မေးလို့ ဖြေနေတာ"

"ငါ မေးတာက မင်း ... ငါ့ကို လက်တွဲဖြုတ်တဲ့ အကြောင်းရင်း"

"အဲဒါကို ပြောမလို့"

"နိဒါန်း မလိုဘူး"

"နိဒါန်း မဟုတ်ဘူး၊ လိုအပ်လို့ ပြောတဲ့စကားပါ"

"မင်း လေသံတွေ မာလွန်းတယ်"





"ကင်းစိမ်းပြတ်တောက်ဖို့ လိုအပ်တဲ့အခါမှာ၊ မျှော့ကြီး တစ်ချောင်းလို ပျော့ပျောင်းနေလို့ ဖြစ်မလား"

ဘုန်းထွဋ်က "တက်"တစ်ချက် ခေါက်လိုက်သည်။ ဘယ်လိုမိန်းမလဲ။ လွန်ခဲ့သည့် ခြောက်ရက် (နောက်ဆုံးတွေ့ခဲ့ကြစဉ်)ကနှင့်၊ ဒီနေ့ ... ပုံစံက သွင်သွင်ကြီး ပြောင်းလျက်၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတော့သည်။

"ဘယ်လိုလဲ ... ဆက်ပြောရဦးမှာလား"

"ထွန်း"က ခပ်တင်းတင်း မေး၏။ ဘုန်းထွဋ်က လွှဲထားသည့် မျက်နှာကို ပြန်လှည့်မလာပါ။ လက်သီးဆုပ်လိုက် လက်လွှဲလိုက်နှင့် ဒေါသကိုချိုးနှိမ်ရင်း၊ အဖြေမပေးချေ။ ထွန်းပဲ ဆက်ပြောဖို့ ကိုယ့်ဘာသာ ဆုံးဖြတ်ရပါသည်။ ဘုန်းထွဋ်ကိုဖြတ်တောက်ရာ၌ "အမုန်း"မပါဝင်ခဲ့ချေ။ ဘုန်းထွဋ်ကို မုန်းလို့ စိမ်းကားရတာ မဟုတ်ဘဲ၊ ကိုယ့်စကားအတိုင်း၊ တစ်သက်တာလက်တွဲဖို့ မဖြစ်နိုင်လို့ (တစ်သက်တာ လက်တွဲလို့ မဖြစ်နိုင်မည့်တူတူ) စောစောကတည်းက လက်တွဲဖြုတ်လိုက်ခြင်းသည်သာလျှင် အကောင်းဆုံးဟု ထင်လို့၊ ပြတ်စဲလိုက်တာ ဖြစ်သည်။

"ကျွန်မ ... ဘယ်လို လူဖြစ်ခဲ့ရတယ် ဆိုတာ ရှင့်ကိုပြောဖူးပါတယ်။ ကျွန်မဘဝဟာ အမြဲတမ်း မှိုင်းမှုန်နေတယ်။ ကျွန်မက နေရောင်ခြည်ကိုပဲ မြင်ချင်တယ်။ ခွန်အားကို ရချင်တယ်။ မိုးတွင်းမှာ တဝုန်းဝုန်း ရွာနေတဲ့မိုးဟာ လူ

ကို ပျင်းဖို့ ဖန်တာပဲ။ မိုးအေးအေးလေးမှာ ဖိမ်နဲ့ကွေးလိုက်ဦးမယ်ဆိုတဲ့ လူချည်းပဲ။ ဆောင်းတွင်းလည်း ဘာထူးလဲ။ ချမ်းတော့ ဘာမှ မလုပ်ချင်ဘူး။ စိတ်ကူးယဉ်လို့တော့ ကောင်းတယ် ...

"စိတ်ကူးယဉ်တာ လက်တွေ့မှာ ဘာမှ အသုံးမကျဘူး၊ ကျောပဲပူပူ ခေါင်းပဲပူပူ၊ တက်ကြွတဲ့ အလင်းရောင်ထဲမှာပဲ ကျွန်မ ရှင်သန်ချင်တယ်။ ဒါကို ဘယ်သူကဲ့ရဲ့ပစေ၊ ကျွန်မ ဂရုမစိုက်ဘူး"

"မင်း ပြောတဲ့ထဲမှာ ... မင်းလုပ်ရပ်နဲ့ဆိုင်တဲ့အကြောင်း မပါသေးဘူး"

"တည့်ပြောမှဆိုလည်း တည့်ပေါ့လေ။ ရှင့်ကို အားနာလို့ပါ။ နောက်အလုပ်သစ်တစ်ခု မရခင်မှာ အထက်လူကြီးနဲ့ မတည့်လို့ ဆိုပြီး လက်ရှိအလုပ်ကို အရင်ထွက်ပစ်တဲ့ ယောက်ျားမျိုးကို ကျွန်မ အထင်မကြီးဘူး"

"တောက်"

"ကျွန်မ အားမကိုးဘူး။ ကျွန်မ လက်ထပ်မဲ့သူဟာ၊ ကျွန်မကို အမြင့်တစ်နေရာ ရောက်အောင် ပို့ပေးနိုင်တဲ့သူ ဖြစ်ရမယ်။ ကျွန်မဘာသာ ကြိုးစားနေတဲ့ အချိန်မှာ သူကလည်း တစ်တပ်တစ်အား ပါဝင်ဆင်နွှဲနေတဲ့သူ ဖြစ်ရမယ်။ မိန်းမသားတစ်ယောက်က "မင်းယောက်ျား"ကြီးကို





ခေါင်းပေါ်ရွက်ပြီး၊ ခါကာဘိုရာဇိတောင်ထိပ် ရောက်အောင် တက်ဖို့အထိ ကျွန်မ မမိုက်မဲဘူး"

"မင်း ..."

ဘုန်းထွဋ် ဒေါသထွက်လွန်းလိုက်သည်မှာ ဆတ်ဆတ်ကို ခါနေ၏။ စိတ်ကိုသာ နိုင်အောင်ထိန်းမထားမိပါလျှင် "ထွန်း"ဆိုသော မိန်းမကို ခြေဖျားနှစ်ဖက်မှ ကိုင်လွှဲ၍ အုတ်ထရံမှာ ရိုက်ချဖ်၏။ ဒီမိန်းမ ခေါင်းကွဲ၊ သွေးအိုင်ထွန်း၊ အသက်ပါ ထွက်သွားသည်ထိ သတ်ပစ်လိုက်ချင်၏။ ဒေါသအိုး ပေါက်ကွဲရပါသည်။ ဒီမိန်းမထံမှာ ဘာစကားတစ်ခွန်းမှ မပြောလိုတော့ပါ။ ကိုယ့်စကားလုံးတိုင်းသည် သူနှင့် မတန်မရာပစ္စည်းတွေ ဖြစ်ကုန်ပြီ။ ဘုန်းထွဋ် ... ချာခနဲ လှည့်ထွက်ခဲ့သည်။ အလုပ်မှ ထွက်ရခြင်း အကြောင်းရင်းကို ရှင်းမပြခဲ့တော့ပါ။

ရက်စက်စွာ ... ပြောလိုစိတ်နှင့် ပြောချခဲ့စဉ်က ကျေနပ်အားရမှုများသည် "ခဏ"ဆိုသည့် အချိန်ပိုင်းလေး အတွင်းမှာပဲ "နာကျင်ကြေကွဲဖွယ်များ" အသွင်သို့ ကူးပြောင်းခဲ့ရ၏။ စောစောပိုင်းတုန်းက ဒေါသတွေဟာ မျက်ရည်အဖြစ် ပျော်ဆင်းလာခဲ့တော့သည်။

ထွန်း … နာကျင်ပါသည်။ ကြေကွဲပါသည်။ ဝမ်းနည်းပါသည်။ ဘယ်သူမှ မရှိသော ထွန်း ဘေးမှာ "သူ" ဘုန်းထွဋ် တစ်ယောက် ရှိနေခြင်းဖြင့်၊ ထွန်း ဘဝဟာ ဘယ်လောက်ပြည့်စုံခဲ့ရသလဲ။ အရိပ်ကလေးတစ်ခု ကိုယ့်ဘေးနားမှာ ရှိနေတာ၊ ထွန်း ဘဝလေး ဘယ်လောက် အေးမြကြည်မွေ့ရပါသလဲ။ ထွန်းဟာ … မိုက်မဲစွာ … ကိုယ့်အရိပ်ကလေး ကိုယ်ဖျက်ဆီးခဲ့သူ၊ ကိုယ့်နှလုံးသား ကိုယ်ရိုက်ပုတ် ထုထောင်းသူ။ ထွန်း လောက် မိုက်မဲသူ၊ ဤကမ္ဘာမှာ ရှိပါသေးရဲ့လား။

အို … ထွန်း ဆိုတာ နောင်တရတတ်သူလား။ ဘယ်တုန်းကများ ကိုယ့်ခရီးကို နောက်ပြန်ကြည့်ဖူးခဲ့ပါသလဲ။ ထွန်း ဖြတ်ကောက်ပစ်ခဲ့တဲ့ သံယောဇဉ်ကြိုးဟာ ဒါ … ပထမကြိုး မဟုတ်ဘူးလေ။ ဦးဝင်းကျော်နှင့် ဒေါ်မြင့်မြင့်စိုး တို့ဟာ ထွန်းရဲ့ မိဘရင်းတွေ မဟုတ်ကြဘူး ဆိုတာ သိချိန်ကစပြီး …

ပထမဆုံး စတင်ဖြတ်တောက်ပစ်ခဲ့တဲ့ သံယောဇဉ်ကြိုးက ထွန်းရဲ့ မွေးစားမိဘတွေ …။





/

ကိုယ့်မိသားစုထဲမှာ ကိုယ်က လူပိုလို ဖြစ်နေနဲ့ ကာတော့ ကြာပါပြီ။

အဲသည်ခံစားမှုဟာ ရင်ထဲမှာ ရုတ်တရက် ပေါက်ကွဲဖြစ်ထွန်းသွားတာ မဟုတ်ပါ။ ဘယ်တုံးက စတင်ဖြစ်တည်ခဲ့မှန်း မသိရပေမဲ့၊ သိသိမှတ်မှတ် ခံစားလိုက်ရသည့် အချိန်မှာတော့ ရင်နာခြင်း ထုထည်က သိပ်သည်းနေရပြီ။ မိသားစုထဲမှာ ကိုယ်ဟာ သွေးမတူ မွေးမတူဟု ဆိုရပါမည်။ ကြည့်လေ … မောင်နှမ သုံးယောက် ရှိရာမှာ ကိုကြီးနှင့် မမက အသားဖြူကြသည်။ ဆံပင်ပါးပါး၊ မျက်ခုံးပါးပါး၊ မျက်အိမ်ကျဉ်းကျဉ်း၊ သင့်တင့်ရုံ နှာတံတို့ကြောင့် အသားသာ မဖြူလျှင် ရှက်ကြမ်းရေချိုအဆင့် လောက် အလှအပကိုသာ ပိုင်ဆိုင်ကြပါသည်။ အသားကလေးတွေက ဝင်းလက်အောင် ဖြူကြလို့သာ ကြည့်ကောင်းစွာ လှတပတတွေ ဖြစ်ကြရကုန်၏။

ဖေဖေဦးဝင်းကျော်က ဖြူသည့်ဘက်သို့ လုသော အသားလတ် ဖြစ်ပါလိမ့်မည်။ သို့ပေမဲ့ … ယောကျ်ားသားတွေ မျက်နှာမှာ ဘာမျှ မလိမ်းမခြယ်တော့ အသားရောင်သည် မူရင်း ထက် တစ်စတစ်စဆိုသလို ညိုလာတတ်လေ့ရှိပါသည်။ ဦးဝင်းကျော်

ကို၊ ခုချိန်မှာ အညိုဘက်သို့ လုချင်သည့် အသားလတ်ဟုသာ
ပြောနိုင်ပါသည်။ ဆွတ်ဆွတ်ဖွေးလျက် စက္ကူဖြူတစ်ရွက်လို ဖြူ
သူက မေမေ ဒေါ်မြင့်မြင့်စိုးပါ။ ပြီးတော့ ... မျက်နှာသစ်ပြီးတာ
နှင့် "ဆန်မှုန့်ခဲ"ကို တစ်မျက်နှာလုံး ပွတ်တိုက်ပစ်လိုက်တတ်တာ
ကလည်း ရှိသေး။ မေမေ့ မျက်နှာသည် ဖွေးဆွတ်ကာ၊ လူသားမှ
ဟုတ်ပါရဲ့လား၊ ကျောက်ဖြူသား အရုပ်တစ်ရုပ်လား ထင်ရလောက်
ကို ဖြူ၏။ ဖေဖေက ဆံပင်ပါးရှာ၏။ မေမေက ဆံပင်ကျတော့
ထူထဲသည်။ မျက်ခုံးကျတော့ ခပ်ပါးပါးရယ်။ အသားဖြူဖြူမှာ
အညိုရောင် မျက်ခုံးမွှေးဆွဲလေ့ရှိသော မေမေပါ။ ဖေဖေ့ မျက်ဝန်း
က တော်ရုံ၊ မေမေက မျက်စိခပ်မှေးမှေးမှာ မျက်ရစ်မရှိ။ နှာတံ
ကျတော့ နှစ်ယောက်လုံး ကြည့်ကောင်းရုံ ပေါ်ကြပါသည်။

ကိုကြီးနှင့် မမတို့သည် ဖေဖေ မေမေတို့ထံမှ
အသွင်အပြင်တွေကို ရထားကြတာ အသိသာကြီး။

ထွန်း ကျတော့ ... ထွန်း အသားက အဝါသွေ
ညက်ညက်နှာလေးနှင့် ညိုချင်ညိုချင်ပါ။ အသားဖြူဟု ဘယ်လိုမှ
မပြောနိုင်သော်လည်း သူ့အသားရောင်ကလေးက လှသလောက်
စွဲမက်ဖွယ်ပါ။ ဆံပင်အုပ်အုပ်ဖားဖားများက တင်ပါးဖုံးပုံစံနှ
တိတိညီလျက် ရှိသည်။ မျက်ခုံးထူထူစိမ်းနက်နက်က ဆေးကူဆွဲ
မလိုရုံမျှမက၊ ပိုလျှံမျက်ခုံးမွှေးများကိုတောင် နုတ်သိမ်းရပါသေ
သည်။ မျက်ဝန်းကျယ်ကျယ်၊ မျက်တောင်ကော့ကော့မှာ မျက်ရ





င်းဖောင်းလေးနှင့်မို့ မိန်းမချင်း နှစ်ခါပြန်ကြည့်မှ သူ့အလှကို
ည့်လို့ဝသည်တဲ့။ နှုတ်ခမ်း ထူစုစုကလေးကလည်း ဆွဲဆောင်
း။

သနားစရာကောင်းတာက၊ ထွန်းခမျာ မင်းယောက်ျား
ချိုးကျူးသံလား ဝေဖန်သံလား နားလည်ရန် ခက်သည့်
မွှမ်းခြေကျောက်"စကားများကို ကြားရခြင်းပါ။

"ကောင်မလေးက လှလိုက်တာ။ တော်တော် စွဲမက်စရာ
ကောင်းတယ်၊ ဆွဲဆောင်မှုကတော့ အပြည့်ပဲ။ နိုင်ငံခြား
မင်းသမီးတွေထဲမှာဆို ဒီလိုမျက်နှာမျိုးပေါ့၊ ဆက်ကဇီ
(Sexy)လို့ ပြောကြတာ၊ သူ့နှာတံလေးကို ကြည့်ပါ
လား" -

ဒီနှာတံလေးကြောင့် ဆက်ကဇီ ဖြစ်ရတာဆိုလျှင်၊
းက အဲဒီနှာရိုးကို ရိုက်လို့တောင် ချိုးပစ်ချင်ခဲ့ပါသည်။
း၏ နှာတံစင်းစင်းလေးသည် ပေါ်ပေါ်လွင်လွင်ကလေး ဆင်း
ပြီး၊ နှာသီးဖျားလေးမှာ ကော့၍ ချွန်တက်သွား၏။ နှာခေါင်း
လေးက ပိန်ပိန်ပါးပါးလေးမို့ ပိုလှပါသေးသည်။

"မမ ... လူတွေက ထွန်းကို စွဲမက်စရာ ကောင်းတယ်တဲ့"

ပျိုဘော်ဝင်စကလေးမှာကတည်းက၊ ထိုဝေဖန်သံမျိုး
ထွန်း ရှက်တတ်သည်။

"ဘာဖြစ်လဲ ... ဒါလှလို့ပြောတာပဲ"

မမက တစ်ချောင်းထိုး ထိုးရင် မော့မကြည့်ဘဲဖြေ

"ရိုးရိုးသားသားနဲ့ မျက်စိအေးတဲ့ အလုပ်မျိုးကို ရချင်တယ်

"ဘယ့်နှယ်လုပ်မလဲ၊ ဒီရုပ်နဲ့ လူဖြစ်လာခဲ့ပြီ"

ထွန်း နောက်ထပ်ပြောသော စကားတွေအတွ အဖြေမရတော့ပါ။ မမသည် ထွန်းနှင့် ညီအစ်မသာဆို အလွ စိမ်းသက်၏။ ရန်လုပ်ခြင်း ဗိုလ်ကျခြင်းမျိုး မရှိ၊ ထိုက်သ သလောက် ညှာတာခြင်းမျိုးတောင် ရှိသေးပါလျက်၊ အလက နေရင်း ဝေးနေသလို ခံစားရသည်။ အရောတဝင် တရင်းတ မရှိလှပါ။ ကိုကြီးကျတော့ ပိုလို့တောင် ဆိုးသေး။ တမင်တက စိတ်ဆိုးခြင်း၊ အဖက်မလုပ်ခြင်းတို့ မရှိပါဘဲ အလွန်စကားနည ၏။ ဖေဖေ၊ မေမေ၊ မမတို့နှင့်ရော၊ သူ့သူငယ်ချင်း အပေါ အသင်းတွေနှင့်ပါ စကားသွက်လှသော ကိုကြီးသည် ထွန်းနှင့်အ ပြောစရာစကားကို ရှာမနေတာပါ။ မောင်နှမသာဆို မျက်နှာချ ဆိုင် တွေ့မိသည့်အခါမှာ အပြုံးတစ်ပွင့် ထုတ်ချီးမြှင့်သွားတ လောက် ရှိတတ်၏။

တစ်ခါတစ်ရံမှာ ထွန်းက အနားကပ်ပြီး တွတ်ထ ပြောဆိုနေကြည့်၏။ မောင်းမဲ မထုတ်ပေမဲ့ ထွန်း စကားတွေ ိတ်မဝင်စားတာ အသိသာကြီးပါ။ အပြန်အလှန် ပြောဆိုခြ ရှိ။ သူ့လုပ်လက်စထဲ သူစိတ်ဝင်စားကာ ထွန်း စကားမ အတွက် ခေါင်းညိတ်ရုံလောက် ရှိသည်။ ဖေဖေသည် အိမ်ဦးန မှ စကားနည်းပါသည်။ မေမေကို ပြောသင့်သလောက် ပြောသည





ဖေဖေ့ ဗီဇက စကားများသူ မဟုတ်ပါ။ သို့ပေမဲ့ ... ကိုကြီးတို့ မမတို့နှင့်ကျတော့ တလုံးထွေးထွေးဟု ပြောနိုင်၏။ အဲဒါ ... ပြောဆိုဆော့ကစားနေကြလို့လည်း မဟုတ်ပါ။ တစ်ခွန်းစ နှစ်ခွန်းစ ပြောသလောက်ကပင်၊ ဘာတွေ နီးစပ်ရင်းနှီးနေမှန်း မသိချေ။

ထွန်းသည် အိမ်မှာ တစ်ယောက်တည်း ပျင်းနေရသူ ဖြစ်လေ၏။

"မမ ... ထွန်း ပျင်းလို့ ပုံပြောပြ"

ထွန်းဟာ မိသားစုထဲမှာ ပိုလျှံထွက်နေသလို မညီသူနှင့်မျှ မရင်းနှီးလှဖူး ဆိုပေမဲ့ ထွန်းက ပြောရဲဆိုရဲ ပူဆာရဲရှိပါသည်။ ထွန်းကို ဟန့်သူ မာန်သူမှ သိပ်မရှိဘဲ။

"ပျင်းရင် စာဖတ်ကွ၊ ဒီမှာ အလုပ်ရှုပ်နေတယ်"

မမက ထွန်းကို မဆူပါ။ မရိုက်ပါ။ သို့ပေမဲ့ ... ထွန်းရဲ့ ကရိကထလေးများကို ခံယူရင်းနှီးနေတတ်တာမျိုး မရှိသည်မို့ ထွန်း ရင်းနှီးရသူတွေမှာ မီးဖိုချောင် အလုပ်သမားတွေနှင့်ပဲ ဖြစ်၏။

"မမက ထွန်းကို အရောမဝင်လို့ သိပ်ပျင်းတာပဲ ဒေါ်ကြီးရဲ့။ ကျောင်းက သူငယ်ချင်းတွေဆီ သွားမယ်ဆိုတော့လည်း မေမေက မလွှတ်ဘူး၊ မိန်းကလေးဆိုတာ အိမ်လည်ရင် စိတ်လေတယ်တဲ့"

"အဲဒါ ဟုတ်သားပဲ ထွန်းရဲ့။ မမလို စာထိုးပန်းထိုးလုပ်ပေါ့။ စာကျက်ပေါ့"

"စာတွေလည်း ရနေပြီ။ ဓာတ်ပုံ ပန်းထိုးလည်း ဝါသနာ မပါဘူး"

"ထွန်းက ဘာလုပ်ချင်လို့လဲ"

"ဂျူဒိုတို့ ကရာတေးတို့ သင်ချင်တယ်။ လက်ဖွေ့ထိုးတာလည်း ဝါသနာပါတယ်"

"ဘုရားရေ"

ဒေါ်ကြီးက ရင်ဘတ်ဖိပြီး ရယ်၏။

"ထွန်းက ယောကျ်ားလေးဖြစ်ဖို့ ကောင်းတယ်"

"ယောကျ်ားလေးကျတော့လည်း မဖြစ်ချင်ပြန်ဘူး"

"ဘာဖြစ်လို့လဲ"

"အလှမပြင်ရမှာ စိုးလို့"

"ထွန်းက လှပြီးသားလေ"

"ထွန်းလှပုံက မိန်းမလှပုံဟာ ဒီရုပ် ဒီရေနဲ့ ယောကျ်ားဖြစ်ရင် ယောကျ်ားစစ်စစ်မဖြစ်ဘဲ အခြောက်ဖြစ်သွားမှာပေါ့"

နီကလေးက တခစ်ခစ် ရယ်၏။ သူ့ရွာမှာ သူ့မိဘကိုယ်တိုင်က "မိနီ"ဟု ခေါ်သော ကောင်မလေးမှာ ဒေါ်မြင့်မြင့်စိုးအိမ်ကျမှ ချစ်စနိုးနှင့် "နီကလေး" ဖြစ်သည်။ ဒေါ်မြင့်မြင့်စိုးကအသည်လောက်ထိ ညှာတာအလိုလိုက်တတ်၊ သဘောကောင်းကြင်နာတတ်သူ ဖြစ်ပါသည်။





"မမထွန်း နာမည်ကလည်း ယောကျ်ားနာမည်ကြီး"

"ဟုတ်ပါရဲ့ဟယ် ... ငါ့ကို ဘာဖြစ်လို့ ထွန်း ခေါ်ကြတာလည်း မသိဘူး။ ခင် ... ဆိုရင်လည်း ဖြစ်သားနဲ့"

ထွန်းနာမည် အပြည့်အစုံက "ခင်ခင်ထွန်း"ပါ။ ကိုယ့်နာမည် ပြန်စဉ်းစားမိတော့မှ ကိုကြီးတို့ မမတို့နှင့် တစ်သဘောတည်း မကျတာကို တွေးမိရပြန်သည်။

"ဖေဖေက ဦးဝင်းကျော်၊ မေမေက ဒေါ်မြင့်မြင့်စိုး ဆိုတော့ ကိုကြီးနာမည်က စိုးမိုးကျော်တဲ့။ ဖေဖေ့ နာမည်ကျော်နဲ့ မေမေ့နာမည် စိုးပါတယ်။ မမက မြင့်မြင့်ဝင်း။ မေမေ့ဆီက မြင့်၊ ဖေဖေ့ဆီက ဝင်း။ ငါ့နာမည်က ခင်ခင်ထွန်း၊ ဖေဖေ့နာမည်လည်း မပါ၊ မေမေ့ နာမည်လည်း မပါ"

ထွန်းက မေမေ့ဆီသို့ ပြေးသွားလိုက်တော့သည်။

"မေမေ ... ထွန်း နာမည်က ဘာဖြစ်လို့ ထွန်း ဖြစ်နေရတာလဲဟင်"

"ဪ ... ခင်ခင်ထွန်း ဆိုတော့ ထွန်း ဖြစ်တာပေါ့"

"ဖေဖေနဲ့ မေမေရဲ့ နာမည်လည်း မပါဘူး"

"မပါလည်း ... ထွန်းနာမည်က လှသားပဲ"

"ကိုကြီးနဲ့ မမ ကျတော့ ပါတယ်"

"ဒီလိုပဲ ... မဟာဘုတ်တိုင်ထူပြီး မှည့်လိုက်တာ၊ မိဘနာမည်နဲ့ အဆင်ပြေတော့လည်း ပါသွားတာပေါ့"

"ထွန်းနဲ့ကျတော့ အဆင်မပြေဘူးလား"

"မသိပါဘူး ထွန်းရယ် ... ကပ်သီးကပ်သပ်တွေ လာမေးနေတယ်၊ ထွန်း တစ်ယောက်ဟာ တစ်ဖက်သား မဖြေတတ်တဲ့မေးခွန်းမျိုးကို မေးတတ်တယ်"

မေမေက ပြောပြီး စကားမဆက်ချင်တော့ပုံ ပြသည်။ မေမေဟာ တစ်ခုခုကိုများ ဖုံးကွယ်ထားချင်တာလားဟု မေမေ့မျက်နှာကို စေ့စပ်သေချာ အကဲခတ်ကြည့်ပါသည်။ အဲဒီလိုကြီးတော့လည်း ဟုတ်ပုံမရ။ ထွန်းနှင့် ထွန်းမိသားစုကြားမှာ ပြောစရာစကားကို များများစားစား မရှိတာ ဖြစ်၏။ ဒါဟာ ထွန်းကိုလူရာမသွင်း၊ အဖက်မလုပ်တာလည်း မဟုတ်ချေ။ ကျောင်းကိစ္စ ဘာညာ ပြောစရာ ပေါ်တော့လည်း တစ်ခွေးတစ်ခွေး ပြောကြသည်ပင်။ အမိက ပြဿနာက ပြောစရာ စကား၊ အကြောင်းအရာကို ရှားပါးနေတာ။ ဒါဟာ ဘာဖြစ်လို့လဲ။ မရင်းနှီးလို့ပဲမဟုတ်လား။ ဘာလို့ မရင်းနှီးတာလဲ။ မရင်းနှီးရတဲ့ အကြောင်းကို မသိပေမဲ့ မရင်းနှီးခြင်းဟာ စိမ်းသက်ခြင်းပဲ မဟုတ်လား။

ထွန်းသည် သားဇီ သားဖ ငါးယောက်ထဲမှာ သီးသန့်လို ဖြစ်နေတတ်သည်။ တစ်ယောက်တည်း ခွဲထွက်နေသလို ဖြစ်နေတတ်သည်။ ကိုယ့်မိသားစုနှင့်စာလျှင် မီးဖိုချောင်အုပ်စုနှင့်ကမှ ရင်းသေး။





"ဒေါ်ကြီး ... ထွန်း တစ်ခုမေးမယ် မှန်မှန်ဖြေနော်"

"ဒီနေ့ ဥပုသ်နေ့လေ ထွန်းရဲ့"

"ဒေါ်ကြီးက ဥပုသ်စောင့်လား"

"ဒေါ်ကြီးက ထမင်းဆာတတ်တယ်၊ ပြီးတော့ ချက်ပြုတ်လုပ်ကိုင်နေရတာလည်း ရှိတယ်မှလား။ ဥပုသ်နေ့ပေမဲ့ သူများတွေလို ရှစ်ပါး ကိုးပါး မစောင့်နိုင်ဘူး၊ ငါးပါးတော့ သေသေချာချာ လုံအောင်ထိန်းလိုက်တယ်"

"ဒါဖြင့် အတော်ပဲ၊ ဒေါ်ကြီး ဒီအိမ်မှာ မေမေနဲ့ တူတူနေတာ ဘယ်လောက်ကြာပြီလဲ"

"ထွန်းက ဘယ်တုန်းက စတွေ့လို့လဲ"

"လုပ်ပြီ ... ထွန်း စိတ်က တစ်မျိုး ဒေါ်ကြီးရဲ့။ ထွန်းက မေးခွန်းမေးလိုက်ရင် အဖြေကို တန်းခနဲရမှ ကြိုက်တယ်၊ မေးခွန်းပြန်လာရင်လည်း မကြိုက်ဘူး။ ပြီးတော့ ... ဟင်း ... တို့၊ ဘာ ... တို့။ မကြားတာလည်း မဟုတ်ဘဲနဲ့၊ တစ်ဖက်သားက နောက်တစ်ခေါက် ထပ်ပြောရအောင် လုပ်တာမျိုးလည်း မကြိုက်ဘူး"

"ဘယ်နှနှစ်လဲ မမှတ်မိဘူး ထွန်းရဲ့။ မမငယ်ငယ်ကတ
က"

"ဒါကြောင့် ... ထွန်း လူမှန်း သူမှန်း သိကတည်း
ဒေါ်ကြီး ရှိနေတာ၊ မမငယ်ငယ်ကတည်းက ဆို
ထွန်းကို မွေးပြီလား"

"ထွန်းကို ..."

"လုပ်ပြန်ပြီ ဒေါ်ကြီးရာ"

"မွေးပြီပေါ့ ထွန်းရယ် ... မမ ငယ်ငယ်ကတည်းကဆို
ထွန်း မွေးပြီပေါ့"

ထွန်းက "တွေခနဲလေး" စဉ်းစားလိုက်သည်
ဒေါ်ကြီး အဖြေကို သိပ်မကြိုက်ပါ။ ဒေါ်ကြီး စကားလုံးတွေ
မပြေပြစ်ဘူး ထင်သည်။ ဝါကျပဲ ထောင့်နေသလိုလို၊ ဒေါ်ကြီး
က ဖြေပဲမဖြေချင်သလိုလို၊ သူ့အဖြေကို မှားမှာစိုးလို့ မဖြေ
ရှောင်လိုက်ချင်သလိုလိုပဲဟု ထင်၏။ ဒါကို သက်သေမပြနိုင်ပေ
စိတ်ထဲမှာ အလိုလို ထင်၏။ ဒေါ်ကြီး၏ မျက်ဝန်းတွေကို စေ့
ကြည့်လိုက်သည်။ ဒေါ်ကြီးက အပြိုင်ပြန်ကြည့်၏။ ဘယ်လော
မှ မကြာလိုက်ခင်မှာပဲ ဒေါ်ကြီး မျက်လွှာချလေ၏။ ဒေါ်ကြီး
စကားတွေထဲမှာ လျှို့ဝှက်ချက် တစ်ခုခုတော့ ရှိနေပြီနှင့် တူ
သည်။ ဒေါ်ကြီးက ဘာကို လူသိမှာ ကြောက်နေတာတဲ့လဲ။

"ဒေါ်ကြီး"

"ပြော ... ကလေး"





ဒေါ်ကြီးက ထွန်းကို၊ တစ်ခါတလေ "ကလေး"ဟု ခေါ်တတ်ပါသည်။ အဲသည် "ကလေး"ဆိုသော အခေါ်အဝေါ်က ဒေါ်ကြီးတစ်ယောက်တည်း သုံးစွဲတတ်တာ မဟုတ်ပါ။ ဖေဖေသည်လည်းကောင်း၊ မေမေသည်လည်းကောင်း၊ ငယ်တုန်းကဆို "ကလေး" "ကလေးလေး"လို့သာ အသုံးများခဲ့ပါသည်။ အဲဒါကို ထွန်း မှတ်မိနေပါသေးသည်။ နောက်ပိုင်းမှာ တဖြည်းဖြည်း "ထွန်း"ဆိုသည့် နာမ်စားသို့ ပြောင်းခဲ့ကြ၊ ခုချိန်ထိ မကြာခဏဆိုသလို "ကလေး" ဆိုတာကို သုံးစွဲကြမြဲပါ။ ထွန်း မှတ်မိသလောက်မှာ၊ ကိုကြီးနှင့် မမကတော့ "ထွန်း"လို့ပဲ အမြဲခေါ်ခဲ့ကြပါသည်။ ကိုကြီးက မမကို "ညီမလေး"ဟု အမြဲခေါ်၏။ မမနာမည် "မြင့်မြင့်ဝင်း"ထဲမှ မြင့်ကိုသော်လည်းကောင်း၊ ဝင်းကိုသော်လည်းကောင်း၊ တစ်ခါမျှ သုံးစွဲခေါ်ဝေါ်ခြင်း မရှိခဲ့ပါ။ ဖေဖေနှင့် မေမေတို့က ကိုကြီးကို "သားကြီး" မမကို "သမီး"ဟု ခေါ်တာကိုပါ ခုမှ တစ်ထိုင်တည်း အတွေးဝင်သွားရပြန်သည်။

ထွန်းကိုကျမှ ... ထွန်းတဲ့။ ကလေးတဲ့။ ကလေးလေးတဲ့လေ။

"ဒေါ်ကြီး"

"ပြောလေ ထွန်းရဲ့ ဘာပြောမလို့လဲ၊ ငယ်ငယ်တုန်းကလို ဒေါ်ကြီး မဖြေတတ်တဲ့ မေးခွန်းတွေ မေးဦးမလို့လား"

"ထွန်း ငယ်ငယ်တုန်းက ဒေါ်ကြီးကို ဘယ်လိုမေးခွန်းတွေ မေးခဲ့ဖူးလို့လဲ"

"ထွန်းက စကားသိပ်တတ်တယ်။ ပီလည်းပီတယ်။ ကလေးနာမည် ဘယ်သူလဲလို့မေးရင် ... ခင်ခင်ထွန်း ... ဆိုတာကို ပီပီသသကြီး ဖြေတတ်တာ၊ သူများတွေ ဘာမေးမေး၊ ထွန်းက ဖြေချင်ရာ ဖြေတာပဲ။ မဖြေပဲ မနေဘူး၊ ထွန်း ပြန်မေးတာကျတော့ လူကြီးတွေ မဖြေတတ်တော့ဘူး"

"ထွန်းက ဘာတွေမေးခဲ့လဲဟင် ... ဒေါ်ကြီး"

"မီးရထားလမ်းကြီး ဘယ်လောက်ရှည်လဲတဲ့"

နီကလေးက ခစ်ခနဲ ရယ်ပြန်၏။ ထွန်းက ကိုယ့်မေးခွန်းကိုယ် ပြန်စဉ်းစားကြည့်သည်။

"စာကလေးရဲ့ မေမေက ဘယ်သူလဲ၊ အဲဒီစာကလေးနားကဟာ ... သူ့မေမေလား ဆိုတာတွေပေါ့။ စဉ်းစားကြည့်လေ ထွန်းရဲ့၊ အဲဒီမေးခွန်းတွေ ဘယ်သူဖြေနိုင်မှာလဲ"

ထွန်း ငယ်ငယ်တုန်းက မကြာခဏ မက်သောအိပ်မက်တစ်ခုရှိ၏။ ထွန်း တစ်ယောက်တည်း မီးရထားလမ်းပေါ် ရောက်နေသည်။ ထွန်းက မီးရထားလမ်းပေါ်မှာ ပြေးနေ၏။ ပြေးရတာ အားမရ ရှိလှသည်။ ဘာတွေ ဘယ်လို နှေးကွေးလေးလံနေမှန်း မသိ၊ ရှေ့သို့ မရောက်နိုင် ဖြစ်ချေ၏။ လှည့်မကြည့်ဖြစ်ပေမဲ့၊ ထွန်း နောက်မှာ မီးရထားကြီး လာနေသည်ဟု ခံစားရသည်။ ထွန်းသာ လွတ်အောင်မပြေးနိုင်လျှင် မီးရထားကြီးက ဖြတ်ကြိတ်





တော့မည်ဟု ထွန်း ကြောက်လန့်နေ၏။ ထွန်းက ကြိုးစားရုန်းကန်ပြီး ပြေးလေ၊ ခြေထောက်တွေကှ ရှေ့မရောက်လေ။ ရထားကြီးကလည်း တစ်ခါမျှ မီမလာခဲ့၊ ခပ်ဝေးဝေးမှာ၊ သူကလည်း ဘာတွေ ဘယ်လိုနှေးနေမှန်းမသိ၊ နီးကပ်လာသည်ဟု မရှိ၊ လေးလေးကြီးနှင့် ဝေးမြဲဝေးလျက်ပင်။

ရထားကြီး မမီနိုင်တော့ဘူးဟုလည်း စိတ်ချလက်ချမရှိ။ ရုပ်ရှင်ထဲမှာ Slow Motion (အနှေးလှုပ်ရှားမှု) ပြသလိုထွန်း ခြေချောင်းတွေက ဖြည်းဖြည်းလေး ရွေ့ကြတာကိုပဲ ထွန်းက လေးလေးပင်ပင်ကြီး ဖြစ်နေရပါသေးသည်။ အနားသို့ဘယ်လိုမှ ရောက်မလာသည့် ရထားကြီးရဲ့ ဖြတ်ကြိတ်မှုကို ခံရမှာကြောက်စိတ်ကြောင့် ချွေးပြန်၏။ ထွန်း လန့်နိုးလာတိုင်း မောနေရသည်ချည်း။ ထွန်း မှတ်မိသလောက် တော်တော်ငယ်ငယ်တုန်းကဆို၊ အဲသည်လို အိပ်မက်,မက်ပြီးလျှင် ထွန်း ထငိုတတ်၏။ အဲသည်တုန်းက ထွန်း ဘေးမှာ ထွန်းနှင့်တူတူအိပ်တာ၊ အနားမှာရှိနေတာ ဘယ်သူပါလိမ့်။ ဒေါ်ကြီးပဲ ထင်၏။

ထွန်းနှင့် မမက အသက်ကွာပါသည်။ ထွန်းမှတ်မိသလောက်၊ မမကို မေမေက အခန်းတစ်ခန်း လုပ်ပေးပြီး အိပ်ခိုင်းလိုက်ချိန်မှာ၊ ထွန်းက ဒေါ်ကြီး အခန်းထဲမှ မမ အခန်းထဲသို့ ပြောင်းရတာထင်သည်။ မမနှင့်စာလျှင် ဒေါ်ကြီးနှင့် အိပ်ရတာကို ပိုသဘောကျသော ထွန်းက၊ မေမေ့ကို ...

“ထွန်းကိုလည်း အခန်းတစ်ခန်းပေးပါ” ... ယ[illegible]
တောင်းခဲ့တာကိုကျတော့ မှတ်မိနေ၏။

“ထွန်းက ငယ်သေးတယ်၊ တစ်ယောက်တည်း အိပ်ရမှ[illegible]
မကြောက်ဘူးလား”

“ဒေါ်ကြီးကို ခေါ်အိပ်မှာပေါ့”

“အေး ... အေး ... ဒါဆို လုပ်ပေးမယ်”

မေမေသည် လူအေးမျိုး ဖြစ်၏။ သဘောကော[illegible] သည်။ စကားနည်းသည်။ ကူညီတတ်သည်။ လူချစ်လူခင် ပေ[illegible] ၏။ ထွန်းက ပူဆာတိုင်းမှာ မေမေ့ အတွက် သိပ်ဝန်မလေးပါ[illegible] လိုက်လျောလိုက်တာချည်းပဲ ဖြစ်၏။ ထွန်း ... အခန်းတစ်ခ[illegible] ရသည်။

“ငါကလည်း တစ်ယောက်တည်း အိပ်ချင်တာနဲ့ အတော်ပဲ[illegible]

မမက သူ့အခန်းထဲ ထွန်း ရောက်လာတာကို အ[illegible] ကတည်းက ကြိုက်ပုံ မပေါ်ပါ။ သိပ်အဆိုးကြီးလည်း မဟုတ်[illegible] တစ်ယောက်တည်း အိပ်ရတာကို ပိုသဘောကျတာမျိုးမို့ ဝန်မလေ[illegible] လှပဲ လက်ခံခဲ့တာ ဖြစ်နိုင်သည်။ ထွန်း ငယ်ငယ်က ဒေါ်ကြီးနှ[illegible] အိပ်ရသည်ဆိုတာက ဒေါ်ကြီးတို့၊ နီကလေးတို့ မရောက်မီက ... ခင်မျိုးတို့ (စသည် စသည်၊ တခြားလူပြောင်းသမျှ ဒေါ်ကြီးကတော့[illegible] မပြောင်းလဲဘဲ)တွေ စုပေါင်းအိပ်ကြရသော အခန်းကျယ်ကြီးထဲမှာ[illegible] ဖြစ်၏။ အဲသည် အခန်းကြီးက တော်တော်ကျယ်ပါသည်။ စားပွဲ[illegible]





[illegible]လားထိုင်အဟောင်း တစ်စုံရယ်၊ စာအုပ်ဗီရိုအဟောင်းဟောင်းရယ်၊ [illegible]ခြား တိုလီမိုလီ တချို့လည်းရှိသည်။ အခန်းကတော့ သန့်ရှင်း [illegible]ပ်ရပ်ပါသည်။ အဲသည်အခန်းထဲက နှစ်ယောက်အိပ်ခုတင်ပေါ်မှာ [illegible]န်းက ဒေါ်ကြီးနှင့်၊ နီကလေးတို့တွေက ကြမ်းပြင်မှာ ဖျာခင်း၊ [illegible]မ်းကပ်ခင်းပြီး အိပ်ခဲ့ရတာကို ထွန်း မှတ်မိနေပါသည်။

ထွန်း အခန်းရတော့၊ ထွန်း အခန်းရဲ့ အပြင်အဆင် [illegible]က ဒေါ်ကြီးတို့နှင့် နေခဲ့ရသော စတိုခန်းကျယ်ကြီးနှင့် ကွာ၏။ [illegible]စ်ယောက်အိပ်ခုတင်နှစ်လုံး သွင်းကာ၊ ဒေါ်ကြီးကတစ်လုံး၊ [illegible]န်းကတစ်လုံး အိပ်လာခဲ့ကြတာ ယနေ့ထက်တိုင်လေ။ ထွန်း [illegible]ခန်းသည် မမ အခန်းလောက် မသားနားပါလား၊ ထွန်းအခန်း [illegible]မှ ပစ္စည်းတွေသည် မမ အခန်းထဲမှ ပစ္စည်းတွေလောက် [illegible]န်ဖိုးမကြီးမားပါလား ဆိုတာကို ထွန်းက ဒီနေ့မှ သတိတရ [illegible]မိရတော့သည်။ ထွန်း ဘယ်လောက်ညံ့ဖျင်းလိုက်ပါသလဲ။ [illegible]န်းဟာ ခပ်နုံနုံ ကောင်မလေး ထင်ပါရဲ့။

“လောကမှာ ထွန်း မဖြစ်ချင်ဆုံးကလေ ... လူနုံပဲ။ ခပ်
ညံ့ညံ့လူသား ... ဘယ်တော့မှ မဖြစ်ချင်ဘူး”

အဲဒါကို ထွန်းက ဆယ့်နှစ်နှစ်သမီးလောက်မှာ [illegible]တင် ပြောတတ်၊ ခံစားတတ်ခဲ့တာ ဖြစ်၏။ မေမေက တစ်ခါ [illegible]စ်ရံမှာ ထွန်းကို ဆုံးမစကား (စိတ်လိုလက်ရ၊ စိတ်ရှည်စွာ) [illegible]တွ ပြောပြတတ်သည်။

"ဘာသာရေးဆိုတာ ကိုယ်ကျင့်တရားကို ထိန်းသိမ်းပေးတဲ့ ဥပဒေတစ်မျိုးဆိုလည်း မမှားဘူး ထွန်းရဲ့။ ငါးပါးသီလကို ကြည့်လေ"

တစ်ပါးချင်း ရှင်းပြဖူးတာတွေ ရှိသည်။

"လောဘ၊ ဒေါသ၊ မောဟတဲ့။ အဲဒါ အကုသိုလ်တွေပေါ့။ ဒါန၊ သီလ၊ ဘာဝနာတဲ့။ အဲဒါက ကုသိုလ်တွေ။ ကုသိုလ်နဲ့ အကုသိုလ် ... ထွန်း သိတယ်မှုလား"

"ဟုတ်ကဲ့ ... ကျောင်းမှာ မင်္ဂလသုတ်ချိန် တစ်ချိန်ရှိတော့၊ အဲဒီအချိန်မှာ ဆရာမက သင်ပါတယ်"

အဲသည်တုန်းက ထွန်းတို့နေသည့် မြို့ကလေးမှာ အဲသည်ကျောင်းက ဟိုတုန်းတည်းက၊ အမျိုးသားရေးနှင့် ဘာသာ ရေးမှာ နာမည်ကြီးခဲ့သည့်ကျောင်း ဖြစ်၏။ ဗုဒ္ဓကလျာဏယု အသင်းက ကြီးမှူးကျင်းပသည့် မင်္ဂလာစာမေးပွဲများကို ဝင်ရောက် ဖြေဆိုရသည့်ကျောင်းလည်း ဖြစ်ပါသည်။

"ထွန်းကလေ ... စိတ်ကောင်းလေးတော့ ရှိပါရဲ့။ ဒေါသ ကြီးတယ်။ အဲဒါ မကောင်းဘူး"

ကျောင်းက သူငယ်ချင်းတွေ ကြားမှာ၊ ထွန်းကို စိတ်ကြီးသူ၊ ဒေါသကြီးသူ၊ စိတ်ဆတ်သူ၊ ပေါင်းရသင်းရခက်သူ အဖြစ်၊ တချို့က သတ်မှတ်ပါသည်။ ထွန်း ကိုယ်တိုင်ကလည်း ထွန်း ချစ်သော သူငယ်ချင်းများနှင့်ဆို အနှံအတာခံ၍ ပေါင်းတတ်





၏။ ထွန်းကစလို့ ကြည့်မရသူတွေ၊ ထွန်းကို မျက်မုန်းကျိုးကြသည်မို့ ထွန်းက ကြည့်မရခြင်း ခံရသူတွေနှင့်ဆိုလျှင် ဆတ်ဆတ်ထိ မခံတတ်သော ထွန်း ဖြစ်သည်။ ကလဲ့စားချေခြင်းကိုလည်း အလွန်ဝါသနာပါ၏။ ကောင်းချင်လျှင် အကောင်းလွန်ပြီ၊ ဆိုးချင်လျှင်လည်း အဆိုးလွန်တတ်သူ ဖြစ်၏။ ထွန်းသည် အစွန်းနှစ်ဖက်ဆီသို့ မောပန်းစွာ ပြေးလွှားနေတတ်သူလည်း ဖြစ်ပါသည်။

ထွန်းဟာ ... ရိုးသား အေးဆေးသည့်သဘောဖြူ အူစင်းကလေး မဟုတ်ခဲ့တာတော့ အမှန်ပါ။ ထွန်း ဆိုသော ကလေးငယ်တစ်ဦး၏ ဖြူစင်စိတ်ဓာတ်တွေကို ဘယ်လိုဖြစ်ရပ်မျိုးက အရောင်ဆိုးခဲ့နိုင်တာလဲ။

ဒါကို ... ထွန်း ကိုယ်တိုင်လည်း သိချင်နေတော့၏။

## ၃

ပြဿနာသည် ... မေမေ့ မိတ်ဆွေ၊ ရန်ကုန်မှ ဒေါ်ခင်သိန်းလှ ရောက်လာခြင်းမှ စခဲ့ပါ၏။

"ကိုသက်ညွှန့် ဒီမြို့ကို ထရန်စဖာ ဆိုကတည်းက စိုးတို့နဲ့ တွေ့ရတော့မယ်ဆိုပြီး ပျော်နေတာ"

ဦးသက်ညွှန့် အလုပ်က ထွန်းတို့မြို့ကိုမှ တိုက်ဆိုင်စွာ ပြောင်းရွှေ့ခဲ့ရတော့ မေမေ့မိတ်ဆွေ ဒေါ်ခင်သိန်းလှ (ဦးသက်ညွှန့် ဇနီး)က အိမ်ပြောင်းပြီး နောက်တစ်နေ့မှာပင် အိမ်လည်ရောက်ချလာခဲ့တော့သည်။

"မမစိုးက ထွန်းတို့ ငယ်ငယ်တုန်းက ရန်ကုန်မှာ နေတာလေ။ ဆရာဦးဝင်းကျော်က အဲဒီတုန်းက ရန်ကုန်မှာ ရာထူးတိုးပြီး ဒီမြို့ရောက်တာတော့ ကြာပြီ။ အဲဒီ ဒေါ်ခင်





သိန်းလှနဲ့ မမစိုးက သိပ်ခင်တာ။ ရန်ကုန်သူ ရန်ကုန်သား အချင်းချင်း၊ ငယ်သူငယ်ချင်းတွေ"

ဒေါ်ကြီးက ဧည့်သည်အတွက် ဖွယ်ရာလုပသော ထမင်းတစ်ဝိုင်းကို စီစဉ်ရတော့ ထွန်းကလည်း စိတ်လိုလက်ရ င်းလုပ်ပေးမိ၏။ ဖေဖေ့ကို "ဆရာ"ဟု ခေါ်ပြီး မေမေ့ကို "မမစိုး"ဟု ခေါ်သည့် ဒေါ်ကြီးသည် ရန်ကုန်မှာကတည်းက တူတူနေပြီး၊ နယ်ပြောင်းသည်ထိ လိုက်ပါလာနိုင်တာ၊ ခုထိ ဒီ တစ်အိမ်တည်း မြဲနေခြင်းမှာ၊ မေမေ သဘောကောင်းတာရယ် ဒေါ်ကြီးလည်း သဘောကောင်းပြီး ရိုးသားအေး ေးတာရယ်၊ ဆွေနည်းမျိုးနည်း၊ မိဘညီကိုမောင်နှမ မရှိသော အပျိုကြီး ဖြစ်နေတာရယ်တို့ကြောင့် ဖြစ်ပါမည်။

ထမင်းဝိုင်းမှာ မေမေနှင့် ဒေါ်ခင်သိန်းလှ နှစ်ယောက်တည်းပါ။ ဖေဖေက ရုံးသွား (ကိုကြီးက အဲဒီတုန်းက တက္ကသိုလ်ကျောင်းသား ဖြစ်နေပြီမို့ မန္တလေးတက္ကသိုလ်သို့ သွားတက်ရသည်။ အိမ်မှာ မရှိပါ။ မန္တလေးမှာပဲ အဆောင်မှာနေ၍ ကျောင်းရက်ရှည်ပိတ်မှ အိမ်ပြန်ပါသည်) ကိုကြီးက မန္တလေးမှာ (မမက ဆယ်တန်းမို့ ကျူရှင်တွေ ဟိုပြေးတက်ရ၊ ဒီပြေးတက်ရ၊ ကျောင်းပိတ်ရက်ပေမဲ့လည်း အိမ်မှာ မရှိပါ။) မမက ကျူရှင်သွား အတန်းငယ်သေးသည်မို့ ကျူရှင်မရှိသေးသော ထွန်း တစ်ယောက်သာ အိမ်မှာ မေမေနှင့်အတူ ကျန်ပါသည်။ ထွန်းက ဒေါ်ကြီးနှင့်အတူ ပန်းကန်များ ဝိုင်းချပေး၏။

"သူလေးက ဘယ်သူလေးလဲ"

ထွန်းက မျက်တောင်ဝင့်ခနဲ ဖြစ်သွားရပေမဲ့ ခေါင်းကို မမော့လိုက်ပါ။ ဟင်းချိုပန်းကန်ကိုပဲ စိတ်ဝင်စားပုံပြလျက် မဖိတ်မစင်အောင် ဂရုတစိုက် ချနေ၏။

"ထွန်းလေ ... ခင်ခင်ထွန်း"

"ဩော် ..."

ထွန်းနှင့် ပတ်သက်သည့်စကားက "ဩော်" အပါအဝင် ဝါကျသုံးကြောင်းတည်းနှင့် ပြီးဆုံးရပ်တန့်သွားပေမဲ့ ထွန်းရင်ထဲမှာ နိတိုင်းမွေ၍ ကျန်ရစ်လေ၏။ ဒေါ်ခင်သိန်းလှဆိုသော မေမေ့ ငယ်သူငယ်ချင်းကြီးဟာ မေမေ့မှာ သားသမီးသုံးယောက်ရှိတာ မသိဘူးလား၊ အငယ်ဆုံးကလေး ဒီအရွယ်ရောက်နေတာ မသိဘူးလား၊ တကယ်ဆို ...

"ဒါ ... သမီးအငယ်ဆုံးလား" ... ဟု မမေးသင့်ဘူးလား။

ဘာကြောင့် "သူလေးက ဘယ်သူလေးလဲ" ... ဟု မေးရတာလဲ။ မေမေကရော ... "အငယ်ဆုံးလေ။ သမီးအငယ်" ... ဟု ဘာကြောင့် မဖြေရတာလဲ။ ထွန်းလေ ... ခင်ခင်ထွန်း ... တဲ့။ ခင်ခင်ထွန်း ဟု ဆိုလိုက်ရုံနှင့် ထွန်း ဘယ်သူဘယ်ဝါဆိုတာကို သဘောပေါက်သွားပုံရခြင်းဟာ၊ ထွန်း ဆိုသည့် ခင်ခင်ထွန်းကို၊ ဟိုတုန်းကတည်းက သူ ကြိုသိထားလို့ပဲပေါ့။





"သမီးက ဘယ်နှတန်းလဲ"

ရုတ်တရက်မှာ ထွန်းကိုများ မေးလိုက်သလားထင်မိသေးသည်။

"ဒီနှစ် ဆယ်တန်း"

မေမေက ဖြေ၏။ ဒါဟာ မမကို ပြောတာပဲလေ။

"သားကရော"

"မန္တလေးတက္ကသိုလ်မှာ"

"ထွန်းကရော"

"ထွန်းက ရှစ်တန်း၊ ထွန်းက စာတော်တယ်၊ အတန်းထဲမှာ အမြဲတန်းလိုလို ပထမ ရတယ်၊ ခုထိ ကျူရှင်မယူရသေးဘူး။ အကြီးမဆို ... ခြောက်တန်းလောက်ကတည်းက ကျူရှင်စယူရတာ"

"မွေးရကျိုး နပ်တာပေါ့"

သူတို့စကားတွေဟာ အမိဖွားယ်တစ်ခုသို့ ဦးတည်နေသည်ဟု ထွန်း ထင်၏။

"ထွန်းက ထက်ထက်မြက်မြက်ကလေး။ စိတ်ဓာတ်အပြင်းစားထဲက"

"စိတ်ဓာတ်ပြင်းပြီး ထက်မြက်တဲ့သူတွေဟာ ထူးချွန်တတ်တယ်။ ထူးချွန်တာ နှစ်မျိုးရှိတယ်လေ။ ကောင်းရင်လည်း သူများထက် ပိုကောင်းသွားရော၊ ဆိုးရင်လည်း သူများထက်

ပိုဆိုးသွားရော၊ ခပ်အေးအေးသမားတွေထက် ပိုပြီးကိုင်
တွယ်ရ ခက်တယ်။ သူ သဘောကောင်းရဲ့လား”

“လိမ်တော့ လိမ္မာပါတယ်။ အကြီးမကြီးလို သဘော
မကောင်းဘူး။ အကြီးမကြီးကတော့ အေးကို အေးတာ
သည်းခံစိတ်ရှည်တာတာတယ်။ ဘယ်သူဘာပြောပြော ပြုံးနေ
တာပဲ။ ထွန်းကတော့ နှုတ်လည်းသွက်တယ်။ ကျောင်းမှာ...
သူနဲ့တည့်တဲ့သူလည်း ခပ်ရှားရှား၊ မဟုတ်မခံလေ။ ပြော
ပစ်တာပဲ၊ သူ မကျေနပ်ရင် ဆရာမလည်း ပြန်ပြောလို့
ငယ်ငယ်တုန်းကဆို ကျောင်းမှာ ခဏခဏ အရိုက်ခံရ
တယ်”

“အင်း ... ဒါဆိုရင်တော့၊ ကြည့်ထိန်းတော့။ ကိုင်ရတွယ်ရ
လွယ်ပါ့မလား။ မွေးရကျိုးလည်း မနပ်ဘဲ နေဦးမယ်”

“မိဘကိုတော့ ချစ်ရှာပါတယ်”

“တော်သေးတာပေါ့”

ဒီစကားတွေကျတော့ ထွန်း ရှေ့မှာ ပြောတာမဟုတ်
ပါ။ ထွန်းက ဟင်းချိုပန်းကန် ချပေးခဲ့ပြီး၊ အိမ်ရှေ့ဘက်သို့
ထွက်သွားခဲ့၏။ အိမ်ရှေ့တံခါးမကြီးမှ ပြန်ဆင်း၊ အိမ်ဘေးကို
ပတ်လျှောက်လာပြီးမှ ထမင်းစားခန်းဘေး၊ အုတ်ထရံနားကပ်ပြီး
(ဘာတွေများ ဆက်ပြောကြဦးမလဲဟူ၍) နားထောင်နေတာ ဖြစ်
ပါသည်။ သူတို့စကားတွေမှာ အဓိပ္ပာယ်တစ်မျိုး ပါနေတာတော့





အမှန်ပါပဲ။ ပြီးတော့ ... ဒေါ်ခင်သိန်းလှ ဆိုသော မေမေ့သူငယ်
ချင်းဟာ ထွန်းကို၊ ကိုကြီးတို့ မမတို့နှင့် တပြေးညီ သဘောမထား
တာလည်း ပေါ်လွင်၏။ ထွန်းကို နှိမ်ချင်သလိုလိုဟု ထွန်း ထင်
၏။ ဒီလိုနည်းမျိုးနှင့် ထွန်းကို လာပတ်သက်လို့ ဘယ်ရလိမ့်
မလဲ။ ထွန်း ဆိုတာ ဘယ်တုန်းက ဘယ်သူ့အကြောကို လက်ခံ
ဖူးလို့လဲ။

ထွန်းက ခြံထဲမှာ လှည့်ပတ်ရှာရ၏။ ခရုပက်ကျိ
စုစုပေါင်း ငါးကောင် ရသည်။ ညှပ်နှင့်ကောက်ကာ ကြွပ်ကြွပ်
အိတ်ထဲသို့ ထည့်ခဲ့၏။ အိမ်ရှေ့မှာ ချွတ်ထားသော ဒေါ်ခင်သိန်းလှ
၏ ဖိနပ်နှစ်ဖက်ပေါ် တစ်ကောင်စီ တင်သည်။ ဧည့်ခန်းထဲသို့
ဝင်ကာ ထမင်းစားခန်းဆီသို့ ကဲကြည့်လိုက်သည်။ ထမင်းစား
ခန်းနှင့် ဧည့်ခန်းက တစ်ဆက်တည်း မဟုတ်ဘဲ၊ တစ်ခစ်ချိုး
လေးကွေ့နေသည်မို့ မမြင်ရပါ။ ဧည့်ခန်းကုလားထိုင်ပေါ် တင်
ထားခဲ့သည့် ဒေါ်ခင်သိန်းလှ၏ လက်ကိုင်အိတ်ကြီးကိုဖွင့်ကာ၊
ခရုပက်ကျိ သုံးကောင်လုံး ထည့်ထားလိုက်တော့သည်။ ပြီးတော့ ...
အိမ်ရှေ့တံခါးမကြီးမှပဲ လှစ်ခနဲ ပြန်ဆင်းသည်။

ထွန်း စိတ်တွေ လွတ်လပ်ပေါ့ပါး ကျေနပ်လိုက်တာ
မပြောပါနှင့်တော့။

"ဟောတော့ ... အမယ်လေး ပျော့စီကြီး"

ဒေါ်ခင်သိန်းလှ လန့်အော်၏။

ထမင်းစားပြီး ညှော်ခန်းသို့ ပြန်လာ၊ လက်ကိုင်အိတ် ကိုဖွင့်၊ တစ်ရှူးကလေးထုတ်လိုက်ချိန်မှာ တစ်ရှူးနှင့်အတူ ခရု ပက်ကျိတစ်ကောင် ပါလာရာ ဒေါ်ခင်သိန်းလှက လန့်ဖျပ်လွတ် ချမပစ်မိ သူ့လက်တော့ ချွဲသွားရပြီ ဖြစ်သည်။ ခရုပက်ကျိ မည် သည်မှာ၊ မထိလိုက်နှင့်၊ ထိရုံလေး ထိခြား၊ သူ့ဆီမှ အချွဲတတ် က အတုံးလိုက် အတစ်လိုက် ကူးစက်သည်။ ဆပ်ပြာနှင့်ဆေး လို့ မစင်၊ တကူးတက ခြစ်ချမှသာ အဲသည် အချွဲများ ကိုင်မိသူ လက်မှ ပြုတ်ကျတတ်ပါပြီ။

"ဟင် ... ခရုပက်ကျိကြီးပါလား"

လွှင့်ပဲကျလာသည့် တစ်ရှူးနှင့်ပင်၊ လက်အသွားကို မထိအောင် မေမေက ကောက်၏။

"ထွန်းရေ ... ကြွပ်ကြွပ်အိတ်တစ်လုံး ယူခဲ့စမ်း၊ ခပ်သေးသေး ဆို ရတယ်"

ထွန်းက သွားပေးလိုက်၏။

"လက်ဆေးမှ ဖြစ်မယ်"





ဒေါ်ခင်သိန်းလှက ထမင်းစားခန်းသို့ ပြန်ဝင်သည်။ လက်ကို တော်တော်နှင့် ဆေးလို့မပြီးသည်မို့ ခရုအိတ် ကိုင်ထား သည့် ထွန်းက မြူးရိပ်ဖြင့် ရောက်လာ၏။

"ဓားနဲ့ ခြစ်ချမှ ပြောင်တယ်။ ဒေါ်ကြီး ... ပြီးရင် ဓားကို သေသေချာချာ ပြန်ဆေးထားပါ"

ဘေစင်နှင့် မနီးမဝေးမှာ သားလှီးဓားလေးတွေ ‌ိုက်ထားသော ခွက်ကလေး ရှိပါသည်။

ဒေါ်ခင်သိန်းလှက ညှော်ခန်းသို့ ပြန်လာ၏။ မေမေ က ... ကြဲကြဲဖန်ဖန် လှုရယ်၊ ခရုပက်ကျိက ပိုက်ဆံအိတ်ထဲ ဘယ်လိုရောက်လာရတာလဲ ... ဟု အံ့ဩနေ၏။ ထွန်းက ခရု အိတ်ကိုသွားလွှင့် မပစ်သေးပါ။ နောက်ထပ် နှစ်ကောင် ယူရဦး မှာ သိသူပီပီ မလှမ်းမကမ်းမှာ ရပ်စောင့်နေ၏။ ဒီတစ်ခါကျတော့ ဒေါ်ခင်သိန်းလှက ယပ်တောင်ကို ဆွဲထုတ်လိုက်သည်။ စိတ်မော လူမောနှင့်မို့ ယပ်ခပ်မည် ထင်ပါရဲ့။

"ဟဲ့ ... အမယ်လေး"

ယပ်တောင်ကြီးလေးနေလို့ ကြည့်တော့၊ နောက်ထပ် ခရုပက်ကျိတစ်ကောင်၊ ဒီတစ်ခါ မကိုင်မိလို့ လက်မှာချွဲမသွားပေမဲ့ စိတ်မသန့်သည်မို့ လက်ထဆေးရပြန်၏။

"ဘယ်လို ဖြစ်တာပါလိမ့်လှုရယ် ... ထွန်းရေ ဒီမှာ တစ် ကောင် လာယူပါဦး"

စောစောက အိတ်ကို လွှင့်မပစ်သေးဘဲ၊ ညုပ်နှ အတူ ရောက်လာသည့် ထွန်းကို မေမေက မသက်သာသလို တ ချက်ကြည့်သည်။ ဒေါ်ခင်သိန်းလှ လက်ဆေးပြီး ပြန်ရောက်လာ ပြန်သည်။ ထွန်းက ဝေးဝေးသို့ ထွက်မသွားသေးသည်မို့ မေမ အကြည့်က ထွန်းဆီ နောက်တစ်ချက် ရောက်ပြန်သည်။

"လှ ပိုက်ဆံအိတ်ကို မြက်ခင်းတွေ ဘာတွေမှာများ ချ လား။ ပိုက်ဆံအိတ်များ ပွင့်သွားသေးလားပဲ"

"မချမိပါဘူး စိုးရယ်"

ပိုက်ဆံအိတ်ကို ယောင်ရမ်းလွှင့်ပစ်လိုက်ရာ အထဲ မှာရှိသမျှတွေ လွှင့်ထွက်ကုန်၏။ ခရုပတ်ကျို ခပ်ကြီးကြီးတစ် ကောင်က ပိုက်ဆံထပ်ထဲ ဝင်ကပ်နေပုံရသည်။ ငါးရာတန်တွေ လွှင့်မျှပြီး၊ ခရုကပ်နေသည့် ပိုက်ဆံကတော့ ဘုတ်ခနဲ ပြုတ်ကျ တော့သည်။ ထွန်းက ညုပ်ကလေးနှင့် သွားဆွဲယူကာ ကြွပ်ကြွပ် အိတ်ထဲသို့ ထည့်ပြီး လုံးဝထွက်သွားတော့ပြီမို့ ခရုပက်ကျိုကုန် ပြီဆိုတာ မေမေက သဘောပေါက်သွားပုံ ရပါသည်။

"ကြောက်လိုက်တာ စိုးရယ် ... လှက အဲဒီလိုပျော့စိ ချွဲတဲ့တဲ့ဆို ရွံလည်းရွံ ကြောက်လည်းကြောက်"

မေမေကပဲ ပစ္စည်းတွေ လိုက်ကောက်ပြီး ပိုက်ဆံ အိတ်ကို ရိုက်ခါကာ၊ ပြန်ထည့်ပေးရလေ၏။

"မရှိတော့ပါဘူး ... ကုန်ပြီ"





ကုန်ပြီ ... ဆိုသော စကားကို သဘောကျ၍ ထွန်း က ခစ်ခနဲ ရယ်လိုက်သည်။ ထမင်းစားခန်းထဲမှာ ဒေါ်ကြီးနှင့် တည့်တည့်တိုး၏။

"ထွန်း လက်ချက် မဟုတ်လား"

"ညွှဲသည်က အေးဆေးမနေဘဲ အိမ်ရှင်ကို ဂုံးထောင် သလေ။ ထွန်းကပဲ ကြီးရင် စိတ်ပုပ်မ,ကြီး လူဆိုးမ,ကြီး ဖြစ်ရတော့မလိုလို"

"ထွန်းရယ် ... အဲဒီစိတ်တွေပေါ့၊ မမစိုး မကြိုက်တာ။

"မေမေ မကြိုက်ပေမဲ့ ထွန်း ကြိုက်တယ်"

"ကိုယ့်ကို ငယ်ငယ်ကလေးတည်းက ကျွေးမွေးစောင့်ရှောက် လာတဲ့ မိဘရဲ့စကားကို နားထောင်သင့်တယ်"

"မိဘ"ဟုတော့ သုံးပါသည်။ သို့ပေမဲ့ ... ဒေါ်ကြီး ဝါကျထဲမှာ မူရင်းစကားလုံးအပြင်၊ အဓိပ္ပာယ် သက်ရောက်မှု တစ်မျိုးမျိုး ပါဝင်နေသည်ဟု ထင်၏။ ဒေါ်ခင်သိန်းလှ ခများ ကြောက်ကြောက်လန့်လန့်နှင့်မို့ သိပ်တောင်ကြာကြာ မနေတော့ပါ။ "ပြန်မယ်"ဆိုပြီး ထပြန်၏။ မေမေက မလိုက်ပေမဲ့ အိမ်ကကားနှင့် ပြန်ပို့မှာမို့ မေမေလည်း တူတူရော မတ်တတ်ရပ်၏။ ဒေါ်ခင်သိန်းလှ က ရှေ့မှ ထွက်သည်။ နောက်ဘက်မှာ ခုံတစ်လက်မခန့်မြင့်သော သူ့ဖိနပ်ကို စွပ်၏။

"စိုး ..."

မေမေ့ကို လှမ်းဖက်ကာ သူ့ဖိနပ်ကို ဘယ်တစ်ဖက် ညာတစ်ဖက် ဆန့်ကျင်စွာ လွင့်ထွက်အောင် ခါချွတ်ပစ်လိုက်တော့ သည်။

"ဘာဖြစ်လဲ စိုး"

ဖိနပ်ပေါ်မှာ ဘာကောင်မှ ရှိမနေပါ။ ထွန်း ခ ပတ်ကိုတစ်ကောင်စီတင်၊ ညှပ်နှင့် ထုချလိုက်တော့ သူ့အချွဲ တွေ ထွက်ကျလာသည်။ ပြီးတော့ ခရုကို လွှင့်ပစ်လိုက်တော့ သည်မို့ ချွဲတဲကြီးပဲ ကျန်၏။

"ဖိနပ်လည်း ချွဲနေတယ်"

ဒေါ်ခင်သိန်းလှက ငိုတော့မည့် မျက်နှာနှင့် ဖိနပ် ချွတ် ကြမ်းပြင်မှာပင် ထိုင်ချလိုက်တော့သည်။ ဒေါ်မြင့်မြင့်စိုးက တော်တော်ကြီး အားနာသွားပုံရကာ မျက်စိမျက်နှာပင် ပျက်ရာ၏

"ရေချိုးခန်းထဲ သွားဆေးလိုက်ပါလား ... လှ"

"နေပါစေ ... ချွဲတဲကြီးနဲ့ လျှောက်နေရဦးမယ်၊ အိမ်ကျ သေချာဆေးမယ်၊ လှကို တုတ်တစ်ချောင်းလောက် ပေးနိုင် မလားဟင်၊ ချွဲတဲကြီး ခြစ်ချဖို့၊ လှက အဲဒီ ချွဲတဲကြီးကို လည်း ကြောက်တာ"

သွေးပျက်လုနီးပါး မျက်နှာကို ထွန်းကတော့ တခ ခစ်ရယ်၍သာ ချောင်းကြည့်နေမိတော့သည်။





"ထွန်း လုပ်တာ မဟုတ်လား"

ညှော့သည် ပြန်သည်နှင့် မေမေက မျက်နှာထန်ထန် တားကာ တန်းခနဲ မေးတော့သည်။

"သူ့စကားတွေက ထွန်း တစ်ယောက်တည်းမှာ ရှေးပြီး နှိပ်ကွပ်နေတယ်လို့ မေမေ မထင်ဘူးလား"

"ထွန်း ... မေမေ မေးရင် အဖြေကိုပဲ ရချင်တယ်၊ မေးခွန်း ပြန်လာတာ နည်းနည်းမှ မကြိုက်ဘူး"

ထွန်းသည် ... ဤမေမေ၏ သမီးမို့ မေမေ့စိတ်ဓာတ် မြဲခဲ့တာလို့ပဲ ထင်ပါသည်။ ထွန်းက မေးခွန်းထုတ်လျှင် အဖြေ ရချင်ပါသည်။ မေးခွန်း ပြန်လာတာမျိုးကို နည်းနည်းမှ ကြိုက်သူဖြစ်၏။

"ထွန်း ... အသက်ကလေး ကြီးကြီးလာလေ၊ လိမ္မာလာ လေ ဖြစ်မလား မှတ်တယ်၊ လူကြီးမိဘကို ခံပက်တတ်နေ ပြီ၊ မျက်ကြောတင်းတင်းနဲ့ စောင်းပြီး ကြည့်တတ်လာပြီ။ အစ်ကိုနဲ့ အစ်မကို ကြည့်စမ်း ...။ မေမေ့ကို ဘယ်တုန်းက ဂျစ်ကန်ကန် လုပ်ဖူးလဲ"

အဲဒါတော့ မှန်၏။ ကိုကြီးနှင့်က တော်တော်လေ
ကင်းကင်းနေဖြစ်တာ များသည်။ ကိုကြီးကတွေ့မှ မေးပြောခေ
ထူး၊ ပြုံးပြရုံသာသာပဲမို့ ကိုကြီးနှင့် ပတ်သက်ပြီး သိပ်မသိလှပါ
မမနှင့်ကတော့ ညီအစ်မချင်းမို့ ဘယ်လိုမှ မကင်းနိုင်ပါ။ ထွန်
အခန်းတစ်ခန်း မရခင်ကဆို ... မမ အခန်းထဲမှာတောင် ထွန်းက
သွားအိပ်ခဲ့ရဖူးတာမို့ မမ အကြောင်းကို ကောင်းကောင်းသိသည်
မမသည် အလွန်အေးဆေးသည်။ စကားနည်းသည်။ မေမေပြေ
လျှင် ခေါင်းညိတ်နာယူလိုက်တာ များသည်။

"ထွန်း လုပ်တာ ဘယ်လောက်ဆိုးသလဲ သိလား"

ထွန်းက မဆိုးဘူးဟု ထင်၏။

"ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို စော်ကားလွှတ်လိုက်ခြ
ဟာ မိကောင်းဖခင် သားသမီး အကျင့်စရိုက် မဟုတ်ဘူ
ထွန်း မလိမ္မာရင်၊ ထွန်း နာမည်က နောက်မှထွက်မယ်
ဦးဝင်းကျော် ဒေါ်မြင့်မြင့်စိုး နာမည်က အရင်ထွက်မယ်
သားသမီးမကောင်း မိဘခေါင်းတဲ့"

"ထွန်း လုပ်တာလို့ ... ဒေါ်ခင်သိန်းလှက သိချင်မှ သိမှာပါ
"မသိဘဲ နေမလား။ ပိုက်ဆံအိတ်ထဲ ခရုပတ်ကျိရောက
စရာလား။ ပိုဆိုးတာက ဖိနပ်မှာပါ ချွဲနေတာ။ သူစီးလ
တုန်းက မချွဲပဲ၊ ဒီအိမ်ရောက်မှ နှစ်ဖက်လုံး ချွဲသွားတာ
ဒီအိမ်က တစ်ယောက်ယောက်လုပ်လို့ပေါ့။ ဒီတစ်ယော





ယောက်က ဒါကို လုပ်ပြီဆိုရင်၊ ပိုက်ဆံအိတ်ထဲ ထည့်ထားတာလည်း သူပဲပေါ့၊ ဒီအိမ်ကလူက နှစ်မျိုးလုံး လုပ်ထားတာ သေချာပြီ။ ဘယ်သူဖြစ်နိုင်မလဲ စဉ်းစား"

"ထွန်း မစဉ်စားတတ်ပါဘူး မေမေ"

"မစဉ်းစားတတ်စရာလား။ ခေါင်းရှိတဲ့လူတိုင်း သိတယ်။ ဒီအိမ်မှာ မေမေရယ်၊ ဒေါ်ကြီးရယ် ထွန်းရယ်ပဲ ရှိတယ်။ အားလုံး အပြင်သွားနေကြတယ်။ နီကလေးတောင် သူ့အမေရွာကလာလို့ အပြင်ထွက်ခွင့် ပေးထားတာ"

"နီကလေး မသွားခင် လုပ်သွားတာလည်း ဖြစ်နိုင်တာပဲ"

"အိမ်မှာမရှိတဲ့သူကို ဘယ်သူက ထည့်စဉ်းစားမှာလဲ"

"ဒေါ်ကြီးလည်း ဖြစ်နိုင်တာပဲ"

"ဖြစ်စရာလား"

"ဒေါ်ကြီးမှာ တစ်နေ့ တစ်နေ့ မီးဖိုထဲက မထွက်ရတော့ သူလည်း တစ်ခါတလေ ရယ်ချင်မောချင်မှာပေါ့၊ ရယ်ရအောင် လုပ်ထားတာလည်း ဖြစ်နိုင်ပါတယ်၊ ပျော်စေပျက်စေပေါ့"

"အလိုတော် ... ကျုပ် မလုပ်ရပါဘူး"

ဒေါ်မြင့်မြင့်စိုးက "တိတ်စမ်း"ဟု ပြောသည်မို့ ထွန်းက ပခုံးလေးတွန့်၍ ပါးစပ်ပိတ်လိုက်သည်။ ဒေါ်မြင့်မြင့်စိုးက ထွန်းကို ရိုက်လေ့မရှိပါ။ နှုတ်ဖြင့် နားငြီးနားပူနားက မီးခိုး

ထွက်လောက်အောင် ဆူတာမျိုး၊ မုန့်ဖိုးဖြတ်တာမျိုး၊ ဒူးထောက် ခိုင်းတာမျိုးတွေသာ လုပ်ခိုင်းလေ့ရှိပါသည်။ ဒီတစ်ကြိမ် ဒေါ်မြင့် မြင့်စိုး တော်တော်စိတ်ဆိုး၍ အစောကြီးကတည်းက ကြက်မွေး ဖြင့် ဖြန်းခနဲ တစ်ချက်လောက် တီးထည့်လိုက်ချင်တာ၊ ထွန်း၏ ပမာမခန့် အပြုအမူကြောင့် ဒေါသပိုထွက်လာရတော့သည်။

“မေမေလည်း ဖြစ်နိုင်တာပဲ”

“ဘာ”

ဒေါ်မြင့်မြင့်စိုးက သူ စကားတစ်ခွန်း ပြောလျှင် ဘာ၊ ရှင်၊ ဟင် ... တွေလာလျှင် မကြိုက်ပါ။ ကြားရဲ့သား ကြားပဲ မကြားသလိုလို၊ ပြောရသူက လေနှစ်ခါကုန်သည်ဟု ပြောလေ့ရှိပါသည်။ အခု ... သူကိုယ်တိုင် “ဘာ” တော့ ထွန်းက ပခုံးနှစ်ဖက် တွန့်၏။

“ထွန်း ... ဒုတိယအကြိမ် ထပ်ပြောပါမယ်၊ လေနှစ်ခါ ကုန်တာပေါ့ မေမေရယ် ... မေမေလည်း ဖြစ်နိုင်တာပဲ”

ထွန်းက လေချိုမသွေး ... သွေးအောင် အသံကို အနိမ့်အမြင့်လုပ်ကာ တမင် ဆက်ပြော၏။

“ငါက လုပ်ရမှာလား”

“မေမေတို့က ငယ်သူငယ်ချင်းတွေ၊ အရမ်းလည်း ရင်းနှီး တယ်၊ အရမ်းခင်ကြတယ်၊ ငယ်စိတ်ဝင်ပြီး ပြောင်ချင် နောက်ချင်မှာပေါ့”





“တိတ်စမ်း ထွန်း”

ထွန်းက လက်ဝါးကလေး တစ်ဖက်ဖြင့် သူ့ပါးစပ် ကို ပိတ်လေ၏။

“နင့်ကို ငါ ရိုက်ပစ်ချင်တယ် သိလား။ တစ်ခါမှ မရိုက်ခဲ့ လို့ နင် ဒီပုံစံ ဖြစ်လာတာ။ နင့်ကို ငါ တစ်နေ့တခြား စိတ်ပျက်လာပြီ”

ထွန်း ... တုန်လှုပ်သွားရပါ၏။

“ကိုကြီးနဲ့ မမဆိုရင်၊ ငယ်ငယ်က နည်းနည်းပါးပါး အရိုက်ခံရတယ်။ ဆုံးမတဲ့ အနေနဲ့ မေး ... မေးပြီးရိုက် တာပဲ၊ အဲ့ဒါကိုကြောက်တော့ ဘယ်လောက်မှ မရိုက်လိုက် ရဘဲ လိမ္မာသွားကြတယ်၊ စောစောစီးစီး အရိုက်လွတ်သွား တယ်၊ နင့်ကို ငါ တစ်ခါမှ မရိုက်ခဲ့ဖူးဘူး၊ အဲ့ဒါ ငါမှား တာပဲ၊ ခုချိန်ကျမှ ထရိုက်ရင်လည်း၊ နင်က ငါ့ကိုတောင် ပြန်သတ်မဲ့ မျက်နှာပေး ...။ သွားတော့ ... ထွန်း။ ငါ့ မျက်စိအောက်က ထွက်သွား”

ဒေါ်ကြီးက ထွန်းကို လာဆွဲ၏။ ထွန်း ရှောရှောရှူရှူ ထွက်မသွားဘဲ ပေကပ်ကပ် ဂျစ်ကန်ကန် လုပ်ပြီးမှ မလိုက်ချင် လိုက်ချင်နှင့် လိုက်၏။ ထွန်း အခန်းထဲသို့ ရောက်တော့ ထွန်း မျက်ရည်တွေ အိခနဲ ဝိုင်းသည်။ ရင်ထဲမှာ ရင်ကွဲပက်လက် ဝေဒနာကို အကြောင်းရင်း မခိုင်လုံဘဲ မချိတင်ကဲ ခံစားရသည်။

မျက်ရည်ပေါက်ကြီး တောက်ခနဲ စီးကျ၏။ ပါးပေါ်မှာ လျှံလျက်
ထွန်း အင်္ကျီရင်ဘတ်ပေါ် ကျသည်။ ပါးပြင်ပေါ်မှ လက်ကျန် မျက်
ရည်စီးကြောင်းကို ထွန်းက ကြမ်းတမ်းစွာ ပွတ်ခါထုတ်လေ
သတည်း၊

"နင့်ကို ငါ စိတ်ပျက်လာပြီ" ... တဲ့။

ထွန်း ... တုန်လှုပ်ချောက်ချားရသော ဝါကျတ
ကြောင်းသည် ထွန်းကို မအိပ်နိုင် မစားနိုင်သည်ထိ ဆိုးဝါး၏
ရင်ထဲမှာ အသည်းယားနေသည်။ မေးခွန်းတစ်ခုကို မေးချလိုက်
ချင်၏။ ထိုမေးခွန်းအတွက် အဖြေက နှစ်ခုတည်း ရှိသည်
တစ်ခုသော အဖြေမှာ ထွန်း အလွန်ကြောက်မက် ရိုးရွံ့သော
အဖြေတည်း။ အဲဒီအဖြေကိုရမှာ၊ ထွန်း ထိတ်လန့်လှပါ၏
သို့ဆေမဲ့ ... ခင်ခင်ထွန်း ဆိုတာ မကျေမလည် ပုံစံကြီးမျိုးမှ
အီလည်လည် နေတတ်သည့်လူမျိုးမှ မဟုတ်ဘဲ။

ခင်ခင်ထွန်း၊ ရှစ်တန်း၊ အသက်အားဖြင့် ဆယ
လေးနှစ်။





တစ်ခုခုကို သိချင်ပြီ ဆိုမှတော့ သွယ်ဝိုက်ဝေ့ဝဲ
နေတတ်တာဟာလည်း ခင်ခင်ထွန်း အကျင့်ပဲ ဖြစ်သည်။ ခု
ကလော ... ထွန်းကလည်း ခပ်ခွာခွာ၊ မေမေကလည်း ခပ်ကင်း
ကင်း၊ မေးပြောခေါ်ထူးလောက်သာ ကျန်ပြီး အကြောင်းရှိမှ
ပြောဖြစ်ကြသည်မို့၊ ထွန်းဟာ ဒီအိမ်မှာ ပိုသည်ထက်ပိုသော
လူပိုတစ်ယောက်စစ်စစ် ဖြစ်နေရသည်။ မေမေနှင့် ထမင်းတစ်ဝိုင်း
တည်းတောင် မစားဖြစ်ပါ။

"ထွန်း ... ထမင်းစားမယ်" ... ဆိုလျှင် "မဆာ
သေးလို့ပါ မေမေ" ... ဟု ပြော၍ တစ်ဝိုင်းတည်းစားခွင့်ကို ထွန်း
ရှောင်၏။ ဘာကြောင့် ရှောင်မိမှန်း မသိ။ ထွန်း စိတ်ထဲမှာ
ရှောင်ချင်စိတ်ဖြစ်၍ ရှောင်သည်။ မေမေကလည်း မသိကျိုးကျွံ။
ဖြစ်နေပုံကြီးက ဝုန်းခနဲ ထပေါက်ကွဲရန် အချိန်ကိုက်ကို စောင့်နေ
သည့် ဗုံးတစ်လုံးနှယ်။ ဒီနေ့ ထမင်းဝိုင်းမှာတော့ ထွန်း ဝင်စား
သည်။ ကိုကြီးကလည်း အဆောင်မှ နှစ်ရက်ပြန်လာ၏။ ညစာ
ထမင်းချိန်ဆို မမ ကျူရှင်နှင့်လည်း လွတ်၏။ ထမင်းပွဲမှာ သားမိ
သားဖငါးယောက် ဆုံသည်။ ဒေါ်ကြီးနှင့် နီကလေးတို့က ဟင်း
ဖြည့်ခြင်း စသော လိုအပ်ချက်များ ဆောင်ရွက်ပေးနေကြ၏။
ကိုကြီးက သူ့တက္ကသိုလ် အတွေ့အကြုံတွေကို အာဝဇ္ဇန်းရွှင်စွာ
ပြောနေ၏။

သူ့စကားသူ သဘောကျပြီး ရယ်သည့်အခါ ရယ်
၏။ ဖေဖေနှင့် မေမေတို့လည်း လိုက်ရယ်ကြသည်။ မမလည်း

ရယ်သည်။ ထွန်းသာ မရယ်ဖြစ်ဘဲ ငေးနေမိတော့သည်။ ကို
ဘာပြောလိုက်မှန်း ထွန်း မသိလိုက်လို့ပါ။ ထွန်း မကြားမိ
ပါ။ ထမင်းက မျိုးမကျ၊ နယ်ရင်းဖတ်ရင်း စားချင်စဖွယ်မရှိ
လာကာ ငူငူငေါင်ငေါင် ငေးငေးကြီး ဖြစ်နေရပေမဲ့ ထွ
မည်သူမျှ သတိမထားမိကြပါ။ ဒေါ်ကြီးနှင့် နီကလေး
ထမင်းဝိုင်းကို လာသိမ်းကြမှ၊ ကိုကြီး ရောက်လာသည့်အ
ပြုလုပ်သော စပယ်ရှယ်အချိုပွဲအဖြစ် ကောက်ညှင်း လက်
ခြောက်စပ်သော ရေဆန်းကြမ်း၊ ငါးရံ့ခြောက် အပြားကြီးများ
မီးဖုတ်၊ ထုပြီး ဆီရွှဲရွှဲ ဆမ်းထည့်ထားသည့် ပန်းကန်ပြားကြီ
တစ်ချပ်၊ အကောင်တော်တော်ကြီးသည့် နီရဲရဲ ပုစွန်ခြောက်
သန့်ကို အကောင်လိုက် ရေဆေး၍ မထောင်းတော့ဘဲ ကြက်
စိမ်း၊ ငရုတ်သီးစိမ်း၊ နံနံပင်တို့နှင့် သုပ်ထားသည့် ပုစွန်ခြော
သုပ်ကတစ်ပွဲ လာချကြမှ ထမင်းဝိုင်း သိမ်းပြီဆိုတာ သိလိုက်
သည်။ စားလက်စ မကုန်သော ထမင်းပန်းကန်ကို နီက
လက်ထဲ ထည့်လိုက်ပြီး အနားမှ ဇေစင်မှာ လက်ထဲ့ဆေးလိုက်

"ဒီ ငါးရံ့ခြောက်တွေ ပုစွန်ခြောက်တွေက အောက်ပြ
အောက်ရွာ၊ မြစ်ဝကျွန်းပေါ်ဘက်တွေမှာမှ ပေါ်တာ၊ ဒီ
ဆို ... ရှားမှရှား ကိုကြီးရဲ့၊ သားကြီးရောက်တုန်း မေ
က ကျွေးချင်လို့။ သားကြီး ပြန်ရင်လည်း ထည့်ပေးလို
ဦးမယ်"

ထွန်းက စားပွဲမှာ ပြန်ထိုင်၏။





"စား ... ထွန်း။ ကိုကြီး ပြန်လာလို့ မေမေက စပယ်ရှယ် ကျွေးတာလေ။ ငါတို့က ချည့်မြှောင်တွေ"

မမက ဒါမျိုး ပြောတတ်ပေမဲ့၊ တစ်ခါတစ်ရံကျမှ ပြောလေ့ရှိပါသည်။ ဒီနေ့တော့ မိသားစု စုံလင်သည့် ထမင်းပွဲမို့ ပျော်နေသည် ထင်ပါရဲ့။ ခပ်ပြုံးပြုံးပြော၏။

"ဒီထမင်းဝိုင်းမှာ လူစုံတုန်း၊ ဖေဖေနဲ့ မေမေကို အမှူးပြုပြီး ကိုကြီးနဲ့ မမကိုပါ ထွန်း သိချင်တာလေး တစ်ခု မေးပါရစေ"

ထွန်း စကား စ,လိုက်၏။ အားလုံးသော အကြည့်တွေက ထွန်းထံသို့ စုပြုံကျရောက်သည်။ မျက်လုံးရှစ်လုံးဒဏ်ကို ကြံ့ကြံ့ခံနိုင်တဲ့ ထွန်းကိုယ်ထွန်းလည်း အံ့ဩပါသည်။

"ထွန်းကို မလိမ်မညာဘဲ မှန်မှန်ဖြေပေးလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ထွန်း မေးပါရစေ။ ထွန်းဟာ မွေးစား သမီးလား။ ဖေဖေတို့ မေမေတို့ ဘယ်က ဘယ်လိုကောက် ရမွေးစားခဲ့သလဲဆိုတဲ့ ထွန်းရဲ့ဘဝမှန်ကို ထွန်း သိပါရစေ"

ဒေါ်မြင့်မြင့်စိုးက မျက်နှာအပျက်ဆုံး ဖြစ်၏။ ကျန်သုံးယောက်လည်း မျက်နှာပြင် ခံစားမှု အပြောင်းအလဲတွေ ဖြစ်ထွန်းပါသည်။ ဒေါ်မြင့်မြင့်စိုး လောက်တော့ မျက်နှာမပျက် ဘူးဟု ထင်၏။

"ကိုကြီး ပြန်ရောက်လာတုန်း၊ မေမေ ပျော်ရွှင်နေတဲ့အ
မှာ ဒီမေးခွန်းကို မေးမိတဲ့အတွက်၊ မေမေ့ အပျော်
ဆုံးရှုံးသွားအောင် လုပ်မိတဲ့အတွက် ထွန်းမှာ အပြစ်ရှိ
တယ်။ မေမေ ပေးနေကျဒဏ်မျိုး ပေးရင် ထွန်း လုပ်
မယ်"

ဒေါ်မြင့်မြင့်စိုး သက်ပြင်းမောကို ချလေ၏။

"မေမေ မျက်နှာပျက်သွားတာတော့ အမှန်ပဲ ထွ
ဒါပေမဲ့ ... သားကြီးရောက်နေတုန်း ပျော်ရတဲ့ အပျော်
ပျက်စီးရတဲ့အတွက်တော့ မဟုတ်ဘူး။ ဒီအပျော်က မေ
ရင်ထဲမှာ ရှိနေတာပဲ၊ မပျက်စီးနိုင်ပါဘူး။ ထွန်း စကား
ငေါ့တော့တော့နိုင်တယ်။ ခုတလော ထွန်း စကားပြော
ခနိုးခနဲ့တို့၊ ငေါ့တော့တော့တို့၊ ဂျစ်ကန်ကန် ထိမထင်
လည်း သိပ်ဝင်တာပဲ။ မေမေ မသိချင်ယောင်ဆောင်
သည်းခံနေလိုက်တယ်။ အဲဒါ ... အခုလို ထိပ်တိုက်
ရမှာစိုးလို့။ ထိပ်တိုက် မတွေ့ချင်တာဟာလည်း မေ
ကိုယ်ကျိုးမဟုတ်ဘူး၊ ထွန်းကို ငဲ့ညှာလို့ ...

"ခုချိန်ထိ ... ထွန်း တစ်သက်လုံး၊ ထွန်းကို ပြောဆို
ဆက်ဆံခဲ့တာတွေ အားလုံး၊ မေမေ့စကား၊ မေမေ့လုပ်
တွေ အားလုံးဟာ မေမေ့ဘက်ကို မကြည့်ဘဲ ထွန်းဘ
ချည်း ကြည့်ပြီး ပြုမူပြောဆို ဆောင်ရွက်ခဲ့တာချည်း





ဒါကို စေတနာမေတ္တာလို့ မသတ်မှတ်ရင်လည်း ရပါတယ်၊
မေမေ့ ဘက်ကတော့ လိပ်ပြာသန့်တယ်။ ထွန်း မေးခွန်းကို
မလိမ်မညာဘဲ မေမေ ဖြေမယ်"

မျက်ဝန်းတွေ အားလုံးက ဒေါ်မြင့်မြင့်စိုး ဆီသို့
စ်လှည့် စုပြုံကျရောက်ပြန်တော့သည်။

"ထွန်းကို မေမေ မီးရထားလမ်းဘေးက ကောက်ရခဲ့တာ"

ကမ္ဘာကြီး ပေါက်ကွဲသွားသည်။ မျှော်လင့်ထားပြီး
းလိုလို ဝါကျတစ်ကြောင်းက ထွန်း ရင်ဘတ်ကြီးတစ်ခုလုံးကို
စ်လိုက်၏။ ရင်တွင်းပစ္စည်းအားလုံး ပွဲ့ရွဲ့လွင့်စင်ကာ တစ်စစီ
်လေ၏။ ထွန်း ... ဝုန်းခနဲ မတ်တတ်ထရပ်သည်။ အခန်းထဲ
ပြေးဝင်၏။ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်သည်။ လှဲမအိပ်
်အောင် ကြိုးစားရင်း၊ မငိုပါဘဲ တစ်စက်တစ်ပေါက်ချင်းကျလာ
ည့် မျက်ရည်တွေကို လက်ညှိုးနှင့် ကန့်လန့်ဖြတ်ဘားလျက်
၍ ခါ၍ လွင့်စင်စေလိုက်တော့သည်။

မျှော်လင့်ထားသည့် အတိုင်းပါပဲ။ အခန်းထဲသို့
ရောက်လာသူက ဒေါ်ကြီးပါ။

"ထွန်းကို မမွေးစားခင်ကတည်းက ဒေါ်ကြီးက မမစိုး
အိမ်မှာ နေခဲ့တာဆိုတော့၊ ထွန်းနဲ့ ပတ်သက်သမျှ မမစိုး
သိသမျှ ဒေါ်ကြီး သိတယ်၊ ထွန်း နားထောင်ချင်ရင် ပြော
ပြမယ်"

"ထွန်း သိချင်တယ်"

"မမစိုးဟာ သဘောကောင်းပါတယ် ထွန်းရယ်၊ ထွန်းကို
လည်း လိုလေသေးမရှိ ထားခဲ့တာပဲ မဟုတ်လား။ ထွန်း
ဆို တစ်ခါမှ အရိုက်မခံခဲ့ရဘူး"

ဒေါ်ကြီးက ဒေါ်မြင့်မြင့်စိုး ကောင်းကြောင်းတွေမှ
စပြော၏။ ပြီးတော့ ဦးဝင်းကျော် ကောင်းကြောင်း၊ ကိုကြီးကောင်း
ကြောင်း၊ မမ ကောင်းကြောင်းတွေ။ မိသားစုပုံစံနှင့် လိုလေသေး
မရှိ ထားခဲ့တာတွေ၊ ထွန်းဟာ ကျောင်းမှာ သူဌေးသမီးလို
နေထိုင်သုံးစွဲခွင့် ရတာတွေ။ ထွန်းက မကြားတစ်ချက် ကြားတစ်
ချက်မှာ၊ ကြားတစ်ချက်က နည်း၍ မကြားတစ်ချက်တွေက များ
သည်။ ဒေါ်ကြီး ပြောသလိုသာ လိုလေသေးမရှိလျှင်၊ ထွန်းဟာ





ဲ့ကိုယ်ကိုယ် လူပိုခံစားလာမိမှာတဲ့လား။ မတူတာတော့
ဲပါ။ ဒါကို လာငြင်းနေလျှင် ငြင်းသူသာ မုသားကျူးတော့
။

"ဒေါ်ကြီး … အဲဒီ မိသားစုထံက ရသလောက်ကို ကျေးဇူး
တင်တယ်၊ မရတာတွေအတွက် အပြစ်မဆိုဘူး၊ ဒေါ်ကြီး
ပြောသလောက်တော့ မကောင်းဘူး၊ ဒါကြောင့် ထွန်းကိုယ်
ထွန်း မွေးစားသမီးလားလို့ ထင်မိတာပေါ့၊ အဲဒီချိုးမွမ်း
ခန်းတွေ ရပ်ပါ။ ကျွန်မနဲ့ ပတ်သက်တာ ပြောလိုစိတ်ရှိ
လည်း ပြောပါ။ ပြောလိုစိတ် မရှိလည်း မပြောပါနဲ့။
ရတယ်။ ကျွန်မ သိချင်တာ ကျွန်မ အကြောင်းပဲ"

"အဲဒီတုန်းက မမစိုးတို့က ပုသိမ်ညွန့် ဘက်မှာ နေတယ်။
ဆရာက ဒီလောက် ရာထူးမကြီးသေးဘူး"

ထွန်းက ကျွတ်ခနဲ စုတ်သတ်ကာ ခေါင်းကို ဆတ်
ခါဖြစ်၏။ စိတ်ပျက်လိုက်တာ။

"ပြောမှာပါ ထွန်းရဲ့၊ စိတ်ကလည်း လက်တစ်ဆစ်ပဲရှိ
တယ်၊ မမစိုးတို့ အိမ်နောက်မှာ မီးရထားမြေ ခပ်ကျယ်ကျယ်
ကျန်တယ်။ အဲဒါပြီးတော့မှ မီးရထားလမ်း၊ မီးရထားလမ်း
နဲ့ အိမ်ရဲ့နောက်ဖေး ခြံစည်းရိုးကြားထဲမှာ ပေသုံးလေးဆယ်
လောက်ရှိတယ်၊ ထွန်းဟာ အဲဒီ မီးရထားမြေပေါ်မှာ မတ်
တတ်ကလေးရပ်ပြီး ငေးနေတယ် …

"စတွေ့တာ ဒေါ်ကြီးပဲ။ နောက်ဖေးခြံစည်းရိုးနား
မှာ လျှော်ပြီးတဲ့ အဝတ်တွေ ထွက်လှမ်းတာ။ လူကြီးမပါ
ဘဲ ကလေးချည်း တစ်ယောက်တည်း၊ လမ်းလျှောက်နိုင်
ကာစ အရွယ်လေး၊ အဲ ... စကားလည်း နည်းနည်းပြော
တတ်နေပြီ။ ထွန်းက ငိုလည်း မငိုဘူး၊ ငယ်ငယ်ကတည်းက
သတ္တိကောင်းတာ၊ ဒေါ်ကြီးတို့ ခြံစည်းရိုးနား နီးနေတော့
ဒေါ်ကြီးက ခြံနောက်ဘက်တံခါးကို ဖွင့်ပြီး ထွက်လိုက်
တယ် ...

"ဘေးဘီကို ကြည့်တယ်။ လူကြီးသူမလည်း ဘယ်
ယောက်မှ မတွေ့ဘူး။ မမစိုးရေ ... ဒီမှာ ကလေးတစ်
ယောက် ... လို့၊ ဒေါ်ကြီးက အော်ပြောတယ်၊ မမစိုး
ရောက်လာပြီး၊ သနားပါတယ်၊ လူကြီးမိဘနဲ့ ဘယ်လိုကွဲ
သွားသလဲ မသိဘူး ဆိုပြီး ထွန်းကို ခေါ်လာခဲ့တာပဲ။
ကလေးနာမည် ဘယ်သူလဲ ဆိုတော့ ... ထွန်းတဲ့။ ခင်ခင်
ထွန်းတဲ့ ...

"အဲဒီတုန်းက ကိုကြီးကတောင် ရယ်စရာ ဝင်ပြော
သေးတယ်။ အမယ်လေးဟဲ့တဲ့။ ဘွန်း ... ဂျိမ်းစဘွန်း ဆို
တာ ကျနေပြီတဲ့။ ဖေဖေ့ နာမည် ဘယ်သူလဲမေးတော့
ဦးတင်မောင်ထွန်းတဲ့။ မေမေ့နာမည် မေးတော့ မသိဘူးတဲ့။
ထွန်းက မေးတာကို ကောင်းကောင်းဖြေနိုင်တယ်။ မမစိုး





က ရေမိုးချိုးပေးတော့လည်း ကောင်းကောင်း ခံတယ်၊
ပြီးတော့ ဒေါ်ကြီးက ထမင်းခွံ့တယ် ...

"စားတယ် ... ခဏလည်း ကြာရော လှဲအိပ်သွားရော။
ထွန်းဟာ ငယ်ငယ်ကတည်းက ငိုတာ သိပ်မရှိဘူး၊ ရယ်
လည်း မရယ်ဘူး၊ အရွယ်နဲ့လိုက်တဲ့ ပျော်ရွှင်မှု မရှိဘူးလို့
ဆရာက ပြောတယ်။ အဲဒီတုန်းက ထွန်းကို ဆရာဝန်ပြ
တယ်၊ ဆရာဝန်က ထွန်း စကားပြောနိုင်တာရယ်၊ အရပ်
အမောင်းရယ်၊ ပါးစပ်ထဲက သွားရယ်ကြည့်ပြီး နှစ်နှစ်
လောက် ရှိမယ်လို့ ခန့်မှန်းတယ် ...

"အဲဒီနေ့ ... ထွန်းကို ကောက်ရတဲ့နေ့ကို၊ ထွန်းရဲ့
နှစ်နှစ်ပြည့် မွေးနေ့လို့ သတ်မှတ်လိုက်တယ်။ ထွန်းရဲ့
မွေးသက္ကရာဇ် အမှန်ကို ဒေါ်ကြီးတို့ မသိဘူးလေ။ မမစိုး
ဟာ ထွန်းကို ကောင်းကောင်းမွန်မွန် မွေးစားခဲ့တာ။
ပစ်စလက်ခတ် ထားခဲ့တာ မဟုတ်ဘူး။ ထွန်းကို မွေးစား
သမီးလို့ ဖွင့်မပြောတာကိုရော စိတ်ဆိုးသေးလား။ သိခြင်း
နဲ့ မသိခြင်းမှာ ထွန်း အတွက် ပိုအကျိုးရှိမဲ့နည်းလမ်း၊
ထွန်း ပိုစိတ်ချမ်းသာမဲ့ နည်းလမ်းကို သုံးခဲ့တာ ...

"ဒါဟာ အမှန်တရားကို ထိန်ချန်ထားတာလည်း
မဟုတ်ဘူး။ ထွန်းက မေးတော့လည်း အမှန်ကို ဖြေလိုက်
တာပဲ။ ညာတာလည်း မဟုတ်ဘူး။ ထွန်းကို မွေးစားလာ

တာ ဆယ့်နှစ်နှစ်ရှိပြီ။ ဒီကျေးဇူးတွေကို ထောက်ထားပါ၊ ကျေးဇူးတရား သိတတ်ပါ ထွန်းရယ်၊ ထွန်းက ခုတလောကို ဆိုးချင်နေတယ်။ ကိုယ့်မိ ကိုယ့်ဖကို မဲ့မဲ့ရွဲ့ရွဲ့ ခနဲ့ခနဲ့တို့ ရိသဲ့သဲ့တို့ မပြောရဘူး ...

"မထေမဲ့မြင် မလုပ်ရဘူး၊ မမတို့ဆိုကြည့်စမ်း၊ အမေကို ဘယ်လောက် ရိုသေလဲ၊ မမ ငယ်ငယ်တုန်းက ဆိုးရင် မမစိုးက ရိုက်တာ။ ထွန်းကိုကျတော့ မရိုက်ဘူး၊ သူများ သားသမီး မရိုက်ချင်ဘူးတဲ့။ ကိုယ်က လိမ္မာစေချင့်လို့ ဆုံးမတာပေမဲ့၊ သောလူမြင်ရင် ကဲ့ရဲ့မယ်တဲ့။ ဒါလည်း ဟုတ်တာပဲ၊ အဲဒီလို ကဲ့ရဲ့မဲ့ လူတွေကကျတော့ ထွန်းကို မွေးစားတာ မဟုတ်ဘူး"

"ကဲ ... တော်ပါပြီ။ ထွန်း အကြောင်းကနည်းနည်း၊ ကျေးဇူးတရားက များလွန်းလို့ နားတွေလည်း မီးခိုးထွက်ပါပြီ"

"ဟင် ... ထွန်း ဘယ်လိုပြောလိုက်တာလဲ။ ဒီအဖေ ဒီအမေ ဒီအစ်ကိုနဲ့ ဒီအစ်မကို ကျေးဇူးမတင်ဘူးလား၊ ကိုကြီးနဲ့ မမဟာ ထွန်းကို တစ်ခါမှ အနိုင်ကျင့် မိုလ်ကျတာမျိုး မရှိခဲ့ဘူး၊ သူတို့ကိုလည်း ကျေးဇူး ..."

"တော် ... ပါ ... ပြီလို့ဆို"

"ထွန်း မချစ်ဘူးလား၊ အဲဒီလူတွေကို"

"အစကတည်းက ... သူတို့ကရော ချစ်ခဲ့ကြလို့လား"





"ဟယ် ... ဘယ်လို ပြောလိုက်တာလဲ ထွန်းရယ်၊ သူတို့ ချစ်ကြပါတယ်"

"သူတို့ အချင်းချင်း အပြန်အလှန် ချစ်ကြသလို မချစ်လို့သာ ထွန်းက ကိုယ့်ကိုယ်ကိုယ် လူပိုလို ခံစားလာမိတာပေါ့။ အဲဒီတုန်းက သူတို့ကလည်း နည်းနည်းပါးပါးတော့ ခင်မှာပေါ့။ တအိမ်တည်း တူတူနေရင် ကိုယ့်ကြောင် ကိုယ့်ခွေးတောင် ထမင်းကျွေး၊ နေမကောင်းရင် ဆရာဝန်ပြ ... လုပ်ပေးရသေးတာပဲ။ ထွန်းက လူဖြစ်နေတော့ ကျောင်းထားပေးရတာ တစ်ချက် ပိုတာပေါ့"

"ဘာတွေ လျှောက်ပြောနေတာလဲ ထွန်းရဲ့။ ကြောက်စရာကောင်းလိုက်တာ"

"ဟုတ်တယ် ... ထွန်းဟာ ကြောက်စရာကောင်းတယ်။ ကိုယ့်စိတ်ကိုယ်လည်း ကြောက်သွားတယ်။ ဒါပေမဲ့ ... အဲဒီကြောက်စရာကောင်းတဲ့စိတ်ကို ထွန်း ကြိုက်တယ်။ အရင်တုန်းကဆိုရင် သူတို့ကလည်း နည်းနည်းခင်မင်မယ်၊ ထွန်းကလည်း နည်းနည်းပါးပါး ခင်မင်ပါတယ်"

"ခင်ရုံပဲလား ထွန်းရယ်"

"ဒေါ်ကြီး ... လောကကြီးမှာ အချစ်ပေးရင် အချစ်ရမယ်။ အခင်ပေးရင် အခင်ပဲ ပြန်ရမယ်၊ ကိုယ့် အခင်တွေ ပြန်သိမ်းလိုက်ပြီဆိုရင်၊ သူများဆီက ရထားတဲ့ အခင်တွေလည်း

ဆုံးရှုံးသွားမှာပဲ။ ခုဆို ... မေမေက ထွန်းကို စိတ်ကုန်သွားပုံရတယ်၊ ဟိုတစ်လောကကျတော့ စိတ်ပျက်လာပြီလို့ ပြောခဲ့တယ်"

"သြော် ... မေမေလို့တော့ ခေါ်ဖော်ရသားပဲ"

"ဆယ့်နှစ်နှစ် နှုတ်ကျိုးခဲ့ပြီလေ"

"ကျေးဇူးတွေ ပေးခဲ့တာကို၊ ကျေးဇူးပြန်ရခွင့် မရှိဘူးလား၊ ထွန်းက ကျေးဇူးမတင်ဘူးလား"

"တင်သင့်သလောက် တင်ပါတယ်။ မေမေတို့ရဲ့ စီးပွားရေးက အခြေအနေအရ၊ ကလေးတစ်ယောက် ... နည်းနည်းကြီးလာတော့ လူတစ်ယောက်ပေါ့၊ အဲဒီတစ်ယောက်ကို ထမင်းကျွေးထားရတဲ့ တာဝန်က မသေးဘူး ရှိပါလိမ့်မယ်။ ပညာဒါနတွေ ဘာတွေလည်း လိုချင်တယ် ရှိမှာပေါ့။ ဒါ ... မေမေတို့ဘက်က အပိုင်းပါ။ ထွန်းဘက်က အပိုင်းက ကျေးဇူးတင်ပါတယ်"

"သြော် ... တင်ဖော်ရသေးသကိုး"

ဒေါ်ကြီးက ထွန်းကို စိတ်ပျက်ပုံနှင့် ကြည့်၏။ ထွန်း၏ အပြောအဆိုတွေကို နားကြားပြင်းကတ်လေ၏။ ဒါကြောင့် သူများ သားသမီး မွေးရတာ အလကားပဲလို့ ရှေးလူကြီးတွေ ပြောကြတာဟု တွေးမိသည်။ ထွန်းဟာ ကျေးဇူးရှင်စစ်စစ်ကြီးများကို ကျေးဇူးသောချာတင်ပုံလည်း မရပါလားဟု ထင်၏။





"ထွန်းက အဲဒီလို ခနဲ့ရင် ထွန်း နည်းနည်းလေးမှ မကြိုက်ဘူး။ မေမေတို့ကို ကျေးဇူးမတင်ဘူး မဟုတ်ဘူး တင်တယ်။ ခုနေ ... ထွန်း တတ်နိုင်တာမျိုး တစ်ခုခုကို စွန့်လှူပေးဆပ်ရမယ် ဆိုရင် ပထမဆုံး ပေးဆပ်ချင်တာ မေမေပဲ။ ဒါ ... လောလောဆယ် စိတ်ဓာတ်နော်၊ နောက်ကျရင် ပြောင်းမလား၊ မပြောင်းလဲဘူးလား ထွန်း မသိဘူး။ ထွန်းက စကားကို လှကြားကောင်းအောင် မပြောချင်ဘူး၊ မပြောတတ်တာ မဟုတ်ဘူးနော်၊ ပြောတတ်တယ်၊ မပြောချင်တာ ...

"ရိုးရိုးရှင်းရှင်း ပြောရတာကိုပဲ ကြိုက်တယ်၊ ဒါလည်း လောလောဆယ် စိတ်ဓာတ်ပဲ။ နောင်တစ်ချိန်မှာ ခင်ခင်ထွန်း ဆိုတဲ့ မိန်းမဟာ မူယာမာယာ ကြာဖြူဟွာတွေနဲ့ ဂျပိုးကို လိပ်ဖြစ်အောင်၊ လိပ်ကို ဂျပိုးဖြစ်အောင်လည်း ပြောချင်ပြောနေမှာ၊ ဒေါ်ကြီး ဒီလောက် ပုတီးတွေစိပ်နေပြီး တရားသဘောလည်း မဆင်ချင်ဘူး ...

"အနိစ္စ အမြဲမရှိတဲ့။ ဘယ်အရာမှ မမြဲဘူး၊ ထွန်းရဲ့ စိတ်ဓာတ်လည်း မမြဲဘူး။ ပြောင်းလဲနေမှာပဲ။ ဒါကို တည့်ကြီးပြောချတော့ လူတွေက နားဝင်မချိုဘူး။ ဒါ ... ထားပါတော့၊ အဲဒီတုန်းက သတင်းစာတွေ ဘာတွေမှာ ကလေးပျောက်သည်တို့ ဘာတို့ ကြော်ငြာလေး ဘာလေး ရော မတွေ့မိကြဘူးလား"

“မတွေ့ဘူး။ သေသေချာချာကို စောင့်ကြည့်တာ။ တွေ့ရ...
ပြန်ပို့မလို့။ ရဲစခန်းတွေ ဘာတွေလဲ အကြောင်းကြားထ...
တယ်။ လာမေးရင် ပြောဖို့။ ကလေးပျောက်သည် ကြော်ငြ...
မတွေ့ပုံထောက်တော့ တမင်လာစွန့်ပစ်သွားတာလို့ ယူ...
တယ်။ ဒါတောင် မမတို့ဘက်က သတင်းစာမှာ ကြော်ငြ...
ထည့်သေးတယ်”

“ဘယ်လို ထည့်တာလဲ”

“စေတနာနဲ့ပဲ။ သူ့မိဘနဲ့ သူ့ကလေး ပြန်ဆုံခွင့် ရ...
လည်း ရပါစေဆိုပြီး ... ကလေးတစ်ယောက် တွေ့...
စောင့်ရှောက်ထားပါသည်ပေါ့။ ဖခင် ဦးတင်မောင်ထွန်း...
ပြောပါသည်။ မိခင်အမည် မပြောတတ်ပါ။ သူ့နာမည်...
မေးလျှင်၊ ထွန်း ... ခင်ခင်ထွန်းဟု ဖြေပါသည်။ အသ...
ဝင်းဝင်း၊ ဆံပင်နက်နက်၊ မျက်လုံးပြူးပြူး၊ ပြည့်ပြည့်ဖြိုး...
ရှိပါသည်။ ကိုယ်တွင် ထင်ရှားသည့် အမှတ်အသား မ...
ပါ။ ဆွေမျိုးလက်ဝတ်လက်စား မပါပါ ... ဆိုပြီး ထွန်းဓာ...
ကိုတောင် ရိုက်ပြီး သတင်းစာထဲ ထည့်တာ”

“ဒေါ်ကြီးက ကြော်ငြာကို အလွတ်ကျက်ထားတာလ...
ဆယ့်နှစ်နှစ်တောင်ရှိပြီ မမေ့ဘူး ဆိုတော့။ ဒီကြော်ငြ...
နှစ်ရက်တစ်ခါ သုံးရက်တစ်ခါမှာ ပြန်ရှာကြည့်နေ...
လား”





“ဘယ်လို ပြောလိုက်တာလဲ ထွန်း၊ အဲဒီတုန်းက သတင်းစာထဲမှာ ပိုက်ဆံကုန်ခံပြီး နှစ်ပတ်လောက် ဆက်ထည့်ခဲ့တာ၊ ဒေါ်ကြီးလို တစ်အိမ်တည်းသား မပြောနဲ့၊ အဲဒီတုန်းက အဲဒီကြော်ငြာ ဖတ်ဖြစ်ခဲ့တဲ့သူတွေတောင် အလွတ်ရနိုင်သေးတယ်။ ဒီလောက် ကြော်ငြာထားတောင် မိဘလာမရှာတာထောက်တော့ အမိရော အဖရော မရှိတော့ဘူး ...

“အတူနေလက်ကျန် မိထွေးကသော်လည်းကောင်း၊ ပထွေးကသော်လည်းကောင်း၊ လာစွန့်ပစ်တာပဲလို့ ယူဆလိုက်ကြရတာပေါ့။ ထွန်းကို ဘယ်သူမှ လာမရှာဘူး။ မမစိုးက မွေးခဲ့တာ”

ထွန်း ရင်ထဲမှာ နားညည်းနားပူသလို ခံစားလာရ၏။ ထွန်း အိပ်ရာထဲ လှဲချလိုက်သည်။ အဲသည်လိုဆိုတော့လည်း ဒေါ်ကြီးက ပန်ကာထဖွင့်ပေးပါသည်။ ထွန်းသည် ဤအိမ်မှာ အိမ်ဖော်သာသာအဆင့် မဟုတ်ပါ။ အိမ်ဖော်တွေကို ခိုင်းစေနိုင်သော၊ အခိုင်းခံအိမ်ဖော်များက အလိုက်သိ ပြုစုပေးရသော သမီးတစ်ယောက်၏ အခွင့်အရေးကိုတော့ ရခဲ့ပါသည်။

“စောင်ခြုံမလား ထွန်း”

ထွန်းက ဘယ်လောက်ချမ်းချမ်း၊ ပန်ကာဖွင့်ပြီးမှ စောင်ခြုံ၍ အိပ်တတ်သည်။ ထွန်းက အအေးသိပ်ကြိုက်သည်။ ဖေဖေ ဒီတစ်ခါ ရာထူးတိုးပြီး ပင်စင်ယူကာနီးမို့ ရန်ကုန်ပြန်ပြောင်းခွင့်ရလျှင်၊ အိပ်ခန်းတွေအားလုံး လေအေးစက်တပ်ပေးပါ

ဟု ဖေဖေ့ကို ပူဆာထားတာ၊ ဖေဖေ ခေါင်းညိတ်ထား၏။ ဒါမျိုး တွေ အတွေးထဲဝင်ပေမဲ့ ထွန်း ရင်ထဲမှာ ခါးသီးနေသည် ဘယ်သူ့ကို ရယ်လို့တော့ မဟုတ်ပါ။ တစ်လောကလုံးကို ဖြစ်၏ လောကကြီးကို ဖြစ်၏။ တစ်လောကလုံးကို ခါးသီးမှုတော လောကကြီးထဲမှာ ရှိရှိသမျှသော သက်ရှိသက်မဲ့ အားလုံးလည် ခါးသီးမှုကြီးထဲ ရောထွေးပါဝင်သွားရတော့သည်ပဲ ဖြစ်၏။

"ရပါတယ် ... ချမ်းမှ ထခြုံမယ်၊ ထွန်း တစ်ခါတည် အိပ်လိုက်တော့မယ်"

"ဘုရားမရှိခိုးတော့ဘူးလား ထွန်း"

"မနေ့က ခိုးထားပါတယ်"

"ကြည့်စမ်း"

ခါတိုင်းဆိုလျှင်တော့ ထွန်း အပြောလေးကို ချ စရာဖြစ်ပြီး ထွန်း နဖူးကို မနာအောင် ခေါက်ချင်ခေါက်ဖြစ် မည်။ ခုတော့ ... ရင်ထဲမှာ ချဉ်သွားမိသည်။ လောကကြီး ဖြစ်ရပ်အချို့သည် တစ်ခုနှင့် တစ်ခုကြား မှန်ကြည်ပါးပါးလေ တစ်ချပ်ပဲ ခြားတတ်၏။ ဒီမှန်ချပ်ပါးပါးကလေး ခြားနေသမျှ တစ်မျိုး၊ အဲသည်ပါးပါးလေး ကွဲရှကွာကျသွားရုံနှင့် ဆန့်ကျ ဘက်နီးပါး ခံစားဖြစ်ထွန်းမှုတွေဆီသို့ ကူးပြောင်းသွားတတ် ဟာ အလွန် အံ့ဩဖွယ် ဖြစ်တော့သည်။





## ၄

"ကျွန်မကို ဒီအိမ်မှာ အလုပ်သမား တစ်ယောက်အဖြစ် နေခွင့်ပေးပါ။ ခွင့်ပြုမယ်ဆိုရင် ကျေးဇူးအများကြီး တင်ပါတယ် မေမေ"

"ညည်းကို ငါက မောင်းချလို့လား"

"မေမေက မောင်းမချပေမဲ့၊ သမီးအရာမှာ နေပြီး ဒေါ်ကြီးတို့ နီကလေးတို့ကို ကျွန်မက အဆင့်မြင့် နေရာကနေ ခိုင်းစေနေရတာကို ကျွန်မ စိတ်မသန့်လို့ပါ။ ကျွန်မမှာ အဲဒီလို အခွင့်အရေးမျိုးရဖို့ မရှိဘူးလို့ ထင်ပါတယ်။ လောလောဆယ် အားကိုးစရာလည်း လုံးဝ မရှိလို့ မေမေတို့ဆီမှာပဲ ဆက်လက်ခိုလှုံခွင့်ကို ကျွန်မ တောင်းပန်တာပါ"

"အရင်တုန်းက ပုံစံနဲ့ မနေရဘူးလို့ တားခဲ့သူရှိသလား"
ပြောစမ်းပါ"

"မရှိပါဘူး မေမေ၊ ကျွန်မဆန္ဒနဲ့ ကျွန်မ သင့်တင့်လျော
ပတ်ရာ နေရာကို ပြောင်းချင်တာပါ"

"အေး ... အရင်တုန်းကတော့ ညည်းကို သမီးအဖြ
မွေးစားခဲ့တယ်။ မွေးစားခဲ့ရာမှာ လိုလေသေး မရှိတာလည်
ညည်း အသိဆုံး၊ အဝတ်မှာ၊ အစားမှာ၊ ကျောင်းတက်
အခါမှာ၊ ညည်း ... သူများတန်းမတူဘဲ အောက်တန်း နေရ
တန်း ကျရတာမျိုးများ တစ်ခုတလေ ရှိသလား"

"မရှိပါဘူး မေမေ"

"ညည်းက အဲဒီနေရာမှာ မနေချင်တော့ဘူးဆိုတော့။ အိမ်ဖေ
လုပ်မယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ငါတို့ အိမ်မှာ အိမ်ဖော်အသစ် ခန့်စရာနေရာ မရှိဘူ
အိမ်ဖော်လျှောက်တာ ဆိုရင်တော့ အိမ်ဖော်မလိုဘူးလို့
ငြင်းတယ်။ ဒီမှာ ဒေါ်ကြီးနဲ့ နီကလေး နှစ်ယောက်ရှိ
နိုင်တယ်။ ငါကလည်း အလကားနေတာ မဟုတ်ဘူ
မီးဖိုချောင်ဝင်တဲ့အခါ ဝင်နေတာပဲ။ အလုပ်လိုချင်
တောင်းတာ ဆိုရင်တော့ တခြားမှာ သွားတောင်းပေတော့
မွေးစားသမီးအဖြစ်က ငါကတော့ မစွန့်လွှတ်ပေးဘူ
နေချင်ဆက်နေ။ ကျုပ် စကားကုန်ပြီ"





ဒေါ်မြင့်မြင့်စိုးက သားနှင့်သမီးကို၊ သား၊ သမီးဟူ
လည်းကောင်း၊ ကိုကြီး၊ မမဟူ၍လည်းကောင်း ခေါ်မြဲမှာ၊ ကိုယ့်
တွက် နာမ်စားကျတော့ မေမေကိုပဲ သုံးပါသည်။ သို့ပေမဲ့ ...
ါသထွက်သည့်အခါများမှာ စိတ်မဆိုးပေမဲ့ စိတ်လိုက်မာန်ပါ
ရင်းတနှီး ချစ်စနိုး ပြောသည့်အခါတွေမှာ "ကျုပ်" ဟု သုံး
တ်သည်။ "ငါ"ဆိုတာကိုတော့ တကယ်ဒေါသထွက်သည့်အခါ
းမှာ သုံးပါသည်။ ထွန်းပေါ်လည်း ထိုနည်းလည်းကောင်းပါ။
တစ်ကြိမ် "ညည်း"တို့ "ကျုပ်"တို့ဟာ ချစ်စနိုး မဟုတ်ပါ။
တ်ဆိုးလို့ ပြောသည့် အသုံးအနှုန်းတွေ ဖြစ်ပါသည်။

"အဲ ... ဒါက ဘယ်လဲ"

ထွန်းက ကျောင်းလွယ်အိတ်ကလေးလွယ်၊ လက်
ိုင်အိတ်ကလေးဆွဲ၍ ထွက်လာ၏။ ဒေါ်မြင့်မြင့်စိုး ရှေ့မှာ ချ
ည်။ ဦးဝင်းကျော်က ဒေါ်မြင့်မြင့်စိုးကို ပြောထားသည့်စကားတွေ
ကြားရသေးသည်မို့ ဘာမှန်း မသိသောကြောင့် မေး၏။

"ကျောင်းစာအုပ်တွေနဲ့ ကျောင်းဝတ်စုံသုံးစုံအပြင် ဝတ်စုံနှစ်
စုံနဲ့ ခါးမှာ ဝတ်ထားတဲ့ ဝတ်စုံ ... ယူသွားပါရစေ မေမေ။
ဒီမှာ တခြား ဘာမှမပါပါဘူး။ မေမေ စစ်ကြည့်နိုင်ပါတယ်၊
ဒါက ... မေမေ ကျွန်မကို ဆင်ထားတဲ့ ရွှေထည်ပစ္စည်း
တွေပါ"

လက်ထဲမှာ ... နားကပ်တစ်ရံ၊ ဆွဲကြိုးတစ်ကုံး၊
က်စွပ်တစ်ကွင်းနှင့် လက်ပတ်နာရီတစ်လုံး။

ဒေါ်မြင့်မြင့်စိုး ဒေါသ ထောင်းခနဲ ထ၏။ "ဝ
မလွယ် သားမမယ်" ... ဆိုတာ ဒါပဲဟု စိတ်နာ၏။ သူက မွေး
သမီးလားမေးလို့ ဟုတ်ကြောင်း ဖြေမိရုံနှင့် သူကစလို့ "ကျွ
တွေ ဘာတွေ သုံးသည်။ မေမေ ဆက်ခေါ်နေသေးတာကိုတေ
ကြည်နူးစိတ် မဖြစ်နိုင်။ သူက အိမ်ဖော်လုပ်မလို့ ဆိုပဲ။ အ
လွယ်ကူချောမွေ့လျက် ပြေပြစ်လျက်ရှိသော လမ်းကြောင်းတစ်
တကူးတက တွန့်ခေါက်ပစ်သူအဖြစ် စိတ်ဆိုး၏။ ဒီတိုင်းသ
နေသွားတော့ ဘာဖြစ်မှာမို့လဲ။ သူ့ကို၊ ကိုကြီးတို့ မမတို့လေ
မချစ်မိတာတော့ အမှန်ပါ၊ ဒါကို ငြင်းလည်း မနေချင်။ က
ဗိုက်ထဲက ထွက်တာလည်း မဟုတ်၊ ဆွေမျိုးသားချင်းလေး
လည်း မတော်စပ်၊ ကိုယ့်သား ကိုယ့်သမီးလောက် မချစ်
ကိုယ့်သား ကိုယ့်သမီးလောက် အရေးတယူ အရောတဝင်
လုတာကိုလည်း ကိုယ့်ဘာသာတော့ လိပ်ပြာသန့်၏။ ဒီ
တော် မျိုးမစပ် ကောက်ရသမီးကို ဒီလောက် ပြုစုစောင့်ရှေ
ခဲ့တာ ကိုယ့်ဘက်က ပြုမူပေးလိုက်သည့် မနည်းမနော ကျေ
ကြီး မဟုတ်ပေဘူးလား။ ဒါကို ပြန်မဆပ်ချင်နေပါ။ အသိအ
လေးတော့ ပြုပေးဖို့ မကောင်းဘူးလား။

ဒေါ်မြင့်မြင့်စိုးက ဦးဝင်းကျော်ကို ရှင်းပြ
သည်။





"သြော် ... ဒီလိုလား။ မဆိုးပါဘူး။ ကောင်းသားပဲ။
ကိုယ်တို့ အိမ်မှာ အလုပ်သမားနှစ်ယောက်တည်းဆိုတော့
လည်း ခြံကိစ္စနဲ့ဘာနဲ့ဆိုတော့ မလောက်ပေါဘူး။ ဒေါ်ကြီးက
ထမင်းချက် အဝတ်လျှော်၊ နီကလေးက ခြံကိစ္စလုပ်၊ ရေ
လောင်းပေါင်းသင်ပေါ့။ ထွန်းက တစ်အိမ်လုံးရဲ့ သန့်ရှင်းရေး
ကို တာဝန်ယူ၊ ဒေါ်ကြီးက အသက်လည်းကြီးတော့ တစ်
နေ့တစ်နေ့ တံမြက်စည်းကို အနိုင်နိုင် လှဲနေရတာ၊ ညှော်ခန်း
ကြမ်းပြင်ဆိုလည်း မပြောင်တာ ကြာပြီ။ အဲဒါ ထွန်း လုပ်။
ထွန်းကို မေမေ အလုပ်ခန့်တယ်"

"ရှင် ဘယ်လို ပြောလိုက်တာလဲ"

ထွန်းက မျက်လုံးလေး ဝင့်လျက် ကျေးဇူးတင်သွား
မဲ့ မေမေ့စကားကြောင့် လန့်ဖျပ်ရပြန်ပါသည်။ စင်စစ် ...
:က ဒီအိမ်မှာပဲ ဆက်နေခွင့်ရချင်ပါသည်။ ထွန်းမှာ ပြေးစရာ
ရှိပါ။ သွားရောက်မှီခိုအားကိုးလောက်စရာ မိတ်ဆွေအပေါင်း
င်း မရှိပါ။ ဒီအိမ်ပေါ်က ဆင်းလျှင် မိဘမဲ့ဂေဟာဖြစ်ဖြစ်
နေရာက ဒီအရွယ်ကြီး လက်ခံမလား လက်မခံဘူးလားတောင်
ချာပါ) သီလရှင်ဇရပ်ဖြစ်ဖြစ် သွားရမှာ။ သီလရှင်ဇရပ်မှာ
တ်ကြောင်တွေ လက်မခံဘူးဆိုလျှင် ခေါင်းတုံးတုံးပြီး သီလ
ဝတ်ပစ်လိုက်တော့ဖို့ထိ တွေးထားခဲ့ပါသည်။

"အလုပ်သမား ဖြစ်သွားပြီဆိုတော့ ချွေမဆင်တော့ဘူးပေါ့၊
ထွန်း ပြန်အပ်တာ မှန်တာပေါ့၊ ပေး ... နားကပ်တစ်ရံ

တော့ ပြန်ယူပြီး ဝတ်ထား၊ နောက်မှ လခနဲ့နှိမ်တာပေ
ဒီမှာ ထွန်း ... အလုပ်စကားပြောမယ်”

ဦးဝင်းကျော်က ဆွဲကြိုး၊ လက်စွပ်နှင့် နာရီကိုယူ
ဒေါ်မြင့်မြင့်စိုး လက်ထဲသို့ထည့်သည်။ ဒေါ်မြင့်မြင့်စိုးက ခင်ပွ
သည်ကို နားမလည်နိုင်အောင် ဖြစ်ရ၏။

“အခေါ်အဝေါ် အသုံးအနှုန်းကတော့ ဖေဖေနဲ့ မေ
ကိုကြီးနဲ့မမပဲ ဆက်သုံး၊ နီကလေးလည်း ဒီလိုပဲခေါ်
တာပဲ၊ ညည်းကိုယ် ညည်းတော့ ကျွန်မ ပြောရတ
ကြိုက်တယ်မှုလား၊ ပြော”

ခါတိုင်း ဖေဖေက “ကလေး” “ထွန်း”ဟု ခေါ်
သည်။ ယခု ... ညည်းဆိုတော့ နားထဲမှာ စိမ်းသက်၏။ အခ
စွက်ချင်ပေမဲ့ ဒါကို လက်ခံနိုင်ရမည်ဟု ကိုယ့်ကိုယ်ကိုယ် အ
တင်းလိုက်ပါသည်။

“ကျောင်းလည်း ဆက်တက်။ ဘာဖြစ်လို့လဲ ဆိုတေ
တစ်အိမ်လုံး သန့်ရှင်းရေးဆိုတာ မိုးလင်းကမိုးချုပ် လုပ်
စရာမှမလိုဘဲ၊ မနက်စောစော ထလုပ်လိုက်လည်း ပြီးတယ
ကျောင်းက ပြန်တော့ တစ်ခေါက်ရှင်းချင်ရှင်း၊ ပြီး
စာကျက်ပေါ့ ...

“နေ့ခင်းဘက် ကျောင်းသွားတက်တဲ့အချိန်ကို အ
ချိန်လို့ သဘောထား။ အဲဒီအတွက် ငါတို့က လခပေးမယ
ကျောင်းစရိတ်ကို ညည်း လခထဲကသုံး၊ ဖြစ်မလား





“ဖြစ်ပါတယ်”

“ကိုးတန်း ဆယ်တန်း ရောက်ရင် ကျူရှင်ဖိုး လောက်မှာ
မဟုတ်ဘူး၊ ကျူရှင်ယူချိန်လည်း သိပ်ရမယ် မထင်ဘူး၊
ဖြစ်ပါ့မလား စဉ်းစား”

“ဖြစ်လိမ့်မယ် ထင်ပါတယ်၊ မဖြစ်ရင်လည်း အဲဒီကျမှ
ဖြစ်မဲ့ကိစ္စကို အဲဒီရောက်မှ စဉ်းစားပါ့မယ်”

“ပြီးတာပဲ ... ကဲ၊ ညည်း အိတ်ပြန်ယူသွားတော့။ ညည်း
အခန်းထဲမှာ ဒေါ်ကြီးလည်း ရှိနေတာပဲဆိုတော့ နေမြဲတိုင်း
နေပေါ့၊ နီကလေးရှိတဲ့ စတိုခန်းထဲ ပြောင်းစရာ မလိုဘူး၊
ဟုတ်ပြီလား”

“ဟုတ်ပါပြီ”

“သွားတော့”

ထွန်းက အိတ်ကလေး ဆွဲ၍ အခန်းထဲသို့ ပြန်ဝင်၏။

အနားမှာ ရှိနေသော (အခဆောင်မပြန်သေးသော)
ကိုကြီးက ဖေဖေနှင့် ထွန်းတို့ လုပ်ပုံကို အံ့ဩလွန်း၍ ပါးစပ်
အဟောင်းသား ပွင့်ရတော့သည်။

“ဘယ်လိုလုပ်လိုက်တာလဲလို့ မေးမလို့ မဟုတ်လား။
ဒီကလေးက ငယ်ငယ်တည်းက စိတ်တစ်မျိုး။ သူ့စရိုက်က
တော်တော်ဆန်းတာ ငါ လေ့လာမိတယ်ကွ၊ အိမ်မှာ သူ့
ကိုယ်သူ လူပိုလို ခံစားရတယ်လို့ ဒေါ်ကြီးကို ပြောပြော

နေတယ်မှလား။ အဲဒါ ဟုတ်လည်းဟုတ်တာပဲ၊ ငါတို့က သူ့ကို ခပ်ကင်းကင်းနေမိတာထက်၊ သူက စလို့ ပိုကင်းကင်းနေတာ၊ အသက်ကလေး နည်းနည်းကြီးလာလေ ...

"လောကကြီးကို အရွဲ့တိုက်ချင်လေလေပုံစံ ဝင်လာတယ်။ ပြီးတော့ ... မင်းပဲ ငါ့ကို ပြန်ပြောတာလေ စိုးရဲ့။ သူ ... ဒေါ်ကြီးကို ပြောပြောနေတယ်ဆို။ အရမ်းသူဌေးကြီး ဖြစ်ချင်တယ်ဆိုတာလေ။ ဘယ်နည်းနဲ့ ဖြစ်ရဖြစ်ရဆိုလို့၊ ငါကတောင် ... ကြောက်နေရပါလား ပြောသေးတာကော"

"ဟုတ်ပါရဲ့"

"မင်းက သူ့ကို အိမ်ဖော်မခန့်ရင်၊ သူ အဟုတ်ဆင်းမှာ။ ဒီမြို့မှာ တစ်မြို့လုံး သိထားကြတာ၊ သူဟာ ငါတို့ရဲ့သမီးပဲ။ သူ လမ်းပေါ်ရောက်ပြီး မဟုတ်တာဖြစ်ရင် ငါတို့ပဲ အရင်ဆုံး အရှက်ကွဲမယ်၊ ဒုက္ခရောက်ရင်လည်း မကြည့်ရက်ပါဘူး စိုးရယ်၊ ဆယ့်နှစ်နှစ် တူတူနေခဲ့တဲ့ သံယောဇဉ်ကလည်း ရှိတဲ့ဟာကို ...

"အဲဒီတော့၊ သူ အိမ်ပေါ်က ဆင်းမသွားမဲ့နည်းကို ငါက သုံးလိုက်တာ။ နေပစေပေါ့၊ သူ့ဘာသာ အိမ်ဖော် သတ်မှတ်ပေမဲ့ ငါတို့ ဆက်ဆံရေးက မပြောင်းလဲရင်ပြီးတာပဲ"





"အင်း ... သူ ဘယ်ပုံစံ ပြောင်းမယ်ဆိုတာ စောင့်ကြည့်ရမှာပဲ"

"စောင့်သာကြည့်တော့ သားကြီးရေ၊ ဒီကောင်မလေး မလွယ်ဘူး၊ မင်းတို့ကိုသာ ဖျောင်းဖျရတာ၊ ငါကိုယ်တိုင်တောင် ခပ်လန့်လန့်ရယ်"

"ဒါမျိုးပေါ့ ... ခြေနှစ်ချောင်းနဲ့ နားရွက်တို မကယ်ကောင်းဘူးဆိုတာ"

"မေတ္တာမပျက်ပါနဲ့ စိုးရယ်၊ ကိုယ် ပြုသမျှ ကိုယ့်ကုသိုလ်ပေါ့"

ဦးဝင်းကျော် အမိန့်ဖြင့် ... ထွန်း ဒီအိမ်ပေါ်မှ မဆင်းတော့ပါ။ -

"ဟော ... ဒီသတင်းကို မတိုင်မပင် ထည့်ပစ်လိုက်ပြီ။ လူတွေ တွေ့ရင် ဘာထင်မလဲ"

"မထင်ပါဘူး၊ ငါတို့နာမည် ငါတို့ လိပ်စာမှ မပါတာ"

"ခင်ခင်ထွန်း ဆိုတာ ပါတယ်"

"လောကမှာ ခင်ခင်ထွန်းတွေ အများကြီးပါကွာ။ ဒါနဲ့မှ အားမနာ လျှာမကျိုး လာမေးတဲ့သူရှိလည်း ဟုတ်တယ်

ပြောလိုက်ရုံပေါ့။ ဒါ … ရာဇဝတ်မှုမှ မဟုတ်တာ။ ကိုယ့်ဘက်မှာ ဘာအမှားမှ မရှိဘူး"

"သူ့ဆရာမကို ဖွင့်ပြောပြီး အကူအညီ တောင်းတယ် ထင်တယ်"

"ဒါနေမှာပေါ့၊ သူ လာပြောရင် တိုင်ပင်ရင် အကြံပေးလိုက် ဘာမှ လာမပြောလဲ မေးမနေနဲ့တော့"

"စိုးတော့ သူ့ကို စိတ်ပျက်လာပြီ"

"ပျက်ရတော့မယ်နဲ့ တူပါရဲ့"

ဦးဝင်းကျော်ပင့်လျှင် စိတ်ပျက်မိတော့သည်။ သတင်းစာထဲမှာ ထွန်းက ကြော်ငြာတစ်ခုကို မတိုင်ပင်ဘဲ ထည့်လိုက်သည်မို့ပါ။

ထွန်းခဲ့သော ဆယ့်နှစ်နှစ်က ကွဲကွာခဲ့သော ဖခင် ဦးတင်မောင်ထွန်း။ သက်ရှိထင်ရှား ရှိသေးလျှင် သမီးဖြစ်သူ ခင်စင်ထွန်းနှင့် ဆက်သွယ်ပါ။

ကြော်ငြာက တိုသည်မို့ ဖတ်မိသူလည်းရှိ၊ မဖတ်မိသူလည်းရှိ၊ အောက်မှာပေးထားသော လိပ်စာက အတန်းပိုင်ဆရာမ လိပ်စာမို့၊ အဲသည် ဆရာမကို ဆရာမအချင်းချင်းက မေးကြမြန်းကြ။ ဖတ်မိသူနည်းသည် ဆိုတာတောင်၊ ဒီကိစ္စက မကျယ်ဝန်းလှ သော မြို့ကလေးတစ်မြို့အတွင်းမှာတော့ အုတ်အုတ်ကျက်ကျက် ဖြစ်သွားရတော့သည်။





"ခင်ခင်ထွန်းက မွေးစားသမီးတဲ့"

"သူ့အဖေကို သူ ပြန်ရှာတာလေ"

မွေးစားမိဘ၏ ကျေးဇူးတရားကို အမွှန်းတင် ပြောသူက ပြော၊ ကဲ့ရဲ့သူက ကဲ့ရဲ့၊ တချို့ကျတော့ ထွန်းကို ရှုတ်ချ၊ တချို့က ထွန်းကို မြှောက်ပေး၊ အားလုံးထဲမှာ အဆိုးဆုံးက ဆက်သွယ်ရန်လိပ်စာ … ဆရာမလိပ်စာ ဖြစ်နေခြင်းက ဦးကျော်ဝင်း ဒေါ်မြင့်မြင့်စိုးကို သို့လော သို့လော တွေးထင်စရာ ထိခိုက်ချက် ဖြစ်တော့၏။ ဒါကို ခုမှ တွေးမိသော ဆရာမက ဦးဝင်းကျော် ထံ ကိုယ်တိုင် လာတောင်းပန်ရရှာသည်။

"ကျွန်မလည်း … သူက သနားအောင်ပြောပြီး အကူအညီ တောင်းလို့လေ။ အတန်းထဲမှာ စာတော်တဲ့ ကျောင်းသူ အဖြစ်၊ ချစ်ကလည်းချစ်တော့ ရှေ့နောက် သေချာမစဉ်းစား ဘဲ ကူညီလိုက်မိတာပါပဲရှင်၊ ခုတော့ … ဘာပဲဖြစ်ဖြစ်၊ ဦးဝင်းကျော်တို့ ဒေါ်မြင့်မြင့်စိုးတို့အပေါ် မကောင်းမြင်စရာ ဖြစ်လာတော့ ကျွန်မဖြင့် အားလည်းနာ ရှက်လည်းရှက်၊ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်ပါတယ်၊ ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ပါဘူး"

ဒေါ်မြင့်မြင့်စိုးက မွေးစားသမီးအဖြစ် ထားပါလျက် အိမ်ဖော်လုပ်ချင်တယ် ဆိုသည့် သဘောထားဆန်းဆန်းနှင့် ဂျစ်ကန်ကန် လုပ်မှုကို ပြောဖြစ်တော့သည်။

"မထူးတော့ပါဘူး၊ တစ်လက်စတည်း ... ဒါဆို ကျွန်မပဲ ဆက်မွေးစားထားလိုက်တော့မယ်၊ ကျွန်မ အိမ်မှာကျတော့လေ၊ ကျောင်းမှာ ဆရာမ မလုပ်ဖြစ်တဲ့ သူငယ်ချင်းတွေက ကျူရှင်ဝိုင်း လာထောင်ထားတာ ရှိတယ်၊ ခြံလည်းကျယ်တော့ အဆောင်တစ်ခုကို ဆောက်ထားတာ၊ စခန်းသွင်းပေါ့ ...

"ကျွန်မအဖို့တော့ တစ်ယောက်စာနဲ့ မထူးဘူး၊ ရလို့လည်း သူ ငွေးမဖြစ်၊ မရလို့လည်း မွဲမသွားတော့လေ"

"သူ့သဘောပါပဲ ဆရာမရယ်၊ ကျွန်မတို့က သံယောဇဉ်နဲ့ စောင့်ရှောက်ပါတယ်၊ အရွယ်ကလေးကလည်း ရလာပြီ မဟုတ်လား၊ သူကတော့ သူ့သဘောသူ ဆောင်ပါတယ်"

ထွန်းက ဆရာမနောက်သို့ ... စာအုပ်လွယ်အိတ်တစ်လုံး၊ ကျောင်းဝတ်စုံသုံးစုံ၊ အပြင်ဝတ်စုံနှစ်စုံ၊ ခါးဝတ်ခါးစားတစ်စုံနှင့် သူ အိမ်ဖော်လုပ်၍ရသော ပိုက်ဆံထဲမှ မုန့်မစားဘဲ စုထားသော (ကျောင်းမှာ အကြောင်းကြီးငယ် ရှိလျှင်တော့ အလှူငွေ ထည့်ရသည့်) ပိုက်ဆံသုံးထောင် ပိုက်လျက်၊ နားကပ်ကိုချွတ်၍ ဒေါ်မြင့်မြင့်စိုး လက်ထဲသို့ ထည့်လျက် (ယူသွားပါ ပြောတာကို ဖွတ်ငြင်းသည်)အိမ်ပေါ်မှ ဆင်းရန် ဒုတိယအကြိမ် ပြင်ဆင်၏။

ဒီတစ်ကြိမ်မှာတော့ ... ထွန်း၊ အိမ်ပေါ်မှ တကယ် ဆင်းဖြစ်ပါသည်။





ထွန်းက ... "ဦးတင်မောင်ထွန်း" ကို မျှော်ပါသည်။ တကယ် ရောက်လာသူက အမျိုးသမီးကြီးဖြစ်၏။

"အမယ်လေး ... သမီးလေးရယ်၊ ဒီတစ်သက် ပြန်မတွေ့ရတော့ဘူး မှတ်နေတာ"

မျက်ရည်လေး တစမ်းစမ်းစိမ့်၏။ ပြော၏။ ဖက်၏။ သူ့အဖက်အပွေ့မှာ ထွန်းက တောင့်တောင့်ကြီး ဖြစ်နေသည်။ "မိခင်ရင်း" ဆိုသော အမျိုးသမီးကြီးထံသို့ မေတ္တာသက်ဝင်ခြင်း မဖြစ်မိဘဲ စိမ်းသက်စွာ ခံစားရပြန်သည်။

"သမီးက အမေ့နာမည်ကို ဘယ်မှတ်မိမလဲ။ သမီးအဖေနဲ့ အမေက သမီး ရှစ်လသမီးမှာ ကွဲကြကွာကြတာ။ အမေက သမီးကို ခေါ်ပြီး ဆင်းသွားတာပါ၊ အမေက ဆင်းရဲတယ်လေ၊ ဈေးရောင်းရတယ်။ ဈေးရောင်းထွက်ရင် သမီးကို အိမ်နီးပါးချင်းနဲ့ အပ်ခဲ့ရတာ၊ ဒုက္ခရောက်ပါတယ် သမီးရယ် ...

"တစ်နေ့မှာ ညည်းအဖေက လာခိုးတာ သိလား။ ကလေး ပြန်ပါလာရင် ပြန်ပေါင်းမယ်ထင်လို့ နေမှာပေါ့။ အမေက ပြန်မပေါင်းပါဘူး။ ညည်းအဖေတို့က လူချမ်းသာ

မျိုးရိုး၊ ကျုပ်နဲ့ သဘောမတူဘူး။ ယောက္ခမ၊ ယောက်မ
တွေဆိုတာလည်း ဆိုးလိုက်တာ မပြောပါနဲ့တော့။ ဒီဒုက္ခ
တွင်းကြီးထဲ ဘယ်ပြန်ဝင်နိုင်ပါ့မလဲ ...

"ကလေးပဲ ရအောင် ပြန်တောင်းတာ။ လုံးဝကို
မရတော့ပါဘူး၊ နောက်တော့ သူလည်း အိမ်ထောင်ပြုတယ်
ကြားလို့ ကလေးသွားတောင်းမယ် စိတ်ကူးတုန်း၊ ကလေး
ပျောက်သွားတယ့် ကြားတာပဲ။ အမေဆိုတာ သုံးလေးလ
လောက် ရူးသွားသေးတယ်၊ လူမှန်းသူမှန်း မသိဘူး၊
နောက်မှ ပြန်ကောင်းတာ"

"အမေက မိဘဆွေမျိုး မရှိဘူးလား"

"မရှိလို့ပေါ့။ တစ်ကောင်ကြွက်မို့လို့ ယောက်မတွေ
ယောက္ခမတွေက နိုင်တာ၊ သတင်းစာထဲ တွေ့တော့
ဒါ ... အမေ့သမီးပဲဆိုပြီး လာတာ၊ ဦးတင်မောင်ထွန်းရဲ့
သမီး၊ ခင်ခင်ထွန်း၊ လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်က ပျောက်သွား
တာ။ ဒါဆို အမေ့သမီးပဲ သေချာတယ်။ ရန်ကုန်မှာ
ပုသိမ်ညွှန့်မှာ မီးရထားလမ်းနားမှာ ပျောက်သွားတာတဲ့
လေ။ ဘယ့်နှယ် ဒီလောက်ဝေးတဲ့ မြို့ကို ရောက်နေရတာလဲ"

"ပုသိမ်ညွှန့်မှာ မီးရထားလမ်းနားမှာ ပျောက်သွား
တာ" ... ဆိုတာ တစ်ခွန်းတည်းနှင့်ပင်၊ တိုအမျိုးသမီးကြီးကို
"အမေ"ဟု ယုံလိုက်မိပါသည်။ ပုသိမ်ညွှန့်တွေ မီးရထားလမ်း





တွေအကြောင်း၊ ဆရာမကို ပြောပြသည့်အထဲမှာတောင် မပါ။
ည်သူမျှ မသိ။ အရင်နေခဲ့သည့် မွေးစားမိဘနှစ်ပါးနှင့် ကိုကြီး
ကို မမတို့ပဲ သိသည်။ သူတို့အိမ်မှာ နေရတာ၊ သူတို့က ကိုယ့်
ကို မျက်နှာမငယ်စေပေမဲ့ ကိုယ့်ဘာသာ (ရှက်လည်းရှက်၏)
မျက်နှာငယ်ကာ လုံးဝ မနေချင်တော့ဘဲ ဆင်းလာခဲ့တာပေမဲ့၊
ဖေဖေ မေမေနှင့် ကိုကြီးတို့ မမတို့ဟာ ထွန်းအကြောင်း လျှာ
ချောင်စွာ တွေ့သမျှလူ ပြောနေမည့်သူတွေ မဟုတ်ကြပါ။
ါကိုတော့ ထွန်း ယုံ၏။ သူတို့ မပြောလျှင် မိရင်းဖရင်းမှလွဲ၍
မသိနိုင်သော ဤကိစ္စကို ပြောပြနိုင်သူမှာ မိရင်းဖရင်းပင် ဖြစ်ပါ
လိမ့်မည်။

"အမေကရော"

"လေဖြတ်သလေ ... ရှိပစ္စည်းလည်း ကုန်ပါပြီ။ သေကောင်
ပေါင်းလဲဖြစ်တော့ နောက်မိန်းမက ပစ်သွား၊ အပြီးသတ်ကျ
ဒီမယားကြီးကပဲ ပြန်ပြုစုရတာပေါ့။ အခု အိမ်မှာ ရှိပါရဲ့၊
ထမှ မထနိုင်တာ။ ညည်းကို တွေ့ရင်တော့ ငုတ်တုတ်များ
ထထိုင်မလား မသိဘူး။ ငါ့သမီး ငါ့သမီးနဲ့ သမီးရူးရူးနေ
တာ၊ တစ်ခါတည်းသာ လိုက်ခဲ့ပေတော့၊ ဟိုမှာ ဖအေကြီးက
မျှော်လှရော့မယ်"

ဆရာမက ထွန်း သဘောကို မေးပါသည်။

"ထွန်း လိုက်သွားမယ် ဆရာမ"

"ကျောင်းရော ..."

"အမယ်လေး ဆရာမရယ်၊ ရန်ကုန်ပါ။ ကျောင်း
ကျူရှင်တွေ၊ ဘော်ဒါတွေ၊ စခန်းသွင်းတွေမှာ နေပါ
ပေါ်မှပေါ။ ပိုက်ဆံပဲ လိုတယ်။ ရန်ကုန်မှာ ပိုက်ဆံ
ရှိပစေ။ နတ်ပြည်တက်မလား၊ ဗြဟ္မာ့ပြည်တက်မလ
ပိုက်ဆံမရှိလို့ကတော့ အဝီစိထဲ ပြုတ်ကျပြီသာမှတ်"

"အစ်မကြီးက စကားပြောတာ ဟောဟောဒိုင်းဒိုင်းရှိတယ

ဆရာမက သက်သက်သာသာ ဝေဖန်ပေမဲ့ ထွန်း
တော့ ဖိဖိနှိပ်နှိပ်ကလေး ဝေဖန်ချင်၏။ "အမေ" ဆိုသော အ
သမီးကြီးဟာ မေမေနှင့်တော့ အကွာကြီး ကွာသည်။ မေမေ
အဆင့်အတန်း မြင့်လျက် ဂုဏ်ကျက်သရေရှိ အမျိုးသမီးကော
သမီးကြီးပုံစံ ဝင်၏။ ဟန့်ထယ်၏။ သိမ်မွေ့ညက်ညောာ
ယဉ်ကျေးဖွယ်ရာ ရှိ၏။ အရာရှိကြီးကတော် ပီသစွာ နေတတ်
တတ်လိုက်ပုံများ၊ ကျက်သရေကို ရှိလို့ဖြစ်၏။ အမေကတေ
ရုပ်ရည်ရူပကာအားဖြင့် ရှက်ကြမ်းရေချိုမှာ၊ စရိုက်ပါ ကြမ်
ရသည်။ အပြောကြမ်း အနေကြမ်းပုံရသည်။ သိမ်မွေ့ခြင်း ကျ
သရေသည် အမေ့မှာ လုံးဝမရှိ။

မြင်ရုံနှင့် အဆင့်အတန်းချင်းက ကွာချင်တိုင်းက
၏။ ဒါဟာ ... မေမေက အရာရှိကတော်အဖြစ် အထက်တန်းကျ
နေခဲ့ရပြီး၊ အမေကကျတော့ ဆင်းရဲပင်ပန်းစွာ ရုန်းကန်ခဲ့ရ
လည်း ဖြစ်နိုင်ပါသည်။





ပြောရလျှင် ... ထူးဆန်းသော စရိုက်မျိုးနှင့် ထွန်း
ဆိုသော မိန်းမသား၏ ဘဝအကူးအပြောင်းက ကိုးဆယ်ဒီဂရီ
ကွေ့လျက် ချိုးလေသတည်း။

ရန်ကုန်ကို ရောက်မှ ...

"ဖခင်ရင်း" ဦးတင်မောင်ထွန်းကို တွေ့သည်။
လေဖြတ်ထား၏။ ဘာအလုပ်မှ မလုပ်နိုင်တော့ချေ။ လမ်းလျှောက်
လျှင် လူတွဲလိုသည်။ ထမင်းဟင်းကို သူများက ခွံ့ကျွေးမှ အဖိတ်
အစင်နည်းသည်။ ကိုယ့်ဘာသာ စားလျှင် ဖိတ်တစ်ဝက် စင်တစ်
ဝက်။ ဤနေရာမှာ ... သွေးစကားပြောသည် ... ဆိုတာကို၊ ထွန်း
ယုံကြည်ရပါတော့မည်။ ဖေဖေ့ကို "ဖေဖေ" ... ဟု ချက်ချင်းကြီး
ယုံကြည်မိသည်။ သံယောဇဉ်ဖြစ်သည်။ နီးကပ်စွာ ခံစားမှု ဖြစ်
ထွန်းသည်။ စကားလုံးတွေ နှေးပေမဲ့၊ ဖေဖေက သူ ပြောလိုသမျှ
ပြောနိုင်ဆိုနိုင် ရှိနေပါသေးသည်။

"သမီး လိုက်မလာမှာစိုးလို့၊ သူ့ကို အမေ ရင်းလို့
ပြောလိုက်တာ" ... တဲ့။

"ဒါဖြင့် ... သူ ပြောပြတဲ့ သမီးရဲ့ ဇာတ်လမ်းဟာ အမှား
ကြီးပေါ့"

ဦးတင်မောင်ထွန်းက ခေါင်းညိတ်၏။

"အမှန်က ဘာလဲ ဖေဖေ"

"သမီးကို မွေးပြီးပြီးချင်း၊ သမီး မေမေက မီးတွင်းထဲ
ဆုံးတာ။ သမီးကို ပုသိမ်ညွန့် ဘူတာရုံနားမှာ ပျောက်သွ
တာက၊ ဖေဖေ့နောက်မိန်းမ လက်ထဲက ပျောက်သွားတ

"ဒီ ... ဒေါ်ကြီးလား ဖေဖေ"

"မဟုတ်ဘူး။ သူ့အရင်။ ဖေဖေ့မှာ ပြုစုဖို့ ဆေးပေးမီး
လိုအပ်တော့ ဖေဖေ အိမ်ထောင်ပြုရတယ်။ အိမ်ထောင်
မမြဲဘူး။ အိမ်ထောင်ဆက်များတာတော့ ကံတရားပဲ

အိမ်ထောင်တွေမမြဲဘူးတဲ့။ အိမ်ထောင်ဆက်များ
တဲ့။ ဘယ်နှဆက်ထိများ တိုင်ခဲ့ပါလိမ့်။ ထွန်း ... မေးမနေတော့

"အခု ထွန်း ကြော်ငြာတာကျတော့ တွေ့ပြီး၊ ဟိုတုန်
ထွန်းရဲ့ မွေးစားမိဘတွေ ကြော်ငြာတာကျတော့ မ
ဘူးလား ဖေဖေ။ ပြီးတော့ ... ထွန်းကို ဘူတာနာ
ပျောက်ခဲ့တယ်ဆိုတဲ့ ကိစ္စကလည်း လက်လွတ်စ
နိုင်လွန်းတယ်။ တမင် ထားခဲ့တာလား"

"လက်လွတ်စပယ် ... တကယ်နိုင်တာပဲ။ ဖေဖေနဲ့
ထောင်ကျတဲ့ မိန်းမတွေကလည်း သမီး မေမေကလွဲ
ကမ္ဘာ့အညံ့ဆုံး မိန်းမတွေချည်းပဲ။ ဖေဖေကိုက အညံ့
တွေကို ရွေးမိတာ။ အေးလေ ... ညံ့မှလည်း ဖေ
လူကို ယူမှာကိုး။ ဘယ်မိန်းမမြတ်၊ အဖိုးတန် မိန်း
ဖေဖေ့ကို ယူမလဲ ..."





"တမင်တကာတော့ မဟုတ်လောက်ပါဘူး၊ လက်က မြဲမြဲ တွဲမထားတော့၊ လူချင်းကွဲပြီး ပျောက်တာဖြစ်ပါလိမ့်မယ်။ လူချင်း ကွဲရအောင် ဘုရားပွဲတော် ကျင်းပနေတဲ့ နေရာလည်း မဟုတ်ဘူး။ သူက အိမ်ပြန်လာပြီး၊ ကလေး ပျောက်သွားတာကို ပြောတယ် ...

"ဖေဖေက စိတ်ဆိုးပြီး လိုက်ကန်တော့၊ ထွက်ပြေးတာ၊ ဘာမှတောင် သေချာမပြောရသေးဘူး၊ တစ်ချီတည်း ပြန်မလာတော့တာ လင်မယားကွဲရော၊ ဖေဖေလည်း ရေရေရာရာ မသိဘူး"

"လိုက်မရှာဘူးလား ဖေဖေ"

"ကျွန်မ ပြန်ရှာပေးပါ့မယ်တော့ ... လို့ အော်ပြောပြီး ထွက်ပြေးသွားတဲ့ မိန်းမရဲ့ စကားကို ထိုင်စောင့်နေတာ ဖေဖေလေ။ ဖေဖေက အသုံးကျတဲ့သူမှ မဟုတ်တာ"

နောင်အခါမှာ ဖေဖေ့ မရီးက ... "ဘယ်တုန်းကမှ ဘာအလုပ်မှ မလုပ်ခဲ့ဖူးတဲ့ သူလေ။ သမီးတစ်ယောက်လုံး ပျောက်တာတောင် အမူးမပျက်၊ နေ့မလင်း ညမလင်း၊ လိုက်ရှာရကောင်းမှန်း မသိ၊ ပင်ပင်ပန်းပန်းဆိုလို့ အရက်ခွက်ကိုင်ပြီး မော့တာတောင်၊ သူ့ဘဝမှာ အပင်ပန်းဆုံး အလုပ်လုပ်တာ၊ သူများက လာတိုက်ပေးရင်၊ မျိုရုံ မျိုချင်တဲ့သူ၊ လက်ကြောရော ခြေကြောရော ဘာကြောမှ မတင်းတဲ့သူ" ... ဟု ပြောပါသည်။

"ဖေဖေတို့က သတင်းစာတွေ ဘာတွေလဲ ယူမှမယူ
ဖတ်မှမဖတ်တာ။ ကြော်ငြာဘယ်တွေ့မလဲ။ ကြော်ငြာ
ပြီး ဖေဖေ့ဆီ လာအကြောင်းကြားတဲ့အဆင့်ထိ အသုံးကျ
မိတ်ဆွေအပေါင်းအသင်းလည်း မရှိဘူး၊ အရက်ဟာ ဖေ
မိတ်ဆွေ၊ ဖေဖေ့ဘဝ၊ ဖေဖေ့ဇနီး၊ ဖေဖေ့သားသမီး
အရက်ရှိနေရင် ဘာမှ ရှိစရာမလိုတဲ့ အလကားကောင်လို

"ဖေဖေ့မရီးက ဖေဖေ့ကို ပြောတာမှန်တယ်။ မ
သီလား သမီး။ သူက ဟုတ်တာပြောတာ။ လောက
ဖေဖေ့လိုလူတွေ ဘယ်လောက်များ ... များနေသေးလဲ
ဘူး၊ ဆန်ကုန်မြေလေးတွေ"

ဦးတင်မောင်ထွန်း၏ ကျန်းမာရေးက အကောင်း
မဟုတ်ပေမဲ့ သူပြောချင်သည့် စကားတွေ ပြောနိုင်သည်။
ကြိုက်သည့် အစားအစာဆိုလျှင် ခံတွင်းတွေ့သည်။ လူက
လေဖြတ်ထားသည်။ အရက်ကို လူက ဖြတ်မထားပါ။ သော
သောက်နေသည်။

"အစ်ကိုရှိရင်တော့ သူက သတင်းစာတွေ ဘာတွေ ဖတ်
သိချင်သိမယ်။ အဲဒီတုန်းက အစ်ကိုက ကားတိုက်ခံရ
လေ။ ဘာတွေ ဘယ်လောက် ဆိုးသွားမှန်းတောင် ဖေ
တော့ မသိပါဘူး။ စင်ကာပူကိုတောင် သွားကုရတယ်
သုံးလတောင် ကြာတယ်။ ကုန်လိုက်တဲ့ ပိုက်ဆံတွေလ
သောက်သောက်လဲဆိုပဲ ...





"မရီးက လိုက်သွားတယ်။ သူ့ကလေးတွေကို မရီး
ရဲ့ မိဘတွေက ကြည့်ပေးထားတယ်တဲ့။ ကလေးတွေ ချန်
ရစ်ခဲ့ပြီး သွားတာ။ အစ်ကိုရှိရင်တော့ သတင်းစာတွေ့ရင်
တွေ့မယ်"

ကိုယ့်သမီးတစ်ယောက်လုံး ပျောက်တာ၊ ကောက်ရ
သည့်သူက ကြော်ငြာတာတွေကို၊ အစ်ကိုမရှိလို့ ဘာမှ
ယူဆောင်ရွက်ခြင်း မရှိလိုက်ရပါဆိုသော ဖေဖေ့ကို၊ ထွန်းက
မဆိုပါ။ ဖေဖေသည် ဘယ်အသက်အရွယ်ကတည်းက
ရက်ကို သောက်လာခဲ့သည် မသိ။ ဖေဖေ့စိတ်ဟာ အခါခပ်
မှုမှန်မဟုတ်ပါ။ အရက်ကြောင့် ကြောင်တောင်တောင်
နေတာ သိသာပါသည်။

"သမီးရဲ့ ဘဘဆီ သွား၊ သူက ဖေဖေစားဖို့ သုံးဖို့၊
အရက်ဖိုးရော ဆေးဖိုးပါ နေ့တိုင်း ပေးတယ်။ တိုင်းထွာ
သုံးရတာပေါ့ သမီးရယ်။ တစ်ချီတည်း လုံးခနဲ မပေးတာ
လည်း ကောင်းပါတယ်။ တစ်ချီတည်းဆိုရင် ဖေဖေက
တစ်ချီတည်း သုံးပစ်မှာ"

ဘဘဆီ ရောက်တော့ ဘဘ ဇနီး၏ နှုတ်ဖျားမှာ
ဟာ ရစရာကို မရှိပါ။

"အရက်တင် သောက်သလားမှတ်တယ်။ လောင်းကစားက
ပါသေး။ ဒါတင်ပဲလားဆိုတော့ မိန်းမက ရှုပ်သေး။
ဒါတင်ပဲလားဆိုတော့ စိတ်ထားက ညံ့သေး" ... တဲ့။

"မိဘအမွေအနှစ်ကို၊ ညီအစ်ကို ခွဲပြီးသား၊ ခွဲဆို …
ကိုကျော်နဲ့ ကျုပ်နဲ့ အိမ်ထောင်ကျကတည်းက … ညည်း
အဖေက အဲဒီတုန်းက လူပျို၊ အစ်ကို အိမ်ထောင်ကျလို့
ဆိုပြီး အမွေတွေ အတင်းခွဲခိုင်းတာ ညည်းအဖေ၊ ပိုယူ
သွားတာလည်း ညည်းအဖေ၊ ဘယ်လောက်မှ မခံလိုက်ဘဲ
စီးပွားလျှော …

"ဒုက္ခရောက်သွားတာလည်း ညည်းအဖေပဲ။ ညည်း
အမေ မီးတွင်းထဲ မသေဘဲ ခံနိုင်ပါ့မလား။ အိပ်ခန်းထဲမှာ
မိန်းမ မီးနေသည်၊ သူက အိမ်ရှေ့မှာ သူ့အပျော်အပါးတွေနဲ့
မူးမူးရူးရူး တရုံးရုံး၊ မီးနေသည် သွေးတက်အောင် လုပ်တာ
ညည်းအဖေ" … တဲ့။

အဖေက ဒီလောက်ပဲ ဆိုးခဲ့လေသလား။

ဘဘက မဖြေရှင်းပုံထောက်တော့ ဟုတ်လောက်
ပါသည် ထင်ပါရဲ့။

"တော်တော့လည်း ကြည့်မနေနိုင်။ နေ့ရှိသရွေ့ ခေါ်စာပေ
သလို ပေးနေရတာ၊ ကျုပ်တို့မလည်း ဝင်ပဲ" … တဲ့။

ထွန်းက အဲဒီအိမ်မှ နေ့တိုင်းလို မျက်ရည်နှ
မျက်ခွက်ပြန်ရပါသည်။ ပက်ခနဲ ပြန်ပြောလိုက်ချင်ပေမဲ့၊ နေ့စဉ်
ထောက်ပံ့နေသည့် ရိက္ခာငွေက ကြီးတော်လက်ထဲမှ ထွက်တာ
အံကြိတ်၍ ပြန်ရသည်ချည်းပါ။ ကြီးတော်ကလည်း ပေးရ
နှင့်တန်အောင် ပြောပြီးမှချည်း ပေးသည်။





"တစ်နေ့ ချမ်းသာရမည်"

ထွန်းက အံကြိတ်၏။

"ရှင့်သမီးတွေထက် သာရမယ်"

ဖြစ်ချင်စိတ်က အားကြီးသည်။ ကြီးတော်နှင့် ပခုံး
ယှဉ်နိုင်ဖို့ပဲ တစ်သက်စာ အရေးအကြီးဆုံးဖြစ်၏။ ထွန်း
က်ထဲမှာ ထောင်တန်တွေ အုပ်လိုက်ကိုင်သုံးနိုင်သည့် တစ်နေ့မှာ
တော်၏ မဲ့မဲ့ရွဲ့ရွဲ့ နှုတ်ခမ်းကြီးထဲ၊ ထောင်တန်အုပ်လိုက်
ထည့်မည်ဟု အားခဲထားသည်။

ထွန်းက ဖေဖေ မဆုံးခင် ဆယ်တန်းအောင်ပါသည်။
ရဲ့ ကျောင်းစရိတ်ကိုတော့ ဘကြီးက ထွန်း လက်ထဲသို့
က်ရိုက်ထည့်၏။ ဘကြီးတို့ တစ်အိမ်သားလုံးမှာ ဖေဖေ့
က်ထဲ ပိုက်ဆံထည့်ရမှာ အလွန်ကြောက်ကြပါသည်။ ထွန်းက
ယ်ဘဝကိုယ် နားလည်၍ စာတော့ ကြိုးစား၏။ ထွန်း ဆယ်
းအောင်တော့ ဖေဖေ သိသွားပေမဲ့၊ ထွန်းမှာ နားခိုရာ အရိပ်
ခုအဖြစ် "ဘုန်းထွဋ်" ဆိုသော ချစ်သူတစ်ယောက် ရလိုက်
ကိုတော့ သိမသွားရှာပါ။

ဘုန်းထွဋ်နှင့် … ဖေဖေ ဆုံးပြီးမှ ချစ်သူတွေ ဖြစ်
ကြတာ ဖြစ်ပါ၏။

"ညည်းကို ကျုပ်တို့အိမ်မှာတော့ ခေါ်မထားနိုင်ဘူး"

"စိန်စီတဲ့ဝေါ်နဲ့ ပင့်တောင် မနေဘူး"

"ကိုကျော် ... ရှင့်တူမ ပြောတာ ကြားလား"

ထွန်းနှင့် ကြီးတော်တို့ တိုက်ပွဲကြောင့် ထွန်း တိုက်ခန်းကျယ်ကျယ်လေး တစ်ခန်း ရလိုက်သည်။ ဘကြီးက ဝယ်ပေးရှာ၏။

"တင်မောင်ထွန်း မိန်းမလည်း တခြားအားကိုးရာမှ မရှိတာ သူ့ကလည်း ညံ့လိုက်တာတူး။ တင်မောင်ထွန်းလိုကောင်ကို တောင် ပြန်အားကိုးနေမှတော့ အရည်အချင်းကို စဉ်းစားသ ကြည့်တော့။ ဒါပေမဲ့ ... သူ ကောင်းတာ တစ်ခုက တင်မောင်ထွန်း ပြောစကား နားထောင်တယ် ...

"တင်မောင်ထွန်းက ဒါပြောဆို ... ပြောတယ် ဒါလုပ်ဆို ... လုပ်တယ်။ ဆူခံဆဲခံ၊ ရိုက်လည်း ခံရှာတာပဲ ဒီနေ့ သမီးမှာ လူကြီးသူမအဖော်တစ်ယောက် ရှိနေတာလည်း ကောင်းတော့၊ သူ့ကို သမီးက တာဝန်ယူ လိုက်ပါ"

ဘကြီးထံ အဖေရှိတုန်းကလို နေ့ရှိသရွေ့ သွားစရာ မလိုတော့ပါ။ ထွန်းကို စားသုံးဖို့၊ ကျောင်းတက်ဖို့၊ သင်တန်းတွေ လည်းတက်ဖို့ (ထွန်းကို လူ ရာဝင်သော အဖိုးတန် မိန်းကလေး





စေချင်ပါသည်တဲ့) စရိတ်ကို တစ်လစာ ကြိုတင်ထုတ်ပေးပါ သည်။ လစဉ် ... ဒေါ်ကြီးကို လွှတ်၍ ယူခိုင်းလည်း ပေးလိုက် သည်မို့ နေ့စဉ် မျက်နှာငယ်ရသည့် ဒုက္ခမှ လွတ်မြောက်ရတော့၏။

ထွန်းက ခြိုးခြံချွေတာစွာ သုံးပါသည်။ ကိုယ့်ကိုယ် ကိုယ် ဘဝမပျက်အောင် ထိန်းပါသည်။

"ထွန်းကို ချစ်တယ်"

ထွန်း ပတ်ဝန်းကျင်မှာ လူပျိုလူရွယ် ယောကျ်ား ယယ်ယောက်ရှိလျှင် နှစ်ယောက်လောက်၏ ရည်းစားစကားပြော ခြင်းကို ခံရသည်။ များသောအားဖြင့်မှာ ဟန်ဟှန်ပန်ပန်တွေ မဟုတ် ပ။ ချွေမွဲမျိုးမဲ့ မျက်နှာမွဲပေမဲ့ လှတပတ ကောင်မလေးမို့ တ်ရဲကြတာလည်း ဖြစ်နိုင်ပါသည်။ ဘုန်းထွဋ်ကိုတော့ ထွန်း ချစ်ကို ချစ်ခဲ့တာပါ။ အားကိုးခဲ့တာပါ။ သို့ပေမဲ့ ... ထွန်းဆို သော ထွန်းက အားမကိုးရတော့ဘူးဟု ယူဆရသည်နှင့် နှလုံးသား ကိုတောင် ထုချေပစ်လိုက်နိုင်သူ ဖြစ်ခဲ့ဖူး၏။ အချစ်ကို လွယ်လွယ် နှင့် သေဆုံးစေခဲ့ဖူးသူဖြစ်၏။

အဲဒါ ...

ထွန်း မိုက်မဲတာလား၊ သတ္တိကောင်းတာလား၊ ရက်စက်တတ်သူမို့လား၊ ထွန်း မဝေခွဲနိုင်ခဲ့ပါ။ ထွန်းရဲ့ နှလုံးသား ကို နာကျင်ခြင်းများ၊ နာကြည်းခြင်းများနှင့် ဖိချေကြေမွစေခဲ့တာ ထွန်း ကိုယ်တိုင်ပါ။

## ၁

အချစ်ဆိုတာ ...

ထွန်း ရင်ထဲမှာ လှုပစွာ ခံစားရသည့် နူးညံ့သိမ်မွေ့သော အရာမဟုတ်တော့ပါ။

ချစ်သင့်ချစ်ထိုက်သော သူကို ချစ်လိုက်ဖို့ ထွန်းက ဆုံးဖြတ်နိုင်ပါသည်။ ထွန်း ဘဝလေး မြင့်တက်ဖို့ဟု ပြောလျှင် စကားလုံးက လှုပနေပါလိမ့်မည်။ စင်စစ် ... ထွန်း ချမ်းသာချင်တာဖြစ်၏။ ထွန်း ကြီးပြင်းခဲ့ရသည့် ဘဝ၏ နောက်ကြောင်းတွေကို ထွန်း ... ခါးသီးသည်။ ရှေ့ခရီးကို ချိုမြိန်စွာ လှမ်းချင်သည်။ မျက်နှာငယ်ခဲ့ဖူးသော ဆင်းရဲတွင်းထဲမှ ခုန်ထွက်ချင်သည်။ ထွန်းက အမြင့်စံတစ်နေရာသို့ တက်လှမ်းလျက် ကြီးဒေါ်နှင့် သားသမီးများကို ငုံ့ကြည့်ခွင့် ရချင်သည်။





ငုံ့မကြည့်ရဘူးဆိုလျှင်တောင်၊ မျက်ဝန်းဖြင့် တပြေးိတည်း ကြည့်ခွင့်ဖြင့်၊ ထွန်းက သူတို့ထက် မနိမ့်ကျသော ဘဝကို ရောက်မှ ဖြစ်မည်။

အဲသည်အတွက်၊ အချစ်သည် "ခုတုံး" ဆိုလည်း ွန်းသုံးစွဲပါမည်။ အဲသည်အချိန်မှာ "ညီတောဇ" ဆိုသော ချစ်သူ တစ်ယောက်ကို ထွန်း ရယူပိုင်ဆိုင်နိုင်လိုက်ပါသည်။ ညီ့ကို "ချစ်သူ" ဟု သတ်မှတ်ထားလိုက်သည်။ ထွန်းက "ညီ" ဟု ခေါ်သာ ညီတောဇမှာ "နောင်တောဇ" ဆိုသော အစ်ကိုတစ်ယောက်ရှိ၏။ ဲသည် အချိန်တုန်းကတော့ ... နောင်တောဇဟာ ထွန်းရဲ့ ဖြန့်ကျက်မှု ကွန်ယက်နှင့် စိမ်းသက်နေခဲ့ပါသေး၏။

ထွန်း စိတ်ဝင်စားတာ "ညီ"။ ထွန်းရဲ့ချစ်သူက "ညီ"။

"တို့မေမေက စိတ်ဓာတ်လည်း အရမ်းထက်မြက်တယ်၊ သူ ဖြစ်ချင်တာဆိုရင် မဖြစ်တာ ဘာမှ မရှိဘူး။ သားသမီး မွေးတာကိုပဲကြည့်။ သားနှစ်ယောက်ပဲ မွေးမယ်၊ သမီး မမွေးဘူးဆိုတော့ ... ဟော ... သားနှစ်ယောက်ပဲ မွေးတာပဲ။ တို့ထက် နှစ်နှစ်ကြီးတဲ့ အစ်ကိုကို "နောင်တောဇ" လို့ မှည့်ခဲ့တယ်။ တို့ကိုလည်း မွေးရော "ညီတောဇ" လို့ မှည့်လိုက်ရုံပဲ"

ထက်မြက်လှပါသည် ဆိုသော အမျိုးသမီးကြီးကို ထွန်း တွေ့ဖူးချင်လှပါသည်။

သူ့ ဘာတွေ ထက်မြက်နေလဲ၊ တော်နေလဲ၊ တတ်နေလဲ၊ ကြိုးစားနေလဲ၊ ထွန်း အားကျအတုခိုးသင့်တာတွေ သူ့မှာ ရှိလျှင် ထွန်းက အားလုံးကို မသိမသာ ခိုးယူကျင့်သုံးလိုက်ပါမည်။ "သင်ပေးပါ"ဆိုတာမျိုးနှင့် ဘယ်တော့မျှ အောက်ကျနောက်ကျခံဖို့ စိတ်ကူး မရှိပါ။ ဒါ ... ညီမေမေ ဒေါ်တင်တင်ထားကိုမှီသဘောထားခြင်း မဟုတ်ပါ။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ၊ လူတကာအားကျအတုခိုးအထင်ကြီးကြရပါသည်ဆိုသော "အောင်မြင်နေသည့်လူသား" အားလုံးအပေါ် ထွန်း ထားရှိသည့် တပြေးညီသဘောထား ဖြစ်လေ၏။ စင်စစ် ... ညီ့ကိုစိတ်ဝင်စားမိတာတောင်မှ ဒေါ်တင်တင်ထားရဲ့သား ဖြစ်နေခြင်းက စခဲ့ပါသည်။

"ညီ့အမေနဲ့ တို့ တွေ့ချင်တယ်။ စကားပြောချင်တယ်"

"အမယ်လေး ... မေမေ့ကို တွေ့ဖို့ဆိုရင် ရက်ချိန်းတစ်လလောက် ကြိုယူရတာ"

"ညစာ အိမ်ပြန်မစားဘူးလား"

"တစ်လမှာ ဆယ့်ငါးရက်လောက်ပဲ စားနိုင်တယ်။ မေမေ့မှာ လတစ်ဝက်လောက်က ဒင်နာတွေနဲ့ ရှုပ်နေတာ"

"အိမ်မှာ ထမင်းစားတဲ့အချိန် လာတွေ့မယ်"

"ထမင်းစားတဲ့အချိန်မှာ ဖေဖေ့ကိုတောင် စကားမပြောဘူး၊ ထမင်းစားရင်း ဘာဟင်းတွေ မျိုချမိမှန်းမှ သိရဲ့လား မပြောတတ်ဘူး၊ သူ့အတွေးနဲ့သူ။ ညီတို့ ဖေဖေတို့ စကား ပြောရင် မေမေ့အရိပ်အကဲ ကြည့်ရတယ်။ မေမေ မကြည်သာရင် ဘယ်သူမှတောင် တစ်ခွန်းမဟရဲဘူး"

"ကြောက်စရာကြီးပါလား"

"ကြောက်ရတယ်။ ဖေဖေနဲ့ မေမေ့ကို လူကြီးတွေ ပေးစားတာလေ။ အစကတော့ ဘွဲ့ကိုယ်စီနဲ့ ဝန်ထမ်းတွေပေါ့။ ဖေဖေနဲ့ မေမေနဲ့ လက်ထပ်တော့ ဖေဖေ့ဘက်က တောင်းတယ်ပေါ့နော်၊ စိန်တစ်ဆင်စာ တင်တယ်။ မင်္ဂလာစရိတ်အကုန်အကျခံတယ်ပေါ့။ မေမေ့ဘက်က ဘွားဘွားက သမီးကို ဒီအတိုင်း ထည့်လိုက်ရမှာ ဂုဏ်ငယ်တယ်ဆိုပြီး နေဖို့ ခြံနဲ့တိုက်ရယ်၊ ကုမ္ပဏီတစ်ခု ထောင်ပေးလိုက်ပြီး အလုပ်က ထွက်ခိုင်းလိုက်တယ် ....

"ယောကျ်ား လုပ်စာ ထိုင်စားရရင် မျက်နှာငယ်တယ်တဲ့။ ခုခေတ် ယောကျ်ားတွေဟာ သူတို့ လုပ်ကျွေးရရင် ဘုရင်တစ်ဆူလို အရမ်းမင်းမူတယ်တဲ့။ ကိုယ့်လုပ်စာနဲ့ ကိုယ်စားဆိုပြီး၊ အဲဒီလို လုပ်ပေးလိုက်တာ။ ဖေဖေ့ဘက်ကလည်း အားကျမခံပဲ။ ဖေဖေ့ကို အလုပ်က ထွက်ခိုင်းတယ်။ သူတို့လည်း ကုမ္ပဏီ ထောင်ပေးတယ်။ ပြီးတော့ ... ရောမရုံးခန်းကြီးနှစ်ခု ဝယ်ပေးတယ်၊ ဖေဖေ တစ်ခန်း မေမေ တစ်ခန်း"





စေတနာစာပေ

ထွန်း အားကျလိုက်တာ မပြောပါနှင့်တော့။

အဲဒီလို ထွန်း ဖြစ်ချင်လိုက်တာ။ ထွန်းဟာ ထက်မြ
သူတစ်ယောက်၊ ဉာဏ်ပြေးသူတစ်ယောက် ဆိုတာ ကိုယ့်ကို
ကိုယ် ယုံကြည်သည်။ ဖွဲ့တို့ လုံ့လတို့ ဝီရိယတို့မှာလည်း ထွ
နည်းနည်းလေးမှ လျော့မှာ မဟုတ်ချေ။ ထွန်း ကောင်းကော
ကြီး ကြိုးစားနိုင်သည်။ ကြိုးစားချင်သည်။ တစ်နေ့ ... ထွ
အောင်မြင်ရမည်။ သူများ မျက်ခုံးမွေးပေါ် စကြိုလျှောက်နိုင်ရမည
ခက်တာက ... ထွန်းအတွက် အရင်းအနှီးသာလျှင်ဖြစ်၏။ ထွ
သာ တစ်ယောက်ယောက်နှင့် လက်ထပ်ဖြစ်လျှင်၊ ထွန်း ဘက်
တော့ မိပျောက် ဖပျောက်၊ ထွန်း အတွက် တိုက်တစ်လုံးန
ခြံတစ်ခြံတို့၊ ကုမ္ပဏီတစ်ခုတို့ တည်ထောင်ထည့်ပေးလိုက်မည့်
မရှိပါ။ ထွန်း လက်ထပ်ရမည့်သူဘက်မှ ထည့်ပေးလိုက်မှ ဖြ
မည်။ အဲသည်လို ထည့်ပေးလိုက်နိုင်သည့် ယောက္ခမလောင်းမျိုး
သားသည် ထွန်း လက်ထပ်ရမည့်သူတည်း။

အဲသည်လူကို၊ ထွန်းက ချစ်ပေးလိုက်ဖို့ ဝန်မလေ
ပါ။ ထွန်း ယုံကြည်ချက်က ... တီရစ္ဆာန်ချစ်တတ်သူတွေတော
သူတို့ အချစ်တော် အကောင် ဗလောင်လေးတွေကို နှစ်ပေါင်
ရှည်ကြာ အတူနေလာသည့်အခါ သံယောဇဉ်ဖြစ်ကြတာပဲ မဟု
လား။ အစာကျွေးရ၊ နေမကောင်းရင် ဆေးကုရ။ သေလျှင် ငို
တိရစ္ဆာန်ပေါ် ဒီလိုမေတ္တာ ထားနိုင်ကြသေးလျှင် လူလူချ





တူတူနေသည့်အခါမှာ သံယောဇဉ် ဘာလို့ မဖြစ်ရမှာလဲ။ မေတ္တာ ဘာဖြစ်လို့ မပေါ်ပေါက်လာရမှလဲ။

ညီတေဇသည် ထွန်း၏ ဒုတိယ ချစ်သူတည်း။

"တို့ကို ချစ်လားဟင် ထွန်း ... ထွန်းက သိပ်လှတာပဲ"

ထွန်း သိပ်လှတယ် ... ဆိုတာကို သူများပြောစရာ မလိုပါ။ ကိုယ့်ကိုယ်ကိုယ် အသိဆုံးဖြစ်သည်။ ဟိုအရင်ကဆိုလျှင် ရိုးသားတည်ငြိမ်စွာလှသော အလှမျိုးကို မက်မောဖူးသည်။

"သူက စွဲမက်စရာလေး"

အဲသည်လို အပြောခံရလျှင် ရှက်ချင်ခဲ့ဖူး၏။

"ဆက်ကဇီ ဖြစ်တယ်နော်"

ဒီလိုမျိုး ပြောတာ ကြားရလျှင်၊ အဲသည်လူကို ပြေးရိုက်ချင်လောက်အောင် စိတ်ဆိုးခဲ့ဖူး၏။ ခုချိန်မှာ ... ထွန်းသည်လို မဟုတ်ပြီ။ ဘယ်လိုပဲလှလှ။ လှချင်သလိုလှ။ စွဲမက်စရာပဲ ဖြစ်ဖြစ်၊ ဆက်ကဇီပဲဖြစ်ဖြစ်၊ လှလျှင် ပြီးရော။ အလှတစ်ခုဟာ ဆန့်ကျင်ဘက် အမျိုးအစား ယောကျ်ားတစ်ယောက်ကို ဖမ်းချုပ်ထားနိုင်ရမည်။ အမျိုးအစားတူ မိန်းမသားတွေထဲမှာ ကိုယ်က ထင်ပေါ်နေရမည်။ ဒါဆိုလျှင် လှချင်သည့်နည်းနှင့်သာ လှပေတော့။

"လှလို့ ချစ်တာဆိုရင် ထွန်း အဘွားကြီးဖြစ်သွားတဲ့အခါ ကျတော့ ညီက မချစ်တော့ဘူးလား၊ အသစ်ရှာမှာလား"

"ထွန်း အဘွားကြီး ဖြစ်တော့ရော၊ ညီက နုပျိုပြီး ဂ
နေခဲ့မှာတဲ့လား။ ညီလည်း အဘိုးကြီး ဖြစ်ပြီပေါ့။ ည
လိုက်ဖက်တဲ့အရွယ်ဟာ အဘွားကြီးတွေပဲပေါ့။ အဘွား
အသစ်ကို ရှာပါတော့မလား။ မူလပထမ လက်ဟော
အဘွားကြီးကိုပဲ"

ညီက အော်ရယ်၍ ထွန်းလည်း လိုက်ရယ်သ

"ပြောစမ်းပါ ... ညီ့ကို ချစ်လား"

"ညီ့အချစ်ကို လက်ခံပြီးပြီလေ ညီရဲ့"

"ညီကသာ သိပ်ချစ်နေရတာ၊ ထွန်း ပုံစံက တစ်မျိုး
ထွန်းက အချစ်ကို သရုပ်ဖော်ရာမှာ မနွဲ့နှောင်းဘူး"

"ညီရေ ... ထွန်း ပြောမယ်၊ အချစ်ဆိုတာ ပျို့နှ
ခံစားချက်ပဲ။ တကယ် အရေးကြီးတာက တစ်ယောက်
တစ်ယောက် လက်တွဲ ခိုင်ခိုင်မြဲဖို့၊ ဘဝတက်လမ်း
တက်ညီလက်ညီ ကြိုးစားဖို့။ အဲဒီလို ကြိုးစားနေတဲ့အချိန်
အပြန်အလှန် သစ္စာရှိဖို့"

"ထွန်းက လက်တွေ့ကျတယ်နော်"

"ပရက်တီကယ်သမားစစ်စစ်ပဲ၊ စိတ်ကူးယဉ်ခြင်း ဆို
ထွန်း အတွက် မဟုတ်ဘူး"

ညီ့ကို သူ့အိမ်က ခေါ်သလို "ညီ"ဟု လိုက်
ပေမဲ့၊ စင်စစ် ... ညီက ထွန်းထက် တော်တော်လေး ကြီးပါသ





ညီ့ကို ညီ ... ဟု ခေါ်လျက် ညီ့လက်တစ်ဖက်ကို ခိုတွယ်ကာ လျှောက်လည်ရချိန်တွေက ဘဝမှာ အသာယာဆုံး ဖြစ်ခဲ့ဖူးပါ၏။

"ညီရေ ... ဒီတနင်္ဂနွေ ဘယ်သွားမလဲ"

"ဒီတစ်ပတ်တော့ ခွင့်လွှတ်ပေးတော့ ထွန်းရယ်။ မေမေက မိသားစု လန့်ချ် (Lunch) လေး စီစဉ်ထားတယ်"

"ဘယ်မှာလဲ"

"အိမ်မှာပဲ။ ဖေဖေကလည်း သူ့အလုပ်နဲ့သူ၊ မေမေကလည်း သူ့အလုပ်နဲ့သူဆိုတော့၊ ဖေဖေနဲ့ မေမေဟာ တစ်ယောက်နဲ့ တစ်ယောက်၊ အိမ်ကိုတောင် အဝင်အထွက် လွဲပြီး တစ်နေ ကုန်လို့မှ တစ်ခါမှ မတွေ့လိုက်ရတဲ့ ရက်တွေ ရှိတယ်။ နောင်လည်း တူတူပဲ။ သားမိသားဖလေးယောက် စုံစုံညီညီ ထမင်းစားဖြစ်တဲ့နေ့ဟာ ညီ့တို့မိသားစုမှာ သိပ်ရှားတာ"

"အားကျလိုက်တာ ညီရယ်"

ထွန်းက တကယ်အားကျရပါသည်။ ထွန်းက အဲသည်လို အလုပ်နှင့် လက်နှင့် မပြတ်အောင် နေချင်သည်။ ကြိုးစားနေချင်သည်။ ထွန်းဘဝ အောင်မြင်ဖို့၊ ထွန်း ချမ်းသာဖို့ ဆိုလျှင် ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ ထွန်း ကြိုးစားချင်ပါသည်။ ထွန်းက သူဌေးအရမ်းဖြစ်ချင်၏။

"ဖေဖေကတော့ နည်းနည်းပါးပါး စိတ်ပျက်စပြုပြီ"

"ဘာဖြစ်လို့လဲ"

"ငါတို့သားမိသားဖလေးယောက်မှာ ညီတစ်ယောက်ပဲ လူ
တူတာကျန်တယ်။ ကျန်သုံးယောက်က စက်ရုပ်တွေဖြစ်
နေပြီ။ စက်ရုပ်တောင်မှ သံပတ်ပေးတဲ့ စက်ရုပ် မဟုတ်
ဘူးတဲ့။ မော်တာနဲ့ လည်ရတဲ့ စက်ရုပ်လောက်ကို ချာလပတ်
ရမ်းနေရတာ။ ထား ... နားပါတော့လားတဲ့။ ကိုယ်တို့
လုပ်ငန်းတွေ နည်းနည်းလောက် လျှော့ရအောင်ပါတဲ့ ...။
ဖေဖေက ပြောတော့ ...

"မေမေက အော်ရယ်တယ်။ ရှန်းကန်လှုပ်ရှားနေတာ
ကမှ လူတဲ့။ အစားတစ်လုတ်၊ အဝတ်တစ်စအတွက်
သူများ လုပ်အားဆီက မှီခိုစားသောက်နေရင် အဲဒါ လူ
မဟုတ်တော့ဘူး။ မျောက်တဲ့။ မျောက်တွေဟာ ဆန်စပါး
စိုက်မစားပါဘူးတဲ့။ တောထဲမှာ သူ့ဘာသာ သီးနေတဲ့
သစ်သီးကို လွယ်လွယ်ခူးစားနေကြတာတဲ့။ မလျှော့နိုင်ပါ
ဘူးတဲ့။ ရှင် ဖင်ပန်းရင် ရှင် လျှော့ပါတဲ့။ ရှင် နားချင်နား၊
ကျွန်မ မနားဘူးတဲ့"

"အမယ်လေး ... လေး။ ကြိုက်လိုက်တဲ့ စိတ်ဓာတ်ကွယ်။
ညကျရင် ညီ့မေမေကို မှန်းပြီး ကန်တော့လိုက်ဦးမယ်"

"ယောက္ခမလောင်းကို ကြည်ညိုတယ်လား"

"ကြိုက်လို့။ ထွန်းမှာလည်း အဲဒီလို စိတ်ဓာတ်မျိုးရှိတယ်၊
ဒါပေမဲ့ ... ထွန်းက ကံမကောင်းဘူး။ ထွန်း ရှန်းကန်လှုပ်ရှား





ချင်ပေမဲ့ ထွန်းမှာ ဘာအခွင့်အရေးမှ မရှိဘူး။ ထွန်းကို
ညီ့မေမေက စက္ကူရက်ထရီခန့်ရင် ကောင်းမှာပဲ။ ညီ ပြော
ပေးမလား"

"နည်းနည်းပါးပါး တီးခေါက်လိုက်ပါ့မယ်။ အိမ်မှာ ညီက
သိပ်မျက်နှာသာရတဲ့ သား မဟုတ်ဘူး။ အလုပ်ကို တော်ရုံ
လုပ်လို့တဲ့။ နောင်ဆိုရင် ရည်းစားထားချိန်တောင် မရှိ
ဘူး"

အဲဒီ နောင်နဲ့ အရင်တွေ့ခဲ့ရလျှင် ဘယ်လောက်
ကောင်းမလဲ။ ထွန်းက ရန်ကုန် ရောက်ပြီး နောက်မှ ဘဘ
ဦးတင်မောင်ဦး၏ အထောက်အပံ့ဖြင့် သင်တန်းတွေ လျှောက်
တက်တုန်း၊ ကွန်ပျူတာသာတန်းတစ်ခုမှာ ညီနဲ့ တွေ့ခဲ့ကြရတာ
ဖြစ်ပါသည်။ အဲသည် သင်တန်းမှာ ထွန်းက နာမည်ကြီးသူဖြစ်၏။
ဒီလို သင်တန်းမျိုး ဆိုတာက ပျော်ပျော်ပေါ့ပေါ့ (အချိန်ပို၍)
အပျင်းပြေ လာတက်နေသူတွေ ရှိသလို လိုအပ်စွာ အပတ်တကုပ်
လာတက်နေကြသူတွေလည်း ရှိပါသည်။ ထိုသူတွေ ကြားထဲမှာ
ဘယ်ကောင်လေးနှင့် ကောင်မလေးက အလှဆုံးကင်း၊ ကွင်း
စတာတွေ ဘယ်သူကမှ ဂရုတစိုက် ရွေးချယ်မနေဖြစ်ကြတော့ပါ။
သို့ပေမဲ့ ... ထွန်းကတော့ Queen ဘွဲ့ကို ရခဲ့ပါသည်။

"ဆံပင်ရှည်ရှည်၊ အသားဝါဥပိုညက်ကလေးနဲ့ ကောင်မ
လေး" ...တဲ့။

အားလုံးက ထွန်းအလှကို စိတ်ဝင်စားကြသည့်အ
မှာ ထူးဆန်းစွာ မပါဝင်ခဲ့သူက ညီပါ။ ညီသည် သင်တန်းချိ
တိတိကျကျ ရောက်လာသည်။ ပြီးတာနှင့် ပြန်ပြေးရသည်။ ည
အချိန်တွေကို ညီ့မေမေက အချိန်ဇယားဆွဲ၍ တိကျစွာ လုပ်ရ
ခိုင်းသည်တဲ့။ ညီက ထွန်းကို သတိတောင် မထားမိခဲ့သေး
အချိန်မှာ ထွန်းကစလို့ ညီ့ကို သတိထားမိခဲ့တာလေ။ ခုတေ
လည်း ... ညီဆိုသော ညီတော့ဟာ စနေ တနင်္ဂနွေရက်မျိုးမှ
မေမေ့ အချိန်ဇယားကို ကျော်ခိုင်းခဲ့ပြီဖြစ်၏။ ဒါကို မေမေက
နည်းနည်းကလေးမျှ မကျေနပ်ပေမဲ့ ဖေဖေက ... ခုမှ လူနဲ့တ
တာ ... ဟု ခွင့်ပြုလိုက်လျှော့သည်မို့ မေမေက မျက်စောင်းတဝဲ
နှင့် ကြည့်နေလိုက်ခြင်းဖြစ်တော့သည်။ မိသားစုထဲမှာ အလုပ်လျှေ
လုပ်သော ညီက အိပ်ချိန်မှ လွဲလျှင် အချိန်တိုင်းမှာ အလုပ်ဖြ
အလုပ်ဖြစ်နေသည့် နောင့် လောက် ဘယ်မှာ အခွင့်အရေးရှိပါ့မလဲ

"ပြောပါဦး ... မိသားစု လန့်ချ်လေး အကြောင်း"

"မေမေပဲ စီစဉ်တာ၊ ဒါလုပ်တာတောင် သိပ်မကြာသေးဘူး
လတစ်လရဲ့ နောက်ဆုံး တနင်္ဂနွေဟာ မိသားစုရက်တဲ့
ဘယ်သာရေးနာရေး ပွဲလမ်းမှ မသွားဘူး။ အဲဒီနေ့တော
ဆောရီးပဲ။ နာရီဝက်လောက် အလုပ်ထလုပ်ပေးလိုက်လို
ဆယ်သိန်း သိန်းနှစ်ဆယ် မြတ်စွန်းနိုင်တဲ့ အလုပ်မျိုး
ပေါ်လာရင်လည်း မလုပ်ဘူး"

"သိန်းတစ်ရာ နှစ်ရာ ဆိုရင်ရော"





"မေမေပဲ ... အဲဒါဆိုရင်တော့ လုပ်ဖြစ်လိမ့်မယ် ထင်တယ်"

ထွန်းက လက်ဖျစ်တစ်ချက် တီးလိုက်၏။

"အားကျတယ်ကွာ ... အင်း၊ ပြောပါဦး"

"ဒါလည်း ဖေဖေက နားပူလွန်းလို့၊ မေမေ စီစဉ်တာ။ အဲဒီနေ့ဟာ မိသားစုပိုင်နေ့။ ဘာရိတ်ဖတ်စ် တူတူစားတယ်။ မိသားစုလေးယောက် တစ်နေရာတည်းမှာ စုစုစည်းစည်း ရှိကြတယ်။ စကားတွေ ပြောတယ်။ ကိုယ်ရေးကိုယ်တာ တွေလည်း ပြောနိုင်တယ်၊ အဲဒီနေ့ ဧည့်သည်လာရင်လည်း မတွေ့ဘူး၊ ဆောရီးပဲ။ အိမ်က ကောင်မလေးက ... အန်တီတို့ တစ်အိမ်သားလုံး အပြင်သွားကြပါတယ်ရှင် ... လို့ ထွက်ပြောပြီး၊ အိမ်ထဲကို အဝင်မခံတာ"

"ကြိုက်လိုက်တာနော် ... အဲဒီလို နေနိုင်ဖြစ်တဲ့အခွင့်အရေး ... ဘယ်တော့ ရမလဲကွာ"

"အဲဒီနေ့မှာမှ မေမေ့ကို ပြောချင်တာလေးတွေ ပြောခွင့်ရတာ"

"ဒါဆို ...၊ အဲဒီနေ့မှာ၊ ထွန်းကို စက္ကက်ထရီခန့်ဖို့ ပြောပေး"

"ပြောတော့ ပြောကြည့်မယ်။ ဒါပေမဲ့ ... မေမေ့မှာက ရှိပြီးသားကွ၊ နှစ်ယောက်တောင်။ နောက်တစ်ယောက် ထပ်ခန့်မလား မေးကြည့်ရမှာပဲ"

"ညီ"

"ပြောလေ ... ထွန်း"

"ထွန်းတို့ ဘယ်တော့ လက်ထပ်ကြမလဲဟင်"

"အဲဒါ ခက်တာပေါ့။ မေမေက အိမ်ထောင်ပြုတာ ကြီးစ
ငယ်လိုက်ပဲ ဖြစ်ရမယ်တဲ့။ နောင် လက်ထပ်ပြီးမှ ည
အလှည့်တဲ့"

"ဟင် ... ရှင့် နောင်ကဖြင့် ရည်းစားတောင် မရှိသေးဘူ
ဆို"

"အေးကွ ... ညွှံတယ်"

"ဒီလိုမှန်းသိ ... နောင့်ကို အရင်လိုက်ရှာပါတယ်"

"ဘာပြောလိုက်တာလဲ ထွန်း"

"ထွန်း သူငယ်ချင်း တစ်ယောက်ယောက်နဲ့ ဂျိုင်းပေးတာ
ခဲ့ပြီးသားဆို ဘယ်လောက်ကောင်းမလဲ"

"နောင်လို လူလား၊ သူများ ဂျိုင်းပေးတာကို အဆင်သ
စောင့်ကြိုက်မှာ"

ထွန်းက ရယ်နေလိုက်တော့၏။

တွေ့ချင်စမ်းလှပါဘိ။ နောင်ဆိုတဲ့ လူသား။ ဘာသာ
နှင့် ထုထားတာမို့လဲ။ ညီရော ... ထွန်းကို ဖုတ်လေတဲ့ငါး
မဟုတ်ဘူးလား။ ထွန်းက ညီကို ငေးရင်း ကိုယ့်လုပ်ရပ်ကလေ
များ၊ ကိုယ့်ဘာသာ ပြန်စဉ်းစားဖြစ်သည်။ ညီကို ထွန်းက
လေ့ကား အတက်အဆင်းမှာ တမင် စောင့်ပြီး ဝင်တိုက်ခဲ့တာပါ

❦ ❦ ❦





သင်တန်းစ,ကာနီးမှ လှေကားကို ပြေးတက်လာ
သည့် "ညီတေဇ" ဆိုတာ သူဌေးသား၊ ကိုယ်တိုင်လည်း ...
အလုပ်ထဲ ရောက်နေပြီ ဆိုတာ၊ သူများတွေ လက်ညှိုးထိုးပြလို့
သိရချိန်မှ စ၍၊ ထွန်းက စိတ်ဝင်စားခဲ့ပါသည်။ ထွန်းအဖို့ရာမှာ
"အချစ်" ကို "စိတ်ဝင်စားခြင်း" ဟုပဲ ပြန်ဆိုရပါမည်။ ထွန်းက
ညီကို စိတ်ဝင်စားသည်။ အမြဲတမ်း သတိရနေသည်။ ညီသည်
ထွန်းရဲ့ အိပ်မက်တွေထဲထိ ချဉ်းနင်းသည်။ ညီဟာ ထွန်းအတွက်
အိပ်ပျက် ညတွေကို ပထမဆုံး ဖန်တီးနိုင်ခဲ့သူတည်း။

လှေကားကို ပြေးတက်လာသူကို လှေကားပေါ်မှ
ပြေးဆင်း၍ လူချင်း ဝင်တိုက်ပြီး ပြုတ်ကျသည့် စာအုပ်တွေ
ကောက်ပေး၊ "မတော်လို့ပါရှင်၊ ဘာများ ဖြစ်သွားသေးလဲ မသိ
ဘူး" ... ဆိုတာလေး ပြော၊ ညို့မျက်ဝန်းကလေးကိုဝင့်၊ အပြုံးလေး
ပွင့်တပွင့်နှင့် ညှို့ငင်သိမ်းပိုက်ရသည့် အလုပ်ဟာ၊ လူတကာ
လုပ်နေကျလှုပြီ၊ ရိုးလှပြီဟု ဆိုနိုင်ငြား၊ မူလပထမ လက်ဟောင်း
အကောင်းဆုံး နည်းလမ်းကြီးပါပဲ။ နောင်အခါမှာ "ညီတေဇ"
ဆိုသူနှင့် မတွေ့တွေ့အောင်ဆုံ၊ အမြဲတမ်း ပြုံးပြ၊ နှုတ်ဆက် ...

ညီတောဇဟာ ဘာသားနှင့် တုထားတာမို့ ထွန်းကဲ့သို့ ဆွဲဆော
တတ်သည့် အလှပိုင်ရှင်၏ စက်ဝန်းမှ ရှောင်ကွင်းနိုင် မှာတဲ့လဲ

"ညီ ... ထွန်း တစ်ခုဝန်ခံမယ် သိလား"

"ဟော ... ဘာမဟုတ်တာတွေ ကျိတ်လုပ်ထားလဲ ပြော"

ညီက အချစ်ကြီးသလို သဝန်တိုတတ်သူလည်း ဖြစ်သည်။

"ထွန်းကို စိတ်မဆိုးရဘူးနော်"

"သစ္စာဖောက်ထားရင်တော့ ဆိုးမှာပဲ"

"မဖောက်ကြီးထဲက"

"ဒါဆို ... မဆိုးဘူး"

"အထင်မသေးကြေး"

"ဘယ်တုံးကမှ မသေးခဲ့ဘူး"

"ညီ့ကိုလေ ..."

ထွန်းက ခေါင်းလေး ငုံ့လိုက်သည်။ မျက်တောင်လေး
ကို စင်းကျလျက် ရီဝေဝေ မျက်လုံးကလေးများဖြင့် ထွန်းကို
ဖမ်းစား၏။ ညီသည် ထွန်းဆိုသည့် ချည်တိုင်မှ ဘယ်သောအခါမှ
ပြေးမထွက်နိုင်တော့ပါ။

"ညီနဲ့ ထွန်းနဲ့ လှေကားမှာ တိုက်မိကြတာလေ ..."

"အင်းလေ ... ညီက အဲဒီမှာ ထွန်းကို တအားချစ်သွား
တာ၊ ဒီလောက်လှတဲ့ ကောင်မလေးကို အတွေ့နောက်ကျ





လေခြင်းဆိုပြီး၊ ကုန်ခဲ့တဲ့ အချိန်တွေကို နှမြောလိုက်တာ။
ညီက သေလုအောင် ချစ်နေပြီ။ ဒီကောင်မလေးက ဈေး
ကိုင်ထားတာ သုံးလကြီးဗျာ"

ထွန်းက ခစ်ခနဲ ရယ်လိုက်သည်။

"ထွန်းက ညီ့ကို စချစ်တာ"

"ညီက စချစ်လို့ ဖွင့်ပြောပြီးတာတောင် သုံးလကြာအောင်
စဉ်းစားနေတဲ့ ကောင်မလေးကများ"

"ညီတောဇ ဆိုတဲ့ လူတစ်ယောက်ကို အမှတ်မထင် တွေ့ဖူး
သွားခဲ့တယ် ညီရဲ့။ နေဦး ... ဖြတ်မပြောနဲ့၊ ထွန်း ပြော
တာကို နားထောင်။ သင်တန်းချိန်နီးမှ ပြေးပြေးတက်
လာတဲ့ ကောင်လေးကို ထွန်းက အရင်ချစ်နေတာ"

"ညီက ထွန်းထက် ကြီးတယ်"

"ဒါပေမဲ့ ... ညီဟာ ထွန်း အတွက်တော့ အလွန်ချစ်စရာ
ကောင်းတဲ့ ကောင်လေးတစ်ယောက်ပဲ။ အဲဒီကောင်လေးက
ထွန်းရဲ့ အတွေးတွေထဲမှာ အမြဲဝင်နေတယ်။ အိပ်မက်တွေ
ထဲထိ ကျူးကျော်တယ်။ အိပ်ပျက်ညတွေဟာ အဲဒီ
ကောင်လေး ပြုစားထားတာပေါ့"

"အဲဒါတွေ ညီ အရင်ဖြစ်တာပါကွ။ အတွေးတွေထဲကနေ
အသည်းနှလုံးထဲထိ ဝင်သွားတဲ့ ကောင်မလေးကို သေလု
အောင် ချစ်တာ ညီပါ ထွန်းရဲ့"

"ညီက နောက်ကျပါတယ် ညီရယ်။ ထွန်းက စပြီး အဲ လောက် ချစ်လို့ လှေကားမှာ မျက်နှာချင်းဆိုင် တိုက် ကြတဲ့ ချစ်စရာအဖြစ်လေးကို ထွန်းက ဖန်တီးလိုက်တာ"

"ဟောဗျာ ... တကယ်"

"တကယ်ပေါ့ ညီရယ်"

"ကျေးဇူးတင်လိုက်တာ ထွန်းရယ်"

"အဲဒါကြောင့် ... ထွန်းက စ,ချစ်တာလို့ ပြောတာပေါ့"

"ဒါနဲ့များတောင် ညီ့ကို သုံးလကြီး ညှဉ်းဆဲတယ်"

"ဒါတော့ ... ညီတို့ အသိုင်းအဝိုင်းကို ရှိန်ရတယ်လေ။ ထွန်းက ဘကြီးတစ်ယောက်ရဲ့ ထောက်ပံ့မှုနဲ့ အသက်ရှင် ရပ်တည်နေရတာ၊ ရင်ထဲက ဘယ်လိုချစ်ကြပေမဲ့၊ အသိုင်း အဝိုင်းဆိုတာ ရှိတယ်။ နီးဂုံး မရှိတဲ့ ဓာတ်လမ်းဆိုရင် မစ,ကြတာ ကောင်းတယ်"

"ထွန်းပဲ တမင်ဝင်တိုက်ခဲ့တာဆို"

မတော်တဆလို့ ထင်မှတ်ခဲ့ဖူးသော တွန်းတိုက် ဖြိုလဲမှုလေးရဲ့ နောက်ပိုင်းမှာ၊ မျက်ဝန်းချင်း ဆုံပြီး ပြုံးပြုံးပြတတ် တဲ့ ကောင်မလေးဆီမှာ ညီ့အချစ်တွေ အကုန်လုံး ကျဆုံးသွားရတာ လေ။ ဒါကိုတော့ ညီ သိနိုင်ခဲ့ပါသည်။ ကိုယ်က ချစ်သွားမိပြီ ဆိုတဲ့ အချိန်မှာ၊ ဒီကောင်မလေးလည်း ကိုယ့်အချစ်တွေထဲက ရုန်းမထွက်နိုင်ရှာတော့ပါဘူးဆိုတာ ညီလည်း သိခဲ့တာပဲဖြစ်၏။





"တိုက်တာနဲ့က ဝင်တိုက်ခဲ့မိပါတယ် ညီရယ်၊ ရင်ထဲက စိတ်လိုက်မာန်ပါ ခံစားချက်အတိုင်း မိုက်မဲပစ်လိုက်တာလေ။ ညီက ချစ်ပါပြီလည်း ဆိုရော၊ အဲဒီကျမှ ကြောက်တာ ညီရဲ့။ ညီဟာ ထွန်းနဲ့ နှစ်ကိုယ်တူ ချစ်ဖို့ မတန်တဲ့ အမြင့်လွှာကပါလားဆိုပြီး၊ ကြောက်စိတ်နဲ့ ထွက်ပြေးဖို့ ပြန်ကြိုးစားသေးတာ"

ဒီစကားလေးက ညီ့နှလုံးသားကို ဆွဲချသွားသလို ဖြစ်တော့သည်။ ညီက ထွန်းကို အပြစ်မဲ့ ချစ်သူနွမ်းနွမ်းပါးပါး လေးအဖြစ် သနားမဆုံး ရှိတော့သည်။

"အဲဒါကြောင့် သုံးလကြာတာ။ သုံးလအတွင်းမှာ ညီ့ကို ချစ်ဖို့ထက်၊ ထွက်ပြေးဖို့ချည်း ကြိုးစားတာ။ ညီ့ကို အရမ်းစိတ်ဝင်စားပြီး၊ ညီနဲ့ ခင်ချင်လွန်းစိတ် ဖြစ်တာ၊ ခင်ခွင့်ရအောင် မိုက်မိုက်မဲမဲ ဝင်တိုက်ပစ်လိုက်ခဲ့မိတာကို လည်း နောင်တရလိုက်တာ လွန်ပါရော။ ထွန်းဟာ ထွန်း ချစ်တဲ့ ညီ့ကို ဒုက္ခပေးမိပြီဆိုပြီး၊ ညညဆို အမြဲငိုတာ၊ ထွန်းရဲ့ ခေါင်းအုံးလေးမှာ မျက်ရည်သက်သေတွေနဲ့ပေါ့"

"တော်ပါသေးရဲ့ ထွန်းရယ် ... တကယ်ထွက်ပြေးမသွားလို့"

"ထွန်းက သိပ်ချစ်လို့၊ ထွန်းကိုလည်း သိပ်ချစ်နေတဲ့ ညီ ဆီက ဘယ်လိုမှ ထွက်မပြေးနိုင်တော့တာ သေချာသွားတဲ့ နေ့မှာ ထွန်း ဒုတိယအကြိမ် မိုက်မဲစွာ ... ညီ့အချစ်ကို လက်ခံလိုက်တာပဲပေါ့ ညီရယ်"

"ညီတို့နှစ်ယောက် အချစ်ချင်း ညီတာကို မိုက်မဲတယ်လို
မသုံးနှုန်းရဘူး ကလေးမရဲ့"

"ညီ ... ထွန်းကို လက်ထပ်မှာလားဟင်"

"လက်ထပ်မှာပေါ့"

"ညီ့မေမေကို ပြောပြီးပလား၊ ထွန်းနဲ့ ညီနဲ့ ချစ်နေကြတာ
ညီ့မေမေ သိပြီလား"

"ပြောတော့ ပြောပါတယ်"

"ဟင် ... ညီ့လေသံကလည်း ပျော့လိုက်တာ"

"မေမေက ဝါကျဆုံးအောင်တောင် နားမထောင်ဘူး ထွန်း
ရယ်။ ဝါစဥ်အလိုက်ပဲတဲ့။ ကားလေး ကျော်မတက်ရတဲ့
မခက်ဘူးလား။ နောင်ကလည်း ညံ့ပါတယ်"

"အဲဒီနောင်က ... သူ့ကိုယ်ပိုင်အလုပ်လား၊ ညီတို့မေမေဆီ
မှာပဲလား"

"နောင်က အစောကြီးတုန်းက မေမေ့ဆီမှာ၊ ညီက ဖေဖေ့
ဆီမှာ။ နောက်တော့ ... မေမေက နောင့်ကို သူ့ဘာသာ
ခွဲပေးလိုက်တယ်။ ဘွဲ့လည်းရထားတာ ကြာပြီ၊ အသက်
လည်း သုံးဆယ်နား ကပ်နေပြီ။ အမေ့ဆီမှာ နို့သက်ခံတုန်း
မဖြစ်စေရတဲ့။ ညီကတော့ ... ခုထိ ဖေဖေ့ဆီပဲ။ ဒါကြောင့်
အချိန်နည်းနည်းပိုတာ။ မေမေနဲ့ဆို ဝေးပါသေး"

"နောင်က သုံးဆယ် ... ဟုတ်လား"





"နှစ်ဆယ့်ခုနစ်ပါ။ ညီက အစိတ်လေ။ ထွန်းက နှစ်ဆယ့်
နှစ်မှလား၊ ဒီတစ်ခါ ပြည့်ရင် နှစ်ဆယ့်နှစ်နော်၊ ဟုတ်တယ်
ဟုတ်"

ထွန်းက ခေါင်းပဲ ညိတ်ပြလိုက်သည်။ ကိုယ့်အသက်
တယ်လောက် ရောက်နေတာကို သိပ်စိတ်ဝင်စားတာ မဟုတ်ပါ။
နောင့်ကိုသာ စိတ်ဝင်စားနေတာဖြစ်၏။ ညီသည် သူ့အမေဆီမှာ
တော်တော်နှင့် အခွင့်အရေးရမည့်သူ မဟုတ်တာက သေချာနေပြီ။
ညီ ... ကိုယ့်စိတ်နှင့်ကိုယ် ဆုံးဖြတ်နိုင်ခွင့်၊ ကိုယ်ပိုင်လုပ်ငန်းခွဲပိုင်
ခွင့်၊ ညီဟာ သူဌေးသားဘဝမှ ရုန်းထွက်ပြီး၊ ကိုယ်တိုင် သူဌေး
ဖြစ်ခွင့် ... အဲဒီအခွင့်အရေးတွေဟာ ရှည်ကြာဦးမည် ထင်ပါသည်။
ရေမရာဘူးဆိုလျှင် ထွန်းက စောင့်ဖို့ သိပ်စိတ်ရှည်ချင်တာ
ဟုတ်ပေ။

"နောင့် လိပ်စာကတ်ပြား ရနိုင်မလား ညီ"

"ဘာလုပ်မလို့လဲ"

"ထွန်းကို စောင့်ရှောက်ထားတယ် ဆိုတဲ့ ထွန်းဘကြီး
ဦးကျော်မောင်ထွန်းမှာ သမီးတစ်ယောက်ရှိတယ် ညီရဲ့။
သူဌေးသမီး မဟုတ်ဘူးနော်။ ကိုယ်တိုင် သူဌေးမလေး။
သွက်လက်တယ်၊ ထက်မြက်တယ်။ ပြီးတော့ ... လှလည်း
လှတယ်၊ ထွန်းရဲ့ အစ်မတစ်ဝမ်းကွဲ။ ထွန်းက ဆင်းရဲပေမဲ့
သူကကျတော့ သူဌေး"

"ဘာမဟုတ်တာတွေ စိတ်ကူးနေတာလဲ။ ကိုယ့်ထက်
တဲ့ သူတွေက ထွန်း စီစဉ်ပေးတာကို လက်ခံကြမှာ
လား"

"သူတို့ချင်း တွေ့ပြီး ကြိုက်သွားမှာ မဟုတ်ဘူးလို့
ညီက အသေအချာ ပြောနိုင်လို့လား၊ လိုက်လည်းလိုက်ဖ
လို့ပါ။ ထွန်းအစ်မက တော်လည်းတော်၊ ထက်လည်းထ
လှလည်းလှ၊ သူပိုင်ကုမ္ပဏီနဲ့ သူဌေးမ။ သူ့ကိုယ်သူ အထ
ကြီးလွန်းလို့ သူ အထင်ကြီးရမဲ့ယောကျ်ား ခပ်ရှားရှားတဲ့

"နောင်လည်း ဒီလိုပဲ။ မိန်းမတွေများ ပြဿနာ
ရှာတယ်တဲ့။ ရည်းစားရှိတဲ့ သူ့သူငယ်ချင်းတွေကို ကြည့်
မျက်စိကို နောက်နေတာပဲတဲ့။ ရည်းစားချိန်းလို့ သွား
ရည်းစား စိတ်ကောက်လို့ ချော့ရ၊ ရည်းစားသဝန်တို
ဖြေရှင်းရ။ ရည်းစားကို စိတ်မချလို့ လိုက်ပို့ရ၊ ရည်းစား
ခွင့်မပြုလို့ ဆေးလိပ်ဖြတ်ရ၊ အရက်မသောက်ရနဲ့ ... တ
အဲဒီ နွားတွေကို နည် နည်းမှ အထင်မကြီးဘူးတဲ့။
ဖြစ်မှာ ကြောက်လို့ကို ရည်းစား လုံးဝ မထားဘူးတ
ထွန်း ပြောတာနဲ့ ညီတောင် စိတ်ဝင်စားလာပြီ"

"ညီက ညီဘာသာ အေးဆေးနေပါ။ ညီ ပါဝင်ပြီး ပျာယ
ခတ်ပြရင် လုပ်ကြံမှုကြီး ပေါ်သွားဦးမယ်"

"ထွန်းက ဘာလုပ်မှာမို့လဲ"





"တစ်နေရာရာမှာ တွေ့ဆုံကြဖို့၊ အခွင့်အလမ်းလေး တစ်ခု
လောက် ဖန်တီးရုံပါပဲ။ မိတ်ဖြစ်ဆွေဖြစ်ပေါ့။ ဒါ့ထက်မှ
ပိုပြီး စိတ်မဝင်စားကြရင်လည်း သူတို့သဘော၊ စိတ်ဝင်
စားသွားတော့လည်း သူတို့သဘောပေါ့ ညီရယ်"

"ကောင်းတယ် ... ဒီကိစ္စထဲမှာ ညီ လုံးဝမပါဘူး။ ညီ
ပါမှန်းသိတာနဲ့၊ နောင်က ဒေါကန်ပြီး ဘယ်လိုမှ ရှေ့တိုး
မှာမဟုတ်ဘူး။ သူက ဒေါသလည်း ကြီးတယ်။ မိန်းမ
တစ်ယောက်ကို မင်း ဖန်တီးပေးမှ ရမဲ့ကောင်လား ဆိုပြီး
စိတ်ဆိုးမှာ"

"အိုကေ ... ညီ။ ထွန်း တာဝန်ထား"

"သတင်းလည်းပို့ဦး"

"စိတ်ချ"

ထွန်းမို့ တခစ်ခစ် ရယ်ပြီးဆိုလျှင် ညီကမေးဇေ
စ်ကစ်ကလေးကို ဆွဲမညှစ်ဘဲ ဘယ်တော့မှ မနေနိုင်ခဲ့ပါ။
န်းကို ညီ သိပ်ချစ်ပါသည်။

## ၆

နောင်သည် ညှိုလော်က် ကြည့်မကောင်းပါ။

ညှိုလောက် အရုပ်မဖြင့်ပါ။ အသားဖြူတာ မျက်
မျက်ခုံးကောင်းတာတွေတော့ ခပ်ဆင်ဆင်ပဲဖြစ်သည်။ နော
ညှိုထက် နှစ်လက်မလောက်များ နိမ့်နေသလား မသိ၊ ဒီကြ
ညှိုထက်ပို၍ ဝချင်သေးသည်မို့ အရှိထက် ပို၍ နိမ့်ကျကျန်
ရမှာ အသေအချာပါ။ ပြီးတော့ ... နောင့်မျက်နှာက ညှို့လို မ
နဂိုနေ ခပ်တင်းတင်းဖြစ်လျက် အမြဲတမ်း အလုပ်ရှုပ်စိတ
နေသလို မျက်ခုံးနှစ်ခုကြားမှ ဒေါင်လိုက်စင်းနှစ်ချောင်းဟာ ရှိ
အသက်ထက် ပို၍ ရင့်ရော်ဖို့ ဖြစ်နေရသေးသည်။ နောက်ပြ
နောင်က ပါဝါမျက်မှန်နှင့်ပါ။





သူ့ချည်းဆိုလျှင် နောင်သည် အရုပ်ဆိုး အကျည်း
တန်သူ မဟုတ်ပါ။ ကြည့်ကောင်းရုံ တင့်တယ်သူ ဖြစ်သည်။
ပြီးတော့ ... သူဌေးဆိုသည့် အရှိန်ကလည်း ဟောက်ပနေသည်မို့
လူချောစာရင်းသွင်းမည်ဆိုလည်း သွင်းနိုင်ပါသည်။ နောင်ချည်း
တစ်ယောက်တည်းမှာတော့ နောင်ဟာ သမီးရှင်တွေရဲ့ မျက်စိထဲ
ဝင်စရာပါပဲ။ ညှိုနှင့် ယှဉ်လိုက်သည့်အခါမှာ သမီးရှင်များမျက်စိ
တွင် သိပ်မထူးခြားနိုင်ပေမဲ့၊ သမီးတွေ မျက်စိထဲကျတော့ နောင်
ကျန်ရစ်ခဲ့မှာ သေချာပါသည်။ သို့ပေမဲ့ ... ထွန်း မျက်စိထဲမှာ
တော့ နောင်က မကျန်ရစ်ပါ။ နောင်သည် ထွန်း စိတ်ဝင်စားနိုင်
လောက်သည့်ထိ ဆွဲဆောင်နိုင်သူတည်း။

ထွန်းက ဟောင်ကောင်တစ်လွှာဆိုသည့် တိုက်ခန်း
လေးထဲမှာ စိတ်ပျက်နေရလေ၏။ ထွန်းရဲ့ တိုက်ခန်းလေးဟာ
နှစ်လွှာမှာ ရှိသည်မို့ အပေါ်ဆုံးထပ်လည်း မဟုတ်။ မြင့်ကလည်း
မြင့်။ မောအောင်လည်း တက်ရသည်။ အပေါ်ဆုံးထပ်တို့ ရရှိသော
အခွင့်အရေးအဖြစ် "ခေါင်းမိုးထပ်"ကိုလည်း မရ။ ရန်ကုန်မြို့ကြီး
ကို စီးကြည့်နိုင်သည့် အခွင့်အရေး၊ ရွှေတိဂုံဘုရားကြီးကို ဖူးမျှော်
နိုင်သည့် အခွင့်အရေး၊ လေကောင်းလေသန့်တို့ကို တဝကြီး
ရှိုက်နိုင်သည့် အခွင့်အရေးတွေကျတော့ အားလုံး ဆုံးရှုံးရသည်။
ဆုံးသည့် အခွင့်အရေးတွေ အားလုံးရသည့် အထပ်နီးပါးမျှတော့
တက်ရသည်။ ထွန်းတို့ရဲ့ အပေါ်ထပ်ဖြစ်သော ရှစ်လွှာသည်

ထွန်း အထပ်ထက် တစ်ထပ် ပိုတက်ရပေမဲ့ "ခေါင်းမိုးထပ်" ပိုင်ဆိုင်ခွင့်ရသည်မို့ ထွန်းတို့ အထပ်ထက် စျေးပိုကြီးပါသည်။ ရှစ်လွှာတိတိ ရှိသော ဤတန်ထရိုက်တိုက် ပိန်ပိန်ကလေးမှာ ထွန်းနေသည့် ခုနစ်လွှာသည် စျေးအပေါဆုံးအခန်း ဖြစ်ပါသည်။

လှေကားတည့်တည့်မှာ အခန်းထဲသို့ ဝင်သော တံခါးပေါက် ရှိ၏။ ထိုတံခါးပေါက်မှ ဝင်ဝင်ချင်း နေရာသည် ဧည့်ခန်းဟု သတ်မှတ်ရမည့် နေရာဖြစ်သည်။ အခန်း၏ အကျယ် အဝန်းမှာ ဆယ့်တစ်ပေ၊ လေးဆယ့်ရှစ်ပေ ဖြစ်သည်မို့ ဧည့်ခန်းသည် ဆယ့်တစ်ပေပတ်လည်ပဲ ရှိ၏။ ဧည့်ခန်းနှင့် နောက်ဘက်ခန်းကို သုံးထပ်သားနှင့်ကာ၊ ရုပ်တာပြတင်းလေး သုံးပေါက်ထည့်၊ အဲသည်ရဲ့ နောက်ပိုင်းမှာတော့ သုံးဆယ့်ခုနစ်ပေလုံးလုံး ဘာအကာအရံမှ မရှိတော့ပါ။ ထွန်းအတွက် ခုတင်တစ်လုံး ၊ စားပွဲပေါ်မှာ မှန်တစ်ချပ် တင်လိုက်ခြင်းဖြင့်၊ စားပွဲအဖြစ်ရော မှန်တင်ခုံအဖြစ်ပါ သုံးလို့ရသော စားပွဲတစ်လုံး၊ ပြီးတော့ ထင်းရှူးသေတ္တာနှစ်လုံး ဆင့်ထားတာရှိသည်။ ကြောင်အိမ်ခပ်ဟောင်းဟောင်းတစ်လုံး၊ သစ်သားချောင်းရိုက်ထားသည့် ပန်းကန်စင်၊ နောက်ဆုံးမှာတော့ မီးဖိုအုတ်ခုံက ခပ်ကျဉ်းကျဉ်း၊ ဘေးနားမှာ ကပ်၍ အိပ်သာရေချိုးခန်း ရှိသည်။ ရေချိုးခန်းက ကျဉ်းလွန်း၍ အုတ်ရေကန် မလုပ်သာဘဲ၊ ရေတိုင်ကီတစ်လုံးပဲ ချထားသည်။





"ညီ့အခန်းက နှစ်ဆယ့်ငါးပေပတ်လည်ရှိတယ်၊ က်မှာ ရေချိုးခန်းက သပ်သပ်ဆယ့်နှစ်ပေ ဆယ်ငါးပေ၊ ဒီထဲမှာ ဘာ့သ်တပ် Bath Tub ထည့်ထားတော့ ရေချိုးခန်းက ျဉ်းသလိုပဲ၊ အိပ်ခန်းလည်း မကျယ်လှပါဘူးကွာ၊ နောင့်အခန်း ပေသုံးဆယ်နှစ်ဆယ့်ငါးပေ။ နောင် မိန်းမယူလို့ အိမ်ခွဲသွား ် ညီက နောင့်အခန်းပြောင်းမှာ" ... တဲ့။

ညီ ပြောတာ ကြားယောင်၏။ ညီ့အိပ်ခန်းတစ်ခု ည်း၏ ဧရိယာအကျယ်အဝန်းသည် ထွန်း တိုက်ခန်းတစ်လွှာလုံး တစ်ဆခွဲနီးပါးရှိသည်။ ရေချိုးခန်းပါ ထည့်လျှင် နှစ်ဆနီးပါး။ သည် အကျယ်အဝန်းထဲမှာ ညီက အိပ်ရုံရေချိုးရုံ နေ၏။ န်းမှာတော့ အိပ်၊ စား၊ ချက်ပြုတ်၊ ရေချိုး၊ ဧည့်သည်ဧည့်ခံ၊ းလုံးလုပ်ရသည်။ ဒါတောင် အခု ထွန်းနေသော ခုတင်သည် တော မေမေ ဦးတင်မောင်ထွန်း အိပ်ခဲ့သော ခုတင်ဖြစ်၏။ န်းကို "အမေပါ" ... ဟု ပြောပြီး လာခေါ်ခဲ့သူ၊ ထွန်းရင်ထဲမှာ း်သက်စွာ ခံစားရသူ ဒေါ်မြသန်းနုက ဦးတင်မောင်ထွန်း၏ တင်အောက်ကြမ်းပြင်(ဖယောင်းပုဆိုးခင်းထားသည့် သမံတလင်း) ါမှာ ဖျာခင်း၍အိပ်သည်။ ထွန်းက ညကျမှဧည့်ခန်း (ဒီတစ်ခန်း တ့ လျှာဆိုးကွပ်မျစ် ရှိ၏ )ကြမ်းပြင်မှာ ဖျာခင်း၍အိပ်၊ မနက် ျတော့ အိပ်ရာသိမ်း၊ ထင်းရှူးသေတ္တာ ကြီးထဲထည့် ... လုပ်ရ ည်။

ဖေဖေ ကွယ်လွန်ပြီး (ဖေဖေ့ တတိယဖနိ
ဒေါ်မြသန်းနုနှင့် ထွန်းတို့ သွေးသားမတော်စပ်သည့် သားအမိနှ
ယောက်လုံး၊ ဖေဖေ့အစ်ကိုကြီး ဦးကျော်မောင်ထွန်းကို မှီခိုရသည
အခါမှာ ထွန်းက ဖေဖေ့ ခုတင်ကို အပိုင်စီးလိုက်သည
ခုနစ်လွှာဆိုပေမဲ့၊ အတန်အသင့် ကျယ်ဝန်းသော (ထွန်းကတေ
လုံးဝ စိတ်ပျက်သည့်) ဤတိုက်ခန်းဟာ၊ ဦးကျော်မောင်ထွ
ဝယ်ပေးထားခဲ့တာမို့၊ ထွန်းက အာဏာသိမ်းကာ ဒေါ်မြသန်းနု
ဧည့်ခန်းထဲ ထွက်အိပ်ခိုင်းလိုက်ပါသည်။ အဝတ်လျှော်ဖို့ မီးပူတိုက
ဖို့ ဝေယျာဝစ္စတွေကို ဒေါ်မြသန်းနုအားပဲ ခိုင်းရက်သည်
ထွန်း မရိုင်းစိုင်းရဲသည်မို့ ကိုယ့်အဝတ်ကိုယ်လျှော်၊ ကိုယ့် မီး
ကိုယ်တိုက်ပေမဲ့၊ ထွန်းသည် မီးဖိုချောင်သို့ လုံးဝ မဝင်ပါ။ ဟင
တော့ ဈေးများပေးလိုက်သည်။ စင်စစ် ... များချင်လွန်းလှ
မဟုတ်။ သြဇာမာလကာလေး ပြထားသင့်သည်ထင်ပြီး ဒေါ်မြသန်း
အပေါ်မှ အပေါ်စီး ယူထားလိုက်ခြင်းသာ။ အိမ်သန့်ရှင်းရေးအတွ
တံမြက်စည်းတစ်ချောင်း မကိုင်ဖြစ်ပေမဲ့ ...

"ဒေါ်ကြီး ... ထွန်းက အလှအပ သန့်သန့်ရှင်းရှ
ကြိုက်တယ်နော်" ... ဟု တင်းတင်းနှင့် ပြောပေးထားလိုက်၏

ဒေါ်မြသန်းနု ခမျာ... ကုန်စိမ်းရောင်းနေရာမှ အထ
ကြီးစွာ လက်ထပ်ဖြစ်လိုက်သော ကိုတင်မောင်ထွန်းနှင့် အိမ်ထော
ကျချိန်မှစ၍ ဈေးသာမရောင်းရတော့တာ၊ အိမ်မှုကိစ္စတွေတော





ပ်ခဲ့ရတာမို့၊ ထွန်း သြဇာကျရောက်သွားချိန် ကျတော့လည်း၊
ရင်းသဘော ... ထူးပြီး ပင်ပန်းဆင်းရဲလှသည်ဟူ၍ မရှိတော့ပါ။
န်းက ဒီတိုက်ခန်းလေးထဲမှာနေပြီး တစ်နေ့တစ်နေ့ ဒေါသတွေ
ည်း လှိုမ့်လှိုမ့်ထွက်နေရသည်။ ထွန်းသည် ဖေဖေတို့ မေမေတို့
ူးစားသမီးဘဝနှင့် နေရတုန်းက သည့်ထက်သာ၏။ ဆရာမအိမ်
ားနေရစဉ်ကတောင် ခုလောက် ကျပ်ကျပ်သိပ်သိပ် မဟုတ်ခဲ့ပါ။

ရန်ကုန်ကို အထင်ကြီးပြီး လိုက်လာခဲ့ကာမှ ...
ကျဉ်းကျပ်သလောက် ဆင်းရဲလှသည့်ဟု ထင်၏။ သို့ပေမဲ့ ...
ွန်း ... တဲ့။ ခင်ခင်ထွန်းလေ ... ရောက်ရာအရပ်မှာ တန့်နေ
ည့်သူမှ မဟုတ်ဘဲ။ ထွန်း ချမ်းသာရမည်။ တစ်နေ့မှာ သူဌေးမ
ကြီး ဖြစ်ရမည်။ အဲသည်အတွက် ထွန်းဘက်က စွန့်လွှတ်ပေး
ပ်စရာတွေရှိလည်း ဝန်လေးနေမည့်သူ မဟုတ်ပါ။ ညီနှင့်
စ်ခွင့်ရခဲ့ခြင်းအတွက် ထွန်းဘဝကို ထွန်း တော်တော်ကလေး
ကျေနပ်ခဲ့မိသေးသည်။ ညီကို ချစ်သည်ဟုလည်း ထင်ခဲ့၏။
ို့ပေမဲ့ ... ခုတော့၊ ညီချစ်သူဘဝဟာ ထွန်း ရောင့်ရဲနိုင်လောက်
အောင် မပြည့်စုံတော့ပြီ။

ညီနှင့်စာလျှင် နောက်ကမှ ...။

၈

"ချိန်းမထားရင် တွေ့ခွင့်မရှိပါဘူး၊ တွေ့ချင်ရင် ကိစ္စ နာမည်ကို ပြောပြီး ရက်ချိန်းယူသွားပါလို့ ပြောတာ မပြန်ဘဲ ထိုင်စောင့်နေပါတယ် ဆရာ၊ ဆရာဟာ ဒီအခန်း က တစ်ချိန်ချိန်တော့ ထွက်လာမှာပဲ၊ ထွက်လာတာ အတင်းလိုက်ပြီး စကားပြောမယ်တဲ့"

နောင့် အခန်းဝမှ မောင်မြက ရှုံ့မဲ့ပြောလာတော နောင်က ပိုလို့တောင် စိတ်ပျက်ရသေး၏။ နောင့်ကို ဒီလိုမျ လာအကျပ်ကိုင်လို့များ ရကြေးလား။ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ ကိုယ့်မင်းကိုယ်ချင်း ကိုယ့်အလုပ်မှာ ကိုယ်ဘုရင်၊ ကိုယ်အထ ကြီးလေးစားစရာဆိုလို့ လောကမှာ ဖေဖေနှင့်မေမေပဲ ရှိသည ညီကိုတောင် ကိုယ့်ညီမို့ ချစ်တာကတခြား၊ ကိုယ့်လောက် အယ မလုပ်နိုင်သူအဖြစ် သိပ်အထင်ကြီးတာ မဟုတ်ပါ။

"သူက ဘာကိစ္စတွေ့ချင်တာတဲ့လဲ၊ အဲဒါရော ပြောသေ လား"

"တွေ့ခွင့်ပဲ တောင်းတာပါ ဆရာ။ ဘာကိစ္စလဲ မေးလိုက ရင် တွေ့ခွင့်ရတော့မယ် ထင်သွားမှာ စိုးလို့ပါ"

"ကောင်းတယ်လေ၊ ပြီးရောပေါ့၊ ရုံးချိန်ကုန်လို့ ရုံးပိတ်ရ တော့ သူ ပြန်ရမှာပေါ့"





စင်စစ် ... နောင်က ဒီနေ့မှာ တွေ့စရာ ညှိသည် မရှိပါ။ ကိုယ်က တစ်နေရာရာ သွားဖို့လည်း ရှိမနေပါ။ ကိုယ့်ဆီ တက်လာသည့် စာတွဲတွေဖတ်၊ လက်မှတ်ထိုးတန်ထိုး၊ သိချင်တာ ရှိ ခေါ်မေး၊ ဒီလောက်ပဲမို့ အချိန်ပေးမည်ဆို ပေးနိုင်ပါသည်။ သို့ပေမဲ့ ... နောင်တော့ကို ဒီလိုကြောလို့ ရရိုးလား။

ညနေငါးနာရီမှာ ပုံမှန်ရုံးဆင်းကြပါသည်။ အလုပ် အလျှင်လိုတာရှိသူတွေက အချိန်ပိုလုပ်ကြသည်။ နောင်က အချိန်ပို လုပ်လေ့မရှိပါ။ ငါးနာရီမှာ အိမ်သို့ ပုံမှန်ပြန်သည်။ ရေချိုးသည်။ အဆာပြေ တစ်ခုခုဆာလျှင် စားသည်။ မဆာလျှင်လည်း မစား တော့။ များသောအားဖြင့်ရက်တွေမှာ အလုပ်ကိစ္စအတွက် ကိုယ်က ဖိတ်ကျွေးရတာ၊ သူ ဖိတ်ကျွေးလို့ သွားစားရတာ စသည်ဖြင့် တစ်လမှာ ဆယ့်ငါးရက်လောက် အိမ်မှ ပြန်ထွက်ရတာတတ်ပါသည်။ ပြန်ထွက်စရာမရှိသော ရက်တွေဟာတော့ နောင် ရှားရှားပါးပါး ရသော ကိုယ်ပိုင်အချိန်တည်း။ နောင် ... တီဗီ၊ ဆက်တာလိုက် စသည်များ အေးအေးဆေးဆေး ကြည့်သည်။ စာဖတ်သည်။ နောင့် အိပ်ချိန်ဟာ ညစဉ်ပုံမှန် ဆယ်နာရီခွဲနှင့် ဆယ့်တစ်နာရီ ကြားမှာ ရှိလျက်၊ မနက်ခုနစ်နာရီ အိပ်ရာမှ ထလျှင် နောင်သည် အိပ်ချိန်အပြည့်အဝရလျက် လန်းဆန်းနေတတ်ပါသည်။

နောင်က အဲသည်လို၊ ဇယားကိုက် စည်းကမ်းတကျ နေထိုင်စားသောက်တတ်သူပါ။

နောင် ... ငါးနာရီမှာ ရုံးခန်းထဲမှ ထွက်လိုက်၏။ တံခါးဖွင့်လိုက်သည်နှင့်၊ နောင့်ရှေ့မှာ မျက်နှာချင်းဆိုင်ရပ်နေသူ မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။ သူမ ... နောင့် အကြည့်တွေကို ဖမ်းယူနေ၏။ အမှတ်မထင် သူ့မျက်ဝန်းတွေကို ကြည့်လိုက်မိစဉ်မှာပဲ၊ နောင့်အကြည့်တွေက အဖမ်းခံလိုက်ရတော့၏။

"ကျွန်မ ... နေညိုရီပါ"

စတင် မိတ်ဆက်သူ မိန်းမသားကို နောင်က ပြုံးမပြလိုက်ပါ။

နောင် ငေးကြည့်ဖြစ်သွားရတာကို ဝန်ခံရပါမည်။ နောင်ဟာ ... ကျောင်းတုန်းက၊ အလုပ်ထဲမှာ ... စသည် စသည်၊ မိန်းမသားအရွယ်စုံနှင့် ပြောဆိုဆက်ဆံရပါသည်။ ကိုယ့်ကုမ္ပဏီ လုပ်ငန်းအတွက်၊ ပြီးတော့ ... နောင် သီးသန့်ထုတ်လုပ်သည့် (ဖေဖေနှင့်မဆိုင်သော နောင့်ကိုယ်ပိုင်) အလှကုန်ပစ္စည်းတွေအတွက်လည်း နောင်က ကြော်ငြာတော့ဘာတွေ ရိုက်ရပါသည်။ ရုပ်ရှင်ဗီဒီယိုမင်းသမီးတချို့၊ မော်ဒယ်တချို့ဟာ နောင်နှင့် ပတ်သက်ဆက်ဆံရပါသည်။ အလှကုန်ပစ္စည်း ကြော်ငြာရိုက်တာ၊ ကုမ္ပဏီမန်နေဂျာလောက်နှင့် ပြီးတာများ၏။ နောင် ကိုယ်တိုင်နှင့် ဆိုဖို့မလိုပါ။ သို့ပေမဲ့ ... ရုပ်ရှင်ဗီဒီယိုမှာရော ကြော်ငြာမှာပါ လျှမ်းလျှမ်းတောက်သည့် မင်းသမီးမျိုး၊ မော်ဒယ်မျိုးကျတော့ သူက သူ့အနုပညာကို ဗန်းတင်သည်။ နောင်ကလည်း အနုပညာကျတော့ လေးစားပြချင်ပါသည်။ ရှားပါးလှသော ကိုယ်ပိုင် အချိန်ကလေးတွေမှာ





တာလေး တဒေါင်ဒေါင် ခေါက်လိုက်ရလျှင်ပဲ ကိုယ့်ဘဝကြီး ပြည့်စုံသွားရသလို ခံစားတတ်သည့် နောင်က အနုပညာရှင်ဆိုလျှင် တလေးတစား ဆက်ဆံလိုပါသည်။

"ပိုင်ရှင်သူဌေးနဲ့ တွေ့ချင်တယ်"

မော်ဒယ်မင်းသမီးကပြောလျှင် နောင်က ရိုက်ကွင်းသို့ ရောက်လာကာ တလေးတစား ရှိခဲ့ဖူးပါ၏။

"ဘာရယ်မဟုတ်ဘူးလေ ... ကိုယ့်ကုန်ပစ္စည်းကို၊ အနုပညာရှင်က ကြော်ငြာပေးနေတာ၊ ပိုင်ရှင် မြင်ဖူးသင့်တယ်ထင်လို့ပါ" ... ဟု အနုပညာရှင်က ပြောလာလျှင် နောင်က ... ဟုတ်ပါတယ် ခင်ဗျာ၊ မှန်ပါတယ်ခင်ဗျာ ... နှင့် လေးစားစွာ ပြောခဲ့ဖူး၊ ကြုံခဲ့ဖူးတာတွေ ရှိပါသည်။ မော်ဒယ်မင်းသမီးတွေဆိုတာ လှမှလှ။ အစကတည်းက လှပြီးသားမှာ ပံ့ပိုးပစ္စည်း အလှကုန်မျိုးစုံနှင့် ကူညီထားသေးရာ၊ ရက်ရက်စက်စက် လှလိုက်ကြတာ မပြောပါနှင့်တော့။ သို့ပေမဲ့ ... နောင့်ရင်ထဲမှာ "သြော် ... လှလိုက်တာ" ဆိုတာလောက်နှင့် ပြီးဆုံးသွားခဲ့ဖူးပါသည်။ အနုပညာရှင်တွေက အနုပညာကိုသာ သရုပ်ဆောင်သွားကြပြီး၊ နောင့်ကို သို့ယူသိမ်းငင် ဆွဲဆောင်ဖမ်းစားခြင်းမျိုး မည်သူကမှ လုပ်မသွားကြပါ။ ခုတော့ ... ကျွန်မ နေညိုရီပါ ... ဆိုသည့် အမျိုးသမီးသည် နောင်နှင့် မျက်နှာချင်းဆိုင်၍ ရပ်နေ၏။

ဒေါက်ဖိနပ် စီးထားလို့လားတော့ မသိ၊ နောင့်အရပ်နှင့် တညီတည်းနီးပါးလောက် မြင့်သူ အမျိုးသမီး၏ မျက်ဝန်း

ထူရှုံကြည့်လမ်းကြောင်းသည် နောင့်မျက်ဝန်းထဲသို့ သုံးဆယ်ဒီဂ
လောက်ပဲ မြင့်တက်၍ ကြည့်ရသည်။ နောင်က ငုံ့သည်ဆိုရုံလေ
ငုံ့ရသည်။ မော့ကြည့်သူမို့ မျက်ဝန်းက ပွင့်သွားသည်။ မျက်ဝန်
အပွင့်ကို စိတ်တိုင်းကျ ဖွင့်တတ်သည့် (တတ်အောင်လည်း ကြိုးစာ
လေ့ကျင့်ထားသည့်) အမျိုးသမီးက သူ့မျက်ဝန်းထဲမှာ ဘာတွေ
ထည့်လွှတ်လိုက်သည် မသိပါ။ နောင် ... ဖမ်းစားခံလိုက်ရသည်
ပြုစားခံလိုက်ရပါသည်။

"ဩော် ... တစ်နေ့လုံး စောင့်နေရတာလား"

နောင် အားနာမိရတော့ပြီ။

"ဟုတ်ကဲ့ ... ဦးနောင်တေဇနဲ့ လွဲမှာစိုးလို့ ထမင်းတောင်
ထွက်မစားရဲတာနဲ့ မနက်စာတောင် လွှတ်သွားပါတယ်"

"ဩော် ... ကဲ ... ကဲ၊ ဝင်ပါ"

နောင်က တွန်းဖွင့်ထားဆဲ တံခါးရွက်ကို ကိုင်လျက်
သူမကို အရင် ဝင်ခွင့်ပြုလိုက်သည့်အခါ ရဲဝံ့စွာ ဝင်သွားသည့်
သူမက နောင့်စားပွဲရှေ့မှာ ကုလားထိုင်ပေါ် မထိုင်သေးဘဲ မတ်
တတ်ရပ်၍ စောင့်၏။

"ထိုင်လေ ... ထိုင်ပါ"

နောင်က စားပွဲကို ပတ်၍ သူ့ဆုံလည်ကုလားထိုင်မှာ
ဝင်ထိုင်လိုက်မှ၊ သူမက သူမအတွက် ကုလားထိုင်ကို ထုတ်၍
ထိုင်ပါသည်။ အကြည့်ချင်းက ဆုံကြရပြန်ပါပြီ။ နောင်သည်
လှပါသည်ဆိုသော မိန်းမသားတော်တော်များများကို တွေ့ဖူး





မြင်ဖူးပေါင်း များလှပါပြီ။ သူတို့ အလှအပတွေမှာ မကျဆုံးခဲ့
ဘြား၊ အလှအပတွေကိုတော့ အသိအမှတ်ပြုခဲ့ဖူးပါသည်။ မျက်စိ
ရှေ့မှ နေညိုရီဆိုသော အမျိုးသမီးသည် နောင်တွေ့ဖူး၊ မြင်ဖူး
သော မိန်းမလှတွေ၏ အလှအပကို မမီပါ။ ငေးကြည့်နေရလောက်
ထိပ်ထိပ်ကြဲအလှကြီး မဟုတ်ပါ။ အသားရောင်ကလည်း ဖွေးဆွတ်
မနေပါ။ "ကျွန်မ နာမည် နေညိုရီ" ... ပါဟု ပြောလိုက်သည့်
အတိုင်း၊ သူမနာမည်နှင့် သူမက လိုက်ဖက်လွန်းလှတော့သည်။

အသားရောင်က ဝါညိုညက်ဖြစ်၏။ သူ့မျက်ဝန်း
တွေက ရီဝေနေကြသည်။ မျက်ရည်ဝဲနေသလား ထင်ရ၏။
ပြောင်လက်စိုရွှန်းစေသည့် အရည်တစ်မျိုးမျိုးက တစ်လွှာအုပ်ထား
သလို၊ ထိုမျက်ဝန်းက ရွှန်းလဲ့လွန်း၏။ တောက်ပလွန်း၏။
ဆွဲဆောင်မှု ညို့ယူသိမ်းငင်နိုင်စွမ်းလွန်းပါပေ၏။ ဒီမျက်လုံးတွေ
ထဲက စကားသံတွေ ဘယ်တော့ ထွက်ကျလာမလဲဟု စောင့်ကြည့်
နားထောင်ချင်ဖွယ် ဖြစ်တော့၏။

သူမသည် မလှပါ။ သို့ပေမဲ့ ... ကမ္ဘာပေါ်မှာ
ညို့ငင်အား အကောင်းဆုံး မိန်းမသားပြိုင်ပွဲများ ကျင်းပလိုက်ရလျှင်
ဗိုလ်စွဲမည့်သူတည်း။

"ကျွန်တော် ဘာကူညီရမလဲ ပြောပါ"

ဒီဝါကျကတော့ နောင့် လက်သုံးပဲဖြစ်သည်။ စီးပွား
ရေးလောကထဲသို့ ရောက်ကတည်းက၊ လူချင်းတွေ့လျှင် ဤစကား
နှင့် စတင်မိတ်ဆက်နေကျဖြစ်၏။

"ဦးနောင်တောဇမှာ အတွင်းရေးမှူးအမျိုးသမီး မရှိသေးဘူးဆိုရင် ကျွန်မ ... အဲဒီအလုပ်ကို လျှောက်ချင်လို့ပါ"

"အလုပ်တောင်းပုံက သင်းသကွယ့်" ... ဟုတော့ ကျိတ်၍ မှတ်ချက်ချမိပါသည်။

"ကျွန်တော့်မှာ အတွင်းရေးမှူးပဲဆိုဆို၊ ကျွန်တော့်နားမှာ အမြဲရှိပြီး၊ ကျွန်တော် သိသလောက် လိုက်သိပေးရတဲ့သူ၊ လိုအပ်တာတွေ ဆောင်ရွက်ပေးရတဲ့သူပေါ့ဗျာ၊ အမျိုးသားပဲ ထားပါတယ်၊ နှစ်ယောက် ရှိပါတယ်၊ ကျွန်တော် မထွက်လာခင်၊ သူတို့ကို အရင်ပြန်လွှတ်လိုက်တာ တွေ့မယ် ထင်ပါတယ်၊ ကျွန်တော်က ဒီနေ့အဖို့ရာမှာ အိမ်ကိုပဲ တန်းပြန်တော့မှာမို့ပါ"

"ဟုတ်ကဲ့ ကျွန်မ တွေ့လိုက်ပါတယ်"

ဦးနောင်တောဇ ဆိုသောသူကို မြင့်ဖူးအောင် ကြည့်ထားပြီးပြီမို့၊ နောင့်ရှေ့မှာ ထွက်လာသူနှစ်ဦးဟာ နောင် မဟုတ်မှန်း သိသည်မို့ မတ်တတ်တောင် ထမရပ်လိုက်ပါ။ မျက်ဝန်းတစ်ချက်လောက်သာ ဝင့်ကြည့်လိုက်ပါသည်။

"ကျွန်မက တတ်သင့်တဲ့ သင်တန်းတွေလည်း တော်တော်တက်ပြီးပါပြီ။ လိုအပ်တဲ့အခါကျတော့ အောင်လက်မှတ်တွေ ပြနိုင်ပါတယ်။ ကျွန်မက ကုမ္ပဏီလုပ်ငန်းကို အရမ်းစိတ်ဝင်စားလို့ပါ။ ကျွန်မ ... ကိုယ်ပိုင်ကုမ္ပဏီတစ်ခု သိပ်လုပ်ချင်





တာပဲ၊ ဒါပေမဲ့ ... ကျွန်မမှာ လုံလောက်တဲ့ ငွေကြေးအရင်းအနှီး မရှိဘူး ...

"ကျွန်မ လုပ်ရင် ဖြစ်မယ်ထင်နေပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေပါတယ်။ ကျွန်မမှာ အရည်အချင်းရှိပြီး အကောင်အထည်ဖော်ခွင့် မရဘူး ဖြစ်နေတာကိုပဲ ကျွန်မ အသည်းယားပြီး မခံမရပ်နိုင် ဖြစ်နေမိတာပါ။ ကိုယ်ပိုင်ပိုက်ဆံ မရှိလို့ ကိုယ်ပိုင်ကုမ္ပဏီ မထောင်နိုင်ရင်တောင်၊ သူများကုမ္ပဏီတစ်ခုခုကို ကျွန်မကြောင့်၊ ကျွန်မကြိုးစားမှု၊ ကျွန်မ အရည်အချင်းနဲ့ တိုးတက်ကြီးပွားသွားအောင် အရမ်းလုပ်ပြချင်စိတ်တွေ သိပ်ပြင်းထန်နေပါတယ် ...

"ဒီနေရာမှာ တစ်လငွေကြေးဟာ ကျွန်မအတွက် ပဓာနမကျပါဘူး၊ ကျွန်မနဲ့ သင့်တင့်လျောက်ပတ်မဲ့ လစာတစ်ခုခုကို ဦးနောင်တောဇ သတ်မှတ်ပေးရင် ကျေနပ်ပါပြီ။ လုပ်ငန်းအနေနဲ့ကျတော့ ခိုင်းချင်ရာခိုင်းကြည့်စမ်းပါ။ ကျွန်မ အရမ်းကြိုးစားပြချင်လို့ပါ။ ဦးနောင်တောဇ ရယ်ချင်လည်း ရယ်ပါ ...

"ကိုယ့်ကိုယ်ကိုယ် ... ကျွန်မက ပဏ္ဍာမြားတစ်လုံးလို့ ထင်ပါတယ်။ နွံထဲမှာ နစ်မနေပါရစေနဲ့၊ ဆယ်ယူပြီး ထိုက်တန်တဲ့နေရာမှာ သုံးစွဲဖို့ ဦးနောင်တောဇကို အကူအညီ လာတောင်းတာပါပဲ"

"အလုပ်အရမ်းလုပ်ချင်လို့ပါ" "ကြိုးစားပြချင်လို့ပါ" "ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါတယ်" ဆိုသော ဝါကျတွေက နောင့်ကို နူးကျစေလေ၏။ နောင်သည် ကိုယ်တိုင်လည်း ကြိုးစားသည်။ ကြိုးစားသူတွေကိုလည်း လေးစားသည်။ နောင်က "အလုပ်"ဆိုမှ အလုပ်ဟူသည့် Workaholic သမားမျိုးကို နှစ်ခြိုက်သည်။ အပေါင်းအသင်း များများစားစား မရှိရသည့်အထဲ၊ ရှိသလောက်ထဲမှ ပြုတ်ထွက်ကုန်ကြသူတွေဟာ နောင့်ကို "အလုပ်ရူး"ဟု နာမည်ပေးကာ နောင်နှင့် ပေါင်းသင်းဖို့ စိတ်ကုန်သွားကြသူတွေဖြစ်သည်။ အဲဒါမျိုးမို့ နောင်က "နေညိုရီ" ပါဆိုသည့် အမျိုးသမီးကို (သူ့ပြောစကားတွေ မှားတာ မှန်တာ အပထား) နှစ်ခြိုက်သွားမိရတော့သည်။

"အရင်က ဘာလုပ်ဖူးလဲ"

"ခုချိန်ထိ မယ်မယ်ရရ ဘာမှ မလုပ်ဖူးသေးပါဘူး၊ ဘယ်ကုမ္ပဏီမှာမှ သေသေချာချာ အလုပ်မဝင်ဖူးသေးတာပါ။ တောက်တိုမယ်ရ ဆိုသလို တွေ့ကရာ မြင်ကရာတော့ လုပ်နေတာပါပဲ"

"ကျောင်းပြီးပလား"

"ကျွန်မ ... အဝေးသင်ပါ။ နောက်ဆုံးနှစ်ပါ"

"မိဘညီအစ်ကိုမောင်နှမတွေ ဘာလုပ်ကြသလဲ"

ဒီမေးခွန်းက ဘယ်လိုအသိုင်းအဝိုင်းမှ လာသလဲ ဆိုတာ သိချင်လို့ မေးခြင်းဖြစ်သည်။



"တစ်လောကလုံးမှာ ကျွန်မလောက် တစ်ကောင်ကြွက် စစ်စစ်ဆိုတဲ့လူမျိုး ရှိမယ် မထင်ပါဘူး"

"ဘယ်သူနဲ့ နေလဲ"

"မိတွေးနဲ့ပါ"

"အဆင်ပြေရဲ့လား"

"ဒီနှစ်ယောက်မှ ပေါင်းမနေရင်၊ နှစ်ယောက်လုံးမှာ ဘယ်လိုဆွေမျိုးသားချင်းမှ မကျန်တော့ဘူးဆိုတော့၊ ကျွန်းနဲ့ ကိုင်းနဲ့ အပြန်အလှန် မှီခိုနေကြပါတယ်"

နောင်က ထိုအမျိုးသမီးကို တော်တော်စိတ်ဝင်စားသွားမိတော့သည်။ စကားပြောပုံကိုလည်း ကြိုက်၏။

"ခင်ဗျားပြောတဲ့ ဝါကျတွေကို သဘောကျပါတယ်။ လောလောဆယ် ဘယ်ဌာနမှာမှ အလုပ်မလိုသေးပါဘူး။ လိုအပ်တဲ့အချိန်မှာ အကြောင်းကြားဖို့ လိပ်စာပေးခဲ့ပါ"

နေညိုရီ စာရွက်တစ်ရွက် ထုတ်၍ သူ့လိပ်စာရေးသည်။ သူမမှာ လိပ်စာကတ်တွေ ဘာတွေ ရိုက်ထားခြင်းမျိုး မရှိကြောင်း နောင်က သတိထားမိ၏။

ဆင်းရဲရှာတယ် ထင်ပါရဲ့။

## ၇

နောင်သည် ကိုယ့်ရုံးခန်း ကိုယ် မမှတ်မိလောက်အောင် ဖြစ်သွားတော့၏။

ဒီနေ့ ... နောင်က ရုံးရောက် နောက်ကျသည်။ ရုံးသို့ တန်းမလာနိုင်ဘဲ တခြား ဝင်စရာတစ်ခုသို့ ဝင်နှင့်ရ၏။ ဒါကို နောင့်လူနှစ်ဦး (သူတို့ကို၊ နောင်က မိမိ လူတွေ ကိုယ့်လူတွေဟုပဲ ပြောလေ့ရှိ၏။) သိနှင့်သည်။ သူတို့လည်း မလိုက်ရသည်မို့ ရုံးချိန်မှာ ရုံးခန်းသို့ ရောက်၏။ နောင့်ရုံးခန်းဝမှာ ငုတ်တုတ်ထိုင်၍ စောင့်နေသူ အမျိုးသမီးကို တွေ့တော့ သိပ်မအံ့ဩပါ။ ခုမှ မြင်ဖူးလိုက်ရပေမဲ့၊ မနေ့က အဖြစ်အပျက်ကို၊ နောင်က ညဘက်မှာ ဖုန်းဆက်ပြောပြထားပြီးဖြစ်သည်။





"သတ္တိက မခေဘူးနော်၊ ခင်ဗျားတို့ နေရာကို
လိုင်းကြီး လာလုတာ" ... ဟု နောက်လိုက်သေး၏။ နောင့်ထံ
ခုလို ခပ်နောက်နောက် ခပ်ရှင်ရှင် စကားမျိုး ကြားရခဲ့သည်မို့
ဩလှ၏။ ထိုအမျိုးသမီးကို မြင်ရုံနှင့် "နေညိုရီ"ပဲဟု သိလိုက်
ည်။ သူမကို မည်သူကမျှ နှုတ်မဆက်ဘဲ၊ နှစ်သောက်သား
ဆင့်နောက်ဆင့်ဆိုသလို ရုံးခန်းထဲဝင်၏။ ရုံးခန်းထဲသို့ နှစ်
ယာက်လုံး ရောက်ပြီးချိန်မှာ၊ သော့မချဘဲ စေ့ရုံ စေ့ထားသည့်
ခန်းကို ဖွင့်၍ နေညိုရီ ဝင်လာခဲ့တော့သည်။ ရောက်နှင့်နေသူ
စ်ဦးကို ဘာမျှ မပြော။ အခန်းအလယ်မှာ ခါးကလေးထောက်၍
တ်တတ်ကလေး ရပ်သည်။ ဟိုသည် လှည့်ပတ်ကြည့်သည်။
ပြီးတော့ ... သူ့စိတ်သူ့သဘော သူလုပ်ချင်တာတွေ ၊ ဒီကဟာ
ကိုရွှေ့၊ ဟိုကဟာ ဒီရွှေ့တွေ လုပ်တော့၏။ ကြက်မွေးတစ်ချောင်း
ကိုင်၍ တံမြက်စည်းလှည်း ဖုန်ခါ၏။ ခါတိုင်းဆို သန့်ရှင်းရေး
ကောင်လေး လာမှ လုပ်နိုင်းသည့်အလုပ်တွေ နေညိုရီ လျှောက်
လုပ်၏။

"ဘာတွေ လုပ်နေတာလဲ"

ကိုထိန်းလင်းက သိပ်ကြည့်မရပုံနှင့် မေးတော့သည်။

"ဦးနောင်တောဇ စိတ်ချမ်းသာ ကြည်လင်အောင် အခန်းကို
ရှင်းပေးတာ"

သူ ဆွဲလာသည့် ခြင်းတောင်းထဲမှ (စောစောတုန်းက သတိမထားမိ) ပန်းစည်းတစ်စည်းကို ယူ၏။ ပန်းအိုးလည်း ပါလာသည်။ ပန်းက ရိုးရိုးပါ။ ရေမွှေးနှင်းဆီက ရနံ့သင်းလှပါ… သည်။ ပန်းအိုးထိုးပုံက ပန်းအိုးပေါ်မှာ ခပ်ကျဲကျဲ ပန်းပုံတစ်ပုံ… ရောက်နေသည့်ပုံစံဖြစ်၏။ နောင့်မျက်နှာစာရှေ့မှာ (စားပွဲပေါ်မှာ) ပန်းအိုးကို ထားသည်။

"ကိုနောင် လုပ်ခိုင်းထားလား"

ဒီလောက် ပိုင်စိုးပိုင်နင်းကြီးဆိုတော့ ကိုသိန်းမြင့်ထွန်း… က ဖြုံတောင် ဖြုံချင်လာရတော့သည်။

"ခိုင်းတော့ မထားပါဘူး။ ဒါပေမဲ့ … ဦးနောင်တော… အတွက် ကျွန်မ လုပ်ပေးတာ"

"ခင်ဗျားကို မနေ့က အလုပ်ခန့်လိုက်ပြီလား"

"ဟင့်အင်း … နေရာမပေါ်သေးဘူးတဲ့။ ပေါ်တာနဲ့အကြောင်း… ကြားမယ်တဲ့။ အခု … ကျွန်မက လုပ်အားပေး လာတာ… လခ မယူပါဘူး။ ပညာသင်လုပ်အားပေးပေါ့"

ကိုထိန်လင်းနှင့် ကိုသိန်းမြင့်ထွန်းတို့ တစ်ယောက်… ကိုတစ်ယောက် မျက်စပစ်၍ ကြည့်ဖြစ်ကြတော့သည်။ နောင်… ရောက်လာသည့်အခါမှာ နောင်သည် သူ့အခန်းထဲမှာ ငုတ်တုတ်… ထိုင်နေကြသူ သုံးဦးနှင့် မှတ်မိချင်စရာတောင် မရှိတော့သည့်… ကိုယ့်ရုံးခန်းကို ထူးဆန်းအံ့သြစွာ တွေ့ရတော့သည်။





"မင်္ဂလာပါ ဦးနောင်တော"

နေညိုရီက မတ်တတ်ထရပ်၍ နှုတ်ဆက်၏။ …ထိန်လင်းနှင့် သိန်းမြင့်ထွန်းတို့က ထိုင်နေကြသည်။ ခါတိုင်းလည်း …နှုတ်ဆက်ရိုးထုံးစံ မရှိပါ။ ခါးကလေးနှစ်ချက်သုံးချက် ကိုင်း၍ …နှုတ်ဆက်သော နေညိုရီကို ကျွန်အမျိုးသားနှစ်ဦးက ငေးကြည့်ရင်း …မျက်စိထဲ နောက်တောက်တောက် ဖြစ်မိတော့သည်။

"ထိုင်လေ … ထိုင်ပါ နေညိုရီ၊ အခန်းကို ခင်ဗျား ရှင်းထားသလား"

"ဟုတ်ကဲ့ပါ။ ပန်းအိုးရောပဲ"

"ခင်ဗျား ဝယ်လာတာပေါ့"

"ဟုတ်ကဲ့ပါ"

"ပညာသင် လုပ်အားပေးတဲ့"

ထိန်းလင်းက မအောင့်နိုင်စွာပင် ပြော၏။

"လခမယူဘူးတဲ့"

သိန်းမြင့်ထွန်းကလည်း ဝင်ပြောသည်။

နောင် တဟားဟား ရယ်တော့သည်။ နောင့်ရယ်သံ… ဆိုတာ ခြောက်လနေလို့ တစ်ခါမကြားရတာမို့ နောင့်လူနှစ်ယောက် …မျက်လုံးကြီးတွေ မြူးနေကြသည်။ နေညိုရီက နှုတ်ခမ်းကလေး …စု၍ ပြုံးနေသည်။

"ဦးနောင် ကော်ဖီ သောက်မလားရှင်"

မေးပုံက သိမ်မွေ့၏။

"အိမ်က စားလာခဲ့ပြီ"

"ဒီကုမ္ပဏီမှာ ကိုနောင်က ဝန်ထမ်းတွေအတွက် ကော်ဖီ ဆိုင်တစ်ဆိုင် ဖွင့်ထားပေးတယ်။ တစ်နေ့ကို ဝန်ထမ်းတစ် ယောက်ဟာ လေးခွက်ထိ သွားယူသောက်နိုင်တယ်။ ပိုက်ဆံ ပေးစရာ မလိုဘူး။ လေးခွက် ဆိုတာလည်း ဒီထက်ပိုရင် ကျန်းမာရေး ထိခိုက်မှာစိုးလို့သာ ကန့်သတ်ထားတာ၊ ဒါဟာ ကိုနောင့် စေတနာပဲ"

ထိန်လင်းက ဝင်ပြောသည်။

"ကိုနောင် ကော်ဖီဆာရင် ကျွန်တော်တို့ အဲဒီက သွားယူ ပေးတာပဲ"

"တူမလားရှင် ... ဒီလိုပဲ ဖြစ်လိမ့်မယ်ထင်လို့၊ ကျွန်မ စီစဉ်လာတာ"

သူ့ခြင်းတောင်းကြီး ဘေးမှ ဇရာမ ကြွပ်ကြွပ်အိတ် ကြီးကို ဖြေ၏။ ဆွဲထုတ်၏။ ကော်ဖီ ဖျော်စက်၊ မယ်လမင်းခွက် ခပ်ကြီးကြီး၊ ကော်ဖီပန်းကန် ကျောက်စိမ်းရောင် ဖန်ကြည်သား တစ်စုံ၊ ဇွန်းလည်း ပါ၏။ သကြားနှင့် နို့အတွက် သကြားထုပ် နှင့် ကော်ဖီမိတ်အထုပ်၊ ကော်ဖီမှုန့်၊ ဘူးတွေ ခွက်တွေ စက်တွေကို စောစောက သူမ ဟိုကဟာ ဒီရွှေ့၊ ဒီကဟာ ဟိုရွှေ့ လုပ်စဉ်က နေရာအားပစ်ခဲ့သော ဘီရိုအောက်ဆုံးထပ်ကလေးထဲသို့ ထည့်၏။ နောင်က အံ့သြနေသည်။ ဘယ်လိုအမျိုးသမီးပါလိမ့်။ သို့ပေမဲ့ ... လုပ်ချင်တာတစ်ခုကို ဖြစ်အောင်လုပ်သည့် ဖွဲကို ချီးကျူးချင်သည်။





"ခုကြို၊ ခုဖျော်၊ ခုသောက်တော့ ကောင်းတာပေါ့၊ ရှင်တို့ ကော်ဖီဆိုင်က တစ်ခါတည်း အများကြီး ဖျော်ထားပြီး ပူအောင်လုပ်ထားတာနေမှာပေါ့၊ ကော်ဖီဆိုတာ ထပ်တလဲလဲ ကြိုနေရင် ကွမ်းစွက်ပြုတ်ရည်စော် နံလာတတ်တယ်"

ဟုတ်များနေသလားဟု တွေးမိကြရတော့သည်။

"ကိုနောင် ... မနက်က အစည်းအဝေးက ဘာတဲ့လဲ။ ကျွန်တော်တို့ကို ညွှန်ကြားစရာရှိလား"

သိန်းမြင့်ထွန်းက နေညိုရီကို သိပ်ကြည့်မရချင်တော့ သည်မို့ စကားလမ်းကြောင်း ပြောင်းလေ၏။

"ပါတယ် ... အဲဒါ ပြောရဦးမယ်"

နောင်က အလုပ်အကြောင်းပြောတော့ ထိန်လင်းနှင့် သိန်းမြင့်ထွန်းတို့က နောင့်စားပွဲရှေ့က ကုလားထိုင်မှာ ထိုင်၍ နားထောင်ကြသည်။ နေညိုရီက နောင့်ဘေးမှာ လက်ကလေးနှစ် ဖက် ရှေ့မှာ စုချိတ်လျက် ခြေစုံကလေးရပ်၍ နားထောင်တော့ သည်။ နောင်က တစ်ချက်လှည့်ကြည့်ပြီး ပြောစရာရှိတာတွေ ဆက်ပြောသည်။ နောင် ပြောပြီးတော့ သိန်းမြင့်ထွန်းမှာ သွားစရာ အလုပ်ကိစ္စ ရသွား၏။ အပြင်ထွက်၏။ ထိန်လင်း ကျန်ရစ်သည်။ နေညိုရီက ဘာတွေမှန်းမသိ တတောက်တောက် လျှောက်လုပ် နေသည်။

"ဦးနောင် ... နေ့လယ်စာ ဘယ်လိုစားလဲရှင်"

"တစ်ခါတလေလည်း အပြင်ထွက်စားတယ်၊ တစ်ခါတ
အပြင်က မှာစားတယ်၊ တစ်ခါတလေ အိမ်ကပို့တဲ့ထမင်
ဖေဖေ့ဆီသွားစားတယ်"

နောင်တို့ ဖေဖေ ဦးတေဇကျော်၏ ရုံးခန်းက
ဤအဆောက်အအုံမှာပင် ရှိပြီး၊ နောင့်ထက် တစ်ထပ်အမြင့်သ
တက်ရသည်။

"ခင်ဗျား ... ဆန့်တွေ ဆီတွေ ယူခဲ့သေးလား"

ထိန်လင်းက အမြင်ကတ်ကတ်ဖြင့် မေး၏။ နေညို
က တခစ်ခစ်ရယ်သည်။

"ရုံးခန်းချဲ့လိုက်လေ။ နေရာသာ ပြင်ပေး၊ ပူပူနွေးနွေ
ချက်ကျွေးပစ်လိုက်မှာ"

ကိစ္စတစ်ခုအတွက် ဖုန်းဝင်လာ၍ ထိန်လင်းက
ပြေးကိုင်ပြီး နောင့်ကို ပေးတာကို နေညိုရီ ကြည့်နေလိုက်သည်
ထိန်လင်းက နောင့်အမိန့်ဖြင့် အဲဒီကိစ္စသို့ သွားရသည်။ အလုပ်ကိ
ဖြင့် တံခါးခေါက်ပြီး ဝင်လာကြသူတွေ၊ နောင်နှင့် တွေ့
ဝင်လာသည့် ကုမ္ပဏီဝန်ထမ်းတွေက နောင့်ဘေးမှာ ခြေစုံကလေ
ရပ်နေသည့် စွဲမက်စရာကောင်းမလေးကို "သို့လော ... သို့လော"
ဖြင့် စပ်စုကြည့်တွေ ကြည့်ကုန်ကြတော့သည်။ နောင်က အဲသည်လို
ကိုယ် ဖြစ်ချင်တာကို မဖြစ်မနေ လုပ်သည့် ဖွဲ့ကို ကြိုက်ပေမဲ့
ကိုယ့်ကို လာအကျပ်ကိုင် ချည်နှောင်တာမျိုးကျတော့ နည်းနည်





ကလေးမှ မကြိုက်ပြန်သည်မို့ နေညိုရီ ဝယ်ခြမ်းလာသမျှတို့အတွက်
ိုက်ဆံ ပြန်မပေးဘဲ ဗွတ်ပေနေလိုက်သည်။

"ခင်ဗျား လုပ်ပုံက အလုပ်ရဖို့ တိုက်ပွဲဝင်နေတာနဲ့ မတူ
နေဘူးလား"

"တူနိုင်ပါတယ်၊ ဒါပေမဲ့ ... ကျွန်မ အနိုင်ရမယ်လို့ ယုံကြည်
နေပါတယ်"

နောင်က ဘောင်းဘီရှည်နှင့်မို့ စီးလာခဲ့သည့် ရှူးကို
ခြေချင်းချိတ်၍ ချွတ်လိုက်၏။ နေညိုရီက ဘယ်အချိန်တုန်းက
ရှာဖွေတွေ့ရှိထားမှန်း မသိသော နောင့်ကတ္တီပါ ဖိနပ်ကို ပြေးယူ
သည်။ နောင့် ခြေဖျားနား ကြမ်းခင်းကော်ဇောမှာ ထိုင်၍ နောင့်
ခြေအိတ်ကို ချွတ်တော့သည်။

"ဦးနောင် ... ကန်တော့နော်"

"ဟာ ... နေပါစေ"

ကန်တော့ ... ကန်တော့လို့ ပြန်ပြောရမလား ...
ဖျတ်ခနဲ တွေးလိုက်မိပြီးမှ မပြောတော့ဘဲ ခြေထောက်ကိုသာ
သိမ်းလိုက်တော့သည်။ သိမ်းလိုက်သည့် ခြေထောက်ကို လိုက်ဆွဲ
ပြန်တော့ ခြေဖဝါး ကိုင်မိသလို ဖြစ်၍ နောင်က ဟားခနဲ
ရယ်မိ၏။ ယားသွားလို့ပါ။ ခါးတို့လည်းယား၊ ခြေဖဝါးကိုင်လည်း
ယားတတ်သော နောင်က ပေါင်ယမ်းရင်း ရယ်၏။ နေညိုရီကပါ
လိုက်ရယ်သည်။ ရင်းနှီးမှုက မဖြစ်ထွန်းချင်လို့ မရဘဲ၊ တစ်ခု

သော အတိုင်းအတာထိ ဖြစ်ထွန်းသွားရတော့သည်။ နေညိုရိ
ခစ်ခစ်တက် အရယ်မျိုး မဟုတ်စေရဘဲ၊ နှုတ်ခမ်းကို စေ့
တဟင်းဟင်း ဣန္ဒြေရစွာ ရယ်သည်။ ခြေဖဝါးရှေ့မှာ ကတ္တီ
ဖိနပ်ကို ချပေးလိုက်သည်။

"ဦးနောင် ဒီတစ်ခါ ယားရင် တွန့်လိမ်ရမှာစိုးလို့ ခြေဖဝါ
မှာ စွပ်မပေးတော့ဘူး"

နောင် ... ဘာပြောရမှန်း မသိခင်မှာ နေညိုရိ
မတ်တတ် ထရပ်၏ ။ လက်ကလေးနှစ်ဖက် ရှေ့မှာ စုံချိတ်လျက်
ကိုယ်ကလေး နှစ်ကြိမ်သုံးကြိမ် ကိုင်းပြန်သည်။

"ကျွန်မ ခုလို လုပ်ကိုင်ပေးတဲ့ အပေါ်မှာ ဦးနောင်တစ်မျိုး
မထင်ရအောင် ကြိုတင်ပြောထားချင်ပါတယ်။ ကျွန်မ ...
ဦးနောင်ရဲ့ ဝေယျာဝစ္စကို တာဝန်တစ်ခုလို ထမ်းဆော
တာပါ။ အရောဝင်ချင်တဲ့ ရည်ရွယ်ချက်မျိုး မရှိပါဘူး
ကျွန်မ အပေါ် အထင်မလွဲပါနဲ့။ ကျွန်မက ဦးနောင်ရဲ့
အရင်းနှီးဆုံးနဲ့ တစ်သက်လုံး ... တပည့် ဖြစ်ချင်တာ
ပါ"

"အရင်းနှီးဆုံးနဲ့ တစ်သက်လုံး" ...။ နောင်က
တိတ်ဆိတ်စွာ ရွတ်ကြည့်မိသည်။ သူမ မျက်လုံးတွေက ရီဝေလျက်
ဘာစကားတွေမှန်းမသိ ပြောနေတတ်သလိုမို့ အကြည့်ချင်းဆုံလျှင်
ကိုယ့်အကြည့်ကို တော်တော်နှင့် ပြန်သိမ်းလို့မရအောင်၊ သူမ ...





မ်းစားထားတာ မှန်ပါသည်။ သို့ပေမဲ့ ... ကလက်တက်တက်
အမူအရာဟူ၍ မတွေ့ရပါ။

"ကျွန်တော် ... အလုပ်မခန့်ရသေးဘဲ ဒီလို လာဆောင်ရွက်
ပေးနေတာ မကောင်းဘူးထင်တယ်"

"ကျွန်မ ... တခြားကုမ္ပဏီတွေမှာလည်း လျှောက်ထားပါ
တယ်။ အင်တာဗျူးတချို့လည်း ဝင်ပြီးပါပြီ။ ရနိုင်စရာတွေ
လည်း ရှိနေပါတယ်၊ ဒါကြောင့် ... ကျွန်မက ဦးနောင်ဆီ
အလုပ်လာတောင်းတာပါ။ တခြားမှာ ရသွားရင်၊ ဦးနောင်
ဆီမှာ မလုပ်ရတော့မှာစိုးလို့ပါ ...

"ဦးနောင်က လိုအပ်မှ ခေါ်မယ်ပြောထားတော့
ဦးနောင်ဆီမှာ အလုပ်ရမယ် မရဘူးက မသေချာဘူး
မဟုတ်လား၊ အဲဒါကြောင့် တခြားမှာ ဝင်လုပ်လိုက်ရမယ်
ဆိုရင်၊ မဝင်ခင် အချိန်လေး ... ဦးနောင်ဆီမှာ ကျွန်မ
မေတ္တာနဲ့ လာထမ်းရွက်တာပါ"

"မေတ္တာနဲ့" ...တဲ့။

အဖိုးအခ မယူဘဲ ကူဆောင်ရွက်တာမျိုးကို "မေတ္တာ
နဲ့"ဟု ပြောတာမျိုး ရှိပါသည်။ "မေတ္တာ"ဆိုသည့် စကားကို
တခြားဘက်သို့ လှည့်၍ နက်ရှိုင်းစေလိုက်လို့လည်း ရပါသည်။

"ကျွန်မကို တစ်မျိုးလည်း မထင်ပါနဲ့၊ ဝင့်ကြီးတယ်လို့လည်း
မပြောပါနဲ့နော်"

"ဝင့်ကြီးတယ် ..."

နောင်က ရေရွတ်ကြည့်မိသည်။

"ကျွန်မ ... ဒီကုမ္ပဏီမှာ အရမ်း အလုပ်လုပ်ချင်တာပဲ။ ဒီမှာ မရဘူးဆိုရင်တော့ စားဝတ်နေရေးအတွက် ကျွန်မ ... တခြားမှာ အလုပ်ဝင်ရမှာပါ"

"ဒီမှာမှ ဘာဖြစ်လို့ လုပ်ချင်ရတာလဲ"

"ကုမ္ပဏီလုပ်ငန်းကို ဝါသနာကြီးတော့ ကုမ္ပဏီတော်တော်များများရဲ့ အကြောင်းတွေကို ကျွန်မ လိုက်စပ်စုမိပါတယ်။ နားစွင့်တယ်၊ မေးတယ် မြန်းတယ်ပေါ့နော်။ ကျွန်မ ... အဘဦးတေဇကျော်ကိုလည်း လေးစားလို့ပါ။ ဦးနောင်ကို လည်း လေးစားလို့ပါ"

"ခင်ဗျား လေးစားဖို့ လူနှစ်ယောက် ကျန်သေးတယ်"

"အန်တီဒေါ်တင်တင်ထားကိုလည်း အရမ်းလေးစားပါတယ်။ မိန်းမသားဖြစ်ပြီး အရမ်းထက်မြက်တာပဲ"

"ဒါဆို ... မေမေ့ဆီမှာ ဘာလို့ အလုပ်လုပ်ချင်စိတ် ပိုမဖြစ်သလဲ"

"ကျွန်မရဲ့ အရည်အချင်းကို အန်တီ မတော်နပ်မှာစိုးလို့ပါ"

"ကိုယ့်ကိုယ်ကိုယ် ယုံတယ်ဆို"

"ယုံပါတယ်"

"ကျွန်တော်ကကျတော့ ကျေနပ်မယ် ထင်လား"





"ထက်မြက်ကြတာချင်းတူရင်၊ မိန်းမသားက အသေးစိတ် မြင်တတ်ပါတယ်။ လူဆိုတော့လေ ... ညံ့တာတွေလည်း ရှိသေးတော့၊ အဲဒီပျော့ကွက်လေးတွေကို အန်တီ ဒေါ်တင် တင်ထား ဆိုရင် တန်းခနဲ မြင်မှာ"

"ကျွန်တော်ကျတော့ မမြင်တတ်ဘူး၊ မမြင်နိုင်ဘူး ဆိုလို ချင်တာလား"

"မြင်တတ်နိုင်ပါတယ်။ အနုစိပ်ညံ့ကွက်ကို ယောကျ်ားတွေ က လျစ်လျူရှုတတ်ပါတယ်"

"ကျွန်တော့်တို့ မိသားစုကို တော်တော်လေ့လာထားတယ် ဆိုရင် ညီ့အကြောင်းရော ဘာသိလဲ"

"လူတော်တစ်ယောက်ပါပဲ။ အငယ်မို့ အငယ်အခွင့်အရေးကို ယူနေသလို၊ မိဘနဲ့ အစ်ကိုကိုယ်တိုင်က အလိုလိုက်ထားတဲ့ သဘောပါပဲ။ တာဝန်သိပ်မသိဘဲ၊ လူငယ်ဘဝရဲ့ ပျော်ရွှင် ချိန်လေးကို အပြည့်အဝနိုးပါး ခံစားခွင့်ရတဲ့ ကံကောင်း လူသားအဖြစ် သိထားပါတယ်"

"ခင်ဗျား တော်တော်စကားတတ်တယ်"

နောင် ထိုအမျိုးသမီးကို သဘောကျပါပြီ။

နောင်က သဘောကျလေ ကိုထိန်လင်းနှင့် ကိုသိန်းမြင့်ထွန်းတို့က ကြည့်မရလေပါ။ ကိုထိန်လင်းရော ကိုသိန်းမြင့်ထွန်းပါ နောင့်ထက် အသက်ကြီးကြသည်မို့တစ်ကြောင်း၊ ဟိုရှေးရှေးကတည်းက မျက်နှာသိ ရပ်ဆွေရပ်မျိုးလို ဖြစ်ခဲ့ရတာကတစ်ကြောင်း၊ ကိုထိန်လင်းနှင့်ကိုသိန်းမြင့်ထွန်းတို့က သူစိမ်းဧည့်သည်မရှိလျှင် နောင့်အပေါ်မှာ အရိုအသေ အရမ်းကြီး မပေးလှဘဲ တရင်းတနှီး ပြောဆိုဆက်ဆံသည်။ နေညိုရီ ဆိုသည့် အမျိုးသမီး နောင့်ကို လေးစားပြပုံက မျက်စိနောက်လောက်၏။

လက်ကလေးနှစ်ဖက် ရှေ့မှာစုကာ၊ ခါးကလေး တညွတ်ညွတ် ရှိ၏။ နောင့်အမိန့်ကို နာခံနေဆဲဆို ကိုယ်ကလေးကို တောင့်နေအောင် မတ်ထားပုံက သတိဆွဲထားသလိုပါ။ ခေါင်းကလေးကျတော့ ငုံ့၏။ ပြီးလျှင် ... ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ သုံးခွန်းလောက် ပြောပြီး ကိုယ်ကို သုံးခါ ညွတ်သည်။ ပြီးမှ မျက်လုံးရွဲကြီး တစ်ချက်လှန်ကြည့်ကာ စုန်းအတတ်တွေ လွှတ်တော့သည်ဟု ကိုထိန်လင်းနှင့် ကိုသိန်းမြင့်ထွန်းတို့က စွပ်စွဲပါသည်။





"မနေညိုရီ"

"ဟုတ်ကဲ့ပါရှင်"

ကြည့် ... ထူးပုံကိုက အထူးတလည် ယဉ်ကျေးလွန်း၏။ ဒါတောင် ကိုထိန်လင်းကို ထူးတာပါ။ နောင့်ကိုဆိုလျှင် ပြောနှင့်တော့၊ ဒီထက်မက အဆပေါင်းများစွာ ပိုမိုယဉ်ကျေး၍ ထူးတလည် သိမ်မွေ့နူးညံ့ပါသေးသည်။

"ခင်ဗျား ... ကိုရီးယားကားတွေ တော်တော်ကြိုက်ပုံရတယ်နော်၊ မြဝတီတို့ မြန်မာ့အသံတို့က လာတာလေ"

"ဟုတ်ကဲ့ပါ၊ ကြိုက်ပါတယ်"

"ဘယ်လောက်များ ကြိုက်တယ်မသိဘူး၊ အမူအရာတွေ တစ်ခါတည်း အတုခိုးပစ်လိုက်တော့တာပဲ"

"ဟုတ်ကဲ့ပါ။ ကျွန်မ အတုယူထားပါတယ်"

မှတ်ကရော ...။ ငြင်းလိမ့်မည် ထင်ထားသည့် ိုထိန်လင်းကပါ ပါးစပ်ကြီး ပြဲသွားရပြီး၊ နားထောင်နေသည့် ာင်က တဟားဟား ရယ်လေ၏။ ကိုထိန်လင်း စပြောကတည်း ညိုရီကို "ချွတ်ပြီ"ဆိုတာ သိနှင့်ထားသည်။ နေညိုရီ အထူး လည် ရိုသေပြနေပုံက ကိုရီးယားကားတွေထဲမှ သနားဖွယ် ရုပ်ဆောင်ရသော၊ ပရိုသတ်၏ အကြင်နာကိုရသော ဇာတ်ဆောင် း‌သမီးမျိုးတွေနှင့် တူနေတာ နောင်လည်း သတိထားမိပါသည်။ ိုပေမဲ့ ထိုအပြုအမူကို နောင်က ဟန့်တားခြင်း မရှိပါ။ ကြိုက် ချည်လည်း မဟုတ်၊ မကြိုက်ဘူးလည်း မရှိ။ ကိုယ့်ကို ခါး

တညွတ်ညွတ်နှင့် ရှိသေပြနေခြင်းဟာ ကိုယ့်ရှေ့မှာ ရိုင်းစိုင်း
ကြမ်းတမ်းနေတာနှင့် စာတော့၊ အများကြီး ပိုကောင်းမနေဘူ
လား။

"ကျွန်မက ရုပ်သံဇာတ်လမ်းတွေ၊ ဗီဒီယိုတွေ ရုပ်ရှင်တွေ
ကြည့်တဲ့အခါ၊ ဝတ္ထုတွေ ဖတ်တဲ့အခါမှာ ကျွန်မ နည်းယူ
အတုခိုးသင့်တာတွေ ပါလာရင် ယူလိုက်တာချည်းပါပဲ
ရည်ရွယ်ချက်ကတော့ ကျွန်မဆီမှာ အကောင်းတွေ စု
ဆောင်းမိ ဖြစ်ဖို့ပါပဲ"

ဒီတစ်ချက်၊ နောင် ကြိုက်ပြန်ပြီ။

နေညိုရီဆိုသော မိန်းမသားသည် ကိုယ့်ဆီ ဖွတ်လာ၍
အလုပ်ဆင်းသည်။ သူ့စရိတ်နှင့် သူ စိုက်ပြီးဝယ်ခြမ်းလာတာလေး
တွေ ရှိသည်။ မောင်းမထုတ်ရက်လျှင်၊ မောင်းထုတ်နိုင်လောက်
အောင် အသည်းမမာလျှင်၊ သူ့အပေါ် အားနာစိတ် တစ်ချက်
တလေ ဝင်လျှင်၊ ကိုယ့်အနေနှင့် ဘယ်လိုအလုပ်သမားမျိုးကိုမဆို
တစ်ယောက်တလေ ထပ်ခန့်ဖို့လည်း ဝန်မလေးတာမို့၊ နေညို
အလုပ်ရသွားနိုင်ပါသည်။ သို့ပေမဲ့ ... အဲဒီလို ဖြစ်သွားအောင်
ဦးတည်ပြီး၊ ဆောင်လာခတ်တာမျိုးကို၊ နောင် မကြိုက်ပါ။ ကိုယ်
ဟာ သူတစ်ပါး ခတ်သည့် ဆောင်ထဲမှာ အကျဉ်းကျလောက်အောင်
လူညံ့မဟုတ်ဘူးဟု မာနကို ပြချင်တာနှင့်၊ ခုချိန်ထိ နေညို
အလုပ်မရသေးပါ။ အလုပ်သာ မရသေးတာ၊ သူ့လောက်
အလုပ်များ အလုပ်ရှုပ်တာ မရှိတော့ပါ။ ဖုန်းလာလျှင်၊ သူမပဲ





ရင်ဆုံး ပြေးကိုင်သည်။ အလုပ်ကိစ္စ ပြောလျှင် ဂုဏ်နားထောင်
သည်။ မှတ်သားသည်။ ဝင်လုပ်သည်။ သူများ လုပ်ရမည့်
အလုပ်ကို အချိန်နှင့် သတိပေးသည်။ ပြီးတော့ ... အားလုံးကို
အောက်ကျို့၍ ဆက်ဆံသည်။

"ဒီမိန်းမ တမင်တော့ လုပ်နေတာပဲ၊ သူ့မျက်လုံးတွေ
ဒီလောက် ထက်မြက်နေတာ၊ ဒီလိုလာပြီး အောက်ကျို့နေဖို့
အကြောင်း မရှိဘူး၊ သူ့ရည်ရွယ်ချက်က ဘာလဲ ဆိုတာ၊
ကိုနောင် သတိထားပါဗျာ"

ကိုသိန်းမြင့်ထွန်းက ညည်းညည်းညူညူ ပူပူပင်ပင်
ပြောရှာ၏။

"ကျွန်တော့်ကို ဝေယျာဝစ္စ ဆောင်ရွက်တဲ့နေရာမှာ တကယ့်
ကို ... ဟို ... ဘာပြောရမလဲ၊ စကားပုံက နည်းနည်းတော့
ရိုင်းမလား မသိဘူး၊ နှိုင်းရမှာ အားတော့နာတယ်၊ ဟိုဗျာ ...
ခြေသုပ်ပုဆိုး၊ မြွေခွယ်ကျိုးပဲ၊ ဒါပေမဲ့ ... ကျွန်တော့်အပေါ်
မှာ ပရောပရီ နည်းနည်းမှ မရှိဘူး၊ အနေအထိုင်လည်း
ရဲရင့်စွာ ဘာဝန်ကျေတာမျိုးပဲ ဖြစ်တာ ...

"ကလက်တက်တက်၊ ပျံတံတံဆိုတာမျိုး နည်းနည်း
မှ မရှိဘူးဗျ၊ ဣန္ဒြေကြီးတယ်၊ သူ လုပ်အားပေးပဲ ..သာသင်
ဆိုတာကို လက်ခံရမလို ဖြစ်နေပြီ။ သူ ... တခြားကုမ္ပဏီ
တွေမှာလည်း လျှောက်ထားတော့၊ အလုပ်ဝင်ရင် တတ်ပြီး
သား ဖြစ်နေအောင်လို့တဲ့"

"အဲဒီ ပညာသင် လုပ်အားပေးဆိုတာ တစ်မျိုးပဲ၊ တခြား ကုမ္ပဏီမှာ သွားမလုပ်ဘဲ၊ ကိုနောင့်ဆီမှာမှ လာလုပ်တာ ကရော၊ အကြောင်းပြချက် ရှိလား"

"ကျွန်တော်တို့ မိသားစုကို အထင်ကြီးလို့တဲ့"

"ကျွန်တော် ပြောရင် ကိုနောင် စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော်တို့က ကိုနောင်နဲ့ လက်တွဲခဲ့တာ ကြာပါပြီ။ မိသားစုစိတ်ဓာတ်နဲ့ ပြောမှာပါ"

"ပြောပါဗျ ... ဘာလို့ စိတ်ဆိုးရမှာလဲ"

"ကိုနောင်တို့ မိသားစုနဲ့ တန်းတူ၊ အထင်ကြီးစရာမိသားစု တွေ၊ မြန်မာပြည် မပြောနဲ့၊ ရန်ကုန်မှာတောင် အများကြီး ရှိမှာပါ။ ကိုနောင်ကမှ ဘာဖြစ်လို့ ပစ်မှတ်ဖြစ်ရသလဲဆို တာ စိတ်ဝင်စားဖို့တော့ ကောင်းနေပြီ"

"မှန်ပါတယ်"

နောင်က လက်ဖျစ်တစ်ချက် တီးလိုက်၏။ ကိုယ့် လူတွေနှင့် အဲဒီလို သီးသန့်စကားမပြောဖြစ်တာတောင် ကြာပြီ။ ဘယ်တော့မှ လွတ်လပ်ခွင့်မရအောင်၊ ကိုယ်နှင့် ကိုယ့်လူတွေအနား မှာ နေညိုရိ အမြဲရှိနေသည်။ ဒီနေ့ကတော့ ရုံးဆင်းပြီးမှ သွား စရာ ကိစ္စတစ်ခု ရှိသည်မှာ၊ ကိုထိန်လင်းတောင် မပါဘဲ ကိုသိန်းမြင့်ထွန်း တစ်ယောက်တည်း ပါလာခဲ့ခြင်း ဖြစ်၏။

"ကျွန်တော်တော့၊ ဒီအမျိုးသမီး ဘယ်လိုမှ မရိုးသားဘူး ထင်တာပဲ။ ရည်ရွယ်ချက် တစ်ခုခုတော့ ရှိရမယ်။ ဥပမာ...





အနည်းဆုံး အနိမ့်ဆုံး ပြောရထင်ရမယ် ဆိုရင်တောင်၊ အချင်းချင်း လောင်းထားမယ်ဗျာ ... ဒီတေဇကျော်နှင့် သားများကုမ္ပဏီမှာ အလုပ်ရ, မရ ... ရအောင် ယူပြမယ်ဆို တာမျိုး လောင်းကြေး စားကြေးနဲ့ ဝင်လာသလား၊ ဒါ ... ကျွန်တော်က ဖြစ်နိုင်ခြေတွေထဲက အနည်းဆုံးကို ပြောတာ"

"အင်း ... အများဆုံး ဆိုရင်ရော"

"ကိုနောင့်ကိုပေါ့ဗျာ ... ကိုနောင့်ကိုသာ ရမယ် ဆိုရင်၊ သမက်တော်ခွင့်ကို သိကြားမင်းမိဖုရားကြီးကတောင် ရွေး ချယ်မှာပါ၊ ကိုနောင်ကသာ ချေးများနေတာ"

နောင်က တွေခနဲ ငေးလေ၏။

"မေမေကလည်း အိမ်ထောင်ပြုတော့ဖို့ ပြောနေပါပြီ။ အိမ်ထောင်ပြုမယ်ဆိုရင် အိမ်ရှင်မစစ်စစ်ကိုပဲ ရှာတဲ့။ ခုခေတ် မှာ ယောကျ်ားရော မိန်းမပါ၊ အိမ်ရှိလူကုန် ဆိုသလို ထွက်ပြီး အလုပ်လုပ်နေကြရတယ်တဲ့။ မေမေက သူလည်း လုပ်မိနေပြီတဲ့။ အလုပ်ထဲမှာ ဘယ်လောက်ပင်ပန်းခဲ့တာ ချင်း တူပေစေ ...

"မိန်းမဆိုတာ အိမ်ပြန်ရောက်တာနဲ့၊ ဧည့်ခန်းမှာ တံမြက်စည်းလှည်းထားတာ၊ ဖုန်စင်ရဲ့လား ဆိုတာကစပြီး ကြည့်ရတယ်တဲ့။ ဘုရားခန်း ဝင်ကြည့်ရတယ်တဲ့။ မီးဖိုချောင် ထဲ ဝင်ကြည့်ရတယ်တဲ့။ ဒီနေ့ ဘာချက်ထားလဲ၊ မနက်ဖြန် ဘာချက်ဆိုတာ ပြောဆို စီစဉ်ရတယ်တဲ့။ နောက်ဆုံး ...

အိမ်သာရေချိုးခန်းတွေထိ သန့်ရှင်းရဲ့လား လိုက်ကြည့်
တယ်တဲ့ ...

"ဒီလိုမှ မကြည့်ဘဲ၊ အိမ်ဖော်တွေနဲ့ ပစ်ထားရင်
အိမ်ဟာ အိမ်မဖြစ်ဘဲအမှိုက်ပုံ ဖြစ်သွားမယ်တဲ့။ ဒါတွေကို
ကုမ္ပဏီက ပင်ပန်းပြီး ပြန်လာတာချင်းတူတူမှာ၊ ယောက်ျား
နဲ့ သားက ဘာမှ ဝင်မကြည့်ဘဲ နေလို့ရတယ်၊ မေမေက
နေလို့မရဘူးတဲ့။ မေမေ သိပ်ပင်ပန်းတယ်တဲ့။ သူ့ချွေး
လေးကျရင် သူ့လို အပင်ပန်းခံချင်မှ ခံနိုင်မှာတဲ့ ...

"အပင်ပန်းမခံနိုင်လို့ အိမ်မှုတာဝန် ပစ်ထားရင်
မိသားစုတစ်စုံလုံး အမှိုက်ပုံထဲနေပြီး ထမင်းသိုးဟင်းသိုး
စားရလိမ့်မယ်တဲ့။ အဲဒါ တကယ်ဗျ ... သိလား ကိုသိန်း
မြင့်ထွန်း၊ တစ်ခါတလေ ထမင်းက အနံ့တစ်မျိုး ရနေတယ်။
ဘာဖြစ်တာလဲ မေးကြည့်တော့၊ မေမေက ... သိုးတာတော့
မဟုတ်ဘူး သားရေ၊ ထမင်းအိုးကို ချွေးမစစ်၊ အဖုံးဖွင့်ပြန်
တော့လည်း ခပ်ဝေးဝေးကို ဆတ်ခနဲမခွာ ...

"ချွေးတွေက ထမင်းထဲ ပြန်ဝင်၊ စားဖို့လည်း ခူး
လိုက်ရော၊ ထမင်းက စိုစိစိနဲ့ အဲဒီအနံ့ ထွက်တော့တာပဲတဲ့။
အဲဒီလိုလည်း မဖြစ်စေချင်ဘူး။ အလုပ်တစ်ဖက်နဲ့ ဒါတွေ
ပြန်ကြည့်နေရပြန်ရင်လည်း၊ မေမေ့လို စိတ်တိုစိတ်ရှုပ်ပြီး
ပူညံပူညံ ပွစိပွစိ ဖြစ်နေမှာပဲတဲ့။ မေမေက အိမ်မှာ သိပ်ပြီး
ဗျစ်တောက်ဗျစ်တောက် ပြောတယ်ဗျာ ...





"ဖေဖေလည်း နားငြီး၊ ကျွန်တော်တို့ ညီအစ်ကို
နှစ်ယောက်လည်း နားငြီးပေါ့။ မေမေက သူက ပိုပင်ပန်းတဲ့
သူတဲ့။ သူက ပိုလုပ်ရ ပိုစီမံရတဲ့သူ၊ နေရာတကာပါရတဲ့သူ၊
မျက်စိနှစ်လုံးပိတ်ပြီး အိပ်မှနားရတဲ့သူတဲ့။ အလုပ် ဒီလောက်
လုပ်ရတဲ့သူဆီက ဗျစ်တောက်သံတွေ ထွက်နေတာ တရား
တယ်တဲ့။ ဒါ ... သဘာဝတဲ့။ လက်လျှော့ပ်ရလွန်းလို့ ပါးစပ်
ပွင့်တာဆိုပဲ"

နောင်က သဲ့သဲ့ရယ်၍ ပြော၏။

"ကျွန်တော် လက်ထပ်မဲ့ မိန်းကလေးဟာ၊ လူလယ်ကောင်
ချပြလို့ ပွဲလယ်တင့်ရင် တော်ပြီတဲ့။ ဘွဲ့ကလေးတစ်ခုရရင်
ပြီးရောတဲ့။ အလုပ်ထဲ ဝင်မလုပ်စေနဲ့တော့တဲ့။ မေမေတို့မှာ
တစ်ယောက်မကျန် ထွက်လုပ်မှ ထမင်းစားရမဲ့ အခြေအနေ
မျိုးလည်း မဟုတ်တော့ဘူးတဲ့။ ကျွန်တော်ကတောင် ပြော
ပါတယ်၊ မေမေ နားချင်နားပါတော့လို့"

"ဟုတ်သားပဲဗျာ။ အန်တီ့အလုပ်တွေ ညီကို လွှဲလိုက်လို့
ရတာပဲ"

"မေမေက ညီကို သိပ်ချစ်တယ်။ အငယ်မှုလား။ ကျွန်တော့်
တုန်းက ဘွဲ့ရကျောင်းပြီးတာနဲ့ အလုပ်ထဲ တန်းထည့်လိုက်
တော့ ကျွန်တော့်ရဲ့ နုပျိုချိန်တွေဟာ ရင့်ရော်စွာ ကုန်ဆုံး
ရရှာတယ်တဲ့။ ကျွန်တော့်ကို သနားတယ်တဲ့။ ကျွန်တော့်

မျက်နှာ အပြုံးအရယ် နည်းနေတယ်ဆိုလို့ ခုတလော ကြိုးစားပြီးတော့ကို ရယ်ပြနေရတာ ...

"ညီ့ကို ဒီလိုမဖြစ်စေချင်ဘူးတဲ့။ ပျော်ရှာပါစေဦး တာဝန်မပိပါစေနဲ့ဦးတဲ့။ ပြီးတော့ ... မေမေ ကိုယ်တိုင်က အလုပ်ထဲ ဝင်ပြီးမှတော့ သူ့ရဲ့ အောင်မြင်မှုကို မစွန့်လွှတ်ချင်တော့ဘူးတဲ့၊ ဆက်လုပ်နိုင်သရွေ့ ကျန်းမာရေးကောင်းသရွေ့ လုပ်နေဦးမယ်တဲ့ဗျာ ...

"ကျွန်တော့်ကို အိမ်မှာနေပြီး အိမ်ထောင်ထိန်းသိမ်း ကျွမ်းကျင်တဲ့ မိန်းမသားမျိုး၊ သားကောင်းမိခင် ဖြစ်နိုင်တဲ့ မိန်းမသားမျိုး ရှာပါတဲ့။ မေမေလည်း ရှာမယ်တဲ့။ ညီ့ကို တော့ နေဦးတဲ့။ ကြိုးစဉ်ငယ်လိုက်တဲ့။ ညီ့ကို ဘယ်လောက် ချစ်ချစ်၊ မေမေက စည်းကမ်းချပြီးရင်တော့ မလျှော့ဘူး ဗျ"

"ခု ... ကိုနောင် တွေ့ပြီလား"

"အင်း ... တွေ့သလိုလိုပဲ။ ဒါပေမဲ့ ... မာနနဲ့ ထိပ်တိုက် လာတွေ့နေလို့၊ ဘဝင်မကျဘူးလည်း ဖြစ်နေတယ်။ ကျွန်တော်က ကျွန်တော့်ကို ဆောင်လာခတ်တာမျိုး၊ ဖြစ်စေ ချင်တဲ့ ပုံစံထဲ ဝင်လာအောင် စည်းလာဝိုင်းတာမျိုးကျတော့ လည်း မကြိုက်ပြန်ဘူး"

"နေညိုရီမှ ဟုတ်ရဲ့လား"





"ခင်ဗျားတို့နဲ့က ညီအစ်ကိုတွေလို ဖြစ်နေလို့ ဝန်ခံလိုက် မယ်ဗျာ။ သူ့ကို သဘောကျတာ အမှန်ပဲ။ ဒီအမျိုးသမီး ကို ကျွန်တော် အထင်ကြီးတာတွေ တော်တော်များတယ်၊ ကျွန်တော် အထင်ကြီးတဲ့ မိန်းမဆိုတာ၊ မေမေက လွဲရင် ရှိတာ မဟုတ်ဘူး"

"တော်တာကိုတော့ မငြင်းချင်ပါဘူး။ ဘာလုပ်လုပ် တော်မဲ့ ပုံပါ။ အိမ်ရှင်မ မိခင်ကောင်းလုပ်လည်း ဖြစ်မဲ့ပုံပေါ်ပါတယ်"

"ဒါပေမဲ့ ... ကျွန်တော် ဒီလို ဖြစ်လာအောင်၊ သူကစပြီး ပုံစံသွင်းသလို ဖြစ်မနေဘူးလား"

"အင်း ... ဖြစ်နေတယ်"

"သူ ခင်တဲ့ခွင်ထဲမှာ ကျွန်တော် ဝင်က,သလို ဖြစ်တော့၊ ကျွန်တော့် ညံ့ရာကျမှာပေါ့"

"ကိုနောင်ကလည်း လူတစ်မျိုးပဲ"

"ဟုတ်တယ် ... ဝန်ခံပါတယ်၊ ကျွန်တော်ကလည်း ခွခပ် ကျကျ"

"ကိုနောင် ... သူ့ကို ချစ်လား"

"မပြောတတ်ဘူး၊ သဘောကျတယ်၊ လက်ထပ်လိုစိတ် ဖြစ်တယ်၊ သူ့ကို အညံ့ခံ အရှုံးပေးရာ ရောက်မှာကျတော့ လည်း မဖြစ်ချင်ဘူး၊ သူ့အကြောင်း စဉ်းစားရင် အလုပ်ကိစ္စ တွေအားလုံး မေ့ပြီး၊ တစ်ညလုံးလည်း အိပ်မပျော်တော့ဘူး

ဗျာ။ တမ်းတမ်းတတ ဖြစ်လာပြီး၊ တွေ့ချင်စိတ် အရမ်းဖြစ်တယ်၊ စွဲလမ်းတာ ထင်ပါရဲ့”

“အချစ်မှာတော့ ... မာနတွေဘာတွေ မရှိဘူးဗျ၊ သူက ကိုယ့်ကို ဆင်ရိုင်းတစ်ကောင်လို လာကျုံးသွင်းတယ်ဆိုရင်တောင်၊ အဲဒီကျုံးထဲကို လိုလိုချင်ချင် ဝင်သွားလိုက်တာပဲ၊ သူစီမံရာ ခံရလေခြင်းရယ်လို့ မာန့်မထားဘူး၊ ချစ်သူဆီမှာ ဒူးထောက်ဖို့လည်း ဝန်မလေးဘူး ...

“ချစ်သူဆီမှာ ကျဆုံးရတာကိုတောင် ဂုဏ်ယူကြသေး တာပဲ။ တကယ်ချစ်လာရင် ... သူဆင်တဲ့ခွင်ထဲ ဝင်က,တာမျိုး မဖြစ်ချင်ဘူးဆိုတဲ့ မာနတွေလည်း မရှိတော့ဘူး၊ ကိုနောင် မချစ်သေးဘူး ထင်ပါရဲ့၊ စိတ်ဝင်စားတာလောက်ပဲ ဖြစ်သွားမှာပါ”

“ကျွန်တော် ... သူ့ကို တစ်ချိန်လုံး သတိရနေတယ်။ အိမ်မှာ ထမင်းစားတဲ့အခါ၊ မေမေ စီစဉ်ထားတဲ့ ဟင်းတွေကို ကြည့်ပြီး၊ သူသာဆိုရင် ဘယ်လို စီစဉ်မလဲလို့ တွေးမိတယ်၊ ဘယ်တုန်းကမှ မခံစားဘူးတဲ့ အထီးကျန်ခံစားမှုက ခုတလော ... ရင်ထဲ သိမ်ဝင်တယ်ဗျာ၊ တစ်လောကလုံးမှာ ကျွန်တော်တစ်ယောက်တည်း ဖြစ်နေသလိုပဲ။ ကျွန်တော် အလုပ်ပင့်ပန်းတဲ့ နေ့တွေရှိတယ်၊ ခေါင်းနောက် စိတ်ရှုပ်ရတဲ့နေ့တွေ ရှိတယ် ...





“ဒီဒဏ်ကို ကျွန်တော် ခံနိုင်ပါတယ်၊ ဒါ ... ယောကျ်ားတစ်ယောက် ရင်ဆိုင်ရမဲ့ အလုပ်တွေပဲ။ ဒါပေမဲ့ ... ပုထုဇဉ်ဗျာ။ ကိုယ် ပင်ပန်းတာလေးတွေကို ဖွင့်ပြီး ညည်းညူလိုက်ချင်တယ်၊ ကျွန်တော် နိုင်တဲ့ဝန်ကို ထမ်းနေတာပါပဲ၊ နိုင်နိုင်နင်းနင်း ထမ်းနေတာပါပဲ။ ဒါပေမဲ့ ...

“မနိုင်ဝန်ကို ထမ်းနေရသလို ညည်းညူ ရင်ဖွင့်ပစ်လိုက်ချင်တယ်၊ ဒါ ... ကိုယ့်ကိုယ်ကိုယ် အမွှန်းတင်ချင်တာလည်း ဖြစ်နိုင်ပါတယ်။ အဲဒီအခါမှာ နေညိုရီကို အရမ်းတမ်းတမိတယ်”

“တမ်းတဲ့တယ် ဆိုတော့ သတိရတာထက် ပိုနေပြီပေါ့ ကိုနောင်”

“ပိုတယ် ... နေညိုရီ ရှေ့မှာ ညည်းညူချင်စိတ် သိပ်ဖြစ်တာပဲ”

“အန်တီရှေ့မှာ ဘာလို့ မဖြစ်လဲ”

“အဲဒါကျတော့ မာနဗျ ... ဒီလောက် အလုပ်ကလေးကို ကျွန်တော်လို ယောကျ်ားက ညည်းပြရမှာ မေမေ့ဆီမှာ ရှက်တယ်။ ဖေဖေ့ ဆီမှာ ရှက်တယ်။ ညီ့ဆီမှာ ရှက်တယ်”

“ကိုနောင် ... ခက်နေပြီ”

“ဘာဖြစ်လို့လဲ ဗျ”

"မိဘနဲ့ ညီရှေ့မှာ ရှက်တဲ့စိတ်မျိုး နေညိုရီဆီမှာ ကျတော့ မရှက်ဘူး။ ကိုနောင် ညည်းညူချင်တယ် ဆိုတာက ချွဲချင်တာမျိုး ဖြစ်နေပြီ။ တကယ်က ဒီတာဝန်တွေကို၊ ကိုနောင် ထမ်းနိုင်တယ်။ အေးဆေးပဲ"

"ဟုတ်တယ် ... အေးဆေးပါပဲ"

"ဒါပေမဲ့ ... ရင်ခွင်တစ်ခုကို မှီပြီး ညည်းညူချွဲပစ် လုပ်လိုက်ချင်တာ မဟုတ်လား"

"ခင်ဗျား ဝေဖန်တာက ပွင့်လင်းလွန်းအားကြီးတော့ ဝန်ခံရမဲ့သူက ရှက်တယ်"

"ကိုနောင် ... သူ့ကို ချစ်နေပြီ"

"ဟုတ်လို့လား"

"အမေ့ရှေ့မှာ ချမပြချင်တဲ့ မာနကို၊ သူ့ဆီကျတော့ ပုံပေးလိုက်ဖို့ မရှက်ဘူး။ ဒါ ... သူ့ကို လက်တွဲဖော်လို့ သတ်မှတ်လိုက်တာပဲ။ ကိုနောင် ... နေညိုရီ့ဆီမှာ မာနတွေ ဝေါခနဲ ကျသွားပါပြီ။ သူ ခတ်တဲ့ ဘောင်ထဲကို မကြာခင် ပျော်ပျော်ရွှင်ရွှင် ဝင်တော့မယ်"

"ဟုတ်လို့လား"

"လောင်းမလား"

"မလောင်းပါဘူး"

"ဘာဖြစ်လို့လဲ"





"ရှုံးမှာ သေချာနေတဲ့ လောင်းကြေးကို၊ ကျွန်တော် အမိုက်ခံပြီး ဘာဖြစ်လို့ စိန်ခေါ်မလဲ"

"ကြည့်စမ်းဗျာ ... ကိုနောင်၊ ဒါနဲ့များ"

"ကျွန်တော့်ဘေးမှာ သူ မရှိရင် မဖြစ်တော့ဘူး၊ ဖမ်းစားတတ်တဲ့ သူ့မျက်ဝန်းတွေကို ကျွန်တော် ပိုင်ချင်ပြီဗျာ ... ကဗျာဆန်သွားလား"

"စောစောကတည်းက ဒီအတိုင်း ပြောချလိုက်ပါလား။ ကဗျာဆန်သွားလည်း ဘာအရေးလဲ။ ခုနေ ကိုနောင် သီချင်းထဆိုရင်တောင် ကျွန်တော် နားလည်ပေးနိုင်ပါပြီ"

နောင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ကိုသိန်းမြင့်ထွန်းက မျက်လုံးကြီး ပြူးပြီး ကြည့်၏။ ပြီးမှ သူပါ ရောၡ ရယ်သည်။ နောင်က ဒီလို အရယ်အမောကို ပေါ်ပေါ်ပဲပဲ သုံးစွဲတတ်ခဲ့သူမှ မဟုတ်ဘဲ။ ခုတော့လည်း ... ကမ္ဘာကြီး တစ်ခုလုံး ပွင့်လင်းရာသီထဲ ဝင်ရောက်သွားခဲ့ပြီ ထင်ပါရဲ့။ ငှက်ကလေးတွေလည်း သီချင်းဆိုကုန်ကြပါပြီ။ ပန်းတွေလည်း ပွင့်ကုန်ကြပါပြီ။ စမ်းရေစီးသံလေးတွေကလည်း ဂီတသံစဉ်ကလေးတွေ ဖြစ်လို့။ လေတိုက်လို့ ယိမ်းနွဲ့ရတဲ့ သစ်ပင်တွေကလည်း ကကြိုးလေးတွေ ညက်လို့ပါလား။ အချစ်ဆိုတာ ... အဲသည်လို ပြုပြင်ဖန်တီးနိုင်စွမ်းတဲ့ တန်ခိုးရှင်ရယ်လို့၊ လက်ခံလိုက်ရတော့မှာ မဟုတ်လား။

## ၈

ညီက သူ့လက်ကိုင်ဖုန်းကို ထွန်းထံမှာ ပေးထားခဲ့သည်မို့ ထွန်းဆီ အချိန်မရွေး ဆက်လို့ရနေပါသည်။

"ထွန်း ... တစ်နေ့လုံး ဖုန်းပိတ်ထားတာ ဘာသဘောလဲကွ"

ညီက စိတ်တိုနေ၏။

"ညီ့ဆီ ဝင်တဲ့ ဖုန်းတွေကို ဖြေလို့မှ မကောင်းတာ။ ညီ့ဖုန်း ... ထွန်းဆီမှာ ထားခဲ့တာ လူသိခံနိုင်လို့လား"

"မေမေ့ကိုတော့ ပြောခဲ့တယ်။ ညီ့ကောင်မလေးဆီ ပေးထားခဲ့တယ်လို့"

"ဘာတဲ့လဲ"

"မပြောပါဘူး။ ဘာပဲဖြစ်ဖြစ်၊ နောင် ပြီးမှ ညီ ... တဲ့။ ဒီကြားထဲမှာ ကြိုက်တာလုပ်၊ စုံစမ်းမေးမြန်းခြင်း မရှိဆိုတာမျိုး





လေ။ ထွန်းကို လက်မခံတာ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ ခေါ်မကြည့်သေးတဲ့သဘော။ ညီ့ဘာသာ စိတ်တိုင်းကျ စဉ်းစားပစေဦးလို့ အချိန်ပေးထားတဲ့ သဘောလည်း ပါတာပေါ့"

"နောင်ပြီးလို့ ညီ့အလှည့် ရောက်မှ ခေါ်ကြည့်ပြီး၊ သဘောမတူဘူး ဆိုရင်ရော"

"မတူစရာမှ မရှိတာ၊ မေမေက မိဘမဲ့တာ၊ ငွေကြေးမချမ်းသာတာကို ထည့်တွက်တတ်တာမှ မဟုတ်တာ။ ကိုယ်ကျင့်တရားကောင်းရမယ်။ ထက်မြက်ရမယ်။ ဒါပဲ ... ပြီးပြီ။ ဒီနှစ်ခုတည်း မေမေ ပြောထားတာ"

"ပြောတုန်းကတော့ ပြောတာပေါ့။ လက်တွေ့မှာ သဘောမတူဘူး ဖြစ်လာရင် ဘယ်လို လုပ်မလဲလို့ မေးတာ"

"ထွန်းက သတ္တိမရှိဘူးလား"

"ဘယ်လိုသတ္တိလဲ ဆိုတဲ့အပေါ် မူတည်တယ်"

"ဆူးခင်းလမ်း ချစ်သူနဲ့ အတူလျှောက်ဖို့"

"ဖိနပ်ကောင်းကောင်းထူထူ တစ်ရံ မပါရင် သတ္တိမရှိဘူး"

ညီက ရယ်လိုက်သည်။

"စိတ်ညစ်တယ်ကွာ။ ပြန်လာချင်လိုက်တာမှ သေချင်စော်တောင် နံတယ်။ လူမမာက မသေဘဲ၊ ညီ သေတော့မယ်"

"ဖွ ... မပြောကောင်း ပြောကောင်း"

"ဘာကို မပြောကောင်း တာလဲ"

"လူနာလေ။ လူမမာက မသေဘဲ ... ဆိုတော့ သေစေချင်တဲ့ သဘောကြီး ဖြစ်သွားတာကို"

"ဘွားတေး ဆောရီး။ မသေစေချင်ပါဘူး"

"ဒီအဘွားက ညီ့ကို သိပ်ချစ်တာ၊ အဘွားက သက်သာစ ပြုပါပြီ။ သူ့ ပစ္စည်းတွေကို ညီ့နာမည်နဲ့ လွှဲမှာမို့၊ ဥပဒေကိစ္စတွေကလည်း ရှိသေးတယ်မလား။ နောက်ထပ် နှစ်ပတ်လောက် နေရဦးမယ်"

ဦးတေဇကျော်မှာ အဒေါ်ရင်း အပျိုကြီးတစ်ယောက် ရှိပါသည်။ ချမ်းသာ၏။ မန္တလေးမှာ နေသည်။ အမရပူရ၊ စစ်ကိုင်းဘက်မှာ ရက်ကန်းရုံတွေ ပိုင်သည်။ လွန်းရာကျော်ချိတ် အမျိုးမျိုး ရက်လုပ်၏။ အဲသည် ရက်ကန်းစင်တွေအပြင်၊ မန္တလေးမှာချည်း တိုက်က သုံးလုံး။ တစ်လုံးမှာနေပြီး နှစ်လုံးကို ငှားထားသည်။ ဘွားဒေါ်မိမိကြီးမှာ၊ တစ်ယောက်တည်းသမား၊ အခြွေအရံတွေနှင့်သာ နေရတာမို့ ဆွေမျိုးထဲမှ တစ်ယောက်ကို သားရင်းလို ကောက်မွေးထားလိုက်ဖို့ စိတ်ကူးပေါ်စဉ်မှာ၊ ငယ်ငယ်ကတည်းက မှန်ကုပ်ကုပ်နှင့် ဘယ်သူ့ကိုမျှ အရောမဝင်တတ်သော နောင်ထက် နေရာတကာပါ၊ စပ်စု၊ ဟိုချွဲဒီချွဲ လုပ်တတ်သော ညီ့ကို မျက်စိကျသွားခဲ့ပါ၏။

"ညီတေဇက ကျုပ်သား၊ ကျုပ် အမွေတွေ သူ့ကိုပဲပေးမှာ"





ဆွေမျိုးခပ်ရင်းရင်းတွေ ခပ်ဝေးဝေးတွေ ကြားထဲမှာ ဒီစကားကို ခပ်ကျယ်ကျယ် ပြောလေ့ရှိသည်မို့၊ မန္တလေး မှ ဆွေမျိုး တချို့က ဟားသူဟား၊ စိတ်ပျက်သူပျက်၊ အနားကပ်ချင်လျှင်တောင် အမွေလိုချင်သူ အထင်ခံရမှာ စိုးစွာ ခပ်ခွာခွာတွေ ဖြစ်ကုန်ကြရတော့သည်။ ဦးတေဇကျော်၏ မိခင်က မန္တလေးသူပါ။ ဦးတေဇကျော်၏ ဖခင်နှင့် လက်ထပ်ပြီးမှ ရန်ကုန် ပြောင်းလာခဲ့တာမို့ မန္တလေးမှာ ဦးတေဇကျော်တို့ ဆွေမျိုးတွေ (ဘွားဒေါ်မိမိကြီး အပါအဝင်)တော်တော်များများ ရှိပါသည်။ ဒေါ်မိမိကြီးမှာ မန္တလေးမှာတင် တူ တူမတွေ ရှိပေမဲ့၊ ဘာကြောင့်မှန်းမသိ ... ငယ်ငယ်တွေကတည်းက အစေးကပ်လှသည် မရှိ။ ဒေါ်မိမိကြီးကလည်း အပျိုကြီးပီပီ ဇီဇာကြောင်သည်။

ညီနှင့် ... ဘယ်လိုဘယ်လို အဆင်ပြေသွားသည် မသိ၊ မြေးတွေထဲမှာ ညီတစ်ယောက်တော့ အချစ်ဆုံးဟု ကြေညာသည်။ ဒေါ်မိမိကြီးက အဲသည်လို ကြေညာလေ၊ ကျန်သည့် မြေးတွေက ခွာလေဖြစ်တော့သည်။ လူကြီးမိဘတွေ (တူ တူမတွေ) က သွားလျှင်တောင်၊ ဒေါ်မိမိကြီးထံမှာ ဝင်ထွက်လျှင်တောင်၊ ကလေးတွေ မြေးတွေက မလိုက်လိုကြပါ။ သူတို့ မိဘတွေကလည်း တကူးတက ခေါ်မနေတော့ပါ။

"ကလေးတွေ ခေါ်သွားရင် ... ဒီမှာလည်း မြေးတွေ ရှိပါသေးတယ်ဆိုပြီး ပြသလိုလို၊ အမွေပဲ ဆိုင်ချင်သလိုလို ဖြစ်ဦးမယ်ကွာ ... နေပေ့စေ၊ မင်းတို့ မလိုက်ခဲ့ကြနဲ့"

မိဘတွေ ကိုယ်တိုင်က ထားရစ်ခဲ့တော့၊ ဒေါ်မိမိကြ နှင့် မြေးတွေမှာ ကြာလေ စိမ်းလေ ဖြစ်ရတော့သည်။ ခုရက် တော့ ဒေါ်မိမိကြီး တော်တော် နေမကောင်းဖြစ်သည်မို့ ...

"ညီ့ကို လွှတ်ပေး၊ ညီ့ကို တွေ့ချင်တယ်" ... ပ သာ ပြောသောကြောင့်၊ ညီက ရန်ကုန်ရှိ သူ့ မများလှသေ အလုပ်တွေကို ထားခဲ့ပြီး မန္တလေး တက်ရသည်။ ညီ ချန်ရစ်ခဲ့ သည့်ထဲမှာ "ထွန်း"လည်း ပါသည်။

"မခွဲနိုင်ဘူး၊ ထွန်းပါ လိုက်ခဲ့၊ ညီ ... ဟိုတယ်မှာ တ ခန်းငှားပေးထားမယ်"

ညီက ဇွတ်နိုးပါး ခေါ်၏။ ထွန်းကလည်း ဇွတ်က ငြင်းပါသည်။

"အသေသတ်ပြီး အလောင်းကို ထမ်းခေါ်သွားမှပဲ ရမယ် ညီ။ အသက်နဲ့တော့ မလိုက်ဘူး။ ထွန်းလို ပညာကျတေ လည်း မထူးချွန်၊ ပိုက်ဆံက မရှိ၊ ဆွေမျိုးက မတောင် မိဘမဲ့ အနုံညာတ တစ်ယောက်မှာ၊ ပိုင်ဆိုင်တာ ဆိုလို့ မာနတစ်ခုပဲရှိတာ ညီရဲ့ ...

"ထွန်းရဲ့ ဂုဏ်သိက္ခာကို မာနဆိုတဲ့ ဇန်းထဲ ထည့်ပြီး ခေါင်းပေါ်မှာ ရွက်ထားရတာ၊ ဘာကိစ္စနဲ့မှ ခေါင်းပေါ်က မချနိုင်ဘူး။ လိုက်သွားကြည့်စမ်းပါလား။ လူတွေ ပြောလိုက်ကြမဲ့ဖြစ်ခြင်း။ ထွန်း တစ်ကိုယ်လုံး ရစရာမရှိ၊ နှစ်ပြားတောင် တန်မှာ မဟုတ်ဘူး"





ထွန်းက ညီ့အချစ်ကို လက်ခံထားပေမဲ့ သိက္ခာပိုင်း ဆိုင်ရာ အရမ်းထိန်းသိမ်းပြထားသည်။ ညီ့ရှေ့မှာ ချော်လဲကျပစ်ခဲ့ တာကျတော့ ဘယ်သူ သိတာလိုက်လို့လေ။ ညီဆိုသည့် ညီတေဇ ဟာ ထွန်းတစ်ယောက် ဤကမ္ဘာမြေပြင်ရဲ့ တစ်နေရာမှာ ရှိနေ ကြောင်းကို သတိမထားမိလွန်းလို့ ထားမိအောင် ဖန်တီးခဲ့တာကို လည်း ဘယ်သူ သိတာလိုက်လို့။ သူများ အသိ၊ သူများ အမြင် မှာ ထွန်းက မာနကြီးသည်။ ဂုဏ်သိက္ခာကို အထိပါး မခံသော မိန်းမသားဖြစ်သည်။

"အရမ်းလွမ်းမှာပဲ ထွန်းရယ်" .... တဲ့။

ညီ့ခမျာ ရှုံ့မဲ့၍ ထွက်ခွာသွားရသော ခရီးပါ။ ထွန်းကို လက်ကိုင်ဖုန်း ပေးထားခဲ့ကာ နေ့တိုင်း ဖုန်းဆက်မည် ဟု ဆို၏။ ပြောသည့်စကား တည်ပါသည်။ ထွန်းထံ နေ့တိုင်း ဆက်သည်။ နေ့တိုင်းဆိုတာထက် ညတိုင်းဆိုလျှင် ပိုမှန်မည်။ ထွန်းက နေ့တစ်ခင်းလုံးမှာ ဖုန်းပိတ်ထားလေ့ ရှိပါသည်။

"ထွန်း ... အခု ဘာလုပ်နေလဲ"

"ညီနဲ့ ဖုန်းပြောနေတယ်လေ"

"ဒါ မဟုတ်ဘူး၊ သင်တန်းသွားသေးလား၊ နေ့ခင်းနေ့ခင်း ဘာတွေ လုပ်လဲ မေးတာ"

"သင်တန်းတော့ မသွားတော့ဘူး၊ ရန်ကုန်တစ်မြို့လုံး ထီးတစ်ချောင်းဆွဲပြီး ဘတ်စ်ကားလိုင်းပေါင်းစုံ လျှောက် စီးနေရတာပေါ့ ညီရယ်"

"ဘာလို့ စီးတာလဲ"

"ဩော် ... သဘောပေါက်တော် မမူဘူး။ တစ်လမ်း
တစ်လမ်းထွက်၊ ကုမ္ပဏီတွေ လိုက်ရှာ၊ တစ်ထပ်တ
တစ်ထပ်ဆင်း၊ ဒီလှေကားတက်လိုက်၊ ဟိုလှေကား ဆ
လိုက်"

"အလုပ် လျှောက်နေတာလား"

"ထွန်းတို့ ပါးစပ်နှစ်ပေါက်တာဝန် ရှိတယ်လေ"

"ထွန်းရယ် ... ညီ ချက်က် ပို့လိုက်မယ်။ ညီ ပြန်လာ
ချင်း မေမေ့ဆီမှာ အလုပ်ရဖို့ ပြောပေးမယ်။ ဒီကြားထဲ
လိုက်လျှောက်မနေနဲ့တော့၊ ညီ ပို့လိုက်တဲ့ချက်က်နဲ့ 
သုံးထားလိုက်၊ ဟုတ်လား"

"ညီ့ဆီက အဲဒီစကား ထွက်လာအောင် ချူတယ်မျ
ထင်တာလား ညီ"

"ကျွတ် ... ထွန်းကကွာ။ ချစ်သူချင်း။ ထင်စရာလ
ထွန်းကို သနားလို့။ ဘယ်လောက် ပင်ပန်းမလဲ"

"ဘွား သက်သာလား"

"ကြည့် ... စကားပြောင်းတယ်"

"အကောင်းမေးတာပါ"

"သက်သာတယ် ... ဩော် ... ညီ ရန်ကုန်ကို တစ်ခေါ
ပြန်ဆင်းရဦးမယ် သိလား"





"ဘာကိစ္စလဲ"

ညီက ရယ်မောလိုက်သည်။

"ရည်းစားကို လွမ်းတဲ့ကိစ္စနဲ့ နှစ်ရက်လောက်၊ မျက်နှာလေး
လာကြည့်ဦးမယ်"

"ညီ့မေမေ ဆူမှာပေါ့"

"မသိအောင် ပြန်လာမှာ၊ ဘွားကို ကြည့်လိုမ့်ရင် ရတယ်
သိလား။ မေမေ့ကိုလည်း မပြောနဲ့လို့"

"ရဲလိုက်တာ"

"အောင်မယ် ... ညီက ဒီလောက် မဟုတ်သေးဘူး။ ညီ့
သူငယ်ချင်းတစ်ယောက်ဆိုရင်လေ ... သူက အမေရိကားမှာ၊
ကျောင်းလည်းတက်၊ အလုပ်လည်း လုပ်ပေါ့။ အဲဒါ ဘွဲ့
လည်းရရော၊ အလုပ်က လခကောင်းသွားပြီလေ။ သူ့
ကောင်မလေးကို လိုက်ခဲ့ဖို့ ခေါ်တာပေါ့။ အဲဒါ လိုက်ဖို့
အခက်အခဲ ရှိနေတယ်ကွာ ...

"ဘာလုပ်တယ်မှတ်လဲ၊ ပြန်ချလာပြီး၊ ချက်ချင်း
လက်မှတ်ထိုး လက်ထပ်ပြီး၊ ဗီဇာဝင်၊ တစ်ခါတည်း ခေါ်
သွားတာ၊ ကောင်မလေးက ပါ့စ်ပို့တ်တော့ လုပ်ထားရတာ
ပေါ့၊ ကိစ္စတွေအားလုံး သုံးပတ်ထဲမှာ အကုန်ပြီးတယ်၊
ပါသွားရော၊ မြန်မာပြည် ပြန်ပြီး မိန်းမခိုးတာလေ"

"မိဘတွေ မသိကြဘူးလား"

"နှစ်ဖက်လုံး မသိလိုက်ဘူး၊ မသိဆို ... သိရင်လည်း မဖေ
စားဘူး၊ မိဘချင်းက ရန်သူတွေ။ ဒီမှာ ... သမီးရှင်က
သမီးပျောက်လို့ ဒေါင်းတောက်။ သားရှင်ကတော့ သူ့သာ
ပြန်လာမှန်းမှ မသိတာ၊ အေးဆေး။ အမေရိကား ရောက်
သမီးက ဖုန်းဆက်၊ သားက ဖုန်းဆက် ...

"မိဘနှစ်စုံတွဲ ... အဲဒီတော့မှ ဆွေ့ဆွေ့ခုန်လိုက
ကြတာ၊ ဘာမှလဲ လုပ်လို့ မရတော့ဘူး၊ မိန်းမခိုးတ
သူတွေထဲမှာ ညီသူငယ်ချင်းက အထူးခြားဆုံးပဲ။ ခိုးရာလိုက
တဲ့ထဲမှာလည်း၊ အဲဒီကောင်မလေး အလိုက်နိုင်ဆုံးပဲ
နိုင်ငံခြားထိများ လိုက်ပြေးရတယ်လို့"

"မိန်းကလေးဘက်က မသိအောင် လုပ်ရတာ လွယ်ပ
မလား"

"မလွယ်ဘူး၊ ဖြစ်တော့ဖြစ်သွားတယ်။ ကျောင်းတက်တုန်
လေ။ ကောင်မလေးက တက္ကသိုလ်မှာ။ နေ့တိုင်း ကျေ
တက်သလို ထွက်နေတာ။ လေယာဉ်လက်မှတ်တွေ ဘာတွေ
ဝယ်၊ တကယ်သွားမဲ့ နေ့ကလည်း ကျောင်းတက်ဖို့ ထွက်
သွားတာပဲ၊ အချိန်တန်လို့ ပြန်မရောက်တော့တာတောင်

"ဘယ်လိုပျောက်မှန်း စဉ်းစားမရဘူး၊ ရဲစခန်းတိုင်
ဆေးရုံတွေ လိုက်ကြည့်နဲ့၊ သူ့အမေကြီးက တငိုငိုတရယ
ရယ်တဲ့။ နှစ်ရက်ထဲမှာ အိပ်လည်းမအိပ်၊ စားလည်းမစား





နှစ်ရက်ကြာမှ ဖုန်းလာတယ်လေ။ ဟိုမှာ အမေရိကား
ရောက်နေပြီ"

"ပုံပြင်ကျနေတာပဲ"

"ထွန်း"

"ရှင်"

"ထူးပုံလေး လှလိုက်တာ"

"ဘာရှဲဦးမလို့လဲ"

"ညီ ... နှစ်ရက်ပြန်လာပြီး ထွန်းကို တွေ့မယ်နော်။
မေမေတို့ မသိကြေး"

"သိတော့ရော ဘာဖြစ်လဲ ညီရဲ့။ ကိုယ့်အသွားဆီ ကိုယ်
မြန်လို့လည်း ရတာပဲ"

"ဟင့်အင်း ... ညီမှာ စိတ်ကူးတစ်ခု ရှိလို့"

"ဘာတွေ မဟုတ်ကဟုတ်က လုပ်ဦးမလို့လဲ"

"ထွန်းနဲ့ လက်ထပ်မယ်"

"အို ... လက်မထပ်ပါဘူး"

ထွန်းက "ဘာ ..."ဆိုတာမျိုး မလာပါ။ ထွန်းကဲ
ါကျတစ်ကြောင်းကို နှစ်ခါ နားထောင်ဖို့ လိုသူ မဟုတ်ပါ။
ွန်းက အာမေဍိတ်ပြောလေ့ မရှိ။ ထွန်း ကိုယ်တိုင်လည်း
ါကျတစ်ကြောင်းကို နှစ်ခါပြန်ပြောချင်စိတ် မရှိချေ။

"စောင့်လို့ မဖြစ်တော့တဲ့ ပြဿနာရှိတယ်"

"ထွန်းကို ရှင်းပြ"

"ဘွားက ... မန္တလေးက ကောင်မလေး တစ်ယောက်နဲ့ နားချနေတယ်"

"ညီပါမှ ဖြစ်မှာ"

"ဘွားအကြောင်းကို ထွန်း မသိဘူးနော်၊ ဗွတ်ကြီး။ တစ်ဆွေလုံး တစ်မျိုးလုံးနဲ့ မတည့်တာသာ ကြည့်တော့။ သူပိုင်ပစ္စည်း။ မရွှေ့ပြောင်းနိုင်တာတွေရော၊ ရွှေ့ပြောင်းနိုင်တာတွေရော အားလုံး ညီ့ကို ပေးမယ်။ ညီက ရန်ကုန်မှာမနေရတော့ဘူးတဲ့ ...

"ရန်ကုန်က ကုမ္ပဏီမှာလည်း မလုပ်ရဘူးတဲ့။ သူ့ရက်ကန်းစင်တွေ အုပ်ချုပ်ရမယ်တဲ့။ အဲဒီ ကောင်မလေးနဲ့ လက်ထပ်၊ အမွေတွေ ဆက်ခံ၊ မန္တလေးမှာပဲ ဘွားနဲ့ တူတူနေ၊ အဲဒီလို စီစဉ်နေပြီ"

"ဒီက မိဘတွေရဲ့ သဘောလည်း ရှိသေးတာ"

"သေချာတာကတော့ ... မေမေ သဘောတူမှာ မဟုတ်ဘူး၊ မေမေက ရန်ကုန်မှာပဲ နေစေချင်တာ"

"ပြီးရောပေါ့"

"မပြီးဘူး။ ငြင်းဖို့အတွက် အကြောင်းပြချက် ခိုင်ခိုင်မာမာ လိုတယ် ထွန်းရဲ့။ ညီက ငြင်းမယ်ဆိုရင် မေမေကလည်း ကျေနပ်မှာ၊ ညီ့သဘောကို ပြောမယ်။ ညီ စိတ်ကူးထားတာ။ ဒီမှာ ထွန်းရဲ့ ...





"ညီက ရန်ကုန်ကို ပြန်လာ၊ ထွန်းနဲ့ လက်ထပ်၊ ရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်သွား၊ မန္တလေးပြန်၊ ဘွားကို အဲဒီအကြောင်းပြချက်နဲ့ ငြင်း။ ညီ့မှာ မိန်းမရှိပြီဆိုရင် ဘွား ဘာမှ လုပ်လို့မရတော့ဘူး"

"အဲဒီလို လုပ်မဲ့အကြောင်း ညီ့မေမေကို ပြောပြလို့ မရဘူးလား"

"ဒါလည်း မဖြစ်ပြန်ဘူး။ မေမေက နှောင်ပြီးမှ ညီ ... တဲ့။ ပြဿနာတွေက လှည့်ပတ်ရှုပ်နေတာကွာ။ ညီ့ အစီအစဉ် မကောင်းဘူးလား။ စာချုပ်နှစ်စောင်လုံးကို ထွန်းပဲ ယူထားပါ။ ညီက လက်ထပ်ပြီးကြောင်း ဘွားကို ပြောရင် ...

"ဘွားက ထွန်းဆီ ဖုန်းဆက်မေးမှာ၊ ထွန်းက ဟုတ်ကြောင်း ဝန်ခံရုံပဲ။ ညီက ထွန်းကို လက်ထပ်ရင် မင်္ဂလာပွဲနဲ့ လက်ထပ်မှာ၊ စေ့စပ်တာတစ်ပွဲ။ စုလျားရစ်ပတ်တာတစ်ပွဲ၊ ညည့်ခံတာတစ်ပွဲ၊ ဒင်နာတစ်ပွဲ၊ အဲဒီလို လုပ်မှာ၊ ခုလို ရုံးမှာ လက်ထပ်တယ် ဆိုတာ လောလောဆယ် ပြဿနာကို ဖြေရှင်းရုံ"

"သဘာဝသိပ်မကျပါဘူး ညီရဲ့။ ညီက လက်ထပ်ပြီးပြီလို့ပြော၊ ထွန်းကို မေးရင် ထွန်းကလည်း ဟုတ်ပါတယ်လို့ ပြောပေးမယ်။ ညီ တကယ် ဆင်းလာပြီး တကယ်လက်မှတ် မထိုးလည်း ရတာပဲ"

"ထွန်းရယ် ... အဲဒီလို ပြောပေးရတော့ ထွန်း နစ်နာတာပေါ့
တစ်နေ့နေ့မှာ တစ်ခုခုဆိုရင်တောင် ထွန်းဘက်က မနစ်နာ
ဖို့ ညီက စိစဉ်တာပါ"

"စဉ်းစားဦးမယ်"

"ထွန်း ... ညီ့အပေါ် စိမ်းနေသလိုပဲ"

"မဟုတ်ပါဘူး"

"ညီ ... ဘာအခွင့်အရေးမှ မယူပါဘူး"

"ထွန်း ... ခင်ခင်ထွန်းတဲ့။ ဘယ်သူ့ကိုမှ ဘာအခွင့်အရေး
မှ မပေးပါဘူး"

"ဒါဆို ... ညီ ဆင်းလာမဲ့ရက် မနက်ဖြန် ဖုန်းဆက်ရင်း
ပြောမယ်။ ထွန်း ... မနက်ဖြန်ကစပြီး အလုပ်လိုက်လျှောက်
မနေနဲ့၊ အိမ်မှာနေ။ နေပူထဲ မထွက်နဲ့။ ဘာတစ်ကား
တိုးမစီးနဲ့၊ ညီလာရင်၊ ညီတို့ ကုမ္ပဏီမှာ မဝင်ခင် ထွန်း
သုံးဖို့ ညီ ယူလာခဲ့မှာပါ။ ဒါမှမဟုတ် ... ချက်က် ပို့လိုက်
လည်း ရတယ်။ ငွေလွှဲလိုက်လည်း ရတယ်၊ ထွန်းဘယ်လို
ဆိုရင် အဆင်ပြေလဲ"

"ညီ့ကိုပဲ လွမ်းပါတယ် ညီရယ်"

"တစ်ချိန်လုံး ပြောသမျှထဲမှာ ဒီဝါကျလေးတစ်ကြောင်း
အသည်းထဲကို ခိုက်သွားတာပဲ၊ သိပ်ချစ်တာပဲ ထွန်းရယ်၊
လွမ်းလည်းအရမ်းလွမ်းတာပဲ။ ညီတို့ လက်ထပ်ကြမယ်





နော် ထွန်း။ ကိုယ်တို့နှစ်ယောက်ကို သိကြားမင်း ဆင်းခွဲ
တောင် မကွဲစေရဘူး"

ထွန်းက တိုးတိုးလေး ရယ်လိုက်သည်။

"ဟော့ ... ဘက်ထရီ ကုန်တော့မယ်"

"အိုကေ ... ဒါပဲနော် ထွန်း။ ထွန်းကို သိပ်ချစ်တယ်။
ဒါပဲ ... ဖုန်းချပြီ"

ထွန်းက လက်ကိုင် ဖုန်းလေးကို နှုတ်ခမ်းမှာ ကပ်
ထားလိုက်သည်။ ညီ့ကို ချစ်စနိုးနှင့် နွေးထွေးစေချင်တာ မဟုတ်ပါ။
ထွန်း ရင်ထဲမှာ ခေါင်းထဲမှာ ဖြတ်ပြေးနေကြသည့် အတွေးရောင်စုံ
တွေကြောင့် လုပ်မိလုပ်ရာ အမှတ်တမဲ့ လုပ်မိခြင်းသာဖြစ်သည်။
ကိုယ့်လုပ်ရပ်ကိုယ် သတိထားမိတော့ ပြုံးဖြစ်၏။ လက်ကိုင်ဖုန်း
လေးကို နှုတ်ခမ်းမှာ ကပ်ထားသည့် ပုံလေးကို များ ဓာတ်ပုံ
ရိုက်ပြီး ညီ့ဆီ ပို့လိုက်ရလျှင် ညီတစ်ယောက် ကြွေလိုက်မည့်
ဖြစ်ခြင်းလေ။

ပြော် ... ညီ။

## ၉

နောင့်ထံမှ …

“မင်းကို သိပ်ချစ်နေမိပြီ နေညို” … ဆိုသေ စကားကို ကြားရတော့၊ နေညိုရီ တကယ်ပဲ အံ့သြရပါသည ဒီစကားကို ကြားရလိမ့်မည်ဟု မျှော်လင့်မထားပါ။ မမျှော်လ တာဆိုလျှင် ပိုမှန်ပါသည်။ အကယ်၍ … ကံကောင်းထော လွန်းစွာ ကြားရမည်ဆိုလျှင်တောင်၊ ဒီလောက် မြန်လိမ့်မ မထင်ပါ။

“မဖြစ်နိုင်ဘူး”

နေညိုရီက မျက်စိမှိတ်၍ ခေါင်းခါလိုက်သည်။

“ဘာလဲ … နေညို ဘာဖြစ်တာလဲ၊ ကိုယ့်ကို မယုံကြည်တ လား”





“ဟင့်အင်း … ကျွန်မ နားကြားလွဲတာပဲ ဖြစ်မှာပါ”

“မင်း နားကြားမလွဲပါဘူး နေညို။ မင်းကို ကိုယ် ချစ်တယ်။ ကိုယ့်ဘဝထဲမှာ မင်း ရှိမှဖြစ်တော့မယ်။ မင်းကို ကိုယ် လိုအပ်နေပြီ။ မင်းကို လက်ထပ်ဖို့ထိ ရည်ရွယ်ပြီး ချစ်တာ။ ကိုယ့်တစ်သက်မှာ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ ပြောဖူးတာ၊ ဒါ ပထမဆုံးအကြိမ်ပဲ။ သြော် … မင်းကို မင်းလို့ သုံးတာလည်း …

“ကိုယ့်ကို ခွင့်လွှတ်ပေးကွာ၊ ကိုယ့်စိတ်ထဲမှာ အရမ်း ပိုင်နိုင်သလို ခံစားရပြီး၊ ကျေနပ်မှု ရှိလို့ပါ။ ပြီးတော့ … မင်းနဲ့ ကိုယ်နဲ့က အသက်ချင်းလည်း ကွာမယ်။ မင်းက ကိုယ့်ညီထက်တောင် ငယ်ဦးမဲ့ပုံပဲ၊ ကိုယ်နဲ့ကိုယ့်ညီ တောင် သုံးနှစ်ကွာတာ …

“မင်းကို ကိုယ့်ညီနဲ့ မိတ်ဆက်ပေးချင်သေးတယ်၊ အဲဒီကောင်က လူပျော်၊ ပေါးလား ဝါးလားသမား၊ ဒါတောင် … မာနကြီးတယ် အပြောခံရသေးတယ်၊ ကိုယ့်ကိုဆို ဘယ်လိုပြောကြမယ် မသိဘူးနော်။ တကယ်တော့ ကိုယ် မာနမကြီးပါဘူး၊ ဟုတ်တယ် မဟုတ်လား၊ မင်းရှေ့မှာ … မင်းဆီက အချစ်ကို ကိုယ် တောင်းနေရပြီ”

“ကျွန်မ ဒီကို ပညာသင် လုပ်အားပေး လာလုပ်နေချိန်ထဲမှာ ဦးနောင် ဒီတစ်ခါ စကားပြောတာ အများဆုံးပဲ”

"မှန်တယ် … ကိုယ် စကားတွေ အများကြီး ပြောချင်နေတယ်။ အကြောင်းအရာတော့ ထပ်မယ်။ တစ်ခုတည်းသော အကြောင်းအရာပဲ၊ ကိုယ် မင်းကို လက်ထပ်ချင်တယ်။ မင်းမှာ အဖြေအဆင်သင့် ရှိမနေဘူးလား၊ ရှိနေလောက်မယ်ထင်တယ်"

"ဦးနောင်က ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတာပဲ။ ကျွန်မမှာ အဖြေအဆင်သင့် ဘယ်ရှိပါ့မလဲ။ ဦးနောင်က ကျွန်မကို ဒီလို ပြောလာလိမ့်မယ်လို့မှ ကြိုထင်မထားတာ"

"ထင်မထားဘူးလား"

"ထင်မထားမိတာ အမှန်ပဲ"

"ကိုယ် အမူအရာ မပျက်ဘူးလား"

"ဦးနောင်ရဲ့ ဟိုတုန်းက အမူအရာကိုမှ ကျွန်မ မသိတာ။ ကျွန်မ ရောက်ပြီးမှ ဒီအမူအရာ ဒီအပြောအဆို တစ်မျိုးတည်းပါပဲ"

"ကိုယ် … ထိန်းသိမ်းနိုင်သားပဲ၊ မဆိုးဘူး"

နေညိုရီက ရယ်ချင်သွားရတော့သည်။ သူ့ကိုယ်သူ ချီးကျူးနေသူ၏ အမူအရာက ရယ်ချင်စရာ ကောင်းနေပါသည်။

"မင်း … ဒီနေ့စကပြီး အဖြေပေးဖို့ စဉ်းစားတော့မယ် မဟုတ်လား"





"ဦးနောင်က စဉ်းစားစေချင်ရင်ပေါ့"

"စဉ်းစားစေချင်တာပေါ့၊ မင်း စဉ်းစားရမှာပဲ။ ဒါ … မိန်းမသားတွေအတွက် တစ်ဘဝစာအရေးအခင်း မဟုတ်ဘူးလား။ သေသေချာချာ စဉ်းစားရမှာပဲ။ မင်း စဉ်းစားတဲ့အခါမှာ ကိုယ်နဲ့ပတ်သက်ပြီး သိချင်တာ ဘာရှိလဲ၊ ကိုယ့်ကို အားမနာကြေး မေးနိုင်ပါတယ်"

နေညိုရီ ရယ်မောလိုက်တော့သည်။

"မင်းက ရယ်တော့လည်း လှတာပဲ။ ဒါပေမဲ့ … မင်းက လှတာထက် ဆွဲဆောင်မှုရှိတာများတယ်၊ ပြီးတော့ မင်းမျက်လုံးတွေပေါ့။ စကားသံတွေများ ထွက်ကျလာမလားထင်ရတယ်။ ထက်မြက်မှုကို ပြတယ်။ ကိုယ်က ခပ်တုံးတုံးမိန်းမသားဆိုရင် စိတ်မရှည်ဘူး။ မေမေနဲ့လည်း ဖြစ်မှာမဟုတ်ဘူး"

"ဦးနောင် … ကျွန်မကလေ၊ ကိုယ့်ကိုယ်ကိုယ် လူတစ်မျိုးလို့ ထင်ထားတာ။ ကျွန်မ ပြောတဲ့စကားတွေ၊ ကျွန်မရဲ့ အပြုအမူတွေဟာ သူများတွေနဲ့ မတူဘူးလို့ ထင်ထားတာ။ သူများနဲ့ မတူတော့ ထူးတာပေါ့နော်။ ခုမှပဲ … ကျွန်မထက်ပိုထူးတဲ့ သူနဲ့ လာတွေ့နေရပြီ"

"ဘယ်သူလဲ … မင်းထက် ပိုထူးတာ၊ ကိုယ်လား"

"ဒါပေါ့ … ဦးနောင်လို လူမျိုး၊ တကယ်ရှားပါတယ်"

"ကိုယ့် မေမေကတော့ ကိုယ့်ပုံစံကို သဘောကျတယ် မင်းရော ... သဘောကျလား"

"ဟင့်အင်း"

"ဟာကွာ ... ဘာဖြစ်လို့လဲ"

"ကျွန်မက အများထဲမှာ ထူးခြားတဲ့ အကျင့်စရိုက် လောကကြီးကို မကျေမနပ် လျှောက်လှမ်းနေတဲ့ လူတ ယောက် ဖြစ်နေတာ၊ ကိုယ့်ကိုယ်ကိုယ် နည်းနည်းလေး မကြိုက်ဘူး"

"အဲဒီလို ဖြစ်မနေပါဘူး၊ ထက်မြက်တာပါ။ ကိုယ် ကြို တယ်"

"ကျွန်မကိုယ်ကျွန်မတောင် မကြိုက်ရတဲ့ကြားထဲ၊ ဦးနော လည်း သူများနဲ့ မတူဘဲ ထူးခြားတဲ့ အကျင့်စရိုက်ကြီ ဖြစ်နေတာကို၊ ကျွန်မရဲ့ ဘော့စ်အပြင် ဆရာသမားအဖြ လေးစားကြည်ညိုဖို့တော့ ကျွန်မ ကြိုက်တယ်။ ကိုယ့်ဘာသ ကိုယ် လျှောက်လှမ်းနေရတဲ့ မကျေမနပ်ဘဝကြီးရဲ့ လက်တွဲ ဖော်အဖြစ်နဲ့ဆိုရင်တော့ ကျွန်မ မကြိုက်ဘူး ထင်တယ်"

"မင်း ... ကိုယ့်ကို ငြင်းတာလား"

"ဟင့်အင်း ... ဦးနောင်ကို တစ်ထိုင်တည်းငြင်းရင် ကျွန်မ လောက် မိုက်မဲတဲ့သူ ဘယ်ရှိပါတော့မလဲ"

"မင်း စဉ်းစားမယ်လို့ ပြောထားတယ် ထင်တယ်"





"ဟုတ်ကဲ့ပါ"

"မင်း ဘာသိချင်လဲ။ ကိုယ့်ရဲ့ အိမ်ထောင်ထိန်းသိမ်းနိုင်မှု အတွက်၊ တစ်လပျှမ်းမျှဝင်ငွေ သိချင်လား။ ဒါ ... မင်း သိခွင့်ရှိပါတယ်"

"အဲဒါ သိပ်အရေးမကြီးပါဘူး"

"ဟုတ်တယ် ... သိပ်အရေးမကြီးပါဘူး၊ ကိုယ့်အလုပ်အကိုင် ကို မင်း တွေ့နေတာပဲ။ တိတ်တိတ်ပုန်းအကြွေးတွေ ရှိနေရင်တော့ မလွယ်ဘူးပေါ့။ ဒါပေမဲ့ ... စိတ်ချပါ။ ကိုယ်တို့ သားအဖတစ်တွေမှာ ကြွေးမရှိဘူး၊ ဒီလိုလေ ... မပေးဖြစ်သေးတာတော့ ရှိတာပေါ့။ မရသေးတာလည်း ရှိတာပဲ"

"အဲဒါတွေ ကျွန်မ စိတ်မဝင်စားပါဘူး"

"မင်းလို ကုမ္ပဏီအလုပ်ဝါသနာပါတယ်ဆိုတဲ့ မိန်းကလေး က စိတ်ဝင်စားရမယ်"

"အလုပ်အတွက်ဆိုရင်တော့ စိတ်ဝင်စားပါတယ်"

စင်စစ် နေညိုရီက စိတ်မဝင်စားတာတော့ မဟုတ်ပါ။ နောင်တို့ မိသားစုရဲ့ ကြွယ်ဝမှုကို ယုံကြည်စိတ်ချထားလိုက်ခြင်းသာ ဖြစ်သည်။

"ဦးနောင်ရဲ့ မေမေ သဘောတူမှာလား"

"မသေချာဘူး"

"ကျွန်မနေရာမှာ တခြားမိန်းမသားသာဆိုရင်၊ ရင်ထဲ အင့်ခနဲ နင့်သွားမှာပဲ"

"ကိုယ်ကမှ မညာတတ်တာ"

"လွယ်လွယ်ကူကူ သဘောတူရင် ဘယ်လို၊ လုံးဝ သဘော မတူရင် ဘယ်လိုဆိုတာ ဦးနောင် စဉ်းစားပြီးပြီလား"

"စဉ်းစားပြီးပြီ။ မေမေ လွယ်လွယ်ကူကူ သဘောတူရင် ကိုယ်တို့ သိပ်ပျော်စရာကောင်းမယ်။ လက်ထပ်ဖို့ စီစဉ်ကြမယ်။ ဒီနေရာမှာ ဖေဖေ့ဆန္ဒက သိပ်အရေးမပါဘူး ကွ"

နောင်က မျက်နှာကို ပင့်၍ ငေးငေးလေး လုပ်၍ ပြောသည်။ နေညိုရီကို ကြည့်မနေပါ။ သူ့ပုံစံက စိတ်ကူးမယဉ် တတ်ဘဲ ယဉ်ကြည့်နေသလိုမျိုးပါ။

"ဖေဖေ့ဆန္ဒ မပါဘူး ဆိုတာက၊ ဖေဖေက ဖြူတယ် မည်းတယ် ဘာမှပြောမှာ မဟုတ်လို့ပဲ။ ဖေဖေက ကိုယ့်ကို စိတ်ချတယ်။ ယုံကြည်တယ်။ ကိုယ်ဟာ ဖေဖေ လက်ခံနိုင် ဖွယ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ရှာလာမှာ မဟုတ် ဘူးဆိုတာ ယုံထားတာ၊ ပြီးတော့ ... ယောကျ်ားချင်းလေ။ ပစိပစပ် နည်းတဲ့သဘော ..."

"မေမေက မင်းပုံစံကို ကြိုက်မှာ သေချာတယ်။ မင်းက မေမေ့ ဝါသနာစရိုက်နဲ့လည်း တော်တော်တူတယ်။



စိတ်မြန်တာတို့၊ ဘာတစ်ခုမှ လျစ်လျူမရှုလိုက်ဘဲ စေ့စပ် သေချာတာတို့၊ အဲဒီလို တူလွန်းလို့၊ မင်းနဲ့ မေမေနဲ့ အဆင်မပြေတာမျိုး ဖြစ်နိုင်တယ် ..."

"မင်း ကြားဖူးလား မသိဘူး၊ လူနှစ်ယောက်ဟာ သိပ်တူနေရင် ပေါင်းလို့သင်းလို့ မဖြစ်ဘူးတဲ့။ နည်းနည်း ပါးပါး ကွဲပြားတာလေး ရှိမှ ပိုအဆင်ပြေတယ်ဆိုတာလေ။ ကြားဖူးလား"

နေညိုရီက ခေါင်းလေးခါ၏။

"ဦးနောင် ကျွန်မကို ချစ်တယ်လို့ ပြောလိုက်တဲ့ ဝါကျဟာ ကျွန်မနားထဲကို ခုထိ သေချာမဝင်သေးပါဘူး၊ ကျွန်မ နားကြားလွဲတယ်ပဲ ထင်တုန်းပါ"

"ကိုယ် ပြောမယ် နေညို။ မေမေက ကန့်ကွက်နိုင်တယ် ဆိုတာကို မင်း ကြိုတင်ပြီး အတွေးထဲ ထည့်ထားပါ"

"အဲဒါဆို ... ပွဲပြီးပြီပေါ့၊ ဦးနောင် နောက်ဆုတ်ပြီပေါ့။ ဒီလိုလား"

"မဆုတ်ပါဘူး။ ကိုယ်က လူလားမြောက်ပြီးတဲ့ ယောကျ်ား တစ်ယောက်"

"မီဘ စိတ်ဆင်းရဲမယ်"

"မေမေက စိတ်ဆင်းရဲမဲ့ မိန်းမသားမျိုး မဟုတ်ဘူးကွ။ ဒေါသပဲ ထွက်မှာ"

"ဦးနောင် စကားတွေက ဝေ့တယ်"

"တည့်တည့်ပြောမယ်လေ။ မေမေ စိတ်ဆိုးရင်လည်း၊ မေမေ့ကို ရှိခိုးတောင်းပန်ပြီး၊ ကိုယ်က မင်းလက်ကို ဆွဲပြီး အိမ်ပေါ်က ဆင်းမယ်"

"ကျွန်မ ကြားဖူးထားတဲ့ ဦးနောင်လည်း မဟုတ်ပါလား၊ ကျွန်မရှေ့မှာ ရှိနေတာ ဦးနောင် အတုလား မသိဘူး"

"ဒါပေမဲ့ ... မင်းက ကိုယ့်မေမေ အကြောင်း မသိသေးလို့၊ ကိုယ့်မေမေက ဘယ်တော့မှ ပြဿနာကို ထိပ်တိုက်ရင်မဆိုင်ဘူး။ ခွင့်ပြုမှာပဲ။ မင်းကို ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည်ဖြစ်စေ၊ မေမေ ထိပ်တိုက် မတွေ့ဘဲ လိမ္မာပါးနပ်နေပြတတ်တာ သားနှစ်ယောက်ကိုပဲ။ ဖေဖေနဲ့ ဆိုရင်တောင် ပြဿနာဆို ... ပြတ်ပြတ်ရှင်းတာ ...

"စိတ်ချ ... ကိုယ်က မညာတတ်လို့ စကားကုန်ပြောထားတာ။ ကိုယ် ထင်တယ်၊ မင်းက မေမေ့နဲ့ ပုံစံတူနေလို့ မင်းကို သိပ်သဘောမကျဖို့ များတယ်။ ဒါပေမဲ့ ... မေမေ မတားပါဘူး။ မင်း စိတ်ချနိုင်ပါတယ်"

"တစ်မျိုးကြီးပဲ၊ ကျွန်မက ဘာကို အခြေခံပြီး စဉ်းစားရမှာလဲ"

"ကိုယ့်ကို လက်ခံဖို့ အခြေခံပြီး စဉ်းစားပေးပါ။ မင်း ကိုယ့်ကို နည်းနည်းလေးမှ မခင်ဘူးလား၊ အထင်ကြီးတယ်ဆို"





"ခင်ပါတယ်"

"မုန်းတီးရွံရှာစက်ဆုပ်ခြင်း မရှိဘူး မဟုတ်လား"

"မရှိပါဘူး"

"ပြီးပြီ။ ဒါပဲ၊ ကိုယ် ... ဒီလောက်ရရင် ကျေနပ်ပြီ။ မင်းနဲ့ ပတ်သက်ရင် ကိုယ် လောဘလျှော့ထားလိုက်ပါ့မယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြတယ်။ ကိုယ် ... မင်းကို တကယ် အလိုရှိတာ။ ကိုယ့်ဘဝဟာ မင်း မပါရင် မပြည့်စုံတော့ဘူး။ သေချာတယ်။ မင်း ခေါင်းညိတ်တဲ့နေ့မှာ မေမေ့ဆီ ခေါ်သွားမယ်"

နေညိုရီက ပြုံးနေလိုက်မိတော့သည်။

"မင်းကို အဲဒီစကားတွေ ပြောချင်လို့၊ ကိုထိန်လင်းနဲ့ ကိုသိန်းမြင့်ထွန်းကို အပြင်ထွက်နေပေးဖို့ အကူအညီတောင်းထားတာ၊ မင်း ဆက်ပြီး စကားပြောချင်စိတ် မရှိတော့ဘူးဆိုရင်၊ သူတို့ကို သွားခေါ်လိုက်ပါ။ သူတို့ အပြင်ခန်းမှာတင် ရှိနေမှာ"

နေညိုရီက အခန်းတံခါးကို သွားဖွင့်လိုက်သည်။ ...ခုလို ခိုင်းလိုက်တာကျတော့ သူ့ချစ်သူကို သူ အကူအညီတောင်း...တာ ဘယ်ဟုတ်ပါတော့မလဲ။ အလုပ်သမားတစ်ယောက်လို ခိုင်း...လိုက်တာပဲပေါ့။

နောင် ထင်ထားသည်မှာ ... နေညိုသည် မိန်းမသား
တို့ ဝတ္တရားရှိသည့်အတိုင်း ခဏတာ စဉ်းစားပြီးရုံနှင့် လက်ခံလိမ့်
မည်ဟု ဖြစ်၏။ မြန်မာမိန်းမသား ဆိုသည့် အစဉ်အလာကို
ထိန်းဖို့ပဲဖြစ်ဖြစ်၊ မူကြည့်တာပဲဖြစ်ဖြစ်၊ ခုပြော ခုလက်ခံဆိုတာမျိုး
နှင့် သိက္ခာမကျချင်တာပဲဖြစ်ဖြစ်၊ ယာယီတော့ အချိန်ဆွဲလိမ့်မည်
ပြီးလျှင် ခေါင်းညိတ်ဖြစ်မှာ သေချာသည်ဟု ထင်၏။ နောင့်လို
သတို့သားလောင်းမျိုးကို၊ သမီးရှင်တစ်ရာမှာ တစ်ရာလုံး၊ မိန်းမ
သားတစ်ရာမှာ ကိုးဆယ်ခန့် (ကျန်သောဆယ်ယောက်က စောစီးစွာ
ချစ်သူရရှိထားနှင့်ကာ၊ ကိုယ့်ချစ်သူ အပေါ် သစ္စာမဖောက်ချင်
တာ ဖြစ်နိုင်၏)က လက်ခံကြည်ဖြူမှာ နောင် ယုံကြည်ထား
သည်။

"အတ္တ"ဟုပဲ ဆိုဆို၊ နောင်က ကိုယ့်ကိုယ်ကိုယ်
အထင်ကြီးပါသည်။ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်လည်း
အမြဲနေသည်။ ကိုယ်ဟာ လူချင်းယှဉ်လျှင် သူတစ်ပါးရှေ့မှာ
နည်းနည်းပဲဖြစ်ဖြစ် ကြောနိုင်သူ ဖြစ်ရမည်ဟုလည်း အမြဲကြိုးစား
နေသူဖြစ်ပါသည်။

"ဟိုက လက်ခံလိုက်ပြီပေါ့"





ဒေါ်တင်တင်ထား မျက်နှာက ခပ်ပျက်ပျက် ရှိလေ၏။ သားကြီး "နောင်"ဟာ တစ်နေ့မှာ ဒီလို "ချစ်သူ"ဆိုတာမျိုး တင်ပြလာလိမ့်မည်ဟုကို ထင်မထားခဲ့တာပါ။ ဒီသားကြီးဟာ မိန်းကလေးတွေကိုလည်း စိတ်မဝင်စား။ အိမ်ထောင်ပြုဖို့လည်း စိတ်ကူးမရှိ။ ကိုယ့်အလုပ် ကိုယ့်ကုမ္ပဏီကိုသာ တိုးတက်သည်ထက် တိုးတက်အောင်၊ လုပ်ငန်းတူ ကုမ္ပဏီတွေထဲမှာ ကိုယ့်ကုမ္ပဏီက ရှေ့ဆုံးမှာ ရှိနေအောင်၊ ပိုင်ရှင်လည်းဖြစ်၊ မန်နေဂျင်းဒါရိုက်တာလည်းဖြစ်သူ တွေထဲမှာ "နောင်တေဇ" ဆိုသည့်နာမည်သာလျှင် ရှေ့ဆုံး ထိပ်ဆုံးမှာ ရှိနေအောင်၊ ကိုယ်က ဘယ်သူ့ကိုမှ လှမ်းမျှော် အတုမခိုးရဘဲ၊ ကိုယ့်အတုကိုသာ သူများတွေက လိုက်ခိုးနေရအောင်၊ စီးပွားပြိုင်လုပ်ငန်းတစ်ခု ပေါ်ပြီဆိုတာနှင့်၊ အဲသည် အခွင့်အရေးကို နောင်တေဇ သာလျှင် တစ်ဦးတည်း သိမ်းပိုက်ခွင့်ရရှိလိုက်အောင် ... (ပြောရလျှင် မဆုံးနိုင်အောင် ရှိလှချေ၏။) ဒါမျိုးတွေကိုချည်း တစိုက်မတ်မတ် စိတ်ဝင်စားခဲ့သူဖြစ်သည်။

တကယ်တမ်းဆို ... ဒေါ်တင်တင်ထား ကိုယ်တိုင်က၊ ဒီသားကြီးအတွက် ချွေးမလောင်းရှာဖို့ "အတွေး" ဝင်စပြုပါပြီ။

"နောင်တစ်ယောက်တော့ ထား တာဝန်ယူမှ ဖြစ်တော့မယ် ကိုကျော်ရေ" ... ဟု ခင်ပွန်းကိုတောင် ပြောထားပြီးပါပြီ။

"ခုလောက်ကစပြီး ကြည့်ရမယ်လေ။ ကိုယ် တစ်ယောက်ပြ သူတစ်ယောက်ကြိုက်ကလည်း ဖြစ်ချင်မှ ဖြစ်ဦးမှာ။ ဆယ် ယောက်ပြလို့လည်း တစ်ယောက်ကြိုက်ချင်မှ ကြိုက်မှာ။ ထား စိတ်ထင်တော့၊ ရှင့်သားကြီးက ရက်ပြီး ဈေးများနေ မှာ သေချာသလောက်ပဲ၊ အဲဒါကတင် ခြောက်လတစ်နှစ် ဆိုသလို ကြာသွားနိုင်သေးတာ"

"ညီနဲ့တော့ ကွာတယ်"

ဒေါ်တင်တင်ထားက ဦးတေဇကျော်ကို မျက်စောင်း တစ်ချက်ထိုးခဲ့သေး၏။

"ညီက အဖေတူ"

ဦးတေဇကျော်မှာ ချစ်သူတွေ လေး,ငါးယောက် လောက် ရှိခဲ့ဖူးမှန်း ဒေါ်တင်တင်ထားက သိထားပါသည်။

"ညီက အဖေတူဆိုတော့၊ နို့နဲ့စင်တာနဲ့ ရည်းစားကောက် ထားတာ"

"ဘွဲ့ရလူငယ်တစ်ယောက်ကို ခုမှ မိခင်နို့နဲ့ စင်တယ်ပြော လို့တော့ ဘယ်ဖြစ်ပါ့မလဲ ထားရယ်။ ထားရှာပါစေ။ လူငယ်ပဲ။ ယောကျ်ားပဲ"

"အဲဒါကို မှန်းတာ။ ငါ ယောကျ်ားပဲ၊ မယူဖြစ်လည်း နာမည်မပျက်ဘူး ထင်ပြီး ရည်းစားကို မစူးမစမ်းထားတာ လောက် မှန်းတာ မရှိဘူး။ မျက်စိကို နောက်တယ်။





ရှင့်သားတော်မောင် အငယ်ကောင်က ရည်းစားလောက် ထားရုံနဲ့ ရောင့်ရဲလိုက်တာမှ မဟုတ်တာ။ လက်ထပ်ချင် ပြီတဲ့"

"ဒီကောင်က ..."

"ဟုတ်ပါ့ရှင်။ ထားက တားထားတာ၊ ခေါ်မလာနဲ့၊ လာလည်း မပြနဲ့၊ ကြည့်ကိုမကြည့်သေးဘူး၊ အကြီးပြီးမှ အငယ်လို့ တားဆီးပိတ်ပင်ထားရတာ"

"ဒီကောင်က ..."

ဦးတေဇကျော် ရယ်လေ၏။

"အဲဒါကြောင့် ပြောတာ။ တို့မိသားစုထဲမှာ ညီတစ်ယောက် ပဲ လူနဲ့တူတယ်လို့။ ကျန်တာက စက်ရုပ်တွေ"

"မဟုတ်တဲ့နေရာမှာ မြှောက်ပေးရမယ်ဆိုရင် အဖေတွေ ရှေ့ဆုံးကပဲ။ ဆုံးမဖို့ဖြင့် စိတ်ကူးမရှိဘူး"

"ဆုံးမဖို့က အမေ့တာဝန်လေ"

"ဩ ... အဖေ့တာဝန်က၊ မြှောက်သာပေးပေါ့။ ဟုတ်လား"

"မြှောက်ပေးတယ်လည်း ဘယ်ဟုတ်ပါ့မလဲ ရှင်မရယ်"

ဦးတေဇကျော်က ဇနီးသည်နှင့် စကားစမြည် ထိုင် ပြောနေဖို့ (ရှားရှားပါးပါး) အခွင့်အရေးရခိုက်မှာ၊ ချစ်ဇနီးကို ချစ်စနိုး စချင်စိတ်ဖြင့် "ရှင်မ" ဟုခေါ်၏။ ဒီလိုဆိုတော့ ဒေါ်တင် တင်ထားက ပြုံးဖော်ရသည်။

"ကိုယ့်သား၊ စိတ်ချမ်းသာပါစေတော့ရယ်လို့ မသိချင်ယော

ဆောင်တာလောက်ပေါ့"

မိခင်နှင့် ဖခင်တို့က သားနှစ်ယောက်အကြောင်းကို အဲဒီလို ဆွေးနွေးခဲ့ဖူးပါသည်။ အခု ဆွေးနွေးပွဲကတော့ မိခင်နှင့် သားကြီးတို့ ဆွေးနွေးပွဲဖြစ်၏။ မိနှင့်ဘတို့ ဆွေးနွေးစဉ်မှာ စကားဝိုင်းက ခပ်ရှင်ရှင်ကလေး ဖြစ်ပေမဲ့၊ သားကြီးနှင့် အမေတို့ ဆွေးနွေးပွဲမှာ မျက်နှာကြောတွေက လိုအပ်သလောက် မလျော့၊ စကားလုံးတွေကလည်း မပျော့ပျောင်းလှသလို ရှိတော့၏။

"ဟိုက လက်ခံလိုက်ပြီပေါ့ ... ဟုတ်လား"

"ဟင့်အင်း ... သူ ... စဉ်းစားတုန်းပါ၊ စဉ်းတောင်မှ စဉ်းစားသေးရဲ့လား မသိဘူး"

"နောင် ... မေမေ နားကြားများ လွဲသလား"

"သူ့ကို ကျွန်တော် စပြီး ခွင့်တောင်းတော့လည်း သူက မယုံနိုင်လို့ သူ နားကြားများ လွဲသလားတဲ့"

"ထူးဆန်းလှချည်လား။ အလုပ်မခန့်ပဲ၊ သူ့ဘာသာ ပညာသင် လုပ်အားပေး ဝင်လုပ်နေတဲ့ ကောင်မလေးဆို၊ စောစောက နောင် ပြောတာ"

"ဟုတ်ပါတယ် မေမေ"

"သူက ဘယ်သူဘယ်ဝါ သားသမီးမို့ နောင့်ကို စဉ်းတောင် စဉ်းစားသေးရဲ့လားလို့ စိတ်ပူနေရတာလဲ"





"သူ့မှာ မိဘ မရှိပါဘူး"

"လုပ်လိုက်ကွယ် ... ဘယ်သူနဲ့ နေလဲ"

"တစ်ယောက်တည်းပါ"

"မြတ်စွာဘုရား ... မြန်မာပြည်မှာ၊ မိန်းကလေးတွေ အုပ်ထိန်းသူ မရှိဘဲ၊ တစ်ယောက်တည်း နေကုန်ကြပြီလား။ ဘုရား ... ဘုရား။ နိုင်ငံခြားယဉ်ကျေးမှုက ဒီလောက် စိမ့်ဝင်နေပြီလား"

"နယ်က မိန်းကလေးတွေ၊ ရန်ကုန်မှာ အလုပ်လာလုပ်တာတို့၊ ကျောင်းလာတက်တာတို့၊ အဆောင်မှာ တစ်ယောက်တည်း နေကြတာ ကြာပြီပဲ မေမေ"

"အဲဒါမျိုးကို ပြောတာ မဟုတ်ဘူး။ အဲဒါမျိုးက တစ်ယောက်တည်း မခေါ်ဘူး၊ မေမေ သိချင်တာက၊ တိုက်ခန်းတစ်ခန်း၊ အိမ်ခန်းတစ်ခန်း၊ ဒါမှမဟုတ် အိမ်တစ်လုံးတည်းမှာ တစ်ယောက်တည်း နေနေတာကို ပြောတာ။ ဒါမျိုးက နိုင်ငံခြားတွေမှာသာ နေကြတာ"

"အဲဒီလိုပါပဲ မေမေ။ တိုက်ခန်းတစ်ခန်းမှာ သူ တစ်ယောက်တည်း နေနေတာပါတဲ့"

"ဘယ်သူမှ မရှိဘူးလား၊ အုပ်ထိန်းသူထဲက တစ်ယောက်ယောက်၊ ဒေါ်ကြီးဒေါ်လေး၊ ဆွေမျိုးနီးစပ်"

"မရှိဘူးလို့ ပြောပါတယ်"

"နောင် ... သား ဘယ်နှခေါက် ရောက်ပြီးပြီလဲ၊ အဲဒီတို
ခန်းကို"

"မေမေ ... ကျွန်တော် မေမေ့သားပါ။ ဒီလို မျိုးလာ

"ကျေးဇူးတင်ပါတယ် သားရယ်။ တကယ် တင်တာပါ
ယောက်ျားလေးရော မိန်းကလေးပါ သိက္ခာမဲ့ပြီး၊ မလိုလ
အပ်တဲ့ ပြဿနာတွေ အချိန်မတန်ဘဲ ဖြစ်ပေါ်လာတ
လို့ပါ"

"ကျွန်တော် ဒီလောက် မမိုက်မဲပါဘူး"

"အင်း ... ဆက်ပြောပါဦး"

"သူဟာ အများနဲ့ မတူတဲ့ သူတစ်ယောက်တော့ ဖြစ်ပ
တယ်။ ထူးခြားပါတယ်"

"ကောင်းတဲ့ဘက်လား၊ ဆိုးတဲ့ဘက်လား၊ ဘယ်ဘက်မှ
ထူးခြားလဲ"

"အဆိုးအကောင်း ခွဲခြားရခက်တဲ့ ထူးခြားမှုမျိုးပါ"

အလုပ်လျှောက်စဉ်က မတွေ့ရမချင်း စောင့်တာတို့
မခန့်ပဲ မခေါ်ဘဲ၊ လခလည်း မရပါဘဲ၊ လုပ်အားပေးပညာသ
ဖွတ်လုပ်ပုံတွေကို ပြောပြဖြစ်၏။

"မချမ်းသာတာတော့ အမှန်ပဲ၊ ဆင်းရဲတဲ့ဘက်ကို ရောက
ပါတယ်။ စုတ်ပြတ်သတ် ငတ်တော့ မနေဘူးပေါ့လေ
ပညာရေးကလည်း အဲဝေးသင်နဲ့ ..."





"နေဦး ... သား၊ မေမေ သိချင်တာ၊ ကိုယ်ကျင့်တရား
ပိုင်း"

"ကျွန်တော့်ကုမ္ပဏီမှာ ရှိတဲ့ အမျိုးသားဝန်ထမ်းတွေကို
အမျိုးသမီးဝန်ထမ်းတွေနဲ့ တန်းတူ ရဲတင်းပွင့်လင်းစွာ
ပြောဆိုပါတယ်။ ကလက်တက်တက် အမူအရာမျိုး မရှိ
ပါဘူး။ ဘယ်သူနဲ့မှလဲ လိုအပ်တာထက် ပိုမရောပါ
ဘူး"

"နောင် တစ်ယောက်က လွဲရင်ပေါ့"

"ကျွန်တော့်ကို ဂရုစိုက်ပေမဲ့၊ ပျာယာခတ်ပြီး သိက္ခာမဲ့နေ
တာမျိုး မဟုတ်ပါဘူး မေမေ"

"ရှည်းစားထားဖူးသလား၊ ထားဖူးရင် ပြတ်ခဲ့တဲ့အကြောင်း
ရင်း၊ ဘယ်နှယောက်လဲ ဆိုတာ မေမေ သိချင်တယ်"

"ကျွန်တော်လည်း သိချင်ပါတယ်၊ လှည့်ပတ်ပြီးတော့
မေးဖူးပါတယ်။ တိကျတဲ့ အဖြေကို မရဘဲ သူ ... လှည့်
ပတ်ရှောင်ပါတယ်"

"နာမည်"

"နေညိုရီပါ"

"မှတ်ပုံတင်ထဲမှာလည်း ဒီနာမည်ပဲလား"

"ကျွန်တော့် လခစားဝန်ထမ်း မဟုတ်တော့ ကျွန်တော်
သူ့မှတ်ပုံတင် ကြည့်ဖို့ အခွင့်မရှိပါဘူး မေမေ"

"လှသလား ... လှသလားဆိုတာက၊ တော်တော်လှသလား လို့ မေးတာ၊ မလှဘဲနဲ့ ... ရုပ်ဆိုးကြီးဆိုလည်း နောင်က ဘယ်ကြိုက်မှာလဲ"

"လှတယ် ဆိုတာထက် ကြည့်ကောင်းတာမျိုးပါ"

"မမေ ကြားဖူးတဲ့ စကားရှိတယ် သားရဲ့။ ယဉ်တယ်ဆို တာ ... သိပ်မလှဘူး ဆိုတာကို သက်သာတဲ့ ဘက်က လှည့်ပြောတာ။ ကြည့်ကောင်းတယ်ဆိုတာဟာ ဆက်ကဇီ ဖြစ်တာကို နားခံသာအောင် ပြောတာတဲ့။ ဒါ ... တိတိ ကျကျကြီးတော့လည်း မဟုတ်ဘူး။ ဒီအဆိုက ... တစ်ခါ တလေတော့ မှန်တယ် ...

"အမြဲကြီးတော့လည်း မမှန်ဘူး။ ယဉ်ကိုယဉ်နေတဲ့ မိန်းကလေးတွေ ရှိတယ်လေ။ ယဉ်တယ်ဆိုတာလည်း သူ့ကိုယ်ပိုင် အရည်အချင်းနဲ့သူ ရှိနေတဲ့ စကားတစ်ခွန်းပါ။ ကြည့်ကောင်းတယ် ဆိုတာလည်း တူတူပေါ့။ သား ပြော ချင်တဲ့ ကြည့်ကောင်းတယ်ဆိုတဲ့ ..."

"ဝန်ခံရရင် ... သူဟာလှတာထက် ဆွဲဆောင်မှုရှိတာက ပိုပါတယ် မမေ"

"ဆက်ကဇီပေါ့"

"အဲဒီလောက်ကြီးတော့လည်း မဟုတ်ပါဘူး၊ သူ့မျက်လုံး တွေဆိုရင် ထက်မြက်မှုကို မြနေပါတယ်၊ စကားပြောနေ သလိုပဲ"





ဒေါ်တင်တင်ထားက နောက်ထပ် နာရီဝက်လောက် မေးခွန်းတွေ ထပ်မေးနေပြန်သည်မို့ နောင်က စဉ်းစဉ်းစားစား ဖြင့် ဖြေရပါသည်။ နေညိုရီဘက်မှ ပင်း၍လည်း လိုက်လျောပြော ဆိုပေးဖို့ စိတ်မပါချေ။ အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း သာ ပြောချင်ဖြေချင်ပါ၏။

"သားပြောတဲ့ စကားတိုင်းကို မမေ ယုံတယ်။ ယုံတယ် ဆိုရာမှာ အချက်နှစ်ချက် ရှိတယ် နောင်ရဲ့။ တစ်ချက်က နောင့်သိက္ခာကို ယုံကြည်တာ။ နောင်ဟာ မဟုတ်တာ မမှန်တာ ကို မပြောတတ်ဘူး၊ တစ်ဖက်သားကို အကဲခတ် တဲ့အခါမှာလည်း နောင် အကဲခတ်လွဲလာရင် မှားခဲတယ် လေ။ ရာနှုန်းပြည့်နီးပါး မှန်ကန်တတ်တာပဲ ...

"နောက်တစ်ချက်ကတော့ ... နောင့်စကားတွေဟာ သဘာဝကျနေလို့ပဲ။ မမေ ယုံပါတယ်။ မမေကလည်း ပြန်ပြောစရာတွေ ရှိနေပြီ"

"ပြောပါ မမေ"

"ဒီကလေးမ ... သားကို မချစ်ဘူး"

"ခင်ဗျာ"

"လုံးဝ မချစ်ဘူး။ ဒါပေမဲ့ သားရဲ့ အချစ်ကို သူ လက်ခံ လိမ့်မယ်။ သားရဲ့ လက်ထပ်ခွင့် တောင်းဆိုချက်ကို သူ ခေါင်းညိတ်လိမ့်မယ်"

"ကျွန်တော်လည်း ရိပ်မိသလို ရှိပါတယ်။ သူ့မျက်လုံးတွေကတော့ စကားပြောနေပါတယ်။ သူ့ကိုယ်သူသာချစ်ပြီး ဘယ်သူ့ကိုမှ နက်ရှိုင်းစွာ ချစ်လိမ့်မယ် မဟုတ်ဘူးဆိုတာ၊ သူ့မျက်လုံးတွေမှာ ကျွန်တော် တွေ့နေရပါတယ်"

"နောင်ကလည်း ဒီလောက်နဲ့ ရောင့်ရဲနိုင်သလား"

"ဟုတ်ကဲ့ပါ"

"ဩော်"

သားနှယ် လောဘ နည်းလှချည့် ... ဟူ၍သာ ညည်းညူလိုက်ချင်တော့သည်။ ပြန်မချစ်ရင်နေပါ။ ချစ်ခွင့်ကိုပဲ ပေးပါ။ ချစ်နေရလျှင်ပဲ ကျေနပ်ပါပြီဆိုသော အချစ်မှာ လောဘနည်းသူတွေလည်း ဤလောကမှာ ရှိနေပါသေးသလား။

"မေမေ ဘာကူညီရမလဲ ... နောင်"

"ခေါ်တွေ့ပြီး မေမေ ကြည်ဖြူပေးဖို့ပါပဲ"

"ကောင်းပြီလေ"

"ပြီးရင် ... ကျွန်တော်တို့နှစ်ယောက်တည်း **အိမ်ခွဲနေချင်**ပါတယ် မေမေ"

"ကလေးမလေးရဲ့ တောင်းဆိုချက်လား"

"မဟုတ်ပါဘူး။ သူ ... တောင်းဆိုလာလိမ့်မယ် ထင်လို့ပါ။ ကျွန်တော်ကလည်း အိမ်ထောင်သည်ရယ်လို့ ဖြစ်လာခဲ့ရင် ကိုယ့်ဘာသာနေတာကို ပိုကြိုက်ပါတယ်။ မေမေကလည်း ကြိုက်မယ်ထင်ပါတယ်"





"တစ်သက်လုံး သစ္စာရှိမယ် ထင်လား"

"ဒါကတော့ ... မျှော်လင့်ချက်ပါပဲ မေမေ။ ဘယ်သူ အတတ်ပြောနိုင်ပါ့မလဲ"

"နောင့်ကို မေမေ သဘောကျတာ အဲဒါတွေပဲ။ နောင် ... လူကြီးဖြစ်ပြီ။ တကယ် ရင့်ကျက်တယ်။ မေမေ ချီးကျူးပါတယ်။ ဒါပေမဲ့ ... မိန်းကလေးတစ်ယောက်နဲ့ နီးစပ်ချိန် ဒီလောက်တိုတိုကလေးမှာ ဒီလောက် ကျရှုံးသွားတာကိုတော့ မေမေ အံ့ဩတယ်"

နောင်က မချိတရိလိုလို ပုံစံနှင့် ပြုံး၏။

"ကျွန်တော် ညံ့တာလည်း ဖြစ်နိုင်ပါတယ်"

"ဟိုမိန်းကလေး သိပ်တော်တာလည်း ဖြစ်နိုင်သေးတာပဲ"

"ပြောကြကြေးဆိုရင် ... ရှေ့ရေစက်လို့လည်း ပြောနိုင်တာပေါ့ မေမေရယ်"

ဒေါ်တင်တင်ထား ရယ်လေသတည်း။

နောင်က ရှက်ရယ်ရယ်သည်။ ရယ်ရင်းမှ မေမေ့ကို လှေလာ၏။ မေမေ့ အရယ်ဟာ အချိုလျော့လှပါဘိ။

## ၁၀

နေညိုရီ ... ဒေါ်တင်တင်ထား ထံသို့ လာရောက်

ဂါရဝပြုသည်ဟုပဲ ထားပါတော့။

ခပ်ရိုင်းရိုင်း ပြောရလျှင်တော့ ချွေးမလောင်း အင်တ

ဗျူးဖြစ်၏။ မိန်းကလေးတစ်ဦးအနေနှင့်၊ မတော်ရသေးသော

တော်ရဖို့ မတော်ရဖို့ မသေချာသော ယောက္ခမလောင်းထံမှ

ချွေးမအဖြစ် ရွေးချယ်ခြင်း ခံရနိုင်ဖို့ လာတွေ့ရခြင်းဆိုသည်မှာ

မိန်းမသားဘက်မှ တော်တော်ကလေး နစ်နာပါသည်။ ထိုမိန်းက

လေးသည် သားရှင် ကြည်ဖြူသော မင်္ဂလာရှိ ဂုဏ်ရှိ၊ ကျက်သရေ

ရှိ အမျိုးသမီးဖြစ်ခွင့် မရပြီ။ နေညိုရီက ...





"ကျွန်မ ... ဇနီးကောင်း ပီသမယ်၊ တစ်သက်လုံး သစ္စာရှိမယ် ... ဆိုရင် ဦးနောင် ရောင့်ရဲနိုင်မလား၊ အဲဒီအဆင့် လောက်နဲ့ ရောင့်ရဲနိုင်ရင် ဦးနောင်ကို ကျွန်မ ... လက်ထပ်ဖို့ လက်ခံပါမယ်" ... ဟု ပြောခဲ့၏။

"ရတယ်... ကိုယ်က အလုပ်မှာသာ လောဘကြီးတာ အိမ်ထောင်ရေးကျတော့ လောဘနည်းနည်းပဲ ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဘက်မှာလည်း အနုတ်လက္ခဏာတွေ ရှိနေလို့ပါ။ ကိုယ်က သစ္စာရှိ ခင်ပွန်းကောင်းအဖြစ်နဲ့ ကိုယ့်ဇနီးကို ခွေပုံပေါ် တင်ထားနိုင်ပေမဲ့၊ အချိန်သိပ်ပေးနိုင်မှာ မဟုတ်ဘူး၊ ကိုယ့်အဘိုးအဘွားတွေ လက်ထက်ကတည်းက တစ်ရှိန်ထိုး ...

"တက်ခဲ့တဲ့ စီးပွားရေးကို ကိုယ့် လက်ထက်ကျမှ ပြန်လျှော့ရမှာမျိုးဆိုရင် ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေမိမလားပဲ၊ ကိုယ့်အဘိုးထက် ကိုယ့်အဖေ လက်ထက်မှာ ပိုပြီး တိုးပွားခဲ့တော့ ကိုယ့်လက်ထက်မှာ ကိုယ့်အဖေထက် သာရမယ်၊ ကိုယ့်သားက ကိုယ့်ကို ကျော်လွှားသွားနိုင်ရမယ်။ ဒီတော့ ... ကိုယ် ကြိုးစားနေချိန်မှာ ...

"မိန်းမကို ဘုရားပို့ ရုပ်ရှင်ပို့ စူပါမားကက်ပေါင်းစုံ ပို့ဆိုတဲ့ အချိန်ပေးခြင်းတွေကို ကိုယ် လုပ်နိုင်မှာ မဟုတ်ဘူး။ နေညို့ဘက်က ကိုယ့်ဝေယျာဝစ္စနဲ့ ကထိကထတွေကို

ကြင်နာစွာ ဆောင်ရွက်ပေးမယ်ဆိုရင် ကိုယ် အရမ်းပျော်မယ်၊ ကျေးဇူးတင်မယ်။ ဘာတစ်ခုမှ လုပ်ကိုင်ဆောင်ရွက်မပေးနိုင်ပါဘူးဆိုလဲ ကိုယ်က အပြစ်မတင်ပါဘူး။ ဒါ ... နေညို့ လွတ်လပ်ခွင့်ပဲ။ မိန်းမတစ်ယောက်ဟာ သားကိုသခင်၊ လင်ကို ဘုရား၊ ကိုယ့်ကိုယ်ကိုယ်ကျတော့ ကျွန်နှင့်တူသော မယားဆိုတာမျိုး ဖြစ်နေမှ ...

"အဲဒါမျိုးတွေကို ကိုယ် နားလည်ခွင့်လွှတ်ပေးနိုင်တယ်။ ကိုယ်က ဘယ်အရာ[illegible]မဆို နားလည်ပေးနိုင်တာတွေ တော်တော်များတယ်။ ကိုယ်က နားလည်နိုင်လို့ ခွင့်လွှတ်ထားတာမျိုးကို၊ တချို့က သဘောမပေါက်ဘူး၊ ကိုယ့်က အလုပ်လုပ်ဖို့ကလွဲပြီးရင် ဘာမှ စိတ်မဝင်စားတော့တဲ့ ကျောက်ရုပ်လို့ ထင်ကြတယ် ...

"ကိုယ် တစ်ခုတော့ ကြိုပြီး တောင်းပန်ချင်တယ်။ ကိုယ် ... မင်းကို ချစ်တာ အစစ်အမှန်ပဲ၊ ဒါပေမဲ့ ... မင်းမျှော်မှန်းထားသလောက် သည်းသည်းလှုပ်ဖြစ်ချင်မှ ဖြစ်နေမယ်။ မဖြစ်ဖို့များတယ်။ ဒါ ... ကိုယ်က မင်းကို မချစ်လို့မဟုတ်ဘဲ၊ ကိုယ် နေတတ်တဲ့ပုံစံပဲဆိုတာ မင်း နားလည်ပေးရမယ်။ လက်ထပ်ပြီးတဲ့အခါမှာ ဘာပြဿနာမှ မဖြစ်ချင်ဘူး။ ကိုယ် ခေါင်းအေးချင်တယ်။ မင်းဟာ သူဌေးကတော်အဖြစ်နဲ့ ရွှေပုံပေါ်မှာ စံခွင့်ရှိတယ် ...





"ခြွေရံသင်းပင်းနဲ့ ခံစားပါ။ ခိုင်းပါ။ သုံးပါ။ သုံးရုံ သုံးလို့ကတော့ ကိုယ်တို့ တစ်သက်မဟုတ်ဘူး၊ နှစ်သက်လည်း မကာ၊ မကုန်နိုင်ပါဘူး၊ အဆမတန်တဲ့ လောင်းကစားတို့ ဘာတို့နဲ့ ဖြုန်းရင်တော့ ဘယ်လောက်လိမ့်မလဲ၊ ကိုယ်တို့ မိသားစုမှာ ... ပြောရဦးမယ်။ လောင်းကစားဆိုရင် ဘယ်လောက်ကင်းလဲ ဆိုတော့ ...

"ကျားတောင် မထိုးတတ်ဘူး၊ ဖဲမရိုက်တတ်ဘူး၊ ဘောလုံးပွဲတို့ဘာတို့၊ ဘာမှ မလောင်းဘူး၊ နေညို စိတ်ချမ်းသာ လူချမ်းသာစွာ နေနိုင်ပါတယ်။ လင်ကောင်းသားကောင်းတစ်ယောက် ရပြီလို့ စိတ်ချလိုက်နိုင်ပါတယ်။ ကိုယ်ဟာ ကိုယ့်ဇနီးကို ညှာတာကြင်နာမဲ့ ခင်ပွန်းမျိုးလည်း ဖြစ်ပါတယ်။ တူတူနေကြတဲ့အခါမှာ ကိုယ့်ပုံစံက ...

"အရုပ်ကြီးတစ်ရုပ်နဲ့ တူနေတယ်ထင်ပြီး စိတ်မချမ်းမသာ ဖြစ်မှာစိုးလို့ ဒါတွေ ကြိုပြောထားတာပါ။ လက်တွေ့မှာ အဲဒီလောက် ဆိုးချင်မှ ဆိုးမှာပါ။ ကိုယ်က မင်းကို ချစ်တော့ မင်း နားမှာ သက်ဝင်လှုပ်ရှားနေမိတာမျိုးလည်း ရှိမှာပါ၊ အဲဒါတွေကြောင့်လေ၊ မင်းဆီကလည်း ကိုယ် သိပ်မမျှော်လင့်ပါဘူး၊ သိပ်မတောင်းဆိုဘူး၊ ကိုယ့်ရဲ့ သဏ္ဍာရှိသော၊ ယဉ်ကျေးလိမ္မာသော ဇနီးတစ်ယောက်ဖြစ်ရင် တော်ပြီ ...

"မင်း ပေးနိုင်တဲ့ သစ္စာရှိခြင်းနဲ့ ဇနီးကောင
ပီသခြင်းဟာ ကိုယ် လိုချင်တာနဲ့ ကွက်တိပဲ၊ အိုကေ
ရတယ်၊ ကိုယ့်ဘက်ကတော့ အရမ်းကျေနပ်ပြီ" ... တဲ့
အဲသည်လို ဆွေးနွေးပြီးကြသည့်အခါမှာ နော
က ...

"မေမေနဲ့ တွေ့ရအောင် လိုက်ခဲ့နော်" ... တဲ့။

သူတို့ အဖေကို လေးစားအားကျကြပေမဲ့ အမေကို
တော့ အချစ်တွေပိုကြတာ ထင်ရှားပါသည်။

"ဦးနောင် မေမေက သဘောမတူရင်ရော"

"မေမေ ကိုယ်တိုင်က ကိုယ့်ကို အိမ်ထောင်ပြုစေချင်နေ
ပြီ"

"အဲဒါ ... ကျွန်မလို အဆင့်အတန်းမျိုးနဲ့ ဟုတ်ချင်မှ
ဟုတ်မှာပေါ့"

"ဒါ ... အရေးမပါဘူး နေညို။ ဒါပေမဲ့ ... စကားစပ်မိတုန်း
ပေါ့ကွာ ... နေညို့အကြောင်း ကိုယ် ပြည့်ပြည့်စုံစုံ မသိရ
သေးဘူး။ နေညို အလုပ်လာလျှောက်ဖို့ ရေးထားတဲ့ စီဗီ
C.V (Curriculum Vitae) ကိုယ်ဖတ်ဖူးတာ။ နေညို ပြော
ပြမလား၊ နေညို့အကြောင်း"

"တကယ်ဆို ... ကျွန်မလည်း ဦးနောင် အကြောင်းကို
အပေါ်ယံပဲ သိတာပါ"





"အိုကေ ... ကိုယ့်အကြောင်း ကိုယ် အရင်ပြောပြမယ်။ ကြွားတာတော့ မဟုတ်ဘူး၊ ကိုယ်တို့ မျိုးရိုးစဉ်ဆက် ချမ်းသာလာခဲ့ကြတယ်။ တစ်ဖက်က ချမ်းသာတော့ နောက်တစ်ဖက်မှာ ချမ်းသာတဲ့ သူတွေနဲ့ချည်း အိမ်ထောင်ပြုကြတာများတယ်။ များတယ်လို့ ကိုယ်ပြောတာနော်၊ ဆင်းဆင်းရဲရဲထဲကလူမျိုးနဲ့ အိမ်ထောင်ကျတာလည်း ဆွေမျိုးထဲမှာ အနည်းအကျဉ်း ရှိပါတယ် ...

"သူတို့ဟာ ကိုယ်တို့ဆွေမျိုး အဝန်းအဝိုင်းကြီးထဲမှာ နည်းနည်းပါးပါး ချိုတဲ့ပြီး မပြည့်စုံ မကုံလုံတဲ့ အိမ်ထောင်စုတွေ ဖြစ်ကုန်ကြတယ်"

"ကျွန်မလည်း ဆင်းရဲတာပဲ"

"မတူဘူး၊ နေညို့ဘက်က ဘာမှ ပါမလာတဲ့ ကွက်လပ်ကို၊ ကိုယ့်ဘက်က ဖြည့်ပေးနိုင်တဲ့ အနေအထားမှာ ရှိတယ်၊ ပြီးတော့ ... လောလောဆယ်မှာ ကိုယ်က သိပ်အောင်မြင်နေတဲ့ စီးပွားရေးသမားတစ်ဦး ဖြစ်နေတယ်။ ရှေ့ဆက် တိုးတက်ဖို့ပဲ ရှိတယ်၊ ဆုတ်ယုတ်စရာ မရှိဘူး။ နေညို့ဘက်က မပြည့်စုံခြင်းကို ...

"ကိုယ့်ဘက်က ပိုလျှံခြင်းတွေနဲ့ အစားထိုးရင်တောင်၊ ကွက်လပ်ပြည့်သွားပြီးတဲ့အခါမှာ ဆက်လက်ဖိတ်လျှံနေနိုင်သေးတယ်"

ဪ ... သူတော်တော်ချမ်းသာတာပဲ ကိုးဟု ေ
တွေးလိုက်မိပါသည်။ နေညို လိုချင်တာဟာလည်းပဲ သည်ချမ်းသ
ခြင်းပဲဖြစ်၏။

"ကိုယ်တို့ ဆွေမျိုးတွေထဲမှာ အားလုံးလိုလို ဘွဲ့ရတယ
တစ်ဘွဲ့တောင်မကဘူး၊ နှစ်ဘွဲ့သုံးဘွဲ့ရတဲ့သူတွေလည
ရှိတယ်၊ ဆရာဝန်၊ အင်ဂျင်နီယာတွေ ရှိတယ်။ သူ
ကောင်းစားကြတယ်။ ဒါကို ပြောရတာက ခုခေတ်မှ
ဆရာဝန်တိုင်း အင်ဂျင်နီယာတိုင်း ကောင်းစားတာ မဟု
ဘူး။ ကံကောင်းမှ အလုပ်တော်မှ ကောင်းစားကြတာ

"ကိုယ်ဆိုရင် ... ကျောင်းတက်ခဲ့တယ်၊ ဒါပေမဲ့
ရည်းစားမထားခဲ့ဘူး။ ချစ်တာကိုမှ မတွေ့ခဲ့ပဲ။ တော်
ချစ်စိတ်နဲ့၊ မိန်းကလေးတစ်ယောက်ကို ရည်းစားစကာ
မပြောချင်ဘူး၊ ဒါ ... မိန်းမသားကို ငဲ့ညှာတာ၊ ကိုယ
တကယ်လက်ထပ်နိုင်တဲ့ မိန်းကလေးနဲ့မှ ရည်းစားဖြစ်ချ
တယ်။ ကိုယ့်အကြောင်းကတော့ ခပ်စင်းစင်းပဲ။ ဒီလောက
ပဲ။ သိချင်တာရှိရင် မေးပါ"

"ကျွန်မဘဝက ဦးနှောင်လောက် မဖြောင့်စင်းခဲ့ဘူး။ မိဘမဲ့
ဆိုတော့ မွေးစားမိဘတွေနဲ့ နေရတယ်။ ခုလောလောဆယ
မိခင်အရွယ် အမျိုးသမီးကြီးတစ်ဦးနဲ့ တူတူနေတယ်၊
ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ဝမ်း ကိုယ်ကျောင်း
ရတဲ့အခါမှာ၊ ဘဝဆိုတာ ကြမ်းတမ်းပါတယ် ...





"ဘဝဆိုတာ ပန်းခင်းလမ်း မဟုတ်ဘူး ဆိုပြီး၊ စကားလုံး လှလှလေးသုံးလေ့ရှိကြတယ်၊ ကျွန်မ လျှောက်ရတဲ့ ဘဝလမ်းက ကြမ်းလွန်းလို့ ဘာနဲ့ နှိုင်းပြောရမလဲ တောင် မသိပါဘူး။ အကွေ့အကောက်တွေ များတယ်။ အခက်အခဲတွေ ရှိတယ်။ ခံစားမှုတွေ ရှိတယ်။ ပင်ပန်းဆင်းရဲ ရပါတယ် ...

"ဒါပေမဲ့ ... ကျွန်မက ချော်မလဲအောင် လျှောက်နိုင်ခဲ့ပါတယ်။ ဘယ်လို ဒုက္ခတွေနဲ့ပဲ ရင်ဆိုင်ရပစေ၊ ကျွန်မရဲ့ ထိန်းသိမ်းအပ်သော ကိုယ်ကျင့်တရား၊ သိက္ခာတရားနဲ့ မှန်ကန်သော မာနကို တစ်ခါမှ ပြောင်းလဲမသွားစေခဲ့ပါဘူး"

"မှန်ကန်သော မာနဟုတ်လား ... အဲဒီစကားကို ကိုယ် ကြိုက်လိုက်တာ"

"ကျွန်မလို လူမျိုးမှာ တွေ့ကရာ မြင်ကရာ မာနကြီးနိုင်တဲ့ အခြေအနေမှ မရှိဘဲ။ မလွဲမသွေ ထားရမဲ့မာန၊ လူတစ်ယောက်မှာ ရှိသင့်တဲ့ မာနမျိုးတော့ ကျွန်မ ထားခဲ့ပါတယ်။ ဒီတော့ ... ကျွန်မ ပုံစံက ဘယ်လို ဖြစ်လာသလဲ ဆိုတော့ နည်းနည်းပါးပါး ကြမ်းချင်ရိုင်းချင်သလို ရှိပါတယ် ...

"ယဉ်ကျေးသိမ်မွေ့ဖို့ လှုပ်လီလှုပ်လဲ့ လျှောက်လှမ်းရမဲ့ လမ်းမျိုးပေါ်မှာမှ မကြီးပြင်းခဲ့ရပဲ။ ခဲတွေ့ရင် ရှောင်မယ်၊ ဆူးစူးရင် နုတ်မယ်၊ ဒီကြားထဲကမှ ခလုတ်တိုက်လဲရင်လည်း ... ဦးဖွမန်းပေးမဲ့သူ မရှိခဲ့ပါဘူး"

နောင်က ယဲ့ယဲ့ပြုံး၏။

"အဲဒါကြောင့် မင်းမှာ ကိုယ်သဘောကျတဲ့ သတ္တိ
ဝင်စားနေတာပေါ့၊ ကိုယ် ကြိုက်တယ်"

"ဦးနောင် မေမေရဲ့ မျက်စိထဲမှာတော့ ဘယ်လိုမှ ထော
မကျိုးနိုင်တဲ့ ထော်လော်ကန့်လန့် ကောင်မလေးဖြစ်နေ
များပါတယ်။ ကျွန်မရဲ့ ပုံရိပ်က ဦးနောင် မေမေ
မျက်ဝန်းထဲကို ဓားသိုင်းယမ်းပြီး ဝင်မှာ"

နောင် ရယ်၏။

"ဓားသိုင်းနဲ့ ဝင်တာတောင် က,ပြီး ဝင်မှာ မဟုတ်ဘူးလား
ယမ်းပြီး ဝင်မှာလား နေညိုရဲ့။ ဒါ ... အရေးမကြီးပါဘူ
နေညို့ဆီမှာ ဖြူစင်တဲ့ စိတ်ဓာတ်ကို တွေ့နေရတယ်
ကိုယ်ကျင့်တရား ထိန်းခဲ့တယ်ဆိုတာ မိန်းမသားတ
ယောက်အနေနဲ့ ချီးကျူးစရာပါ။ တချို့မိန်းကလေးတွေ

"ပန်းမွေ့ရာပေါ်မှာ စံစားရင်းနဲ့ စာရိတ္တပျက်စီး
တာတွေနဲ့စာတော့ နေညိုက အရမ်းချီးကျူးဖို့ ကောင်း
ပြီ"

"ကျွန်မမှာ ဦးနောင်လောက် မဖြူစင်တာတစ်ခု ရှိပါတယ်"

"ဘာလဲ ..."

"ကျွန်မ ရည်းစားထားခဲ့ဖူးတယ်"

နောင့် မျက်နှာ ကွက်ခနဲ ပျက်လေ၏။





"အဲဒါ... ချစ်လွန်းလို့တော့ မဟုတ်ဘူး ထင်တယ် ဦးနောင်၊ ကျွန်မက ရိုးရိုးသားသား ဝန်ခံတာပါ။ ကျွန်မဘဝဟာ အရိပ်ပျောက်နေသလိုပဲ။ အားကိုးရာမရှိဘူး။ ကျွန်မ အားကိုးရမယ်ထင်တဲ့ လူကောင်းတစ်ယောက်က ကျွန်မကို မေတ္တာရှိတယ်လို့ ပြောလာတဲ့အခါမှာ ...

"ကျွန်မ စဉ်းစားပြီး လက်ခံလိုက်မိတယ်။ ဒါပေမဲ့... ကျွန်မဟာ ကိုယ့်ဘဝကိုယ် နားလည်တဲ့ လူသားပါ။ ကျွန်မလို လူမှာ ပိုင်ဆိုင်တာဆိုလို့၊ ကိုယ်ပိုင်ဥစ္စာဆိုလို့ စောစောက ပြောခဲ့တဲ့ ကိုယ်ကျင့်တရား၊ သိက္ခာနဲ့ မှန်ကန်သောမာနပဲ ရှိတာဆိုတော့၊ အဲဒါတွေကို မညှိုးနွမ်းစေရအောင် ကျွန်မ ထိန်းသိမ်းပါတယ် ...

"အဲဒါတော့ ယုံပေးပါ။ ကျွန်မရဲ့ သိက္ခာပိုင်းဆိုင်ရာမှာ ပြောစရာအပြစ် မဖြစ်ခဲ့ပါဘူး။ ဦးနောင်က သိချင်မှာပဲ၊ ဘယ်လိုဖြစ်ပြီး လမ်းခွဲခဲ့ကြသလဲလို့"

"ကိုယ် သိချင်တယ်၊ သစ္စာဖောက်ခံရတာလား"

"ဟင့်အင်း"

နေညိုက ခေါင်းခါပေမဲ့ သူ့မျက်ဝန်းမှာ နာကျင်မှုတစ်ခုကိုတော့ တွေ့ရ၏။

"ကျွန်မက စပြီး လမ်းခွဲတာပါ။ ကျွန်မက အားကိုးရမယ် အထင်ကြီးပြီး လက်တွဲဖော်အဖြစ် ကမ်းလှမ်းခဲ့တဲ့ ယောက်ျားဟာ အဖြစ်မရှိတဲ့ လူညံ့တစ်ယောက် ဖြစ်နေတာကို တွေ့

ရလို့ပါ။ ကိုယ့်ဘဝတောင် ကြမ်းတမ်းလှပါပြီ ဦးနောင်၊ ဒီခရီးကြမ်းထဲမှာ လူညံ့တစ်ယောက်နဲ့ လက်တွဲမလျှောက်နိုင်ပါဘူး ...

"ဦးနောင် ကဲ့ရဲ့ချင်လည်း ကဲ့ရဲ့ပါ။ ကျွန်မ အချစ်ကို ဦးစားမပေးခဲ့ပါဘူး၊ ဒါကို အခွင့်အရေးသမားတို့၊ အချစ်မရှိတဲ့လူသားတို့၊ နာမည်ဆိုးအမျိုးမျိုးတပ်ပြီး ဝေဖန်ရင်လည်း ခံရမှာပါပဲ"

"ဟိုဘက်က လွယ်လွယ်ကူကူ နောက်ဆုတ်သွားရဲ့လား။ ဒီလိုလေ။ ယောကျ်ားသားဘက်က စ,ဖြတ်တယ်ဆိုရင် မိန်းမသားဘက်မှာက ရှေ့တိုးနိုင်ဖို့ အခွင့်အရေး နည်းတယ်။ မိန်းမသားက စ,ဖြတ်တယ် ဆိုရင်တော့ ယောကျ်ားတစ်ယောက်က လွယ်လွယ်ကူကူ လက်ခံခေါင်းညိတ်လိုက်ပါ့မလား"

"လွယ်လွယ်ကူကူပါပဲ"

"မင်းပြောတဲ့စကားလုံးက ကြမ်းမယ်ထင်တယ်"

"ဟုတ်ကဲ့ ... ယောကျ်ားမာနကို တန်းခနဲ မှန်အောင်ပြောလိုက်တာပါ။ ဒါပေမဲ့ ... ဒါဟာလည်း အမှန်စကားပဲ။ အလုပ်လုပ်ဖို့ စိတ်ကူးမရှိတဲ့၊ ယောကျ်ားပျင်းတစ်ယောက်နဲ့ ကျွန်မရဲ့ ဘဝလမ်းကြောင်းကို တူတူမလျှောက်နိုင်ဘူးလို့"

နောင်က ပြုံး၏။ နောင်က အလုပ်ပြီး အလုပ်၊ အလုပ်သည်သာ ဦးစားပေး အဆင့်တစ်၊ နောင့်အဖို့မှာလည်း၊





အိမ်ထောင်တစ်ခု တည်ဆောက်ခြင်းဟာ၊ လူ့ဘဝမှာ လူသားတိုင်းပြုမူနေကျတစ်ခုအဖြစ် ဆောင်ရွက်ခြင်းသာဟု သဘောထားသည်။ လက်ထပ်ခြင်းကို သမရိုးကျ အလုပ်တစ်ခုဟု မြင်၏။ လက်ထပ်ရာတွင်လည်း ကိုယ့်ရင်ထဲမှာ များများစားစားကြီး မဟုတ်တောင် နည်းနည်းပါးပါးတော့ လာမှန်မည့် မြားချက်ကိုတော့ ရွေးဖြစ်၏။ ထိုမြားချက်သည် ကိုယ့်ရင်မှာ လာထိပြီးသည့်အခါ၊ ကိုယ့်အပေါ် သစ္စာရှိဖို့၊ အိမ်ရှင်မတစ်ယောက် ပီသဖို့၊ ကိုယ့်အတွက် သာမန်အဖော်တစ်ယောက်ဖြစ်ဖို့၊ နောင် ကိုယ်တိုင် အဲသည်လောက် ... မျှော်လင့်ထားသည်။ ကိုယ့် အလုပ်ကို ထိခိုက်လာမည့်အထိ ဆိုးနွံ့မူဆာမည့် မိန်းမမျိုးဆိုလည်း နောင်က စိတ်ရှည်သည်းခံဖို့ စိတ်ကူးမရှိပါ။ နေညိုနှင့် နောင်တို့၊ အပေးအယူ မျှတပါပေသည် ဟု နောင် ထင်၏။

"ကျွန်မက ဘဝလမ်းကြောင်းကို တစ်ဆစ်ချိုးကွေ့ချပစ်လိုက်ချင်ပါတယ် ဦးနောင်၊ ကျွန်မ ကွေ့ချလိုက်တဲ့ လမ်းကြောင်းမှာ ကျွန်မ တစ်သက်လုံး ကြမ်းရှခံစားခဲ့ရတဲ့ ဘဝအမောတွေ တစ်ခုမှ ရှိမနေစေရဘူး။ ကျွန်မ ... အဲဒါကို မျှော်လင့်တာပါ။ ဒီအတွက် ကျွန်မ ပြန်ပေးနိုင်တာက သစ္စာရှိခြင်းနဲ့ ဇနီးကောင်း ပီသဖို့ပါပဲ။ အဲဒီလောက်နဲ့ ဦးနောင် ကျေနပ်နိုင်ရင်တော့ ...

"ဦးနောင် ပြောထားတဲ့ လက်ထပ်ချင်တယ်ဆိုတဲ့ ကိစ္စကို ကျွန်မ လက်ခံပါတယ်"

"နေညိုက မချစ်တတ်တော့ဘူးလား"

"လိုအပ်ရင်တော့ ချစ်ဟန်ဆောင်ခြင်းအတတ်ကို ကျွန်မ ကျွမ်းကျင်ပါတယ်" ... ဟု မပြောဖြစ်တော့ပါ။ ချစ်ဟန် ဆောင်ခြင်းဆိုရာ၌ ... ချစ်သူတို့ပြောသည့် စကားမျိုး ပြောခြင်း ချစ်သူတို့ ပြုလုပ်လေ့ရှိသော တယုတယ အကြင်နာလေးများပြုခြင်း ဆိုတာတွေကို နေညိုက အလုပ်တစ်ခုမှ "ဝန်ထမ်း" တစ်ယောက် လို တာဝန်ကျေသည်ထိ ဆောင်ရွက်တတ်ပါသည်။ ဒါတွေကို စိတ်မပါဘဲ ပြောဆိုပြုမူနေတာတော့လည်း မဟုတ်ပါ။ မလွဲမသွေ ထမ်းဆောင်ရမည့် တာဝန်တစ်ခုလို ဆောင်ရွက်လိုက်တော့လည်း စိတ်ပါသည်သာ။

နေညို စဉ်းစားမိပါသည်။

ကိုယ်ဟာ အများနဲ့ တူရဲ့လား။ သူများထက် ထူးလျှင်တော့ "အရူး" ဟုပဲ ဆိုရပါတော့မည်။ ကိုယ်ဟာ အသက် ရှုနေသော စက်ရုပ်တစ်ရုပ်များလား။

"ကျွန်မက ... အသက်ရှုနေတဲ့ စက်ရုပ်တစ်ရုပ်နဲ့များ တူနေ လားဟင်"

နောင်က ရယ်ပါ၏။

"မတူပါဘူး။ စက်ရုပ်တစ်ရုပ်ရဲ့ မျက်ဝန်းအကြည့်ဟာ ကိုယ့်ရင်ကို ဘယ်လာမှန်မလဲ။ နေညို ... မေမေ့ဆီ လိုက်ဖို့ အဆင်သင့်ဖြစ်ပြီလား"





"မိန်းမသားတစ်ယောက်အနေနဲ့၊ ကိုယ်တော်ခွင့် ရ,မရ မသေချာတဲ့ ယောကျ်ားမလောင်းဆီမှာ အင်တာဗျူး ဝင်ရတာ သိက္ခာကျတာတော့ အမှန်ပါပဲ"

"ဒီသဘောတော့လည်း မဟုတ်ပါဘူးကွာ။ လူကြီးနဲ့ လူငယ် ..."

"ဟုတ်ပါတယ် ... ကျွန်မကလည်း လူကြီးနဲ့လူငယ် ဖြစ်နေလို့ ကျွန်မဘက်က အလျှော့ပေးပြီး လိုက်တွေ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်"

"မင်းစကားတွေက ပြတ်သားတယ်။ အချိုတော့ နည်းနည်း လျော့တာပေါ့၊ ဒါပေမဲ့ ... ကိုယ် ကြိုက်တယ်"

"ကျေးဇူးတင်ပါတယ်"

"ဒါဆို ... ကိုယ် စီစဉ်လိုက်မယ်"

"ကျွန်မ ... လေးစားအားကျပြီ၊ အတုခိုးချင်နေတဲ့ ဂုဏ်သရေရှိ အမျိုးသမီးကြီးနဲ့ တွေ့ခွင့်ရတာမျိုးအဖြစ် ကျွန်မ ပျော်ပါတယ်။ ကျွန်မ ကိုယ့်ဘာသာ လာခဲ့ရဖို့တော့ မဖြစ်နိုင်ဘူး ထင်တယ်"

"ကိုယ်နဲ့ တူတူပေါ့၊ ကိုယ့်လာခေါ်မှာပေါ့၊ နေညို့အိမ်ကို ပြောလေ၊ လိပ်စာပေး၊ ခုထိ နေညို ဘယ်နေမှန်း ကိုယ် မသိဘူး၊ အလုပ်လျှောက်လွှာ ဖွတ်တင်တုန်းက အိမ်လိပ်စာ မဟုတ်တော့ဘူးဆို"

"အဲဒီအိမ်က အပိုင်ပါ။ အိမ်မဟုတ်ပါဘူး၊ တိုက်ခန်းပါ။ ဒါပေမဲ့ တော်တော်လေး ကောင်းတယ် ဆိုပါတော့။ အဲဒါလေးတော့ ဖခင်ရဲ့အမွေ ဆိုပါတော့လေ"

"ရောင်းလိုက်လား"

"ငှားလိုက်တာပေါ့၊ ကျွန်မမှာ ပုံမှန်လစာ မရှိသေးတော့၊ ဝင်ငွေကလေး ဘယ်ကပဲရရဆိုပြီး၊ အဲဒီတိုက်ခန်းကို သူများကို ငှား၊ ဒီ့ထက် စုတ်ပြတ်တဲ့ တိုက်ခန်းလေးကို ငှားနေ၊ ငွေပိုလေး ထွက်လာတာပေါ့"

နောင် တော်တော်လေး စိတ်မကောင်းဖြစ်သွားရတော့သည်။ "ဒီလို လူ့ဘဝရှိသေးလား" ... ဟု မေးချင်၏။ ပြောလို့သာ ကြားရ၊ ယုံနိုင်ဖွယ်ရာ မရှိအောင် ဆင်းရဲကျပ်တည်းရှာတာပါလားဟု သနားရတော့သည်။ ဒီလို ကျပ်တည်းခြင်းမျိုး၊ နောင့်တစ်သက်တာမှာ ကြုံဖူးဖို့ဝေးစွ၊ ကြားတောင် သိပ်ကြားဖူးတာမဟုတ်ပါ။ နောင့်ဘေးမှာ ရှိသော နောင့်ရုံးဝန်းထမ်းများသည်ပင် ဒီလောက်တော့ မကျပ်တည်းကြဘူး ထင်ပါသည်။

"ကိုယ့်ဘက်က တာဝန်မကျေတာ တစ်ခုကို ခုမှ စဉ်းစားမိတယ်"

နောင်က ထိုင်နေရာမှ ထကာ ဗီရိုတစ်ခုကို သွားဖွင့်သည်။ လစ်ငန်းထဲ လည်ပတ်ဖို့ အသေးသုံးထားသော ငွေတွေရှိသည်။ ခါတိုင်းဆို သော့ပစ်ပေးလိုက်လျှင် နေညိုက သွားဖွင့်ရသည်။ လိုအပ်ငွေကို ရေတွက်၍ နေညိုကပဲ လုပ်ပေး၏။





ခုတော့ ... နေညို့ကို မခိုင်းချင်ပါ။ စော်ကားရာရောက်မှာ စိုးပါသည်။ ခုငွေက နေညို့ကို ပေးဖို့ပါ။ ငါးရာတန် တစ်အုပ်ကို နေညို့ရှေ့သို့ ချပေး၏။ ငါးသောင်း။

"ချေးမလောင်း အင်တာဗျူးဝင်ဖို့ ငွေမလိုပါဘူး"

"မဟုတ်ဘူး နေညို၊ အထင်မလွဲနဲ့၊ မင်း ... ကိုယ့်ဆီမှာ အလုပ်လုပ်နေတာ ငါးလရှိပြီ။ တစ်လတစ်သောင်းဆိုတာ မင်းရဲ့ လုပ်အားနဲ့ ဆိုရင် အကြမ်းဖျင်းပါ"

"ကျွန်မက လခစားရတဲ့ ဝန်ထမ်းမှ မဟုတ်ဘဲ။ ကျွန်မကို ဦးနောင်က အလုပ်မခန့်ခဲ့ဘူးလေ။ ကျွန်မက ပညာသင် လုပ်အားပေးအဖြစ် ဝင်လုပ်တာပဲ၊ လစာမှ မရတာ"

"အခု ခန့်လိုက်တယ်ကွာ၊ လစာတွေကို ဘက်ခ်ပေး Back Pay နဲ့ ပြန်ထုတ်ပေးတာပေါ့။ မင်းနဲ့ ကိုယ်နဲ့ လက်ထပ်ပြီးရင် မင်း အလုပ်လုပ်ချင်စိတ်ရှိလား၊ အိမ်မှာပဲနေချင်လား"

"ခွင့်ပြုမယ် ဆိုရင် ... ကျွန်မ အလုပ်လုပ်ချင်တယ်"

"ဘာလို့ ခွင့်မပြုရမှာလဲ၊ အလုပ်ဆိုတာ လူတိုင်း လုပ်နိုင်တာမှ မဟုတ်တာ၊ အရည်အချင်းရှိမှ လုပ်နိုင်တာ၊ အဲဒီအခါကျ ... မင်းကို ဌာနစိတ်တစ်ခုခုမှာ ခွဲခန့်ရင် ကောင်းမလား၊ ကိုယ့် အစစ်စတင့် Assistant သဘော၊ လက်ထောက်ပေါ့ ... အဲဒီလို ခန့်ရင် ကောင်းမလား"

"ကျွန်မရဲ့ လုပ်ကိုင်နိုင်ရည် စွမ်းအားပေါ်ပဲ မူတည်ပြီးပေးပါ"

"ကိုယ်က အလုပ်မှာကျတော့ တီကျတယ်၊ ကိုယ့်ပိုက်ဆံ မှန်သမျှ မင်း သိမ်းဆည်း ထိန်းသိမ်းရမှာက အိမ်မှာ ထမ်းဆောင်ရမဲ့ တာဝန်။ ရုံးမှာကျတော့ မင်း အလုပ်အတွက် လခရမှာပဲ။ အဲဒါ မင်းပိုင်ငွေ သပ်သပ်။ ကိုယ် ပိုင်ဆိုင် သမျှလည်း မင်းဆီမှာ အပ်မှာပဲ၊ မင်းက ထိန်းသိမ်းစောင့် ရှောက်ရမှာ"

"ကျွန်မတို့ အိမ်ခွဲနေရမှာလားဟင်"

"အဲဒါတော့ ကြည့်ရဦးမယ်"

နေညိုရီ ဆိုသော မိန်းမသား ...။ နောင်တော ဆိုသည့်သူနှင့် လက်ထပ်ဖို့ ဆွေးနွေးရာမှာ နေညို့ဘက်က မိန်းမ သားတစ် ဦးအနေနှင့် အောက်ကျနောက်ကျနိုင်သလို အချက်မျိုး များစွာ ရင်ဆိုင်ရပါသည်။ နေညိုသာ ... ခုလို ဆင်းရဲမွဲတေမနေဘူး၊ တောင့်တင်းသော ကျောထောက်နောက်ခံနှင့် ဆိုလျှင် ဒီထက်ပို သော အခွင့်အရေးမျိုးကို ရရှိနိုင်မည်။ ကိုယ့်ဘက်က ဆန္ဒတွေကို ဒီထက်ပို၍ တောင်းဆိုနိုင်ခွင့် ရှိမှာပဲဟု တွေးမိပါသည်။ အဲသည် အတွက် နေညို နာကျင်ရပါသည်။ နေရာတကာလိုက်ပြီး ဝမ်းနည်း ငိုကြွေးနေတတ်သူ မဟုတ်သည်မို့ ကြေကွဲဝမ်းနည်းလှသည် မဆိုင်နိုင်ပြား၊ နာနာကျင်ကျင်ကလေး ခံစားရတာကို ငြင်းမရပါ။ သို့ပေမဲ့ ... နေညို မနာကျင်အားရှာပါ။ ဤလက်ထပ်ပွဲကို ပျက်မှာ နေညို ကြောက်ပါသည်။ နေညိုက ဘဝမှာ ကောင်းကောင်းကလေး နေဖူးချင်ပါသည်။





ဝန်ခံရပါလျှင် ... ဦးနောင် ထံမှာ နေညို့မာန ဘွ တော်တော်ကြီး ကျဆုံးကုန်ကြပါ၏။ နေညိုသည် ... ဆန္ဒကို မာနနှင့် လဲခဲ့ရပါ၏။

"ဦးနောင်"

"ပြော ... နေညို၊ ဘာဖြစ်ချင်တာရှိလို့လဲ"

ဖြစ်ချင်တာတွေတော့ အများကြီးပေါ့ ဦးနောင်ရယ်။ ဒါပေမဲ့ ... နေညို မပြောချင်တော့ပါဘူးဟု မျိုသိပ်လိုက်၏။ သိချင်တာ တစ်ခုကိုတော့ မေးရပါမည်။

"ဦးနောင် မေမေက နေညို့ကို သဘောမကျဘူးဆိုရင် ..."

နေညိုက ဝါကျကို ဖြတ်လိုက်၏။ ဦးနောင်က ဘယ်ဘက်လက်ဖဝါးကို ဖြန့်၍ ပခုံးနှစ်ဖက်ကိုကျတော့ တွန့်ပြပါ သည်။

အဖြေမပေးပါ။ စားပွဲပေါ်မှ ငါးသောင်းထုပ်ကို ကောက်ယူကာ နေညို့ လက်ထဲ ထည့်ပေးသည်။

"ဒီနေ့ကစလို့ ... နေညို ... ကိုယ့်ကုမ္ပဏီမှာ ဝန်ထမ်းဖြစ် ပြီ"

နေညိုက ခေါင်းကို မငုံ့ပါ။ မျက်စိရှေ့ တူရူဆီသို့ပဲ ငေးကြည့်နေသည်။ မျက်ဝန်းမှာ ပုံရိပ်တစ်ခု ပေါ်လေ၏။

## ၁၁

ဒေါ်တင်တင်ထားနှင့် တွေ့ဆုံခန်းသည် တုန်လှုပ်ချောက်ချားဖွယ်တည်း။

နောင် လွှတ်ပေးသည့် ကားပေါ်မှာ ပါလာရင်း ကိုယ့်ဘဝအကြောင်းတွေကို ဇာတ်လမ်းတစ်ပုဒ်နှယ် တွေးမိ၏။ ကိုယ့်ဘဝသည် အထီးကျန်ဆန်လှ၏။ ဘယ်တော့မဆို ကိုယ်ဟာ တစ်ယောက်တည်း ဖြစ်နေခဲ့ရသည်။ ပြီးတော့ ကိုယ် အမြဲရင်ဆိုင်ရသည့် "ဆင်းရဲခြင်း"ကိုလည်း ကြောက်ရွံ့လှပါပြီ။

"ကျွန်မဘဝတစ်လျှောက်လုံးမှာ အမြဲတမ်း တစ်ယောက်တည်း ဖြစ်နေရတဲ့ ခံစားမှုကိုလည်း ကျွန်မ သိပ်ရွံမုန်းနေပြီ။ အစားချေတာ အဝတ်ချေတာနဲ့ မလောက်မင သုံးစွဲနေတာတောင် သူများတန်းတူ အဆင့်မမီတဲ့ ဘဝကိုလည်း





ကြောက်လှပြီ။ ဦးနောင်ရယ် ... ကျွန်မလေ ... တစ်ယောက်တည်း ရှင်သန်ရတဲ့ ဘဝလမ်းကြောင်းမှာ ...

"မိခိုစရာ ရင်ခွင်တစ်ခုရတဲ့အတွက် ဦးနောင်ကို အရမ်းအားကိုးပါတယ်၊ ပြီးတော့ ... အဝတ် မချေတာ၊ အစား မချေတာရတော့မဲ့ ဘဝကိုလည်း မက်မောပြီး ကြည်နူးနေမိပါတယ်။ ကျွန်မ ဝန်ခံတာပါ။ ကျွန်မကို ပစ်မထားပါနဲ့"

အဲသည်တုန်းက ဦးနောင်ရဲ့ ရုံးခန်းထဲမှာ ဦးနောင်ရဲ့ ဝေယျာဝစ္စတွေ ဆောင်ရွက်ပေးနေရာမှ ရုတ်တရက် ရပ်ကာ ဦးနောင်နား ကပ်သွားမိသည်။ ဦးနောင် ရုံးခန်းရဲ့ ကြမ်းပြင်က ဈေးသိပ်မကြီးသော ကော်ဖော်ခပ်ပါးပါး ခင်းထားပါသည်။ နေညိုရီက ကော်ဖောကြမ်းပြင်၊ နောင့် ခြေရင်းမှာ ရုတ်တရက် ထိုင်ချလိုက်တော့၊ လက်မှတ်ထိုးဖို့ ဖိုင်တစ်စောင်ကို ဖတ်နေသည့် နောင်တောင် လန့်ဖျပ်သွားရသည်။ ဆုံးလည်ကုလားထိုင်ကို နေညို့ဘက် လှည့်လိုက်တော့ နေညိုက နောင့် ဒူးပေါ် လက်နှစ်ဖက်တင်၊ လက်ပေါ် မေးတင်ပြီး နောင့်ကို မော့ကြည့်လျက် မျက်ရည်ဝဲဝဲနှင့် တောင်းပန်မိတော့သည်။

"ကျွန်မမှာ ဘယ်လို အပြစ်မျိုးပဲတွေ့တွေ့ ... ချန်မထားခဲ့ပါနဲ့ ဦးနောင်ရယ်၊ ကျွန်မ ... ဦးနောင် ဘဝထဲကို ဝင်ခဲ့ချင်လို့ပါ။ ကျွန်မရဲ့ဘဝစုတ်ချာလေးကို ဦးနောင် ဆယ်တင်ပါနော်"

"ကြည့်ပါဦးကွာ ... အရမ်းသနားဖို့ကောင်းတာပဲ၊ ကိုယ်က ချစ်မိတဲ့ သူပဲ၊ ကိုယ်က နေညို့ကို ချစ်လို့ ရွေးချယ်တာ၊ နေညို့ကို အချစ်တစ်ခုတည်းနဲ့ လက်ကမ်းလိုက်တာ၊ ဘာလို့ ထားခဲ့ရမှာလဲ၊ စိတ်ချ ... ဘယ်တော့မှ မထားခဲ့ဘူး"

"ကျွန်မဟာ မိန်းမသားတို့အသက်နဲ့ လဲပြီး စောင့်ထိန်းအပ်တဲ့ ဂုဏ်ရည်ကို ထိန်းသိမ်းနိုင်ခဲ့တာကလွဲရင် အပြစ်သိပ်မကင်းလို့ပါ ဦးနောင်ရယ်၊ အဲဒီအတွက် ကျွန်မ ကြောက်နေမိပါတယ်"

"အင်း ... ရည်းစားထားခဲ့မိတာကို ပြောတာလား။ မထားခဲ့ရင်တော့ ပိုကောင်းတာပေါ့။ ဒါပေမဲ့ ... ဘဝကို အုပ်ထိန်းသူမဲ့စွာ တစ်ယောက်တည်း လျှောက်ရတဲ့ မိန်းကလေးဟာ ဒီလောက် ထိန်းသိမ်းခဲ့တယ်ဆိုတာကို ချီးကျူးပါတယ်၊ တချို့ ... မိဘရင်ခွင်မှာ ...

"ပြည့်စုံစွာ ခံစားရင်းနဲ့တောင် အပျိုရည်ပျက်နေကြတဲ့ သူတွေနဲ့စာတော့၊ နေညိုကတောင် ဂုဏ်ရှိနေပါသေးတယ်၊ ချီးကျူးဖို့ကောင်းနေပါသေးတယ်၊ နေညို ကြောက်နေတာတွေ၊ ခါးသီးနေတာတွေ အားလုံးဟာ ကိုယ်နဲ့ လက်ထပ်ပြီးတဲ့အချိန်ကစလို့ အားလုံး ကောင်းသွားပြီ။ နေညို့ဆီမှာ ဘာဒုက္ခမှ မရှိစေရတော့ဘူး ဟုတ်လား"





"ဦးနောင် ပေးတဲ့ ဘဝလေးကို၊ ဟုတ်တယ်လေ ဦးနောင်ပေးလို့ ကျွန်မရတဲ့ ဘဝလေးကို မရခင်ကတည်းက ကြိုတင်မက်မောနေပါပြီ။ ကျွန်မ ဝမ်းလည်းသာတယ်၊ ကြောက်လည်း ကြောက်တယ်။ ကြောက်တာက ကျွန်မ မက်မောတဲ့ဘဝလေး၊ ရယူပိုင်ဆိုင်ချင်တဲ့ ဘဝလေးကို မရတော့မှာ စိုးလို့။ အဲဒါတွေ လျှောက်တွေးရင် တစ်ညလုံး အိပ်မပျော်ဘဲ၊ ခေါင်းတွေ မူးနေတာပဲ"

"ကဲ ... ထ၊ ထ၊ လုပ်စရာရှိတာလုပ်၊ ကိုယ့်လည်း ဒါလေး လက်စသတ်အောင် ဖတ်လိုက်ဦးမယ်၊ ခုရော ခေါင်းမူးနေရင် အိမ်ပြန်ချင်ပြန်လေ။ ဟိုကောင်တွေက နေညို ရှိလို့ အပြင်ဘက်က သူတို့ စားပွဲမှာ သွားထိုင်နေကြတာ၊ ခါတိုင်းဆို ဒီအခန်းထဲမှာပဲ အလုပ်လုပ်တယ်၊ အနေများတယ်၊ ကိုယ့်မှာ ဖြစ်တယ်၊ နေညို နေမကောင်းရင် အိမ်ပြန်နားချင် နားပေါ့"

"ခေါင်းမူးတယ်။ ဒါပေမဲ့ ... ဦးနောင် နားမှာ နေရတာ ပိုစိတ်ချမ်းသာတယ်။ မပြန်ပါဘူး"

နောင်က အဲဒီလိုမျိုး အိမ်ရှင်မကို လိုချင်တာ ဖြစ်ပြီ။ ကိုယ့်ဇနီးဟာ ကိုယ့်ကို တစ်ဘဝစာလုံးပုံပြီး အားကိုးနေပြီ။ ကိုယ်နှင့် တန်းတူ စီးပွားရေးမှာ ဝင်ကူချင်ကူ။ မကူချင်လည်း မှာ အိမ်ရှင်မစစ်စစ်ကြီးလုပ်နေ။ နောင် ကျေနပ်၏။ အခါက

လိုချင်သော ဇနီးမျိုးက ကိုယ့်ရှေ့မှာ ခြေတစ်လှမ်းစာ မကြော
ကိုယ့်နောက်မှာ ပုဆိုးခါးစကို ဆွဲလျက် အားကိုးတွယ်တာ
ပါလာမည့် လူမျိုးသာ ဖြစ်တော့သည်။ ဒါကြောင့်လည်း
ထိန်လင်းက ...

"မင်းတို့ နှစ်ယောက် နတ်ဖက်တာပါပဲ" ...ဟု
ခဲ့တာဖြစ်မည်။

သိန်းမြင့်ထွန်းကတော့ ... "ဒီကောင်မလေး မျက်
တွေ တစ်ခါတစ်ခါ ဂနာမငြိမ်ဘူး၊ သူဟာ အကြောင်း တစ်
ကြောင့် မင်းဆီလာပြီး ဟန်ဆောင်နေတာ မဟုတ်ရင်၊ စိတ်
ဒနာရှင်များ ဖြစ်နေမလားပဲ" ... ဟု ဝေဖန်ဖူး၏။

"အဲဒါပေါ့ ... လူတွေက ကျောင်းဆရာနဲ့ ထောင်မှူး
အပေါင်းအသင်း မလုပ်နဲ့တဲ့။ ရှောင် ... တဲ့။ ကျောင်းဆ
များ ... ကိုယ့်မိတ်ဆွေရယ်လို့ နှုတ်ဆက်လိုက်ရင်၊ အေ
တဲ့။ မင်းနဲ့ဆရာ ဘယ်ကျောင်းမှာ ဆုံခဲ့တာလဲတဲ့။ ကို
ရင့်တစ္စုကြီးကိုလည်း တပည့်ထင်လို့ထင် ...

"ထောင်မှူးကမှ ပိုဆိုးတာ၊ လူမြင်လိုက်ရင်
ဘယ်ထောင်မှာ ထောင်မှူး လုပ်တုန်းက ထောင်ကျ
ရာဇဝတ်သားလည်း ထင်တော့တာ။ လူမမြင်လိုက်နဲ့
အေး ... ကောင်းကောင်းနေပေါ့ကွာ ... ဆိုပြီး လူကို
ထောင်က ထွက်လာသလို ထင်တာ ...





"ကျောင်းဆရာနဲ့ ထောင်မှူးကိုသာ ရှောင်ဖို့ ကြားဖူးတယ်၊ အခုကျမှ၊ မင်းကျမှ စိတ်ရောဂါကုဆရာဝန်ရဲ့ သားကိုလည်းရှောင် ... ဆိုတဲ့ ပြောစမှတ်တစ်ခု ထပ်တိုးလာပြီ။ မင်းအဖေရဲ့ ဆေးခန်းမှာ မင်းက ညဦးပိုင်းကူရတိုင်း၊ လူမြင်သမျှ အရူးထင်နေတော့တာပဲကွာ"

အဲသည်တုန်းက သူငယ်ချင်းသုံးယောက် ရယ်ခဲ့ကြ
ကို၊ နေညို (နောင် ပြန်ပြောလို့) သိရသည်။

နေညို ... ကိုယ့်ကိုယ်ကိုယ် အခု ပြန်တွေးကြည့်
ာ၊ ကိုသိန်းမြင့်ထွန်းပြောသလို စိတ်မှ ဂနာငြိမ်ရဲ့လားဟု
ယ ဝင်ရမလိုပါ။ နေညို့ဘဝမှာ နေညို လုပ်ချင်တာတွေ
လုပ်ခဲ့တာတွေ များ၏။ တချို့တလေသော လုပ်ရပ်များက
းဆန်သည်ဟုပဲ ကိုယ့်ကိုယ်ကိုယ် ခပ်ရိုင်းရိုင်း မှတ်ချက်ချလိုက်
ည်။ သူများ မလုပ်သောအလုပ်၊ သူများ မပြောသောစကား၊
များ မတွေးသော စိတ်ကူးတွေကို ကြံစည်ပြောဆို အကောင်
ထည်ဖော်လျှင် ထိုသူဟာ လူတကာနှင့် မတူတာတော့ မှန်နေ
ပြီ။ သူများနှင့် မတူတိုင်း ရူးရတာလား။ ခေါင်းထဲက မူးမူး
တာကရော၊ စိတ်ရောဂါဝေဒနာရှင်တွေ ခေါင်းမူးသလားဟု
သိန်းမြင့်ထွန်းကို မေးကြည့်လျှင်တော့ ... "ဟာ ... မူးတာပေါ့"
ပြန်ဖြေလိမ့်မည် ထင်ပါရဲ့။

နေညို ... ရင်ထဲမှာ တလှပ်လှပ် ခုန်၏။ ခြေ
လက်များတွေ အေးစက်ကျင်ခဲ၏။ ရင်ခုန်နှုန်းက သော့ကိ
ခတ်လောက်အောင်ကို မြန်ပြီး အသက်ရှူရများပင် ခက်ရ
သည်။

"လာ ... နေညို"

နောင်က အိမ်ပေါက်ဝမှ ဆီးကြို၏။ နေညို့ လ
များတွေကို လှမ်းဆွဲသည်။

"ဟာ ... သရဲလက်"

နောင်က ပျော်နေပုံရသည်။ နောက်လှေပြောင်
သိပ်မရှိသော နောင်ကပင် ပြောင်နောက်နေ၏။

"ထိုင်နော် ... မေမေ လာလိမ့်မယ်။ မေမေ လာ
မတ်တတ်ရပ်ပြီး ကြိုနော်။ သိပ်ကြောက်မနေနဲ့။ ကို
ရှိတယ်"

နေညို ... ဆိုဖာဆက်တီတစ်ခုံမှာ ဝင်ထိုင်သ
ကိုယ်ကို ကျုံ့၊ ဒူးနှစ်ဖက်ကို ကျုံ့ကျုံ့စေ့ လက်သီးဆုပ်က
နှစ်ခုကို ဒူးပေါ် စုံတင်၍ ခေါင်းကိုတော့ ငုံ့ထားဖြစ်၏။ နေ
ဘဝမှာ နေညို ... ဆိုတာ ဘယ်တုန်းကမျှ ဒီပုံစံ မဟုတ်ခဲ့
နေညို့ မျက်နှာသည် အစဉ်ပင့်မော့ထားတတ်ခဲ့၏။ နေညို့မျက်
ကြောက တင်း၏။ နေညို့အသံက မာ၏။ နေညို့အလှ





ငြိမ်ချမ်းခြင်းထက် ဆွဲဆောင်ညှို့မြူခြင်းမှာ ပို၏။ နေညိုရှိ
ဆိုသော မိန်းကလေးသည် တစ်ဖက်လူကို ဂရုစိုက်လေ့ မရှိသော
ပုံစံမှာ ပေါ်လွင်၏။ စင်စစ် ... ဒါတွေအားလုံးဟာ နေညို
"တိုက်စစ်"တစ်ခုအဖြစ် ကြိုတင်ပြင်ဆင်ထားခဲ့တာတွေချည်း
ဖြစ်သည်။ မိုးပြိုမှာ စိုး၍ ခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်၍
ကျားကန်ထားသည့် တစ်တီတူးလို "လိုအပ်သည် ထင်လို့"
ကြိုတင်ပြင်ဆင်ထားခဲ့သော နေညိုရှိ၏ ဖန်တီးမှုနှင့် ပြုလုပ်ချက်တွေ
ဆိုတာ ... ခုမှ နေညို ကိုယ်တိုင် နားလည်ရတော့သည်။

"ဘယ်သူ့မှ ဂရုမစိုက်ဘူး"

အဲဒါ ... နေညို့ တစ်ဘဝလုံး အော်ဟစ်ခဲ့သည့်
ကြွေးကြော်သံပါ။ စင်စစ် ... ကိုယ့်အပေါ် နိုင်ထက်စီးနင်းမှုများ
ကျရောက်လာမှာ စိုးရိမ်စွာ အသံဆိုး၊ လွှင့်ထားခြင်းသာဖြစ်၏။
နေညို၏ အမှန်တကယ်ခံစားမှုများမှာ ... လူတိုင်းကို ကြောက်ပါ
သည်။ နေညို့မှာ ကျောထောက်နောက်ခံ မရှိပါ။ ပြီးတော့ ...
ဆင်းရဲခြင်းအပေါ် ခါးသီးမှု၊ အရိပ်မဲ့ခြင်းအပေါ် နာကြည်းမှုတို့
ဖြင့် ... ခိုလှုံစရာအရိပ်တစ်ခုရရေး၊ ချမ်းသာခြင်းနှင့် ပြည့်စုံရေး
တို့အတွက်၊ နေညို့ဉာဏ်ကလေး တစ်ထွာတစ်မိုက်နှင့် ဉာဏ်မီ
သလောက် (မှားယွင်းစွာ) ဉာဏ်ကစားထားတာတွေကလည်း
ရှိသေးသည်။ ခုတော့ ... အဲဒါတွေကြောင့်၊ ကိုယ် ရောက်ရမည့်
"ကွန်း"ကလေးတစ်ခု ပျက်စီးမှာ သည်းထိပ်ရင်ဖိုစွာ ကြောက်လန့်
နေရပါပြီ။

"နေညို"

"အမေ့"

"ဟာကွာ ... ဘာတွေ ဒီလောက် ကြောက်နေရတာလဲ"

"အမေ့"ဟု ယောင်ယမ်းလိုက်မိတိုင်း အမိမဲ့ဘဝကို နာကျင်စွာ အမှတ်တရ ဖြစ်ရ၏။ နှုတ်ဖျားမှ "အမေ့"ဟုသာ အားကိုးတကြီး တမ်းတလိုက်ရသည်။ တကယ်တမ်းကျတော့ နေညို့မှာ "အမေ"မှ မရှိဘဲ။ အမေ မရှိဘူးဆိုလို့ နေညိုဟာ ဝါးလုံးခေါင်းမှာ သန္ဓေတည်ခဲ့သူတော့ မဟုတ်ရပါ။ နေညို့ကို ကိုးလလွယ်၍ ဆယ်လမွေးခဲ့သည့် မိခင်ရင်းဆိုတာတော့ ရှိခဲ့ဖူးသည်ပေါ့။ အဲသည် မိခင်ရင်းက နေညို့ကို စောစီးစွာ စွန့်ခွာသွားခဲ့တော့လည်း အမေ့ကို အပြစ်မတင်လိုပေမဲ့ ကံကြမ္မာကိုတော့ နာကြည်းခဲ့ပါသည်။ "သေမင်း"ဆိုတာကြီးက အမေ့ကို စောစောစီးစီး ခေါ်သွားခဲ့သည်တဲ့၊ နေညို ... လူ့လောကသို့ ရောက်လို့မှ နှစ်ဆယ့်လေးနာရီ မပြည့်ခင် နေညို့ကို အမေက ချန်ရစ်ခဲ့သည်တဲ့။

နေညို ကျန်ရစ်သူ မဖြစ်လိုပါ။ အသက်နှင့်သော်လည်းကောင်း၊ အသက်မဲ့စွာသော်လည်းကောင်း၊ နေညို့ကို မည်သူတစ်ဦးတစ်ယောက်ကမျှ ချန်သွားထားရစ်ခဲ့ခြင်းမျိုးကို မလုပ်ကြပါနှင့်။





ပထမဦးစွာ တွေ့လိုက်ရသည့် လူရိပ်ကြောင့် နေညို မတ်တတ်ရပ်ကြိုဖို့ တင်ကလေးအကြွမှာပဲ ပြန်ထိုင်ချလိုက်ရသည်။ အိမ်ဖော်ကလေးမလေးများဟု ယူဆရသူ မိန်းကလေးနှစ်ယောက်က ဇန်းကြီးဇန်းငယ်ကိုင်၍ ဧည့်ခန်းသို့ ဝင်လာကြခြင်းပါ။

"စား နေညို ... ဒီနေ့က မေမေ ကိုယ်တိုင် လုပ်တဲ့ မြီးရှည်၊ မေမေ့ လက်ရာမြီးရှည်က သိပ်ကောင်းတာ။ မြီးရှည်လုပ်ပုံက အကြမ်းအားဖြင့်မှာ နည်းသုံးနည်း ရှိတယ်"

နေညို တုန်လှုပ်နေမှန်း ရိပ်မိသည့် နောင်က စကားရှာကြံ၍ ပြောရှာ၏။

"ရန်ကုန်မှာ လုပ်ကြတဲ့ မြီးရှည်က ရန်ကုန်နည်းပေါ့။ ရန်ကုန်မှာရှိသော တရုတ်လူမျိုးများရဲ့ နည်းပေါ့။ မြီးရှည်ဆိုတာ လူတွေက ရှမ်းစာ ထင်နေကြတယ်၊ အမှန်က တရုတ်စာစစ်စစ်၊ ဒီနည်းက ယူနန်နယ်ထဲကနေ ဆင်းလာတာ။ ရှမ်းပြည်ဘက်ပိုင်းမှာ လုပ်တဲ့နည်းက ရှမ်းမြီးရှည်ပေါ့ ...

"ဒီလိုနဲ့ တူပါတယ်၊ မြီးရှည်အစစ်က ယူနန်နယ်ထဲက ဆင်းလာရော၊ ရှမ်းပြည်ရောက်တော့ နည်းကလေးနည်း

နည်းပြောင်း၊ ရန်ကုန်ထိဆက်ဆင်းလာတော့ နည်းကလေး
နည်းနည်းပြောင်းနဲ့၊ ဆင့်ပွားနည်းက နှစ်နည်း၊ မူလပထမ
လက်ပောင်း ယူနန်နည်းက တစ်နည်းဆိုပြီး၊ သုံးနည်း
ကွဲပြားသွားတယ်လို့ ထင်တာပဲ ...

"ကိုယ့်ကို ဘယ်သူကမှတော့ လာရှင်းပြထားတာ
မဟုတ်ဘူး၊ ကိုယ် ထင်တာကို ပြောတာ။ ကိုယ် ထင်တာ
လည်း မှားတော့မမှားနိုင်ပါဘူး၊ ရန်ကုန်မှာ ရှမ်းပြည်နယ်
ဘက်မှာ စားရတဲ့ မြီးရှည်တွေထဲမှာ မြေပဲကို မညက်တညက်
ထောင်းထည့်ထားတာလေးတွေ တွေ့ရတယ် ...

"မူလပထမ ယူနန်နည်းမှာတော့ မြေပဲ မပါဘူး။
တကယ်တော့ မြီးရှည်ဆိုတာ၊ ဆီတို့ဟူးရယ် ပဲငါးပိရယ်
ပေါင်းစပ်မှုပေါ်မှာ မုန်ညင်းချဉ်စစ်စစ် ဖြူးလိုက်တဲ့ အခါမှာ
ထွက်လာတဲ့အရသာဆန်းတစ်ခုပဲ။ မုန်ညင်းချဉ်စစ်စစ်လို့
ပြောရတာက၊ ရန်ကုန်က ဈေးတိုင်းလိုလိုမှာ ရှိတတ်တဲ့
ကျန်မဆိုင်ကလည်း မုန်ညင်းရွက်ကို ချဉ်ဖတ်ထည့်ထား
တာပဲဆိုတော့ ...

"အဲဒီ ကျန်မဆိုင်နဲ့ မှားမှာစိုးလို့ ပြောတာ။
မုန်ညင်းရွက်တို့ ဂျူးမြစ်တို့ ပဲပိုးတီတို့ ကြက်သွန်တို့ကို
ရောပြီး ရေတ်ဖတ်ကြမ်းကြမ်းနဲ့ ချဉ်ဖတ်ထည့်ထားတဲ့
မုန်ညင်းချဉ်က မြီးရှည်ထဲ ထည့်တဲ့ မုန်ညင်းချဉ်။ ကြာခံ





ကြီးဖတ် နန်းသေးသေး၊ မြီးရှည်နန်းလို့ ခေါ်တာပေါ့။ အုန်း
နို့ခေါက်ဆွဲနန်း၊ နန်းကြီးသုပ်နန်းတွေထက် သေးတယ် ...

"အဲဒါနဲ့ ပဲပင်ပေါက် ရေနွေးဖျောနဲ့ သခွားသီးပါးပါး
ရှည်ရှည် အချောင်းကလေးတွေ လှီးထားတာနဲ့ဆို ...
ရပြီ။ အသားအနေနဲ့လည်း ဝက်သားနဲ့မှ စားကောင်းတာ။
ကြက်သားနဲ့ဆို အရသာမပြည့်စုံဘူး၊ တခြားဟာတွေ
လျှောက်ထည့်ရင် မြီးရှည်အရသာ ပျက်ရော ...

"တကယ်တော့ မြီးရှည်ဟာ မြေပဲနဲ့ မလိုက်ဘူးကွ၊
ယူနန်ထဲက ဆင်းသက်လာတဲ့ မြီးရှည်ဟာ ဘယ်မြို့မှာ
ဝင်ပြီး မြေပဲ ရောသွားသလဲ မသိဘူး"

နောင်က မြီးရှည်ပန်းကန်ကို ကိုယ်တိုင် မ,ယူပေး၍
မြီးရှည်ရာဇဝင် ခင်းရှာပါ၏။

"မေမေ လုပ်တဲ့ နည်းက ယူနန်နည်း။ မေမေ လုပ်တဲ့
မြီးရှည်ကို စားပြီးတဲ့ လူတိုင်းဟာ ဘယ်မြီးရှည်မှ မစား
နိုင်တော့ဘူး။ မေမေ့ ခမျာ ဘယ်လောက်ပဲ အချိန်မရှိ
ပေမဲ့ နှစ်လတစ်ကြိမ်လောက်တော့ အနည်းဆုံး ခင်မွန်းရဲ့
သားတွေကို မြီးရှည်လုပ်ကျွေးရှာတယ်။ ကိုယ်တို့လည်း
ဝိုင်းလုပ်ရတော့ လုပ်တတ်နေပြီ။ နောက်ဆို ... နေညို့ကို
သင်ပေးထားရမယ်၊ ချက်ရပြုတ်ရ ခက်ခက်ခဲခဲ ဘာမှ
မရှိဘူး ...

"လှိုးချွတ်နေရတာပဲ ရှိတယ်။ မေမေ့က ဆီတို့ဟူး ကို ချေပစ်တာ၊ ပဲငါးပိအချိုထဲက ပဲစေ့တွေလည်း ချေပစ်တာ၊ ပြီးရင် အဲဒီနှစ်ခုကို ရောနယ်ရတယ်၊ အဲဒါတော့ အားကောင်းမောင်းသန်မှ လုပ်လို့ရတော့ ကိုယ် တလဲ ညီတလဲ လုပ်ပေးရတယ်၊ ဒီနေ့တော့ ... နေညိုကို ကျွေးမှာမို့ ကိုယ်ကိုယ်တိုင် ချေထားတာလေ ...

"ဟင်းချိုလေးလည်း သောက်ကြည့်၊ အီသလို ချိုသလိုနဲ့၊ ဝက်သားပြုတ်တဲ့အိုးထဲ ကြက်သား ထပ်ထည့်ပြီး ချက်တဲ့ဟင်းချို၊ ကြက်သားက ချိုပြီး၊ ဝက်ဆီလေးတွေ ဝေ့နေတာကိုက မြီးရှည်ဟင်းချိုရဲ့ စံတစ်ခု"

နေညို စားကြည့်တော့ ခံတွင်းတွေ့လှ၏။ ဟန်ဆောင်ချင်လျှင်သာ ကြိုးစားပမ်းစား ဆောင်နေတာ၊ နေညို့ပင်ကိုယ်ဗီဇက ဟန်ဆောင်ရတာ သိပ်မကြိုက်လှပါ။ ဒီတော့ ... နေညို့ မှာက ဟန်ဆောင်ချင်စိတ် ရှိလျှင် ဟန်ဆောင်လိုက်သည်။ စိတ်မရှိလျှင် လုံးဝ ဟန်မဆောင်တော့ပါ။ အခု ... မြီးရှည်ကို စားရတာ ခံတွင်းတွေ့လှ၏။ ဟန်ဆောင်ပြီး တို့ကနန်း ဆိတ်ကနန်း လုပ်နေလျှင် ကိုယ်ပဲ ငတ်မည်။ စားပစ်တာ အကောင်းဆုံးဟု တွေးကာ စိတ်ကြိုက် စားတော့၏။ စိတ်တင်းလိုက်လို့ပဲလား၊ အစာဝင်သွားလို့ပဲလား မသိ၊ တုန်လှုပ်မှု နည်းနည်းလျော့သည်။

"စားလို့ကောင်းလား နေညို"





"ဟုတ်ကဲ့"

"နောက်တစ်ပွဲယူဦး"

ဗန်းထဲမှာ ပန်းကန်သုံးလုံးနှင့် သုံးပွဲပြင်လာခဲ့၏။ မိန်းမသားတစ်ဦး ထမင်းလွတ် ကြိတ်ရလျှင်တောင် ထိုသုံးပွဲထက်တော့ ပိုမစားနိုင်မှာ သေချာသည်။ နေညိုက ဒုတိယပွဲအပြီးမှာ ဗိုက်တင်းလေတော့၏။

"ကော်ဖီ"

ဇံနောင်က ယူပေးပေမဲ့ နေညို ခေါင်းခါရတော့သည်။

"ဗိုက်အရမ်းတင်းသွားပြီ"

ကိုယ့်အိမ် ကိုယ့်ရာလိုသာဆို၊ ထဘီလျှော့ရမှာသေချာ၏။ ခပ်ကြပ်ကြပ် ဝတ်ထားသော ထဘီကြောင့် ခပ်များများ ပြင်ထားသော မြီးရှည်နှစ်ပွဲ ဆက်တိုက် စားပြီးသည့်အခါမှာ အနေရအထိုင်ရတောင် ခက်လေ၏။

အဲသည်အချိန်မှာပဲ ဒေါ်တင်တင်ထား ထွက်လာခဲ့ပါသည်။ သူ့နောက်မှာ လူရိပ်တစ်ခု ကပ်ပါလာ၏။ အမေနှင့်အတူ တွဲ၍ အစ်ကို့ချစ်သူကို ကြည့်ရန် လိုက်လာသော "ညီတော"။

နေညို ခေါင်းထဲမှ မိုက်ခနဲ မူးသွား၏။

မတ်တတ်ရပ်နေရာမှ ခြေတွေ တုန်လာကာ လူက ယိမ်းထိုးလျက်၊ လဲပြိုတော့မလိုမို့ နောက်က ပြေးထိန်းပေးလိုက်ရသည်။ ဒေါ်တင်တင်ထားက အလိုက်သိစွာ "ထိုင်ပါ" ... ဟု မြန်မြန်ပြော၏။ နောင်က နေညို့ကို ပြန်ထိုင်နိုင်ဖို့ ကူညီ၏။ ဒေါ်တင်တင်ထားလည်း ဝင်ထိုင်တော့၊ နောင်က နေညိုနှင့် ယှဉ်လျက်ခုံမှာ ဝင်ထိုင်သည်။ ဘယ်မှာမှ မထိုင်ဖြစ်သေးဘဲ မတ်တတ်ရပ်လျက်သား၊ မျက်လုံးအပြူးသားနှင့် အသက်ရှူမှားတောင် ရပ်သွားရသူက "ညီ"။

"ဒါ ... နေညိုရိုပါ မေမေ၊ နေညို ... ကိုယ့်မေမေလေ။ ဟိုမှာ ရပ်နေတာ ကိုယ့်ညီ။ ဖေဖေကတော့ ဒီမနက် မသွားမဖြစ်၊ အိမ်တက်ဘုရားအနေကဇာတင်တစ်ခု သွားရတယ်။ အမှန်က မေမေပါ လိုက်ဖို့ပါ။ မေမေက သား တွေကို မြီးရှည် ချက်ကျွေးချင်တာနဲ့ ကျန်ရစ်တာ ...

"ဟော့ ... ညီ၊ ထိုင်လေကွာ၊ မင်းက လူသွက်ပဲ၊ စကားလေးဘာလေး ပြောဦး။ ညီက ခရီးရောက်မဆိုက်လေ နေညိုရဲ့။ ခုလေးတင် ရောက်လာတာ။ မနေ့က နေ့လယ်ပိုင်း





လောက် မန္တလေးက ထွက်တယ်။ ဒါပေမဲ့ သူ မပင်ပန်းပါဘူး။ သူများမောင်းတာ ထိုင်စီးလာတာပဲဟာ၊ ရောက်ရောက်ချင်းကို မေမေ့လက်ရာ မြီးရှည်နှစ်ပွဲ ဆက်တိုက် အားပေးပြီးသွားပြီ။ ဝင်တောင် အိပ်တော့မလို့၊ နေညို လာလိမ့်မယ် မအိပ်နဲ့ဦးဆိုပြီး မနဲဆွဲထားရတာ ...

"လာထိုင်လေကွာ၊ မင်းက ဘာဖြစ်နေရတာတုံး"

နောင်က ညီ့ကို ကြည့်၏။ ညီ့ မျက်လုံးတွေက စုံပြူးထွက်နေကြသလား ထင်ရသည်။ အကြည့်စူးတွေက နေညို့ပေါ်သို့ ကြမ်းရှစွာ ရောက်၏။ နောင်က နေညို့ကို တစ်လှည့် ကြည့်မိပြန်သည်။ နေညိုသည် အသက်မဲ့သွားသည့် ငုတ်တုတ်ရုပ် အလောင်းတစ်ခုနှင့် တူနေ၏။ ဘာဖြစ်ကြတာလဲ။ မေမေ့ကို ကြည့်မိပြန်သည်။ မေမေက ဆိုဖာကျောမှီကို သေသေချာချာ မှီထားသည်။ လက်တင်နှစ်ဖက်ပေါ်မှာ လက်နှစ်ဖက်လုံး တင်ထားသည်။ မျက်နှာထားက မြိန့်မြိန့်ပြုံးလျက်။ သာတွေ ဖြစ်ကုန်ကြတာလဲ။

"နေညို"

နောင်က နေညို့ လက်မောင်းတစ်ဖက်ကို လှမ်းပုတ်၏။ နေညို ဆတ်ခနဲ တွန့်သွားပုံက အကြောက်ကြောက် အလန့်လန့်ပါ။

"နေညို"

နောင်က ထပ်ခေါ်၏။ နောင့်အကြည့်တွေက နေညို့ထံမှာပဲ ရှိသည်။ စူးရှမျက်ဝန်းများဖြင့် မော့နေသည့် နေညိုက မျက်လွှာအရင်ချပြီးမှ ခေါင်းငုံ့သည်။

"ထွန်း"

ညို့ခေါ်သံ ထွက်လာတော့ နေညို ခေါင်းပိုငုံ့ပြန်၏။ ဒေါ်တင်တင်ထားကာ လက်ထဲမှာ (တမင်လား၊ မတော်တဆလား မသိ) ယူလာခဲ့သော လက်ကိုင်ဖုန်းကို နှိပ်၏။ နေညို့ ပိုက်ဆံအိတ်မှာ ဖုန်းသံ မြည်လာသည်။ နေညို ထခုန်မတတ် လန့်၏။

"နောင် ... ကိုင်ပေးလိုက်လေ"

နောင်က နေညို့ ပိုက်ဆံအိတ်ကို ယူ၍ ဖွင့်၏။ နေညို ယောင်ရမ်းကာ လိုက်လုမိပြီးမှ လက်လျှော့လိုက်သည်။ နေညို့ လက်ကိုင်ဖုန်းမှာ ဖော်ထားသော နာမည်က ညီ။ Nyi ညီ တဲ့။ ပြီးတော့ ဤဖုန်းကို ခေါ်နေသည့် နံပါတ်က မေမေ့လက်ကိုင်ဖုန်းနံပါတ်။ မေမေ ခလုတ်နှိပ်၍ ခေါ်လိုက်တာ ညို့ဖုန်းဖြစ်၏။ ညို့ဖုန်းက နေညို့ လက်ကိုင်အိတ့်ထဲ ရောက်နေသည်။ ပြီးတော့... ညီက နေညို့ကို "ထွန်း"ဟု လှမ်းခေါ်၏။

"နေညို ... မင်းဟာ နေညိုရီလား၊ ခင်ခင်ထွန်းလား"

နောင်က နေညို့ပခုံးကို စုံကိုင်လှုပ်၍ မေး၏။ ဘယ်နားက ဘာကြောင့်မှန်း မသိ ထွက်လာသော ဒေါသတွေကြောင့် အလှုပ်အယမ်းမှာ မာန်ပါ၏။ အားပါ၏။ နေညို





ကျင်ပါသည်။ ငုံ့ထားသည့် မျက်ဝန်းတွေမှ မျက်ရည်နှစ်စက် ပါက်ခနဲကျသည်။

"ကျွန်မ ... ခင်ခင်ထွန်း မဟုတ်ဘူး"

ခေါင်းကို သွက်သွက်ယမ်း၍ ငြင်း၏။

ခင်ခင်ထွန်း ဆိုသည့် နာမည်ကို နောင်တို့တစ်အိမ်သားလုံး ကြားဖူးပါသည်။ ညီက အငယ်ပို့ပီ နှုတ်သွက်စွာ ရှက်သိက္ခာမရှိ ဟစ်ကြွေးထား၏။

"ညီ့ကောင်မလေးနာမည်က ခင်ခင်ထွန်း" ... တဲ့။

မေမေ့ဆီ ခေါ်လာပါရစေ ... လုပ်နေလို့ မေမေ နည်း တားထားရသည်။

"ကြီးစဉ်ငယ်လိုက်ပဲ။ နောင် ပြီးမှ ညီ" ... တဲ့။

"ကိုနောင် ... လုပ်ကွာ၊ ရည်းစားထားကွာ၊ မိန်းမယူကွာ၊ ညီက ညီ့ကောင်မလေးနဲ့ လက်ထပ်ချင်လှပြီ။ သွက်သွက်လည်း မမောင်း၊ ကျော်တက်ခွင့်လည်း မပေးနဲ့၊ ကုန်တင်ကားစုတ်ကြီး"

ညီက နောင့်ကို တွန်းထိုးနောက်ပြောင်၏။ အိမ်က ခင်ခင်ထွန်းဆိုသော နာမည်မှာ မကြားချင်မှအဆုံး။ ခင်ခင်ထွန်းဆိုလျှင် ညီ့ချစ်သူ။ နေညိုရီ ဆိုလျှင် နောင့်ချစ်သူ။ နေညိုရီနှင့် ခင်ခင်ထွန်းတို့ဟာ ထူးဆန်းစွာ၊ ရုပ်ချင်းခွဲမရအောင် တူနေကြတာရော မဖြစ်နိုင်ဘူးလား။ နေညို့မှာ ... ခင်ခင်ထွန်းမှာ ...

အမြွှာညီမရော ရှိမနေနိုင်ဘူးလား။ နောင်က နေညိုဘက်မှ စဉ်းစားပေးလိုက်သည်။

"ခင်ခင်ထွန်းကို သိလား"

"ဟင့်အင်း ... ကျွန်မ မသိဘူး"

ဒေါ်တင်တင်ထားက လက်ထဲမှ လက်ကိုင်ဖုန်းကို ဘေးနားစားပွဲပုလေးပေါ်သို့ တင်၏။ နေညိုကတော့ စားထားသည့် မြီးရှည်တွေ အံထွက်မလို ဖြစ်နေသည်။

"ညီက ခင်ခင်ထွန်းကို သူ့ရည်းစားမို့ ပေးကိုင်ထားတဲ့ တယ်လီဖုန်းက သမီးဆီကို ဘယ်လို ရောက်နေတာလဲ"

ဒေါ်တင်တင်ထား အသံက ခပ်အေးအေးပဲ ဖြစ်၏။ "သမီး"ဟု သုံးကာ ညင်ညင်သာသာပဲ မေးသည်။

"ကျွန်မ ... သူ့ဆီက ခိုးထားတာ"

"လောကမှာ လူတွေဟာ အမှားတစ်ခုကို ကျူးလွန်မိရင် အဲဒီအပြစ် ပေါ်မှာစိုးလို့ ထပ်ပြီး လိမ်ညာကြတယ်၊ ဆင်သေကို ဆိတ်ရေနဲ့ ဖုံးဆိုသလိုပဲ လုပ်တတ်ကြတယ်၊ အဲဒါ မကောင်းဘူး၊ အပြစ်တွေသာ ပိုများလာတယ်၊ မူလကျူးလွန်ထားတဲ့ အမှုက ပျောက်မသွားဘူး ...

"ခိုးထားတယ်ဆိုတော့ရော ကောင်းမလား။ ကိုယ့်မှာ သူခိုးမ မဖြစ်ရပေဘူးလား။ နောက်တစ်ခုမေးပါရစေဦး၊ သမီးမှာ ချွတ်စွပ်တူ အမြွှာညီအစ်မများ ရှိသလား၊ ရှိပါ





တယ်လို့ ဖြေရင် သမီးညာပြီ။ မရှိဘူးဆိုရင် သမီးရဲ့ မူလ လိမ်ညာထားတဲ့ကိစ္စ ပေါ်ပြီ။ သမီးကို ညီက ခင်ခင်ထွန်း လို့ သိထားချိန်မှာ ...

"နောင်ကကျတော့ နေညိုရီလို့ သိထားတယ်။ သမီးရဲ့ ဥာဏ်ကလေး တိုရှာတာကိုပဲ အန်တီ သနားမိ တယ်။ တစ်နေရာမှာ နာမည်တစ်မျိုးနဲ့ လှုပ်ရှားဖို့ ရည်ရွယ် ချက်ရှိခဲ့ရင် ..."

အေးဆေးသိမ်မွေ့စွာ တည်ငြိမ်ရင့်ကျက်စွာ ပြောနေသော ဒေါ်တင်တင်ထား၏ ပုံစံက ကျက်သရေရှိစွာ ဝင့်ထယ်နေတော့၏။

"ညီအစ်ကိုအရင်းနှစ်ယောက်ကိုတော့ ရွေးဖို့ မကောင်းဘူး သမီးရယ်။ တစ်နေရာစီက လူတစ်ယောက်စီဆိုရင် ပိုအဆင်ပြေတာပေါ့။ အန်တီက သမီးကို အပြစ်မတင်ပါဘူး။ ပြီးတော့ ... သမီးကို အန်တီ သိပ်နားလည်တာပဲ၊ သမီးရဲ့ ခံစားချက်ကို သိပ်ကိုယ်ချင်းစာနိုင်တာပဲ ... ,

"အဲဒါကြောင့် ခွင့်လွှတ်နိုင်တယ်။ ဒါပေမဲ့ ... သမီးရဲ့ ရည်မှန်းချက်ပန်းတိုင်ကိုဖြင့် မရောက်နိုင်တော့ဘူး ပေါ့ သမီးရယ်။ ရည်ရွယ်ချက်ကလေး ပျက်သွားပြီ။ ဒီညီ အစ်ကိုမှာ ဘယ်တစ်ယောက်ကမှ သမီးကို ရွေးချယ်လို့ ဖြစ်တော့တာမှ မဟုတ်ဘဲ"

တစ်ချိန်လုံး မတ်တတ်ရပ်နေခဲ့သည့် ညီက ဆိုဖာ ဘေးခုမှာ ခြေပစ်လက်ပစ် ဝင်ထိုင်သည်။ နေညိုကို ဖေးမရန် ကိုယ်ကို ရှေ့သို့ ကိုင်း၍ အားယူထားသော နောင်က ဆိုဖာကျောမှီမှာ ပစ်ခတ်မှီချလိုက်သည်။ ညီအစ်ကိုနှစ်ယောက်လုံး၊ နာကျင်စွာ၊ ကြေကွဲစွာ၊ နာကြည်းစွာ၊ ဝမ်းနည်းပက်လက်၊ ရင်ကွဲဟက်တက် ဆိုသလိုပါပဲ။ ဤမိန်းမလှကလေး၊ ဒီလို ဆွဲငင်သိမ်းညို့တတ်သော အလှနှင့် မိန်းကလေးဟာ ဒီလောက် စဉ်းလဲသတဲ့လား။ ပြီးတော့ ... ဒီလောက် ဉာဏ်နည်းသတဲ့လား။

မေမေဟာ နောင့်ကောင်မလေး အိမ်ခေါ်လာတော့ မည်ဆိုတာနှင့်၊ ဒီကောင်မလေးရဲ့ နောက်ကြောင်းသမိုင်းကို (ကာယကံရှင်တောင် ကိုယ့်အကြောင်းကိုယ် ဒီလောက်သိပ့်မလား မပြောတတ်) အသေးစိတ် လေ့လာလိုက်တာပဲဖြစ်မည်။ ညီက "ထွန်း ... ထွန်း"နှင့် အိမ်မှာ တစ်ထွန်းတည်း ထွန်းစဉ်ကလည်း "ကြီးစဉ်ငယ်လိုက်"မို့ အိမ်ခေါ်မကြည့်သေးသော်ငြား၊ အဲသည် ထွန်း၏ အဖြစ်သနစ်တွေကို တစ်ခုမကျန်စေရအောင် စုံစမ်းပြီးသား ဖြစ်ပါလိမ့်မည်။ နောင့်အတွက် စုံစမ်းရင်းမှ နောင့်ကောင်မလေး နှင့် ညီ့ကောင်လေးတို့ နှစ်ယောက်ဟာ တစ်ယောက်တည်း ဖြစ် နေတာကို၊ မေမေ အရင်ဆုံး ရင်သပ်ရှုမောအံ့ဩခဲ့ပါလိမ့်မည်။

ဖြစ်ရပ်က ဆန်းကြယ်တာ မှန်ပေမဲ့ လှည့်စားပုံ မိုက်တွင်းကလေးက တိမ်လှ၏။





ညီက သူ့ကို "ချစ်လှချည်ရဲ့ပါ" ... ဟု တတွတ်တွတ် ဝန်ခံခဲ့ဖူးသော ထွန်းဟာ နောင့်ကိုရော တစ်ချစ်တည်း ချစ်နေ သေးလား... ဟု တွေး၏။ နောင်ကကျတော့ ... ဒါကြောင့်မို့၊ နေညိုရဲ့ ဝန်ခံခေါင်းညိတ်စကားတွေထဲမှာ "အချစ်ကဏ္ဍ" မပါခဲ့ တာကိုးဟု တွေး၏။ အရင်ဆုံး လက်ထပ်ခွင့်ရမည့် သူဌေးလေး (နောင် ဟာ သူဌေးသားအဆင့် မဟုတ်တော့သော ကိုယ်ပိုင်စီးပွား ရေးနှင့် ဖြစ်၏။)ဟာ၊ နောက်ကျပြီးမှ လက်ထပ်ခွင့်ရမည့် သူဌေး သား(ဘယ်တော့ သူဌေးလေး ဖြစ်မည်မှန်းမသိ)ထက်ပိုပြီး မက်မော ဖွယ်အဖြစ် ကိုယ့်ကို လက်ခံတာပါလားဟု နာကျင်၏။ နောင်သည် တစ်သက်မှာတစ်ခါ၊ သည်တစ်ယောက်ကို ချစ်ရေးဆိုဖူးတာဖြစ် ပေမဲ့ ... နောင်မှတေဇပဲ။ ဣန္ဒြေသိက္ခာ မပျက်လှအောင် ဟန်ဆောင် သည့်ကြားမှပင် မျက်နှာညှိုးမှိန်းလှ၏။

ညီကတော့ အချစ်ကြီးခဲ့သမျှ နာကြည်းနေရတော့ သည်။

မေမေ ... တော်ပါပေရဲ့။ အရေးကြီးသော ကိစ္စရှိ၍ ရန်ကုန်ကို တစ်ရက်နှစ်ရက်စာလောက် ပြန်ခဲ့ပါ။ ဘွားကိုလည်း ခဏလေး ပြန်လွှတ်ပေးပါ ... ဟု ခွင့်တောင်းကာ ကားလွှတ်လိုက် ပြီဟု ဆို၏။ မေမေက ယာဉ်မောင်းနှစ်ယောက် ထည့်၍ ပါဂျရိုး ကားကြီးကို တစ်ရက်ခွဲလောက် ကြိုလွှတ်လိုက်တော့၊ ညီက မနေ့က နေ့လယ်ပိုင်းလောက်မှာ စ၍ ရန်ကုန်ဆင်းခဲ့ရသည်။

မေမေ … အချိန်ကိုက် စီမံတတ်ပါဘိခြင်း။ တစ်ယောက်ချင်းကို ပြောနေလျှင် ဒီညီအစ်ကို နားမဝင်တော့ မခက်ပါလား။ ခုတော့ … မျက်နှာစုံညီ။

ကိုယ့်ကို ချစ်သည်ဟု ဆိုခဲ့ဖူးပေမဲ့ သစ္စာမရှိ မျက်နှာများတတ်သော … ကိုယ့်ကို လက်ထပ်ဖို့ ကြည်ဖြူခဲ့ပေမဲ့ ညို့ရည်းစား ဖြစ်နေသော … ဒီကောင်မလေးကို နောင်ကသော်လည်း ကောင်း၊ ညီကသော်လည်းကောင်း၊ ချစ်ဖို့ လက်ထပ်ဖို့ ဖြစ်နိုင်ပါဦးမည်တဲ့လား။ ချစ်ရေးနှင့် လက်ထပ်ရေးတို့ကို ရှေ့တိုးဖို့ နေနေသာသာ၊ ညီအစ်ကိုချင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြဖို့တောင် ခပ်ခက်ခက်၊ ခပ်အမ်းအမ်း။

"အန်တီက ပြဿနာတစ်ခုကို ဖြေရှင်းရင် တိကျတတ်လို့ ဒီလို လုပ်ရပါတယ် သမီးရယ်၊ သမီးက ဝန်မခံပေမဲ့ နေညိုရီရဲ့ဟာ ခင်ခင်ထွန်း၊ ခင်ခင်ထွန်းဟာ နေညိုရီ ဆိုတာ နောင်ရော ညီရော သိသွားကြပြီကွယ် …

"နောင် … ဒီသမီးကို ကားနဲ့ ပြန်ပို့ခိုင်းလိုက်ပါ၊ သူ ပြန်ချင်ရောပေါ့"

နောင်က ယာဉ်မောင်းနှင့် ကားစီစဉ်ဖို့ မတ်တတ် ထရပ်၏။ ညီက ဆက်ထိုင်နေသည်။ နေညိုက ခေါင်းငိုက်စိုက် နှင့်၊ မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ ထပြန်တော့သည်။ နောင်က ယာဉ်မောင်းကို ပြန်ပို့ဖို့ ပြောတော့ နေညို မငြင်းပါ။ ကားပေါ်





တက်ထိုင်၏။ နောင့်ဘက်သို့ လှည့်မကြည့်။ ခေါင်းက ဇက်ကျိုး သလောက်ကို ငိုက်စိုက်ချထား၏။ ကားတောင် မထွက်ရသေး၊ နောင်က ဧည့်ခန်းဘက်ဆီ ပြန်လှည့်သည်။ နေညိုနှင့် ကားတို့ ထွက်သွားကြတာကို ငေးကြည့်ဆွေးမြည့်စွာ ကျန်ရစ်ခဲ့သည့်အဖြစ် သို့ ရောက်ရမှာ ရှက်သည်။ ညို့ကို အားနာသည်။ သို့ပေမဲ့ … ရင်ထဲမှာတော့ ရင်ကွဲပက်လက်။ ကြုံရသည့် အဖြစ်က ဆိုးလှ သည်။ ကိုယ့်အိပ်ခန်းထဲ တန်းဝင်သွားချင်ပေမဲ့၊ တစ်သက်လုံး မျက်နှာချင်းမဆိုင်ဘဲ နေလို့ရမှာ မဟုတ်သည့်တူတူ၊ ညို့ကို မျက်နှာပူပူနှင့်ပဲ ရင်ဆိုင်လိုက်ဖို့ စိတ်ကူးလျက် ဧည့်ခန်းထဲ ပြန်ဝင် သည်။

ညီက ယခုထက်တိုင် ထိုင်ဆဲ။

"မေမေ့အစီအစဉ်က မိန်းမသားတစ်ဦးကို ခေါ်ပြီး အရှက် ခွဲသလိုပဲ ရက်စက်ရာကျတာ မှန်ပေမဲ့"

ဒေါ်တင်တင်ထားက အေးအေးဆေးဆေးပဲ့ ပြော၏။

"ဒီနည်းဟာ ဒီညီအစ်ကိုကြားမှာ အထိရောက်ဆုံးမို့ မေမေ သုံးရပါတယ်။ မေမေ့ကို ခွင့်လွှတ်ကြပါ"

နောင်နှင့်ညီက ဘာပြန်ပြောကြရမည် မသိ။ စကား လုံးတွေ ပျောက်ဆုံးနေသည်။

"ပြီးတော့လည်း … ဒီကလေးမကို ဒီလောက်တော့ ဆုံးမ သင့်တယ်လို့လည်း ထင်တယ်။ မိုက်တဲ့ကလေးကို ကြိမ်လုံး

လေးနဲ့ ခပ်စပ်စပ်လေး ချပေးလိုက်သလိုပေါ့။ တစ်ခုတော့ ရှိတယ်၊ ဒီကလေးမ နော်မယ် (Normal ပုံမှန်)မဟုတ်ဘူး ထင်တယ် ...

"ဘာပဲဖြစ်ဖြစ် ရှောင်သင့်တဲ့ မိန်းကလေးမျိုးပဲ ကဲ ... မေမေတို့ အိမ်မှာ သာနေတဲ့ လမင်းကြီး ... တိမ် မည်းထဲ ခဏရောက်တယ်။ ပြီးပြီ။ ပြန်ထွက်သွားပြီ အခုအချိန်ရဲ့ ရှေ့ပိုင်းလေးမှာ မေမေတို့ ဘာမှမဖြစ်ခဲ့ ဘူး၊ ဖြစ်ခဲ့တယ် ဆိုရင်လည်း အဲဒီ စာမျက်နှာတွေကို မေမေ ဆုတ်ပစ်လွှင့်ပစ်လိုက်ပြီ ..."

"မေမေတို့ သားအမိသုံးယောက် မြီးရှည် တူတူစား ကြမယ်၊ ပျော်ပျော်ပါးပါးစားမယ်"

"ညီ ပြင်ပေးမယ် မေမေ"

ညီက အရင်ဆုံး ခုန်ထ၏။ ခါတိုင်းလည်း ... ညီက မေမေနှင့် ကူ၍ မုန့်ပွဲပြင်နေကျဖြစ်သည်။ မြီးရှည် ဆိုတာ က မုန့်ပွဲပြင်လျှင် ဘယ်ဟာ ဘယ်လောက် ထည့်မည် ဆိုသော အချိုးကျသည့် စပ်ဟပ်မှု လိုအပ်၏။ တစ်ခုခု မှားသွားလျှင် စား မကောင်းတတ်ပါ။ ညီက မေမေ့ကို ကူရင်း အချိုးတကျ ထည့် တတ်အောင် သင်ထားဖူး၏။ နောင်က စားရုံ စားတတ်သူဖြစ် သည်။

"ကိုကို အစပ်မကြောက်ဘူး မဟုတ်လား"





ညီက ထမင်းစားခန်းသို့ ပြေးသွားသူမို့ အရင်ရောက် နှင့်၏။ မေမေနှင့် နောင်က နောက်မှ ဝင်လာကြသည်။ ညီက ဟန်မပျက် လှမ်းမေး၏။ နောင်က ယဲ့ယဲ့ပြုံးလိုက်သည်။

"ငရုတ်စိမ်းတော့ လျှော့ထည့်၊ ငရုတ်သီးမှုန့် ဆီစိမ်တော့ မကြောက်ပါဘူး"

မိသားစုစကားဝိုင်း၊ စားပွဲလေးက စိုပြည်သွားရပါ သည်။ ဤမိသားစုဟာ မကြာမီမှာပဲ ပုံမှန်ပြန်လည် လှုပ်ရှား သွားကြတော့မှာဖြစ်သည်။ ခံစားချက်ကလေးတွေက အချိန်နှင့် အမျှ လျော့ပါးပျောက်ကွယ်သွားရမှာဖြစ်သည်။

ထွန်းမှာတော့ ... နေညိုရီဆိုသည့် မိန်းမမိုက်ကလေး ခင်ခင်ထွန်းမှာတော့ ဆင်းရဲခြင်း စုပ်ဝဲထဲမှာ ဆက်၍ ချာချာလည် ရပါဦးမည်။ ဝဲ၏ အောက်ခြေအနက်ရှိုင်းဆုံးနေရာဆီသို့ သက်ဆင်း မြုပ်နစ်မသွားစေရအောင်၊ ဤဆင်းရဲတွင်း စုပ်ဝဲကြီးကိုပဲ ပြန်လည် ကျားကန်အားတင်းရပါဦးမည်။

ကံကြမ္မာ ဟူသည်၊ တစ်ပြေးညီ ရှိတတ်သည်မှ မဟုတ်ဘဲလေ။

## ၁၂

လှလှပပကြီး အရှက်ကွဲခဲ့ရခြင်းမှာ ... စင်စစ်၊ မည်သူ မပြု မိမိမှု ဖြစ်၏။

ထွန်းဟာ အဲသည်လောက် အတွေးတိမ်ရသတဲ့လား။ နောင်နှင့် လက်ထပ်ပြီးသည့်အခါမှာ ညီနှင့် ရင်မဆိုင်ချင်လို့ ရမည်တဲ့လား။

"ကျွန်မ ... နေညိုရီပါ" ... ဟု ဗွတ်ငြင်းရုံနှင့် ဒီပြဿနာကြီးဟာ ပေါ့တိမ်လွယ်ကူစွာ ပြီးဆုံးသွားမည်တဲ့လား။ ဒါ ... လုပ်ရမည့်ကိစ္စ မဟုတ်မှန်း၊ ထွန်း ဘာဖြစ်လို့ ကြိုတင်မစဉ်းစားမိရတာလဲ။ ထွန်း ... ဒီလောက် အ,သလား။ တုံးသလား။ လုပ်ချလိုက်ပုံက ဦးနှောက်ခပ်ကြောင်ကြောင် မိန်းမတစ်ယောက်ရဲ့





ပေါ့ပျက်ပျက် ဓာတ်လမ်းကဲ့သို့ ဖြစ်သွားခဲ့ရပါသည်။ ထွန်း ရှက်ပါ၏။ "ငါးရုံ့နှစ်ကောင်ဖမ်း" ရာတွင် ယင်းငါးရုံ့နှစ်ကောင်ဟာ တစ်ကောင်နှင့် တစ်ကောင် ဘယ်လိုမှု ပက်သက်နေလို့ မဖြစ်ဘူးဆိုတာလေးမှ မစဉ်းစားမိခဲ့လေတော့သလား။

ဝေးကွာစိမ်းသက်လွန်းတော့လည်း လက်လှမ်းမမီမှာ စိုးရသည်။ စင်စစ် ... ထွန်းက ငါးရုံ့နှစ်ကောင်လုံးကို ပိုင်ဆိုင်ချင်တာ မဟုတ်ပါ။ တစ်ကောင် လွှတ်လျှင် တစ်ကောင်ဆိုသလို၊ ငါးရုံ့ချင်းတူလျှင် အသားပြည့်ပြည့်ကလေးကို ပိုပြီး ပိုင်ချင်တာ ဖြစ်၏။ တစ်ကောင်ကို ဖမ်းရခက်နေခဲ့သော် နောက်တစ်ကောင်ကို ပြောင်းဖမ်းကြည့်ချင်တာ ဖြစ်သည်။ ထွန်း ရွေးချယ်လိုက်မိသည့် ငါးရုံ့နှစ်ကောင်ဟာ ညီအစ်ကိုအရင်း လာဖြစ်နေတာကို ကျတော့ ထွန်းက ကံကြမ္မာကို ပုံလွှဲချလို့ ရနိုင်ပါ့မလား။

ထွန်း မှားခဲ့တာ။ အရမ်းကို မှားခဲ့တာ။

ထွန်း အပြစ်တွေချည်းပါပဲ။

ဒီကမ္ဘာမှာ ထွန်းလောက် မိုက်မဲသူ ရှိသေးလား။

"အရှက်တကွဲ အကျိုးနည်း" ဆိုသော ဖြစ်ရပ်ကို ထွန်းက ရင်ဆိုင်ခဲ့ရတာ။

ထွန်း ရင်ကွဲပက်လက် အရှက်ရပါသည်။

လူသားအားလုံး (တစ်ယောက်မကျန်)ကို ထွန်း မျက်နှာချင်း မဆိုင်ဝံ့ပါပြီ။

ဤကမ္ဘာမှာ ခင်ခင်ထွန်း ရှိမနေတော့မှ ဖြစ်မည်။ အသက်နှင့် ဖြစ်စေ၊ အသက်နှင့်ကိုယ် အိုးစားကွဲလျက်ဖြစ်စေ၊ ထွန်း ထွက်ပြေးရပါမည်။

ထွန်း ... သေမည်။

✾ ✾ ✾

ဒီအကြောင်းတွေကို ပြောဖို့၊ ထွန်းက တစ်ပတ်တိတိ စောင့်ရပါသည်။ ကြားရက်တွေမှာ "မမ"လာတွေ့သည်ဆိုပြား ကြာကြာ မနေနိုင်ပါ။ နေ့တိုင်းတော့ လာပါသည်။

"ထွန်း လိမ်လိမ်မာမာနေ" ... ဟု ပြောပြီးမှ ပြန်လေ့ရှိသော မမကို နေ့တိုင်း မျှော်ရင်း စနေ တနင်္ဂနွေရောက်ဖို့ ပို၍ မျှော်ရပါသည်။ စနေနေ့မှာလည်း မမ နေ့ခင်းပိုင်း မလာနိုင်ခဲ့ပါ။ တနင်္ဂနွေနေ့ ရောက်လာတော့ ထွန်းက ရင်ထဲတစ်ခုမကျန် ပြောပြလိုက်တော့သည်။

"ထွန်း ... တိုင်ပင်ဖို့ အဖော်ကောင်းတောင် မရှိတဲ့ လူငယ်တချို့ဟာ ဒီလိုပဲ ထင်ရာလုပ်တတ်ကြတာမို့ ထွန်း ဟာ လူထူးလူဆန်းကြီး မဟုတ်ဘူး။ လူထဲက လူတွေ ကျူးလွန်လေ့ရှိတဲ့ အပြစ်မျိုးပဲ ထွန်း ကျူးလွန်တာ၊ သူများတကာတွေ မှားတတ်တဲ့ အမှားမျိုးကိုပဲ ထွန်း မှားတာ ...





"ထွန်း တစ်ယောက်တည်းမှ ရွေးပြီး အပြစ်ရှိတာ မဟုတ်ဘူး၊ ထွန်းတစ်ယောက်တည်း ဒါမျိုးမှားတာ ဟုတ်ဘူး။ အားလုံးဟာ သဘာဝတရားကြီးထဲမှာ ဖြစ်တတ်လေ့ ရှိတာတွေ ဖြစ်ပျက်သွားတာချည်းပဲလို့ ယုံလိုက်နော်"

"ကျေးဇူးတင်ပါတယ် မမရယ်"

"ခုဆို ... ထွန်းကို လိမ်လိမ်မာမာနေလို့တောင် ပြောစရာ မလိုတော့ဘူး၊ ထွန်းက လိမ္မာနေပြီ"

"အိမ်မှာ ဒေါ်ကြီးတစ်ယောက်တည်း စားစရာမှ ရှိရဲ့လား မသိဘူး၊ ထွန်းဆီလည်း မလာဘူး"

"မပူနဲ့။ မြိုင်တို့ ကြည့်လုပ်ထားလိမ့်မယ်။ သူ မလာတာကိုလည်း တွေးမနေနဲ့။ လူဆိုတာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် လှုပ်ရှားကြတာချည်းပဲ။ လာဖို့ စိတ်မထက်သန်ရင် မလာဘဲနေလိမ့်မယ်၊ လာချင်စိတ် ပြင်းပြရင်၊ ရေမြေခြား တောင် မနေဘူး၊ ရောက်လာမှာ ...

"သူ့ဆုံးဖြတ်ချက်နဲ့သူ လှုပ်ရှားနေတဲ့ လူတွေကို နားလည်ခွင့်လွှတ်ပေးလိုက်၊ ကိုယ်လည်း ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လှုပ်ရှားပေါ့ ထွန်းရဲ့"

"မမက ထွန်းကို ထင်ရာစိုင်းခိုင်းတာလား"

"စိုင်းခိုင်းတာ။ မမ မခိုင်းလည်း ထွန်းက စိုင်းမှာပဲဟာ။ တစ်ခုပဲ ရှိတယ်၊ ထင်ရာတော့စိုင်း၊ မိန်းမသားဂုဏ်ရည်ကို တော့ မညှိုးနွမ်းစေနဲ့၊ အသက်နဲ့လဲပြီး ကာကွယ်စောင့် ရှောက်၊ ကိုယ့်ထင်ရာစိုင်းခြင်းဟာ သူတစ်ပါး ဒုက္ခရောက် တာမျိုး မဖြစ်စေဖို့ ဆင်ခြင် ...

"ဒါပဲ၊ ဒီနှစ်ခု ရှိရင် ရပြီ။ ထင်ရာစိုင်း"

"ထွန်း ... သူတစ်ပါးတွေကို ထိခိုက်စေမိတယ် ထင်ပါ တယ်"

"နစ်နစ်နာနာ ထိခိုက်တာ မမတော့ မမြင်ပါဘူး။ မြိုင်တို့ မိသားစု ထွန်းအတွက် ပိုက်ဆံကုန်တယ်၊ ဒါ ... အားမနာ နဲ့။ ဆွေမျိုးအရင်းကြီး။ ပိုက်ဆံရှိတဲ့သူက မရှိတဲ့သူကို ကူညီတာ၊ ထွန်းကို မကူညီလည်း၊ သူတို့ တခြားမှာလည်း လှူနေတာပဲ ...

"ဘိုးဘွားရိပ်သာ လှူလိုက်၊ မိဘမဲ့ဂေဟာတွေ သွား လှူလိုက်နဲ့၊ သူတို့ဆီမှာ ပိုလျှံတဲ့ ငွေကြေးကို ဟောက်ပက်ပြီး မပြည့်မစုံဖြစ်နေတဲ့ နေရာကို လှူရင် ကုသိုလ်ရတာပဲ။ ထွန်းကြောင့် မြိုင်တို့မိသားစု ကုသိုလ်တွေ ရကုန်ပြီ။ ဘယ်လောက် ဝမ်းသာစရာကောင်းလဲ"

"ညီနဲ့ ဦးနောင်နဲ့ ... တစ်ယောက်နဲ့ တစ်ယောက် ..."





"မပူနဲ့ ... ခုဆိုရင် ပိုတောင် စည်းလုံးနေကြဦးမယ်။ တစ် ယောက်ယောက်က လွမ်းနာကျပြရမှာ၊ နောက်တစ်ယောက် ကို ရှက်တာနဲ့၊ ဘာမှ မဖြစ်သလို ဟန်ဆောင်ရင်း၊ ဟန်ဆောင်ရင်း နေသားကျသွားကြလိမ့်မယ်၊ သူတို့မှာ အလုပ်တွေကလည်း ရှုပ်မှရှုပ်ရယ်၊ ဒီကိစ္စ ခေါင်းထဲမှာ ကြာကြာထားဖို့ အချိန်မရှိဘူး ...

"စိတ်ချ။ ခေါင်းထဲလည်း မထားချင်တာနဲ့ကို၊ အလုပ် ကို ပိုလုပ်ပြကြဦးမယ်။ ထွန်းကြောင့် ဦးတေဇကျော်တို့ ချမ်းသာသထက် ချမ်းသာရချည်သေး။ ဝမ်းသာစရာကြီး"

"သူတို့အမေရော ..."

"သူ သဘောမတူတဲ့ ချွေးမလောင်းမျိုးနဲ့ ထပ်တွေ့မှာ ကြောက်ပြီး၊ ခုလောက်ဆို စပယ်ရှယ့်စပယ်ရှယ် ချွေးမ လောင်း ရှာပုံတော် ဖွင့်နေပြီ။ တွေ့မှာပဲ။ အဖိုးတန်အဆင့် မြင့် မိန်းမသားတွေ ထွန်းကြောင့် လင်ကောင်းသားကောင်း ရကြဦးမယ်။ ဝမ်းသာစရာကြီး"

ထွန်း ... ရယ်ပါလေတော့သည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် နည်းနည်းပါးပါး ဒီလိုလေ ... ထွန်းလုပ်ပုံက နည်းနည်းတော့ ထူးတာပေါ့။ သူများတွေ မတွေ့ရမဲ့လူတွေမှ မဟုတ်တာ။ တစ်မျိုးကြီးပေါ့နော်။ အဲဒီအချိန်မှာ ထွန်းစိတ်ကလေးတွေ တစ်မျိုးဖြစ်နေတဲ့

သဘောပေါ့။ ရူးတာတော့ ဘယ်ဟုတ်ပါ့မလဲ။ စိတ်ကျန်းမာရေး မကောင်းတာပေါ့။ Depression ဆိုတာ စိတ် ... ကျန်းမာရေး မကောင်းတဲ့ သဘောတစ်ခုပဲ။ ရောဂါတစ်ခုပဲ၊ အခု ဆေးနဲ့ ဝါးနဲ့ ကုသခွင့်ရတော့ ပျောက်သွားပြီ”

“ဝမ်းသာစရာကြီး”

ထွန်းက ဝင်ပြော၏။

“ထွန်းလုပ်ပုံက အရူးလိုပဲနော်။ အမှန်အကန်ကို တွေးခေါ်နိုင်တဲ့စွမ်းအား ပျောက်ဆုံးသွားတာလား မသိဘူး။ ကိုယ့်ကိုယ်ကိုယ်တော့လည်း ဖြောင့်လို့။ ဖြူးလို့။ ရူးတယ်လို့လည်း မထင်မိပါဘူး။ ချမ်းသာချင်တာပဲ သိတယ်။ အဲဒီစိတ်တစ်ခုတည်းနဲ့ လျှောက်လုပ်တာ။ မမရယ် ... ဆင်းရဲတွင်းက ထွက်ချင်လွန်းလို့ပါ။ ချမ်းသာရင် ချမ်းသာ၊ မချမ်းသာရင်သေ ... ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်လွန်းလို့ပါ။ ဦးနောင်နဲ့ ညီနဲ့ ဆုံမိပြီး ထွန်း အရှက်ကြီး ရှက်သွားမိလိုက်တာ၊ ကားပေါ်မှာတင် သတိလစ်သွားတယ်။ ထွန်းရှက်လိုက်တာ မမရယ်။ ထွန်း ရူးလိုက်တာ”

“မမတို့ ကိုးကွယ်တဲ့ မြတ်စွာဘုရားက ဟောခဲ့တယ်လေ ထွန်းရဲ့။ ပုထုဇ္ဇနော ဥမ္မတ္တကော ... တဲ့။ ပုထုဇဉ်တို့မည်သည် အရူးချည်းပဲမဟုတ်လား။ လူဆိုတာ အနည်းနဲ့အများ ရူးတော့ ရူးကြတာချည်းပဲ။ လူကိုယ်ခန္ဓာမှာ ဘာရောဂါ





ရှိလဲလို့ Medical Checkup လုပ်ကြည့်ရင် ရောဂါတစ်မျိုးမျိုး တွေ့နိုင်သလို ...

“စိတ်ကျန်းမာရေးကို စစ်ဆေးကြည့်ရင်လည်း ရောဂါ တစ်မျိုးမျိုး၊ အနည်းနဲ့အများဆိုသလို တွေ့နိုင်တာပဲ။ လူတွေ တော်တော်များများက ကိုယ့်ခန္ဓာကိုယ်သာ ဘာရောဂါရှိလဲ ရှာကြည့်ပြီး တွေ့ရင် ကုကြတာ၊ စိတ်မှာ ဘာရောဂါရှိလဲ ရှာကြည့်ဖို့ကျတော့ စိတ်ကူးမရကြဘူး ...

“အဲဒါကမှ ပိုအရေးကြီးတာ။ မမတို့ နိုင်ငံမှာ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး ... ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ထားတဲ့ အခန်းထဲကို ဝင်ရမှာ၊ လူနာဖြစ်ရမှာ၊ ရှက်စရာမဟုတ် ရှက်ကြတယ်၊ သူများတွေ တွေ့မှာစိုးတယ်။ ခေတ်မီတိုးတက်တဲ့ နိုင်ငံခြားတွေမှာဆိုရင် ...

“အလုပ်ရှုပ်ပြီး Stress(ဖိစီးမှု)များလာတာနဲ့ စိတ်ကျန်းမာရေးဆရာဝန်ဆီ ပြေးကြတာပဲ၊ ဆရာဝန်နဲ့ စကားထိုင်ပြောကြ၊ ဆရာဝန် သောက်ခိုင်းတဲ့ဆေးသောက်၊ လူလည်း လန်းဆန်း၊ စိတ်လည်း ကြည်လင်ပြီး၊ ကိုယ့်လုပ်ငန်းတွေမှာလည်း အားသစ်လောင်းပြီး လုပ်ကိုင်နိုင်ကြတာပေါ့ ထွန်းရဲ့ ...

“မမတို့ မြန်မာပြည်က စိတ်ကျန်းမာရေး ဆရာဝန်ဆီ သွားရင်၊ အရူး အထင်ခံရတော့မှာပဲ ဆိုပြီး၊ စိတ်တွေ

နောက်ကျိုရှုပ်ထွေးရုံနဲ့ သွားဖို့ဆို ဝေလာဝေး၊ ဒီ့ထက် နည်းနည်းပိုဆိုးတာမျိုးလောက်နဲ့တောင် သွားချင်ကြတာ မဟုတ်ဘူး၊ ရောဂါနတုန်း မကုဖြစ်ကြတဲ့ သဘောပါ ...

"ခုဆို ... ထွန်းက ရောဂါရှာဖွေခွင့် ရတယ်၊ တွေ့တယ်။ ဒီပရောက်ရှင်။ ဒါ ... စိတ်ဝေဒနာတစ်ခုတော့ ဟုတ်တယ်။ ရှူးတာလို့ သတ်မှတ်လို့ရတဲ့ ရောဂါမဟုတ်ဘူး၊ ထွန်း ကုသခွင့်ရသွားပြီ။ ထွန်းက သူများတွေထက် ပိုပြီး မရှူးကြောင်း စိတ်ချသွားရပြီ။ ဝမ်းသာစရာကြီး"

ထွန်းက ယုကို လက်အုပ်ကလေးချီရှာ၏။

"အမေမွေးတဲ့အသက် မရှိတော့ဘဲ မမ ပေးတဲ့အသက်ပဲ ရှိတော့တယ်လို့ ပြောချင်ပါပြီ မမရယ်"

"ပြောချင်လား။ ပြောချင်စိတ်ဖြစ်ရင် ပြောချလိုက်ပေါ့"

ယုက ရယ်၍ဖြေသည်။

"ထွန်း ဆေးရုံက ဆင်းရင် အလုပ်တစ်ခုတော့ ရှာမှပဲ၊ မမမြိုင်တို့ကို ဒုက္ခမပေးချင်တော့ဘူး"

"ရှာချင်လား။ ရှာချင်ရှာပေါ့။ ရရင်ပျော်လိုက်၊ ဝမ်းသာလိုက်။ မရသေးရင် စိတ်ဓာတ်မကျနဲ့ ဆက်ရှာ"

"ကျေးဇူးတင်လိုက်တာ မမရယ်။ လူ့ပြည်မှာ ထွန်း ... ဖြေသာနေသာသွားပါပြီ။ ဖြေတတ်နေတတ်သွားပါပြီ မမရယ်။ မှားခဲ့တာတွေကိုသာ ယူကျုံးမရတာပါ"





"အတိတ်ကို ပြန်ကြည့်ရင် စိတ်ဆင်းရဲလား။ မကြည့်နဲ့"

"စိတ်ကို အဲဒီလောက် မပိုင်နိုင်သေးပါဘူး မမရယ်"

"ဆရာကြီးက ဘာပြောသေးလဲ"

"နောက်သုံးလေးရက်လောက်ဆိုရင် ဆေးရုံက ဆင်းလို့ ရပြီတဲ့"

"ဘယ်လောက် ဝမ်းသာစရာ ကောင်းလဲ"

"မမမြိုင်တို့ကျေးဇူး၊ မမရဲ့ကျေးဇူး၊ ဆရာကြီးရဲ့ကျေးဇူး တွေပါ"

"ကြီးတော်ကြီးကို မုန်းနေသေးလား"

"ဟင့်အင်း ... သူ့နေရာမှာသာ ထွန်းဆိုရင် ခင်ခင်ထွန်း ဆိုတဲ့ အမှိုက်တစ်စကို လှမိုက်ဗွားပြီး ချောင်းရိုက်ပြီးပြီ။ ခုဆို ... ထွန်း ခေါင်းမကွဲတာ ဝမ်းသာစရာကြီး"

"ကဲ ... မမ သွားဦးမယ်။ ဆေးသောက်ပြီး တစ်ရေးအိပ်"

"ကျေးဇူးတင်ပါတယ် မမ"

"နောက်ထပ်တင်ဖို့ ကျေးဇူးလက်ကျန် ချန်ထားပါဦး"

"မကုန်နိုင်အောင် အများကြီး ကျန်ပါသေးတယ် မမရဲ့"

"ကဲ ... ကဲ ... တကယ်သွားပြီ"

ယု လက်ကို မြှောက်၍ နာရီကြည့်၏။ ပြီးတော့ ... ဖူးလေးကို လက်ညှိုးလေးတစ်ချောင်းဖြင့် တွန်းပြီးမှ ရယ်ပြခဲ့လေ၏။

"ဟောတော့ ... ဆရာမ။ မမရဲ့ Hand Phone(လက်ကိုင်ဖုန်း)လေး ကျန်ရစ်ပြီ"

ယု ကိုင်နေကျ GSM တယ်လီဖုန်းလေးက ထွန်းခုတင်ဘေး စားပွဲပေါ်မှာ ကျန်ရစ်ခဲ့သည်။

"မနက်ဖြန် ညနေမှ ပြန်ပေးရတော့မှာပဲ၊ ဒီမှာ ကျန်ရစ်တာ မသိဘဲ မမများ ရှာနေမလား မသိဘူး"

"ရှာချင်ရင် ဖုန်းလှမ်းဆက်ကြည့်မှာပေါ့၊ ဒီဖုန်း ဘယ်မှာ ကျန်ခဲ့တာလဲ မေးမှာပေါ့"

"ဟုတ်သားပဲ"

"ဆေးသောက်ပြီး အိပ်မယ်နော်တစ်ရေး၊ ညစာ စားကာနီးမှ ပြန်နိုးမယ်"

"နေကောင်းလာတော့ သိပ်တောင် မအိပ်ချင်တော့ဘူး၊ လူလည်း ဝလာပြီ၊ ဝတာကျတော့ စိတ်ညစ်တယ်"

"အမယ်လေး ... လူနာရယ်၊ ခုမှ ကြည့်ကောင်းရုံ ပြည့်တာပါ"

"ဒါဖြင့်လည်းပေး ... ဆေး၊ သောက်မယ်"





"နေဦး ... မပေးသေးဘူး၊ မမက မှာသွားတယ်၊ နောက်နာရီဝက်ကြာမှ တိုက်တဲ့"

"ဟင် ... အမျိုးမျိုးပဲ"

ထွန်းက နှုတ်ခမ်းလေး စူလိုက်စဉ်မှာပဲ၊ ယု ကျန်ရစ်ခဲ့သည့် တယ်လီဖုန်းလေးက အသံမြည်လာခဲ့တော့သည်။ ထွန်းက ပြုံး၍ လှမ်းယူကာ အသံဖွင့်လိုက်၏။

"မမ ... ထွန်း ဆီမှာ ကျန်ရစ်တာ၊ စိတ်မပူနဲ့"

တစ်ဖက်မှ ဘာသံမျှ မကြားရမီ ပြောလိုက်၏။

"မပူပါဘူး ထွန်းရယ်၊ မမက တမင်ထားခဲ့တာပါ"

"ရှင် ဘယ်သူလဲ"

ထွန်းက ထုံးစံအတိုင်း "ဟင်"တွေဘာတွေ မလာ။ ရှင် ဘယ်သူလဲဟု တန်းခနဲမေး၏။ တစ်ဖက်မှအသံက ယောကျ်ားသံပါ။

"ကိုယ်တို့ မတွေ့ကြရတာ သုံးနှစ်ပဲ ရှိသေးတယ်၊ ဒီအသံကို မမှတ်မိတော့ဘူးလား ထွန်းရယ်"

"ထွဋ် ... ဘုန်းထွဋ်လားဟင်"

မဝံ့ရဲစွာ မေးဖြစ်၏။

"ဒီအသံနဲ့ ဒီအကြင်နာဟာ၊ ဒီကမ္ဘာမှာ ထွန်း အတွက်ဆိုရင် ဘုန်းထွဋ်ကလွဲပြီး ဘယ်သူရှိဦးမှာလဲ ထွန်းရယ်"

"ထွင့် ... ဘယ်က ဆက်နေတာလဲ၊ တယ်လီဖုန်းမှာ Unknownလို့ ပေါ်နေတယ်၊ နိုင်ငံခြားကလား၊ နိုင်ငံခြားကဆိုရင် နံပါတ်တွေ များလွန်းလို့ပဲလား ဘာလား မသိဘူး UnKnown ပေါ်တယ်လေ"

လှိုက်ခနဲ အပျော်လေး တနုံ့ခနဲ ညို့ရပါသေးသည်။ ညီက ထွန်းကို သူ့ဖုန်းလေး ပေးထားစဉ်က ဦးနောင်ဆီလာသော နိုင်ငံခြားမှခေါ်သည့် ဖုန်းက ညီဖုန်းထဲမှာ ဝင်လာခဲ့ဖူးတာကို သတိရမိ၏။

"ဆောရီး ... နောင်နဲ့ ညီ နံပါတ်ချင်း မှားသွားလို့" ... တဲ့။

ဩော် ... ထွန်းဘဝမှ အဲသည် ညီတွေ ဦးနောင်တွေ မရှိခဲ့ရင် ဘယ်လောက် ကောင်းမလဲ။ ထွန်း အပြစ်တွေချည်းပါ။

"ဟုတ်တယ် ... ကိုယ်က အိမ်ကို တစ်လ တစ်ခါလောက်တော့ ဖုန်းဆက်ဖြစ်တယ်၊ ကိုယ်တို့သင်္ဘောက စင်ကာပူ အခြေစိုက်လေ၊ မမနဲ့တွေ့ပြီး မမက ပြောပြလို့ ထွန်းဆီ ကိုယ်ဆက်မဲ့ နေ့နဲ့ အချိန်ကို ပြောလိုက်တယ်၊ မမက ဖုန်းကို တမင်ထားခဲ့တာ"

ဩော် ... မမ။ နောက်ထပ်တင်ဖို့ ကျေးဇူးလက်ကျန်တွေ ချန်ထားပါဦးတဲ့လေ။ ကျေးဇူးတင်ပါတယ် မမရယ်။

"နေကောင်းလား ထွန်း"





"မမက မရှုးဘူးတဲ့"

ထွန်းက ရယ်၍ ပြောလိုက်၏။

"ကိုယ် ပြန်လာတော့မယ်။ ဒေါ်လာမက်တဲ့ ချစ်သူလေး အတွက် ဒေါ်လာတွေ အများကြီး ယူလာခဲ့မယ်"

"ထွင့်ရယ် ... နောက်တာဆိုရင်တောင် ဒီမှာ ဝမ်းနည်းရပြီ"

"ကိုယ့်ကို သတိရလား"

"ဆေးရုံရောက်မှ သတိရတာ"

"ထွန်းတို့ကတော့ တဲ့တိုးပဲကွာ"

"မမက အဲဒါကို ဖြူစင်တာတဲ့"

"ချစ်သေးရဲ့လား"

"အဲဒါတော့ ပြန်စဉ်းစားရဦးမယ်"

"ရတယ် ... အစက ပြန်ပိုးမယ်၊ ဘာမှာမလဲ ကိုယ် ... ဒီလကုန် ရောက်မှာ"

"ရေမွှေး"

"စိတ်ချ ... ပြီးတော့ရော"

"တော်ပြီ ... ဒါပဲ။ လူရောစိတ်ပါ မပုပ်စပ်ချင်လို့ပါ ထွင့်ရယ်။ မွှေးမွှေးကြိုင်ကြိုင်လေးပဲ နေတော့မယ်"

"ကိုယ့်ကို စောင့်နေနော်"

"ဟုတ်ကဲ့"

"တယ်လီမှာနေပါလား၊ ရောက်တဲ့နေ့ လာကြိုမလား"

"ဟင့်အင်း"

"မမနဲ့ လိုက်ခဲ့လေ"

"မမ ခေါ်ရင် ..."

"စိတ်ချ ... ခေါ်ခဲ့ပါလို့ ပြောထားတယ်"

"ထွင့်က ထွန်းကို စိတ်ဝင်စားနေတုန်းပဲလားဟင်"

"မဝင်စားပါဘူး၊ စိတ်ဝင်စားတာ မဟုတ်ဘူး၊ ချစ်တာ"

မမက ထွန်းအကြောင်းတွေကို အားလုံး ပြောပြလိုက်သည် ထင်ပါရဲ့၊ ထွန်းကဖြင့် ထွန်းအကြောင်း အစအဆုံးကို ဒီနေ့မှ ပြောရတာ၊ မမက ဘယ်တုန်းကတည်းက ကြိုသိပြီး ထွင့်ကို ဘယ်လို ကြိုပြောထားပါလိမ့်။ ထွင့် ခွင့်လွှတ်နေတာ၊ ထွန်းကို စိတ်မဆိုးတာတွေကြောင့် မမက ထွန်းအကြောင်းတွေကို ဖေးဖေးမမ ပြောခဲ့သည် ထင်ပါရဲ့။

ကျေးဇူးတင်ရပြန်ပါပြီ မမရယ်။

ထွင့်ကို ဖေးဖေးမမ ပြောထားခဲ့သည်ဆိုလျှင် မမဟာ ထွန်းကို ကြည်ဖြူနိုင်လို့ပေါ့။ မမ ကြည်ဖြူရုံနဲ့ ပြီးရောလား။ မမရဲ့ မိဘတွေကရော၊ ထွင့်ကိုတောင် ဖေးဖေးမမ ပြောပြထားခဲ့သည်ဆိုလျှင် မိဘတွေကိုလည်း ဒီအတိုင်း ပြောထားမှာပဲ ထင်ပါရဲ့။ ထွန်းက အပျက်ကို မတွေးဘဲ ဝမ်းသာစရာဘက်သို့သာ ရှေ့ရှုတတ်ပါပြီ။ ဒါလည်း ... မမ သင်ပေးထားတာပါ။

ကျေးဇူးပါ မမရယ်။





"ကိုယ်ကို ချစ်သေးရဲ့လား ထွန်း၊ ပြောပါ"

"အစက ပြန်ပိုးလေ ထွင့်ရယ်"

"အိုကေ ..."

"ထွင့် ... ထွန်း ကံကောင်းပြီ ထင်တယ်"

"ကိုယ်က ထွန်းအတွက် ကံကောင်းခြင်းတွေကို ရေမွှေးပုလင်းထဲ ထည့်ယူလာခဲ့မယ်။ ဒါပဲနော် ထွန်း။ ကိုယ် ဒီလောက်ပဲ အချိန်ရလို့၊ ပြန်ရောက်မဲ့နေ့ ဖုန်းဆက်မယ်၊ ဒီကြားထဲမှာ အချိန်ရရင်လည်း ဆက်မယ်။ မမ ဖုန်းလေးကို ပြန်မပေးနဲ့။ ထွန်း ယူထား"

ထွန်း ရင်ထဲမှာ ဖြာကနဲ လန့်သွားရပါသည်။

ညီ့တုန်းကလည်း၊ အဲဒီလိုပဲ၊ ဖုန်းကလေး ပေးထားခဲ့တာ။ ထွန်းမှာ ညီတွေ ဦးနှောင်တွေ ရှိခဲ့တာ ခွင့်လွှတ်နိုင်ရဲ့လား ထွင့်ရယ်။

"ထွင့် ... အခုလို ဖုန်းဆက်တာ မမ သိတာတော့ ဟုတ်ပါပြီ။ ထွင့် မိဘတွေရော သိလားဟင်"

"ဆက်မယ် ဆိုတာ သိတယ်"

"တကယ်လား ထွင့်ရယ်"

"တကယ် ... ယုံလိုက်"

"လောကကြီးကို ကျေးဇူးတင်လိုက်တာ"

ထွင့်က ဖုန်းချသွားပါပြီ။

ဆရာမက ဆေးပြားလေးနှင့် ရေတစ်ခွက် လာပေး၏။

"သောက်လို့ ဖြစ်ပါ့မလား ဆရာမ"

"ပိုတောင် သောက်ရဦးမယ်တဲ့။ ဖုန်းလာပြီးရင်၊ လူနာက ရင်ဘတ်ကြီး ဘောက်ဘက်ခတ်ကျန်ရစ်မှာတဲ့။ တိုက်ဖြစ်အောင်တိုက်တဲ့၊ မမ မှာခဲ့တယ်"

"အိပ်တော့ ပျော်မယ် မထင်ဘူး"

"ရတယ် ... စိတ်ကလေး ငြိမ်ရင် တော်ပြီတဲ့"

"ဟင် ... စိတ်မငြိမ်ရအောင် ထွန်းက ရူးလို့လား"

"တခြားအရူးတော့ မရှိဘူး၊ အရူးတစ်မျိုးတော့ ဖြစ်မယ်တဲ့"

"ဟောတော့ ... ဘာရူးလဲ"

"အချစ်ရူး"

"သွား ... ဒါတော့ မမမှာခဲ့မှာ မဟုတ်ပါဘူး။ သူ့ဘာသာ ပြောတာနေမှာ"

ထွန်းက မျက်စောင်းထိုးလိုက်သည်။

ဒီဆရာမ တစ်ယောက်ပဲ နေ့ရောညပါ စောင့်တာဖြစ်၏။ ထွန်းက ဆရာမထားချင်လို့သာ၊ ကူညီဖို့သာ ထားတာ၊ တကယ်တမ်းမှာက အသည်းအသန်လူနာ မဟုတ်သည်မို့ တစ်ယောက်တည်းက နေ့ရောညပါ စောင့်လို့ရပါသည်။ ညဆိုလည်း





ထွန်းက အိပ်ပျော်နေတာပဲဖြစ်သည်။ နေ့ရောညပါ ရက်ကြာရှည်လာတော့ ဆရာမနှင့်လည်း ခင်မင်ရင်းနှီးနေပြီး ဖြစ်၏။ အရင်ကဆို ... ထွန်းက တော်ရုံနှင့် မရင်းနှီးတတ်ချေ။ မည်သူ့ကိုမျှ ခင်တယ်မင်တယ် မရှိလှပါ။ ခုတော့ ... ခင်တတ် မင်တတ်ပါပြီ။

"ဆေးရုံအုပ်ကြီးက မကျေနပ်တာရှိရင် အကြံပြုစာပေးပါဆိုပြီး စာတိုက်ပုံး လုပ်ထားတာ၊ သွားတိုင်ဦးမယ်။ သူနာပြုဆရာမက လူနာရဲ့ ဖုန်းကို လိုက်ချောင်းနားထောင်ပါတယ်လို့"

"ကောင်းသားပဲ။ အလုပ်ပြုတ်သွားရင် ဝမ်းသာစရာကြီး"

"ကြည့် ... မမလေတွေ သူ အကုန်ရနေပြီ"

"ဟုတ်တယ်လေ။ ကိုယ့်လူနာရဲ့ အိမ်ကို လိုက်ပြီး ထိုင်စားပစ်လိုက်မှာပေါ့"

"ဟင်းမကောင်းဘူး"

"ရတယ်"

"ဆန်လည်း ညံ့တယ်"

"ဖြစ်တယ် ... အချောင်စားရရင် ပြီးရော"

ထွန်းက ရယ်မောရင်း၊ ဆေးပြားလေးကို ယူသောက်ပါသည်။ ရင်ထဲမှာ တဒိန်းဒိန်း တဒိုင်းဒိုင်း ဆောင့်ခုန်လျက် တလှပ်လှပ် ဖြစ်နေတာလေး နည်းနည်းပါးပါး ငြိမ်ပါသည်။ ဒီနေ့ခင်းတော့ အတွေးစုံတာနှင့်ပင် အိပ်ပျော်တော့မည် မဟုတ်ပါ။

အိပ်မပျော်ပေမဲ့ ပျော်လိုပျော်ငြား မျက်စိလေး မှေးထားဆဲ တံခါးဖွင့်သံ ကြားသည်မို့ မျက်စိ ဖွင့်ကြည့်လိုက်သည်။

"သြော် ... မမမြိုင်"

"အေး ... နေကောင်းလား ထွန်း၊ တို့လည်း ဝတ္ထုရေးပျက်ကွက်တယ်၊ လာမကြည့်နိုင်ဘူး၊ စားရသောက်ရတာ အဆင်ပြေရဲ့လား၊ အလုပ်က မအားဘူးကွာ၊ အချိန်လေး နည်းနည်းရတုန်း ပြေးလာတာ"

"ကောင်းပါတယ် မမမြိုင်။ မမမြိုင်တို့ ဝတ္ထုရေးကျေးဇူးထက် အများကြီး ပိုပါတယ်။ ထွန်းအပေါ်မှာ စေတနာမေတ္တာတွေ အများကြီး ထားတာ ထွန်းခံစားလို့ ရပါပြီ မမမြိုင်။ ဆေးရုံက ဆင်းရင် ကြီးကြီးနဲ့ ဘဘကို လာကန်တော့ပါဦးမယ်"

မြိုင်က ... ဟဲ့ ... ဒါ ထွန်း အတုများလား ... ဟု မေးလိုက်ချင်၏။

"မမမြိုင်နဲ့ မမလှိုင်ကိုလည်း ကန်တော့ပါမယ်"

"ရပါတယ်ဟယ်"

"ဘိုဘို့ကိုလည်း ပြောပါ။ မှားမိ လွန်မိတာတွေ ရှိရင် ခွင့်လွှတ်ပါလို့"

"ဒါပေါ့ဟာ ... တို့တွေဟာ မောင်နှမမှ တစ်ဝမ်းတည်းကွဲသေးတာ"





"ကြီးကြီးအပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပစ်မှားထားတာတွေ ကြိုတောင်းပန်ထားတယ်လို့ ပြောထားပေးပါ မမမြိုင်"

"အေးပါဟာ ... မေမေကလည်း ဒေါသအလျော့ကျဆိုတာ တောင် ကရုဏာဒေါသောပါ။ ပုပ်ပုပ်စပ်စပ်ကြီးထဲက မဟုတ်ပါဘူး။ ဟဲ့ ... နေပါဦး။ ယုက ငါ့ဆီမှာ ညီမ တောင်းနေပါလား။ သူ့မိဘတွေကလည်း ဖေဖေနဲ့ မေမေဆီ လာဦးမလို့ဆိုပါလား။ ဘာတွေလဲ ထွန်း။ ဆေးရုံပေါ်မှာ စုတ်ရောလာဘ်ရော ဝင်နေလား"

မြိုင်က ရယ်၍ ပြော၏။ ထွန်းက ရှက်စနိုးလေး မျက်နှာရဲသည်။

"ယု ,မောင် အကြောင်းတော့ မသိဘူးပေါ့ဟာ ... ဒါပေမဲ့ ... ယု မိသားစုထဲ ရောက်ရတဲ့သူဟာ ကံကောင်းမှာ၊ သူတို့ သဘောထား ကောင်းကြတယ်။ ထွန်းကိုလည်း အိမ်ထောင်ရက်သား ကောင်းကောင်း ကျစေချင်တယ်။ ဖေဖေက အိမ်မှာပြောနေတာ၊ ငါတို့က သုမီးရင်းမို့ ...

"ထွန်းထက် အချစ်ပိုပေမဲ့ ထွန်းကို အသနားပိုတယ်တဲ့။ သိပ်ကောင်းစားစေချင်တာပဲတဲ့။ ဘယ်လိုလဲဟေ့။ တစ်ခုခုဆိုလည်း ကြိုပြောထား။ ကျုပ်က အကျိုရောလုံချည်ပါ အသစ်ချုပ်ဝတ်ရမှ"

ထွန်းက ရယ်နေလိုက်ပါတော့သည်။

"လူတိုင်းအပေါ်မှာ ကိုယ်ကစပြီး မကောင်းမြင်ရင်၊ ဘယ်သူမှ ကိုယ့်အပေါ် ကောင်းမလာဘူး ထွန်းရဲ့။ ကိုယ်ကစပြီး အကောင်းမြင်လိုက်၊ မေတ္တာထားလိုက်၊ လူတွေလူတွေ ဆိုတာ ကိုယ့်ကို ချစ်လိုက်ကြမဲ့ဖြစ်ခြင်း" ... တဲ့။

မမ ဆုံးမသောစကားပါ။ ထွန်းက လူတိုင်းအပေါ် အကောင်းမြင်တတ်ပါပြီ။ ထွန်းကိုလည်း ဝိုင်းချစ်ကြပြီ ထင်ပါရဲ့။

"ဖေဖေကတောင် ပြောနေသေးတယ်။ တစ်ခုခုဆို၊ ထွန်းကို မွေးစားခဲ့တဲ့ မိဘတွေကိုလည်း မိဘအရာထားပြီး ရှေ့တန်းတင်ရမယ်တဲ့"

"ထွန်း ဆေးရုံကဆင်းရင်၊ မြို့ကို ပြန်ပြီး ဖေဖေနဲ့မေမေကို ကန်တော့ဖို့ စိတ်ကူးထားပါတယ်"

"အေး ... ကောင်းတယ်။ သူတို့ကမှ တကယ့်ကျေးဇူးရှင် အစစ်တွေ"

အဲဒီ ကျေးဇူးရှင်အစစ် ဆိုတာတွေအပေါ်မှာလည်း ထွန်း ထော်လော်ကန့်လန့် လုပ်ခဲ့ဖူးတာပင်။ ခုတော့လည်း ... ဒါတွေဟာ နောင်တရစရာတွေချည်း။

"ပြန်မယ် ထွန်းရေ ... ဖင်ပူအောင်တောင် မထိုင်ဘူး မထင်နဲ့၊ သွားစရာရှိသေးလို့၊ အလုပ်ကလည်း ရှုပ်လိုက်တာ၊ စိတ်တောင်ညစ်တယ်"





"ကျေးဇူးတင်ပါတယ် မမမြိုင်။ ဘဘရော ကြီးကြီးရော မမလှိုင်ပါ ထွန်း ကန်တော့လိုက်တယ်လို့ ပြောပါနော်"

ထွန်းက လက်အုပ်ကလေးချီ၍ ပြော၏။

"ဘယ်နေ့ ဆင်းမလဲ၊ မေမေက အိမ်မှာ လာနေရင်နေဦးတောင် ပြောနေတာ"

"ရပါတယ် မမမြိုင်၊ ထွန်း အိမ်ကိုပဲ ပြန်ပါ့မယ်။ နေကောင်းနေပါပြီ"

"သွားမယ်"

"ဟုတ်ကဲ့ပါ"

မြိုင် ပြန်သွားတော့ ဆရာမက အခန်းထဲသို့ ပြန်ဝင်လာသည်။

"ဒီလူနာ ... ဒီနေ့တော့ ဘယ်အိပ်လိမ့်မလဲ"

ဘယ်အိပ်နိုင်ပါ့မလဲ ဆရာမရယ်။ ထွန်း ဘဝလေးက ဆည်းဆာချိန် တိမ်တောက်သလို ဝင်းပလာခဲ့ပြီဆိုတာတွေ အတွေးလေးနဲ့ ပျော်ရဦးမှာပေါ့။ ဝမ်းသာစရာကြီး။ ထွန်းမှာ မွေးမိဘရင်း မရှိပေမဲ့ ထွန်းကို မေတ္တာထားပြီး စောင့်ရှောက်ခဲ့တဲ့ မွေးစား မိဘကျေးဇူးရှင်တွေ ရှိတယ်။ ထွန်းအတွက် မေတ္တာရိပ်မိုးပြီး လုံခြုံမှုကို ပေးမဲ့ ဘကြီးနဲ့ ကြီးတော်နဲ့၊ တစ်ဝမ်းကွဲ မောင်နှမတွေနဲ့လည်း စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်၊ ထွန်းကို ချစ်ဆဲပါဆိုတဲ့ ချစ်သူကလည်း ထွန်းဆီ ပြန်လာတော့မှာ။ ထွန်းအတွက် ထွင့်ရဲ့ အချစ်တွေ။

ဒီတိုင်းဆိုရင်တော့ ထွန်းရဲ့ ညနေဆည်းဆာလေးဟာ လှပတော့မယ် ထင်ပါရဲ့။ ထွန်း ဆိုတဲ့ မိန်းမမိုက်ကလေးဟာ ညနေဆည်းဆာရဲ့ တိမ်တောက်ချိန်လေးကို မက်မောစွာ စောင့်ကြို နေပါတယ် ထွင့်ရယ် ...။

ဘဝမှာ ချမ်းသာခြင်းကိုသာ မက်မောခဲ့ဖူးတဲ့ ထွန်းဟာ၊ ခုတော့ ... စစ်မှန်သော မက်မောဖွယ်ဟာ ချမ်းသာခြင်း မဟုတ်မှန်း သိခဲ့ရပါပြီ။ ခုဆို ... ထွန်းကမေတ္တာရပ်ဝန်းမှာသာ အေးချမ်းစွာ ခိုလှုံချင်တော့တာပါ။

စာချစ်သူတိုင်းကိုချစ်တဲ့

**နေနွယ်ဇင်မြင့်**